
www.burmeseclassic.com

အချစ်လုံးချင်းဝတ္ထုသစ်

# သက်စိုင်ရဲ့

## တို့နှစ်ယောက်ရဲ့ ကောင်းကင်နိုင်ငံ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# သက်ပြင်ချ

## တို့နှစ်ယောက်ရဲ့ ကောင်းကင်နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com



အထက်ပါစာစုလေးသည် ကျွန်တော် ငယ်ငယ်က တမ်းတမ်းတတ ဖတ်ရှုကာ စွဲလမ်းခဲ့ရသော "ဆရာငြိမ်းကျော်" ၏ နာမည်ကျော်ဝတ္ထုတစ်ပုဒ်အမည် ဖြစ်ပါသည်။

လူတိုင်းမှာ...နှလုံးသားမြို့ဟောင်းကိုယ်စီ ရှိကြမည်ဟု ကျွန်တော် ယုံကြည်ပါသည်။

နှစ်ပေါင်းအရွယ်က ခံစားခဲ့ကြရသော နှလုံးသားမြို့ဟောင်း ဝေဒနာကို အချို့သောလူတွေက နှလုံးသားထဲမှာပဲ သိမ်းဝှက်ကာ မေ့မရနိုင်အောင် လွမ်းဆွတ် ကြပါလိမ့်မည်။

အချို့သောလူတွေကလည်း နေ့စဉ် ဒိုင်ယာရီစာမျက်နှာတွေထဲဝယ် အကြိမ်ကြိမ် မှတ်တမ်းတင်ကာ လွမ်းဆွတ်တတ်ကြပါမည်။

အချို့သော လူတွေသည်လည်း တွေ့ကြုံခံစားခဲ့ရသမျှသော နှလုံးသား ဝေဒနာဦးကို တသား ကဗျာတွေဖြင့် ရေးဖွဲ့သိမ်းပိုက်ကာ ပြန်လည်ဖတ်ရှု၍ လွမ်းဆွတ်ကြပါလိမ့်မည်။

သက်ပိုင်ရဲစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သောလူတွေထဲတွင် ကျွန်တော်က ဆယ်ကျော်သက်အရွယ်တွင် ရင်ခုန်ခံစားရသမျှကို စာ, ကဗျာရေးဖွဲ့ကာ သိမ်းပိုက်ထားခဲ့မိသောသူ ဖြစ်ပါသည်။

လူဆိုသည်က ကုန်လွန်သွားသော ကလေးငယ်ဘဝကို ပြန်လည် တမ်းတတတ်ကြသလို၊ ဆယ်ကျော်သက်အရွယ်က အချစ်ဦးကိုလည်း ဘယ်သော အခါမှ မေ့မရနိုင်ဘဲ လွမ်းဆွတ်တတ်ကြပါသည်။

ကျွန်တော်လည်း ကျွန်တော့်ငယ်ချစ်ဦးဖြစ်သော စာ, ကဗျာအစုစုကို မပျောက်ပျက်အောင် သိမ်းဆည်း၍ သတိရလွမ်းဆွတ်တိုင်း ပြန်လည်ဖတ်ရှုတတ် ပါသည်။

ယခု ဤဝတ္ထု၊ ဤစာသားကဗျာသည် ကျွန်တော်၏မေ့မရသော အချစ် ဦး ဖြစ်ပါသည်။

ကျွန်တော် ဆယ်ကျော်သက်အရွယ် အချစ်ဦးသည် ခံစားမှုလည်း နုနယ်သလို၊ ရေးဖွဲ့မှုတွင်လည်း အရမ်းနုနယ်လှပါသည်။

စာသားအလင်္ကာတွေကို အံ့ဖွယ်ဖြစ်အောင် ရေးဖွဲ့တတ်ကြသော ဆရာ, ဆရာမများ၏ဝတ္ထုပေါင်းများစွာကို ဖတ်ရှုခဲ့ကြသောသူတို့ ဖတ်ရှုရာဝယ် အတွေး လည်း နု၊ အရေးလည်း နု၊ စာသားဖွဲ့မှုအရာရာတွင် အလင်္ကာမမြောက်ဘဲ အရမ်းကို နုနယ်ချို့တဲ့သလို ကျွန်တော့်အချစ်ဦးစာကဗျာ၌ တွေ့ရှိကြပါလိမ့်မည်။

သို့သော် ထိုအလင်္ကာမမြောက်သော အချစ်ဦးကိုပဲ စာဖတ်သူတို့ထံ ကျွန်တော် မျှဝေပေးလိုက်ပါပြီ။





ကျွန်တော့်အချစ်ဦးကို ကျွန်တော် ယုံကြည်ပါသည်။

ရေးဖွဲ့စဉ်အရွယ်က ကျွန်တော်သည် ဆယ်ကျော်သက်အရွယ်မို့ ဆယ် ကျော်သက်ခံစားမှု၊ ဆယ်ကျော်သက်အတွေး၊ ဆယ်ကျော်သက်အမြင်ဖြင့် နှလုံး သားမှာ ကြုံတွေ့ခံစားခဲ့ရသမျှကို ရိုးသားစွာ၊ ဖြူစင်စွာ အသန့်ရှင်းဆုံး ရေးဖွဲ့ခဲ့ ခြင်း ဖြစ်ပါသည်။

ချို့တဲ့စွာ အလင်္ကာမမြောက်သော်လည်း ရိုးသားမှုဂုဏ်ကို ရိုးသားစွာ တွေ့ရှိဖတ်ရှုနိုင်ကြမည်ဟု ယုံကြည်ခြင်းလည်း ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်ကဲ့သို့ ခံစားခဲ့ဖူးသော ကျွန်တော် ရင်ဆိုင်တွေ့ ကြုံခဲ့ရသလို တွေ့ကြုံခဲ့ကြဖူးကြသော တိုက်ဆိုင်မှုရှိသူအပေါင်းသည် ဆယ်ကျော် သက်အရွယ် ချာတိတ်ကလေးတစ်ယောက်၏ အချစ်ဦး ရင်ခုန်မှုကို နားလည် ခွင့်လွှတ်ကာ ဖြည့်စွက်ဖတ်ရှုပေးကြပါဟုသာ နူးညွတ်သောစိတ်စေတနာဖြင့် တောင်းပန်စကား ဤအမှာစာကို အကြိုရေးဖွဲ့လိုက်ရခြင်း ဖြစ်ပါသည်။

ရိုးသားဖြူစင် နုနယ်သော အချစ်များစွာဖြင့်...

သက်ပိုင်ရဲ



www.burmeseclassic.com

www.burmeseclassic.com

အရာရာ မပြည့်စုံ
နိမ့်ကျချို့တဲ့တဲ့ ဘဝမျိုးမှာ . . .
ချစ်သူကို ပိုင်ဆိုင်လိုတဲ့ ကိုယ့်အတ္တကို မျိုသိပ်
စွန့်လွှတ် အနစ်နာခံနိုင်ဖို့ ကြိုးစားရမယ်။
အကောင်းဆုံး . . .
အပြည့်စုံဆုံး . . . ဘဝကို
အပြင်းအထန် ကြိုးစားတည်ဆောက်ပြီး
ရွှေဘုံစံဘဝကလေးတစ်ခု ချစ်သူအတွက်
ပေးအပ်နိုင်မှသာ
ချစ်သူကောင်းတစ်ယောက် ဖြစ်တယ်။ ။

သွန်း
(ဘုန်းမိုးသွန်း)

ဘယ်သူမဆို . . .
ကိုယ်ချစ်တဲ့သူနဲ့ပဲ အတူနေချင်တယ်။
ကိုယ်ချစ်ရတဲ့သူနဲ့ လက်ထပ်ရမယ့်သူကို
လည်း တစ်ယောက်တည်းပဲ ဖြစ်စေချင်
တယ်။
ငါကတော့ . . .
ကိုယ့်ချစ်သူနဲ့ အတူနေရဖို့အတွက်
ဘယ်လောက်ကြမ်းတမ်းတဲ့ အခက်အခဲ၊
အတားအဆီးတွေပဲ ရှိနေပါစေ . . .
မရ ရအောင် ကျော်ဖြတ်သွားမှာပဲ။
အချစ်ဟာ . . .
အရာရာကို ရင်ဆိုင်ကျော်လွှားနိုင်တယ်။

ရှူးရှူး
(တန်ရှူးလေပြည်)

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဟာ
စွန့်လွှတ်ခြင်း
ဆိုတာကို ငါ မယုံကြည်ဘူး
ငါလိုချင်တဲ့အရာ၊ ငါချစ်ရတဲ့သူကို ရရှိပိုင်ဆိုင်
ခြင်းကသာ ပျော်ရွှင်ကျေနပ်စရာ ဖြစ်တယ်။
ငါချစ်ရတဲ့သူက ငါ့ရင်ခွင်ထဲကနေ ငါမဟုတ်တဲ့
တခြားသူတစ်ယောက်ကို တမ်းတနေတယ်ဆိုရင်
လည်း ရတယ်။ ငါ ဂရုမစိုက်ဘူး။
ဘာဖြစ်လို့လဲဆိုတော့ . . .
ငါချစ်ရတဲ့သူက တကယ်တမ်း ငါ့ရင်ခွင်ထဲမှာ
ရှိနေလို့ပဲ။ ဒါကြောင့် . . . ငါကတော့ . . .
ငါချစ်ရတဲ့သူကို ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် . . .
ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားမှာပဲ။

သိမ် (သတိုးမင်းထင်သိမ်)

## အခန်း (၁)

### 10th April

**မျှော်စင်ကျွန်း**

ငြိမ်းချမ်းနွေးထွေးကာ လှပလွန်းသော နေရာကလေး။

သည်နေရာကလေးမှာ စုဝေးရောက်ရှိနေကြသူများ အားလုံးမှာလည်း လွတ်လပ်ပျော်မွေ့သော မျက်နှာကိုယ်စီနှင့်။

အားလုံးမှာ အပြုံးအဆိုင် အလန်းလေးတွေချည်း။

အားလုံး အားလုံးသော အလန်းလေးတွေကြားထဲမှာ ထူးကဲသာလွန်စွာ လှပပေါ်လွင်နေသူက . . . ‘ရှုရှု’။

မိတ်ကပ်ရောင် ကြည်တောက်ချောမွတ်သော ပိုးပျော့သားဝတ်စုံကလေးမှာ ပခုံးပေါ် ရင်စည်း ပေါင်လယ်ခန့် . . . ပွပွလုံးလုံးကလေးမို့ ဂါဝန်လို့ယူဆလျှင်လည်း ဂါဝန်တိုဖြစ်ပြီး အင်္ကျီဆိုရင်တော့ ခါးရှည်အင်္ကျီကလေးပေါ့။

အဆီလုံးဝမရှိသော သွယ်လျကျစ်လျစ်သောခန္ဓာကိုယ်



www.burmeseclassic.com

ကလေးမှာ ပြေပြစ်လုံးဝန်းသော ပခုံးသားကလေးများ၊ ချောမွတ်သော ကျောပြင်ကလေးနှင့် သွယ်လျရှင်းသန့်သော ပေါင်တံကလေးများမှာ မိတ်ကပ်ရောင် ပိုးပျော့ဝတ်စုံကလေးနှင့် လိုက်ဖက်လွန်းနေသည်။

စည်းချက်ညီညီ လှုပ်ရှားယိမ်းနွဲ့လိုက်လျှင် ဖားဖားလုံးလုံးကလေးဖြစ်နေသော ဝတ်စုံအောက်မှ ခန္ဓာကိုယ်ကျစ်ကျစ်ကလေးမှာ ရင်ခုန်ဖို့ ကောင်းလွန်းလို့နေသည်။

ဘေးလူတွေ မပြောနှင့် ...

ပိစိပေါက်စအရွယ်ကတည်းက အတူနေလာခဲ့သော **'သိမ်'** တောင် ရင်ခုန်သံတွေ ပေါက်ကွဲမသွားရအောင် မနည်းထိန်းချုပ်နေရတာ။

ဒါတောင် သိမ်က မျက်နှာကြီး သုန်မှုန်ကာ သတိပေးမိသေးသည်။

"ခူးခူး ... နင်ဝတ်ထားတာ အင်္ကျီလား၊ ဂါဝန်လား"

သိမ် မျက်နှာကြီးမှုန်တေတေနှင့် သတိပေးတာကို ခူးခူး တစ်ယောက် နားမလည်။

ရိုသလို၊ စောင်းသလိုကြီး မေးတယ်လို့ပဲယူဆကာ မျက်စောင်းကြီးဝင့်လျက် ...

"နင် ဘယ်လိုထင်လဲ ... ဂါဝန်လို့ယူဆရင်လည်း ဖြစ်တယ်၊ အင်္ကျီလို့ သတ်မှတ်ရင်လည်း ရတယ်"





ဝင့်ထားသော မျက်စောင်းကြီးကို ထိုးလိုက်တဲ့အချိန်မှာ မကြားသာ ကြားသာ ...

"တုံးလိုက်တဲ့ ဂနိုင်သား"

လို့ ဆက်ချိတ်လိုက်သေးတာမို့ သိမ် အောင့်သက်သက် ဖြစ်သွားရသည်။ သို့သော် ...

အကြီးကြီးဝင့်ကာ ထိုးချလိုက်သော မျက်စောင်းကလေးကတော့ ခရမ်းရောင်တောက်တောက်ကလေး ဝန်းရံကာ ညနေရီ၌ လိုက်ဖက်အောင် ရွှန်းလဲ့ ... လို့နေသည်မို့ အောင့်သက်သက်ဖြစ်သွားရသော ရင်ဘတ်ကြီးက အသက်ရှူပင် ရပ်သွားမိတော့မလို ဖြစ်သွားရတော့သည်။

"နင့်ဟာက အင်္ကျီဆိုရင်လည်း အောက်က စကဒ်ပြစ်ဖြစ်၊ ဘောင်းဘီရှည်ဖြစ်ဖြစ် တစ်ခုခုတော့ ပါရမှာပေါ့၊ ခုတော့ ..."

သိမ် မပြီးဆုံးနိုင်သေး။

သွားကြားစေ့လျက် ဘေးလူတွေမကြားရအောင် ဆက်ပြောနေမိသေးသည်။ ခူးခူး စိတ်မရှည်နိုင်တော့ပြီ။

သွယ်လျလှပသလောက် ဝင်းမွတ်ရှင်းသန့်လို့နေသော ပေါင်တံကလေးကို ရှေ့သို့ထိုးပြကာ ...

"နင် သိပ်လျှာရှည်နေပါလား သိမ်၊ နင်ဟာလေ နာမည်ရှည်လျားသလောက် လျှာကြောလည်း သိပ်ရှည်နေတယ်၊

www.burmeseclassic.com



ဒီမှာ ဒီမှာ ...စတောကင် ဝတ်ထားတယ် ...သိရဲ့လား''

သိခ် ရှေ့ထိုးပြလာသော ပေါင်တံသွယ်နုကလေးကို အမှတ်တမဲ့ ငိုက်ခနဲ ငုံ့ကြည့်လိုက်မိပြီးမှ ရင်ခုန်သံတို့ ကြမ်းရှသွားရသည်မို့ ကပျာကယာ မျက်နှာလွှဲလိုက်မိပြီး ...

''စိုင်းစိုင်းက စဖော့ချ်ပေါ်က ကဲရင် နင် သိပ်ပြီး လိုက်မသည်းမိစေနဲ့နော် ရူးရူး''

ရူးရူး ...ဒီတစ်ခါတော့ သိခ်လေသံကြီးက မနာလိုအူတိုသံကြီးလိုလို၊ ချုပ်ချယ်သံကြီးလိုလို နှစ်ခုစွက်ကြီးမို့ မျက်စောင်းအပြင် နှုတ်ခမ်းကလေးကိုပါ ဖိကိုက်လိုက်မိရင်း ...

''သိခ် ...နင် သိပ်လွန်လာပြီနော်၊ **'သတိုးမင်းထင်သိခ်'** ဆိုတဲ့ နာမည်နဲ့လိုက်အောင်ကို လျှာကြောရှည်လျှားနေတယ်၊ ဒီမှာ သေချာကြည့် ...ဂါဝန်အောက်နားမှာ သားရေပြား တပ်ထားတယ် ...တွေ့လား၊ ဒီမှာကြည့် ...စိုင်းစိုင်းကို ဘယ်လောက် လက်မြှောက်ခုန်ပေါက်ပြီး အားပေး‌ပေး ငါ့ဂါဝန်က တစ်လက်မမှ အပေါ်တက်မသွားဘူး ...ကြည့်''

လက်တွေ့သမား ရူးရူးက စကားနှင့်အတူ လက်နှစ်ဖက်ကို ဘယ်ညာ ဝှေ့ယမ်းပြီး အပီအပြင် ခုန်ပေါက်ပြသည်။

ပတ်ဝန်းကျင်ကို လုံးဝဂရုမစိုက်တတ်သော ရူးရူးအကြောင်း အသိဆုံးမို့ သိခ်တစ်ယောက် အသည်းအသန် တားရလေတော့သည်။





''ရူးရူး ...ဟာ ဟော့ကောင် ...တကယ်မခုန်နဲ့လေကွာ၊ ယုံပြီ, ယုံပြီ ...ရပြီ ...ဆောရီး, ဆောရီး၊ ငါ ဘာမှ ဆက်မပြောတော့ဘူး ရူး ...ငါ ကတိပေးတယ်''

ပတ်ဝန်းကျင်ကို တစ်စက်ကလေးမှ ဂရုမစိုက်တတ်သော တစ်ဖွတ်ထိုး တစ်လမ်းသွား ခေါင်းလည်း ဒေါင်ဒေါင်မြည်မာတတ်သော ရူးရူးကို သိခ် အမှန်တကယ်ပင် ကျွတ်ပါသည်။

သို့သော် အဲသည်လို ကျွတ်ရသည့်ကြားကပဲ သည်ခပ်ဆိုးဆိုး တစ်ဖွတ်ထိုးမလေးကို ...

အင်း ...

သိခ် သက်ပြင်းခိုးလေးကို ဘယ်သူမှ မသိအောင် ရှိုက်မိသည်။

''သိခ်ရယ် ...နင်နဲ့ငါ ချာတိတ်ပုတူးတူးလေး ဘဝကတည်းက လည်ပင်းဖက်ပေါင်းလာခဲ့ကြတာပါ၊ အသက်ဆိုလည်း နင် ငါ့ထက် လေးလပဲ ကြီးတာပါ၊ အဲ့ဒါကို ခုကျမှလာပြီး ဆရာကြီးလိုလို, အစ်ကိုကြီးလိုလို ပုံလာမဖမ်းစမ်းပါနဲ့၊ ချုပ်ချယ်ချင်တာလိုလို, အူတိုချင်တာလိုလို လေသံကြီးကိုလည်း လျှော့ချလိုက်စမ်းပါ''

ရူးရူးက ခရမ်းရောင် တောက်ပရွှန်းလဲ့နေသော မျက်ဝန်းလေးများကို ထောင့်ကပ်ကာ မကျေမနပ်ပြောသည်။

သိခ် တရုတ်ကားတွေထဲကလို ဝူးရှူး ...ဝူးရှူး ...နှင့်



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်သည်။

အတော်ကလေး မကျေမနပ်ဖြစ်နေသော ခူးခူးရဲ့ အခဲမကျေနိုင်မှုက ဒီလောက်နှင့် ရပ်တန့်မသွား။

စတော်ဘယ်ရီသွေးရောင် ရွှန်းစိုနေသောနှုတ်ခမ်းသားလေးများကို ကိုက်ကာကိုက်ကာနှင့် ဆက်ပြောနေသေးသည်မှာ

"အိုင်ကျူချင်းရော ယှဉ်ချင်သေးလား . . . နင် ဖိုးဒီနဲ့ ဆေးဝင်ခဲ့သလို ငါလည်း ဖိုးဒီနဲ့ ဆေးဝင်ခဲ့တာပဲ၊ ဒါတောင် အမှတ်ပေါင်းချင်းယှဉ်ရင် ငါ နင့်ထက် လေးမှတ်များတယ်"

"ဟုတ်ပါတယ်, ဟုတ်ပါတယ်၊ နင် ငါ့ကို ပခုံးချင်းယှဉ်နိုင်ပါတယ်၊ အေး . . . နင် မယှဉ်နိုင်တာက"

သိမ်ခ် မခံချင်စိတ်ဖြင့် လွှတ်ခနဲ ပြောလိုက်မိတော့မလိုဖြစ်ပြီးမှ သတိအနေအထားဖြင့် ချက်ချင်း ပါးစပ်ပြန်ပိတ်လိုက်သည်။

မရတော့ပြီ . . .။ ခုနက ရွှန်းတောက်နေသော မျက်ဝန်းကလေးများ ချက်ချင်း မှုန်မှိုင်းရီဝေသွားခဲ့ပြီ။

"ဆက်ပြောလေ သိမ်ခ် . . . ငါ မယှဉ်နိုင်တာက အော်လ်ဒီထွက်ရဲ့သားနဲ့ ဆေးကျောင်းမတက်တဲ့ **'သွန်း'** . . . ကိုလို့ နင် ဘာလို့ ဆက်မပြောတာလဲ"

သွန်း . . . ဆိုတဲ့နာမည်ကို နှုတ်ဖျားမှ ရေရွတ်လိုက်ချိန်မှာ ခူးခူးရဲ့အသံလေး မသိမသာ တုန်ခတ်သွားတာ သိမ်ခ် သတိ





ထားလိုက်မိပါရဲ့။ အသုံးမကျလိုက်တဲ့ ပါးစပ်။

နှစ်ယောက်တည်း ခူးခူးရဲ့ပျော်ရွှင်ဖွယ်ရာ မွေးနေ့ပွဲလေး ကျင်းပနိုင်ရဲ့သားနဲ့ ဘာဖြစ်လို့ ဒီအကြောင်းအရာကို သွား အစ ဖော်လိုက်မိပါလိမ့်။

ခူးခူး . . . လို့ ချစ်စနိုးခေါ်တဲ့ တန်ခူးလေပြည်ရဲ့မွေးနေ့ က တိုက်ဆိုင်ဆန်းကြယ်လှစွာ စိုင်းစိုင်းရဲ့မွေးနေ့ ပြေ ဆယ်ရက်နေ့နှင့် တစ်ထပ်တည်းကျခဲ့သည်။

(ခုနှစ်မတူတာက လွဲလို့ပေါ့)

တကယ်ဆို ခူးခူးတို့ ငယ်သူငယ်ချင်းက ခူးခူးနှင့် သိမ်ခ် နှစ်ယောက်တည်းမဟုတ်။ သွန်းဆိုတဲ့ **ဘုန်းမိုးသွန်း** အပါအဝင် သုံးယောက်။

ဘယ်လိုအခက်အခဲ အနှောင့်အယှက် အတားအဆီး တွေပဲ ရှိနေ ရှိနေ ခူးခူးရဲ့မွေးနေ့ပွဲကို သူငယ်ချင်းသုံးယောက် ဆုံစည်းပျော်ရွှင်နေကျ။

ဆိုးရွားပြင်းထန်လွန်းလှတဲ့ အတားအဆီးတွေကြောင့် ဘယ်နေရာကိုရောက်ရောက် ဘယ်ဘဝကိုရောက်ရောက် ခူးခူး မွေးနေ့ ပြေဆယ်ရက်ရောက်ရင်တော့ ဟောဒီ မျှော်စင်ကျွန်းမှာ သုံးယောက် မဖြစ်မနေ ဆုံစည်းကြမယ်လို့ ကတိပြုထားခဲ့ကြတာ။

"သိမ်ခ် . . . သွန်း ရောက်မလာတော့ဘူးထင်ပါရဲ့နော်"

ခူးခူး ရစ်ဝဲလာသော မျက်ရည်စများကို မျက်တောင်



www.burmeseclassic.com

www.burmeseclassic.com



တဖျပ်ဖျပ်ခတ်ကာ ကြိုးစားသိမ်းရင်း သိခ်ကို နွမ်းဖျော့စွာပြောမိသည်။

"လာမှာပေါ့ ခူးခူးရယ်၊ ဟိုကောင် ခလုတ်တိုက်နေပါ့မယ်၊ အရမ်းကြီး မမျှော်ကောင်းဘူးဟ၊ မျှော်ရင် ခရီးနှောင့်နှေးတတ်တယ်တဲ့ ... ငါ့အမေဆို ခဏခဏ ပြောတယ်"

ခူးခူးရဲ့မွေးနေ့ပွဲကို နှစ်ယောက်တည်းသာ ကြည်ကြည်နူးနူးလေး နွှဲချင်ပေမယ့် လူမစုံလို့ ခူးခူး မျက်ရည်ဝဲနေတာတွေ့ရတော့လည်း သက်ပြင်းချမိပြန်သူက သိခ်ပင်။

"ငါ သွန်းကို အရမ်းတွေ့ချင်တယ် သိခ်ရယ်၊ သူ့အဖေဆုံးပြီးကတည်းက သတင်းပျောက်သွားတော့တာနော်၊ ဘယ်ရောက်လို့ ဘာတွေလုပ်နေသလဲ မသိဘူး၊ ဘာပဲဖြစ်ဖြစ်ဟာ ငါတို့ကို တကယ်ခင်ရင် သူ ဆက်သွယ်သင့်ပါတယ် ခူးခူး"

နွမ်းနွမ်းလျလျပြောတော့ ရှစ်တန်းနှစ်ကတည်းက တတွဲတွဲပေါင်းသင်းလာခဲ့သော သွန်းကို သိခ်လည်း သတိရသွားမိသည်။

ချို့တဲ့နွမ်းပါးသော်လည်း နလုံးသားဖြူစင်ပြီး စိတ်ဓာတ်ပြင်းထန်သော၊ ဉာဏ်ကောင်းပြီး စာတော်လွန်းလှသော သွန်းကို သိခ်လည်း ခင်သည်ပင်။

"ယောကျ်ားပဲဟာ ... လွယ်လွယ်နဲ့တော့ ဒီကောင် ကတိမပျက်ပါဘူး၊ မျှော်စင်ကျွန်းကို သွန်း မရောက်,ရောက်





အောင် လာမှာပါ"

"သေချာရဲ့လား သိခ်ရယ်"

"သြော် ... sure"

သိခ် ခူးခူးရဲ့လက်ချောင်းသွယ်လေးတွေကို ဖျစ်ညှစ်ကာ အားပေးနှစ်သိမ့်လိုက်သည်။

နှစ်ယောက်သား သက်ပြင်းကိုယ်စီရှိုက်ရင်း စတေ့ချ်ပေါ်ကို အာရုံတွေ ပြန်ပို့လိုက်ကြသည်။

တိုက်ဆိုင်လိုက်တာ။

အခုဖျော်ဖြေမယ့် သီချင်းကလည်း ခူးခူးနဲ့ သွန်း အရမ်းကိုကြိုက်တဲ့ ဝမ်းနည်းမှတ်တမ်း။

ခူးခူး လက်ကလေးပိုက်ရင်း လိုက်ဆိုနေမိသည်။

♫ မျောလွင့်နေတဲ့တိမ် ××× စိတ္တဇဆန်တဲ့ ဒီမိုးများ
××× ရွာနေတုန်း ××× ငါ ချမ်းလို့တုန် ×××
မိုးသည်းတဲ့ညတွေမှာ ××× တမ်းတနေ တစ်ညလုံး
××× ချစ်တတ်တဲ့ ငါတော့ရူး ♫

အို ... ခူးခူးလည်း တကယ်ပဲ ရူးချင်လာပါရဲ့ သွန်းရယ်၊ ဒီနေ့အဖို့ သွန်းကို မမြင်တွေ့ရတော့ဘူးဆိုရင် ခူးခူး တကယ်ပါပဲ ရူးရလိမ့်မယ်။

♫ ဝေးခဲ့ပြီ ××× အရိုးဆွေးတဲ့အထိ ××× ငါတို့ ပေါင်း
ကြဖို့ ××× သန္နိဋ္ဌာန်ချထားခဲ့တာပဲ ××× မင်းရင်ခွင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းချမလို့ ♫

ခေါင်းချမလို့ . . . ဆိုတဲ့ စာသားနဲ့အတူ လိုက်ဆိုတဲ့ အသံတိုးတိုးနှင့် ကိုယ့်ပခုံးပေါ် ရုတ်တရက် ခေါင်းလာမှီချကာ ခံလိုက်ရတာမို့ သီချင်းထဲ စျာန်ဝင်သွားသည့် ခူးခူး အလန့်တကြားဖြစ်သွားရသည်။

မျက်လုံးလေးများ ပြူးကျယ်ပိုင်းစက်ကာ အလန့်တကြား လှည့်ကြည့်လိုက်လျှင် . . .

''အား''

ခနဲ မျက်စိစုံမှိတ်ကာ ဝမ်းသာအားရ ထ,အော်လိုက်မိသည်အထိ။

''ဟာ . . . ခူးခူး ဘာဖြစ် . . .''

သိခ်ကလည်း အလန့်တကြားအော်သံကြောင့် စိုးရိမ်တကြီး လှည့်အမေး . . .

အမေးက လမ်းတစ်ဝက်မှာတင် ပြတ်တောက်သွားရသည်။

''သွန်း''

နွမ်းလျမှော်လင့်နေသောရင်ကို ပွင့်ထွက်လာသော ခေါ်သံနုနု။

စတော်ဘယ်ရီရောင် နှုတ်ခမ်းလွှာလေးများ အလုပဆုံး သက်ဝင်လှုပ်ရှားလို့လာခဲ့ပြီ။





ညို့မောင်းကြွမ်းရှသော လက်ချောင်းများကို ထိန်းချုပ်မရနိုင်သော ပျော်ရွှင်မှုဖြင့် လွတ်ထွက်သွားမတတ် ဆုပ်ကိုင်ဖျစ်ညှစ်ထားသော လက်ချောင်းသွယ်များကို ငုံ့ကြည့်ပြီး သိခ်သက်ပြင်းတစ်ရှိုက်နှင့် ချက်ချင်း မျက်နှာလွှဲလိုက်မိသည်။

''အား . . . သွန်းရယ် . . . ကြည့်စမ်း . . . သွန်းရောက်လာတယ်နော်၊ အား . . . ခူး လုံးဝမထင်ဘူး . . . သိလား၊ သွန်းရောက်လာလိမ့်မယ်လို့ . . . ခူး လုံးဝမထင် . . .''

ခူးခူး စကားဆုံးအောင် မပြောနိုင်။

ပျော်မွေ့မှုဖြင့် ဆို့တက်လာသော ရင်က စကားမဆက်စေနိုင်တော့။

ခရမ်းရင့်ရောင် မျက်ဝန်းအိမ်ဆီမှ မျက်ရည်ကြည်များ လိမ့်ဆင်းလာပြီဖြစ်သဖြင့် ခူးခူး ခေါင်းကို ကမန်းကတန်းငုံ့ကာ ရွှေအိုရောင် ဆံနွယ်အခွေအလိပ်ကလေးများဖြင့် ကပျာကယာ ကွယ်လိုက်ရသည်။

သိခ်နှင့် သွန်းလည်း ခူးခူး မျက်ရည်များကို မြင်လိုက်ရသဖြင့် နှစ်ယောက်သား ပျာယာခတ်ကာ မချော့တတ် ချော့တတ် ချော့ဖို့ ကြိုးစားကြရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အာ ... ဘယ်က ကျီးကန်းမလေးလဲကွာ၊ လူကြားထဲ တအားအားနဲ့"

"ကျီးကန်းမျက်ရည် မြေမကျကောင်းဘူးတဲ့ ... တိတ် ... တိတ် ... ကျီးကန်းမ,လေး"

"ဘာ ... ကျီးကန်းမ,လေးလဲ ... ငါ့ကိုများ၊ နင်တို့ နှစ်ယောက်ကမှ ဆက်ရက်တောင်ပံကျိုးနဲ့ လင်းတ နှုတ်သီးပြတ်"

"အား ... သေပါပြီကွာ"

ခူးခူးရဲ့ ရက်ရက်စက်စက် တင်စားချက်ကြောင့် နှစ်ယောက်သား မျက်နှာများ ရှုံ့မဲ့သွားကြတော့သည်။

ခူးခူးလည်း အဲ့ဒီတော့မှပဲ မျက်ရည်များကြားက ပြုံးယောင်သမ်းနိုင်လာတော့သည်။

"အရူးမ ... ခု မျက်ရည်ကျ, ခု ပြုံးနဲ့"

"အိုး ... သူ့ကို မမျှော်လင့်ဘဲ တွေ့လိုက်လို့ အရမ်းပျော်ပြီး မျက်ရည်ကျမိတာကို"

"ဟာ ... သိခ်ရေ ... ဟော့ကောင်ရေ ... ငါနဲ့မင်းကတော့ အရမ်းမပျော်မိလို့ မျက်ရည်မကျတဲ့အတိုင်းပဲနော်"

"အေးလေကွာ ... မျက်စဉ်းလေး ပြေးဝယ်ခတ်လိုက်ရ ကောင်းမလား"

"နင်တို့နော်"

ခူးခူး နှုတ်ခမ်းကြီးစူပြီး ခြေဆောင့်၏။





"နောက်တာ"

သွန်း ချစ်စနိုးနှင့် နဖူးဝင်းဝင်းလေးကို လက်သီးဆုပ်နှင့် ဖွဖွထုပစ်မိသည်။

သိခ် မျက်နှာမပျက်မိရလေအောင် ထိန်းချုပ်ရင်း သွန်းပခုံးကို ဖက်ကာ ...

"လာကွာ ... လွတ်လွတ်လပ်လပ် စကားသွားပြောရအောင်"

"ငါ ဘာမှမစားခဲ့ရသေးဘူး"

သွန်း ကြွက်သားများ၊ ဖုထစ်နေသောဝမ်းဗိုက်ကို ပွတ်သပ်ကာ တောင်းဆိုသည်။

"လာစမ်းပါကွာ၊ ဒါ ဘာ့သ်ဒေးဂဲလ် (birthday girl) ရဲ့ ဝတ္တရားပါ"

သိခ် ခူးခူးဘက် မျက်စိလှမ်းမှိတ်ပြသည်။ ခူးခူးက ပြုံးစူစူလေး လုပ်ကာ ...

"ကျွေးမှာပါနော်၊ လာဖော်ရတာပဲ ကျေးဇူးတင်လှပါပြီ"

ခူးခူး ခနဲ့တဲ့တဲ့လေးပြောတော့ သွန်း မျက်နှာပျက်သွားရသည်။

"ခူးရယ် ... အဲ့လိုကြီး မခနဲ့ပါနဲ့ဟာ၊ နင့်မွေးနေ့ကို ငါ အသက်ရှင်နေသရွေ့ ဘယ်နေရာပဲရောက်ရောက် မဖြစ်,ဖြစ်အောင် လာခဲ့မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သွန်း အဲဒီလို အလေးအနက်ပြောတော့လည်း ပြန်ပြီး စိတ်မကောင်းဖြစ်ရသူက ခူးခူးပဲ ဖြစ်သည်။

သိခ်က စိတ်မကောင်းစရာတွေ ဆက်မပြောဖို့ ခူးခူးကို မျက်နှာရိပ်မျက်နှာကဲ ပြလိုက်သည်မို့ ခူးခူး အသာကလေး တိတ်ဆိတ်နေလိုက်ရသည်။

စားသောက်ဆိုင်ဆီရောက်လာခဲ့တဲ့အထိ သုံးယောက်သား ဘာစကားမှမပြောမိဘဲ တိတ်ဆိတ်နေမိကြသည်။

မှာစရာရှိတာတွေ မှာပြီးလျှင်တော့ ဆက်ပြီး တိတ်ဆိတ်မနေနိုင်တော့သည်မှာ ခူးခူးပင်။

မျက်လုံးထဲ အတော်ကလေး ပြောင်းလဲသွားခဲ့ပြီဖြစ်သော သွန်းကို မျက်မှောင်လေးကုတ် စိုက်ကြည့်ရင်းက စကားစ, သည်။

"သွန်း ... နင် အရမ်းပြောင်းလဲသွားတယ်၊ သိလား"

သွန်းက ဘာတွေလဲ ... ပြန်မေးသည့်သဘော မျက်ခုံး ပင့်ပြသည်။

"အသားတွေ ညိုသွားလိုက်တာ .. နေလောင်လို့လား"

သွန်း နှုတ်ခမ်းလေး တွန့်ကွေးရုံပြုံးကာ ပခုံးတွန့်ပြသည်။

ဝတ်ထားသော အဝတ်အစားများမှာလည်း အရောင်လွင့်နေပြီဖြစ်သော ဂျင်းအကြမ်းစား။ အသားတွေကလည်း ညိုမောင်းကာ ဆံပင်များမှာလည်း ခပ်ကြမ်းကြမ်း ဖွာကြလျက်။





သွန်းပုံစံကြည့်ရတာ တကယ့်ကို အလုပ်ကြမ်း ဘဝသမားတစ်ယောက်ပုံစံပေါက်နေ၍ ခူးခူးရင်ထဲ ဆို့နင့်ချင်မိသည်။

"အရိပ်ထဲမှာ မနေနိုင်တဲ့သူ နေလောင်တာဆန်းသလားဟာ"

လေးနက်ရင့်ကျက်စွာ သွန်းပြောပုံကြောင့် ခူးခူး ပိုပြီးရင်ဆို့သွားရသည်။

"သွန်း ... နင် အခု ဘာတွေလုပ်နေလဲ၊ ဘယ်မှာနေသလဲ၊ ကျောင်းရော ဘာလို့ဆက်မတက်လဲ"

ခူးခူး သိချင်စိတ်တွေစောကာ မေးခွန်းတွေ တရစပ်မေးမိသည်။

သွန်းက အအေးခွက်ကို ရှေ့ကို တိုးပေးကာ ...

"မောနေမယ် ... သောက်လိုက်ဦး"

လို့ ပြန်နောက်သည်။

"မနောက်နဲ့ဟာ သွန်း ... ငါ တကယ်သိချင်လို့ မေးနေတာ"

"ခူးရယ် ... ငါ့ဘဝက နင်တို့သိတဲ့အတိုင်းပဲ၊ ဘာများဆန်းကြယ်လို့ သိချင်ရတာလဲဟာ"

"မဟုတ်ဘူး၊ ငါတို့သိခဲ့တဲ့ဘဝနဲ့ မတူတော့ဘူး၊ ဦးလေးဆုံးပြီးကတည်းက နင် ပျောက်သွားတာ၊ အော်လ်ဒီ ထွက်ရဲ့သားနဲ့ ဆေးကျောင်းလည်းမတက်ဘူး၊ နင် ဘာတွေလုပ်နေလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာနေသလဲဆိုတာ ငါတို့ သိသင့်တယ်၊ ငါတို့ နင့်ကို ဘယ်လိုဆက်သွယ်ရမလဲ …ပြော''

ခူးခူး အတင်းအကျပ်မေးလေ သွန်း အင်း …အဲနှင့် ဖြေရခက်လေ။

''ပြောလေ သွန်း …နင် မဟုတ်တာတွေ မလုပ်ဘူး ဆိုရင် ငါတို့ကို အသိပေးရဲရမှာပေါ့''

''ခူးရာ …နင်ကလည်း ငါ့ပုံစံက တေလေဂျပိုးပုံ ပေါက်နေလို့လား''

သွန်း အောင့်သက်သက်ပြောတော့လည်း ခူးခူး အားနာ သလိုလိုလေး ပြန်ဖြစ်သွားရသည်။

''ငါက အဲ့လိုကြီး စွပ်စွဲနေလို့လား၊ အရေးအကြောင်းရှိ နင့်ကို ဆက်သွယ်လို့ရအောင် မေးနေတဲ့ဟာ''

''ငါ နင်တို့ကို ဆက်သွယ်မှာပေါ့''

သွန်း လေသံတိုးနှင့် မပွင့်တပွင့်ပြောသည်။

သွန်းပုံစံက ဘယ်လိုမေးမေး မဖြေချင်သည့်ပုံပေါက် နေတာမို့ ခူး ကျွဲမြီးတိုသွားရကာ …

''ပြီးတာပဲ''

လို့ ကြွေရောင်မျက်နှာလေးကိုပင့်ချီကာ အရေးမစိုက် တော့သည့်ပုံ ပြန်ဖမ်းပြလိုက်သည်။

ဟုတ်တယ်လေ။





ကိုယ်က သံယောဇဉ်ကြီးလွန်းလို့ အသည်းအသန် ဖြစ် နေသလောက် သူက အေးစက်နေစိမ့်လေရော …

နေပေါ့ …ဘာဖြစ်သေးလဲ။

တန်ခူးလေပြည်ပဲ ဂရုစိုက်စရာလား။

ခူးခူး မျက်နှာထားပြောင်းသွားတာကို သွန်းနှင့်သိခ် သိသည်။

သွန်း ပွစာကြဲပြီးသား ဆံပင်တွေကို အကြောင်းမဲ့ဖွလိုက် ကျစ် …ခနဲ စုတ်သပ်လိုက်နှင့် ဘာလုပ်လို့ ဘာကိုင်ရမလဲ မသိဖြစ်ကာ သိခ်ကို မျက်စ့လှမ်းပစ်ပြပြီး အကူအညီတောင်းမိ တော့သည်။

သိခ် စားပွဲပေါ်က ငရုပ်ကောင်းမှုန့်ဘူးတွေ၊ ရေတ ကောင်းတွေကို အကြောင်းမရှိ အကြောင်းရှာ ဟိုရွှေ့လိုက်၊ ဒီ ရွှေ့လိုက်လုပ်ရင်း အပြေးအလွှား ဉာဏ်ထုတ်စဉ်းစားရတော့ သည်။

ခွေးသူခိုး ဘုန်းမိုးသွန်း …။

ဒင်း မရှုနိုင် မကယ်နိုင်ဖြစ်ရင် ငါ့ခေါင်းပေါ်ပဲ ပြသနာ ပုံချပြီ …လို့ ကျိတ်ဒေါသထွက်မိသော်လည်း …

ချက်ချင်း မျက်ကလူးဆန်ပျာ အိုက်တင်ဖမ်းကာ …

''အာ …မေ့နေတာ မေ့နေတာ …ကြည့်စမ်း''

သိခ် ပြူးတူးပြဲတဲ မတ်တတ်ထ,ရပ်ကာ ဂျာကင်အိတ်



www.burmeseclassic.com

www.burmeseclassic.com



တွေထဲ ဟိုစမ်း, သည့်စမ်း လုပ်သည်။

"ဘာလဲ ။ ဘာထ,ဖြစ်တာလဲ သိမ်၊ ရုတ်တရက်ကြီး"

"ဆောရီးဟာ ... နူးနူးရာ တကယ်ဆို စတွေ့ကတည်းက ပေးရမှာ"

နူးနူး မျက်မှောင်ကြုတ်ကာ သိမ်ကိုကြည့်သည်။

"ဘာလဲလို့ဆို"

သိမ် ဂျာကင်ထဲ လက်နှိုက်ပြီး နူးနူးရှေ့ ဘူးလှလှလေးတစ်ခု လက်ဖဝါးပေါ်တင်ကာ ပြသည်။

"ဘာ့သ်ဒေး ပရဲဆင့်နဲ့ (birthday present)"

သိမ် ... နူးနူးရဲ့ နဖူးဝင်းဝင်းလေးကို လေနဲ့မှုတ်ရင်းခပ်တိုးတိုးပြောသည်။

နူးနူးမျက်နှာထားလေး လျော့ကျသွားကာ လှပသောစတော်ဘယ်ရီခင်းလေး ပြန်ဖူးပွင့်လာသည်။

"ဖွင့်ပြလေ"

မျက်ခုံးလေးပင့်ပြကာ နူးနူးရင့်သည်။

သိမ် မျက်နှာရှုံ့မဲ့သွားရပြန်သည်။

"ပိုက်ဆံအကုန်ခံပြီး ပေးလည်းပေးရသေး၊ အဲ့သလိုလည်း အကျောခံရသေး"

သိမ် ညည်းတွားသည်။

"အဲ့ဒါပေါ့ မိဒေအး နှစ်ခါနာ ... ဆိုတာ"





အခွင့်အရေးရတုန်း သွန်း ဝင်နှိပ်ကွပ်သည်။

"ဟမ် ... မင်းဥပမာကြီးကလည်း ကျောချမ်းလိုက်တာ"

"ကဲပါ ... ဖွင့်ပြစမ်းပါဆို ... ဘာလဲဆိုတာ ငါအရမ်းသိချင်နေပြီနော် သိမ်"

ကလေးစိတ် မကုန်တတ်သေးသော နူးနူး ... ပခုံးလေးလှုပ်ယမ်းခါကာ အော်သည်။

"ဖွင့်လိုက်စမ်းပါတော့ကွာ"

တိုက်တွန်းသလိုနှင့် နားငြီးလို့ သွန်း မကြားသာ ကြားသာ ဆက်ပြောသည်။

နူးနူး မျက်စောင်းလှည့်ထိုးဖို့ အချိန်မရ။

ဒေးဗစ်ကော့ပါးဖီးလ်အိုက်တင်နှင့် ဘူးလေးကို ဖွင့်ပြဖို့ဟန်ပြင်နေသည်။ သိမ်ရဲ့အိုက်တင်မှာ မျောပါနေမိသည်။

"ကဲ ... ဖွင့်ပါပြီဗျာ"

သိမ် လက်ချောင်းများကို လျင်မြန်လှစွာ ဆတ်ခနဲလှုပ်ရှားပြီး ဖွင့်လိုက်သည်။

လက်ခနဲ ဖြာထွက်လာသော အလင်းတန်းကြောင့် နူးနူးနှင့်သွန်း မျက်လုံးများ ကျိန်းသွားရသည်။

"ဟယ်"

နူးနူး မျက်လုံးလေးများဝိုင်းစက်ကာ အာမေဋိတ်သံပေး



www.burmeseclassic.com

www.burmeseclassic.com



တအံ့တသြ ထွက်သွားရသည်။

"လှလိုက်တာဟယ်"

"ကြိုက်မှ ကြိုက်တယ်ပြော"

သိခ် ကိုယ့်လက်ဆောင်ကို ခူးခူး သဘောကျနေမှန်း သိတာမို့ အပျော်လွန်ပြီး နောက်လိုက်သည်။

"ကြိုက်တာပေါ့ဟဲ့ ... ဒီလောက်လှတာ မကြိုက်ဘဲ နေပါ့မလား"

ပွင့်လင်းလွန်းလှသော ခူးခူးပြောပုံကလေးကြောင့် သိခ်နှင့်သွန်း ပြုံးလိုက်မိကြသည်။

ခူးခူးမှာ သိပ်ချစ်စရာကောင်းတဲ့ အကျင့်ကလေးက အဲ့သလို ပွင့်လင်းတတ်တာပဲ။

သို့သော် သွန်းတို့နှစ်ယောက်မှာတော့ ပြုံးပုံချင်းက မတူ။

သိခ်အပြုံးက ... ကိုယ်ပေးတဲ့လက်ဆောင်ကို ခူးခူး သဘောကျ လိုချင်သဖြင့် ကျေနပ်ပြုံး၊ အပျော်ပြုံး။

သွန်းရဲ့အပြုံးကတော့ သိခ်လို တန်ဖိုးကြီးလက်ဆောင် မပေးနိုင်တာမို့ ကိုယ့်ဘဝကိုယ် အားငယ်မိသော မချင့်မရဲ အပြုံးမျိုးဖြစ်သည်။

အသည်းပုံလေးအတွင်းမှာ ကေ့ (K) စာလုံးပုံသဏ္ဍာန် ဖော်ထားသော စိန်ပွင့်ကလေးများကို ပလက်တီနမ်ကွပ်ထားသော လက်စွပ်ကလေးမှာ လက်ရာမြောက်လှပလွန်းသည်သာ





မက တန်ဖိုးမြင့်လှမည်ဆိုတာလည်း ခန့်မှန်းနိုင်သည်လေ။

သွန်းမှာ မသိမသာ သက်ပြင်းရှိုက်မိရင်း ...

"အတော်ပေးရမယ်နော်"

လို့ မပွင့်တပွင့် ဝင်ပြောလိုက်မိသည်။

သွန်းလေသံကြောင့် ပျော်နေမိကြသော ခူးခူးနှင့် သိခ်တို့ သွန်းရင်ထဲက ခံစားချက်ကို စာနာဖေးမဖို့ သတိရမိကြတော့သည်။

"ဟာ ... ဘာပြောကောင်းမလဲ ၊ ဒါ ... သူ့ မနှစ်က မွေးနေ့ပြီးကတည်းက တစ်နှစ်လုံးလုံး ငါစုခဲ့ရတဲ့ ဘတ်ဂျက်တွေပေါ့"

သိခ်က တမင် အရွှန်းဖောက်သည်။

သွန်း ရယ်ဖို့ကြိုးစားသော်လည်း မအောင်မြင်။

"ငါသာဆို တစ်ဘဝစာလုံး စုရမလားပဲ"

သွန်းရဲ့ မရိုးတင်ကဲပြောပုံကြောင့် ခူးခူးရင်ထဲ နင့်ခနဲဖြစ်သွားရသည်။

ခုနက အောင့်သက်တင်းမာချင်သည့် စိတ်များကလည်း ချက်ချင်း လွင့်ပျောက်သွားတော့ကာ ...

"အပိုတွေ မပြောပါနဲ့ ... ဘယ်မှာလဲ ငါ့အတွက် မွေးနေ့လက်ဆောင် ... ပေး"

ခူးခူး နှုတ်ခမ်းလေး စူထော်ကာ သွန်းရှေ့လက်ဝါးလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြန့်သည်။

သွန်း ရယ်ကျဲကျဲ ဖြစ်သွားရရင်း ...

"အား ... ငါ ဟိုလေ ... လောလောလောလောနဲ့ ထွက်လာခဲ့တော့ ..."

"ဘာဆင်ခြေမှ မလိုချင်ဘူး ... ပေး၊ သိခ်အလှည့်ပြီးပြီ ... နင့်အလှည့်"

"အာ ... ခူးခူးကလည်းကွာ ... ငါ့လို ဆင်းရဲသားက နင့်ကို ဘာလက်ဆောင်ပေးနိုင်မှာလဲဟာ ... နင် သိရဲ့သားနဲ့"

"သွားပါ ... ဘဝသရုပ်ဖော်ဇာတ်လမ်းတွေထဲက စကားလုံးတွေ လာမရွတ်ပြပါနဲ့၊ နင် နှစ်တိုင်း ငါ့မွေးနေ့ကို လက်ဆောင်မပေးခဲ့တာ ဘယ်တုန်းကရှိခဲ့လို့လဲ ... ရိုးရာမဖျက်ပါနဲ့"

တန်ဖိုးမြင့်မြင့်၊ နိမ့်နိမ့် ခူးခူးမွေးနေ့တိုင်းကို သွန်းလည်း သူတကာလို လက်ဆောင်ပေးခဲ့သည်သာ။

နှင်းဆီဖြူလွလွအပွင့်လေးများကို သက်စေ့ပေးတာမျိုး၊ အရုပ်ကလေးများ၊ hand made ကလေးများကို ပေးတာမျိုး၊ တတ်နိုင်သမျှတော့ မရှိမဲ့ရှိမဲ့ မုန့်ဖိုးကလေးများစုကာ ပေးခဲ့သည်ပင်။

"သွန်းနော် ပေးဆို"

ခူးခူး စိတ်တိုချင်ယောင်ဆောင်ကာ ခြေဆောင့်ပြီး ထ,





အော်သည်။

သွန်း ဘေးဘီကြည့်ကာ လက်ကာပြရသည်။

"ဟာ ... ဘာလို့အော်ရတာလဲ ... ပေးမှာပေါ့"

"ပေး"

"ပေးမယ်"

"တကယ်ပေး"

"တကယ်ပေးမှာ"

ခူးခူး ခရမ်းရောင်မျက်ဝန်းလေး ထောင့်ကပ်ကာ မယုံသင်္ကာကြည့်သည်။

"ဘာပေးမှာလဲ"

သွန်း စုပုပ်သုန်မှုန်နေသည်။ မျက်နှာဖူးဖူးကလေးကို အသည်းယားလာကာ ငုံ့ကိုင်းလျက် တိုးတိုးကလေး ပြောလိုက်သည်။

"အာဘွား"

"ဘာ"

ခူးခူး အကျယ်ကြီး ထ,အော်သည်။

သွန်း ဘာပြောလိုက်မှန်းမသိသည့် သိခ်ပင် လန့်သွားရသည်။

တကယ်တော့ သွန်း ချစ်စနိုးလေးဖြစ်ကာ ခူးခူး မခံချင်ဒေါသထွက်အောင် စ,နောက်လိုက်မိခြင်းသာ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် . . . မရွှေရှူးက စိန်ပြန်ခေါ်သလို မျက်လုံးလေး မှိတ်ကာ သွန်းရှေ့ ပါးပြင်လေး ထိုးပေးလျက် . . .

"ပေးလေ . . . လူအများရှေ့ နင်ပေးရဲရင် တကယ်ပေး"

သွန်း မျက်လုံးပြူးသွားရတော့သည်။

ကိုယ်က သူ့ ဒေါသထွက်အောင် ချစ်စနိုး စ,လိုက်မိခြင်းသာ။ ဘာရည်ရွယ်ချက်နှင့်မှ မဟုတ်။

ရှူးရှူး ပတ်ဝန်းကျင်ကို လုံးဝဂရုမစိုက်တတ်မှန်း သိသည်မို့ သွန်း လက်မြှောက်ရတော့သည်။

သူမလေးက ပါးပြင်ထိုးပေးတာတောင် လူအများရှေ့မှာ (လူအများနောက်ကွယ်မှာလည်း အတူတူပါပဲ) သူ မဘွားရဲ။

"သွန်း . . . နင် မပေးဘူးလား, ပေးမှာလား။ ငါ့ကို လက်ဆောင်မပေးမချင်း နင် နေရာကထဖို့ လုံးဝမကြိုးစားနဲ့"

"အေး . . . အေးပါ . . . ပေး . . . ပေးမှာပါ"

နဖူးမှာ ချွေးများသီးကာ မျက်လုံးပြူးပြီး ကျွတ်နေသော သွန်းကိုကြည့်ပြီး သိခ်ပါ နေမထိထိုင်မသာ ဖြစ်လာရတော့သည်။

"ဘာလဲကွ သွန်း"

သွန်း သိခ်ကို ခေါင်းခါပြီး လက်ကာပြလိုက်သည်။

ထို့နောက် . . .

တံတွေးတစ်ချက်မျိုချကာ အပြေးအလွှား ဉာဏ်ထုတ်ပြီး စားပွဲပေါ်က ပန်းအိုးလေးထဲမှ တစ်ပွင့်တည်းသော အဖြူ





ရောင်နှင်းဆီပွင့်လေးကိုယူကာ ရှူးရှူးပါးပြင်နှင့် ဖွဖွကလေးထိလိုက်ပြီး အာဘွား . . . လို့ တိုးတိုးကလေး ပြောလိုက်မိသည်။

ရှူးရှူး မဲ့ပြုံးကလေးပြုံးရင်း မျက်လုံးပြန်ဖွင့်ကြည့်သည်။

"ဟွန်း . . . သတ္တိဖြင့် မရှိဘဲနဲ့"

ရှူးရှူး သွန်းလက်ထဲက နှင်းဆီပွင့်ကလေးကို ဆတ်ခနဲ လှမ်းယူပြီး ထောပနာပြုသည်။

သွန်း ခေါင်းကြီးငုံ့ထားမိသည်။

ပျော်ခဲ့ဖူးသမျှ ရှူးရှူးရဲ့မွေးနေ့တွေထဲမှာ ဒီနှစ်မွေးနေ့ကလေးကတော့ အမှတ်တမဲ့ကလေး ရင်ခုန်စရာ ဖြစ်လိုက်ပါရဲ့။

ရှူးရှူးရေ . . .

အဲ့ဒီလက်ဆောင်ကို ငါ တကယ်များ ပေးဖြစ်ခဲ့ရင် စိန်ခေါ်တတ်တဲ့ ဉာဉ်ဆိုးကလေးနဲ့မဟုတ်ဘဲ မင်းနှလုံးသားက ဘယ်လိုခံယူတဲ့ပြန်မှာလဲ သိချင်စမ်းပါရဲ့။

နင့်ရဲ့ပကတိဖြူလွရှင်းသန့်လွန်းလှတဲ့ နှလုံးသားနုနုကလေးကို ငါ အရောင်မဆိုးရက်ပါဘူး။

ငါ့ရင်ထဲက သက်ပြင်းရှိုက်သံတွေကို နင် မကြားပါစေနဲ့တော့ သူငယ်ချင်းကလေးရယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဟွန်း . . . သတ္တိဖြင့် မရှိဘဲနဲ့။

ခူးခူးသည် မှန်ကိုကြည့်နေရင်းမှ ဒီစကားတစ်ခွန်းကို အကြိမ်ကြိမ်အခါခါ ထပ်ပြောနေမိသည်။

မှန်ထဲ ညာဘက်ပါးပြင်ကို ငဲ့စောင်းကြည့်မိပြန်သည်။

ပြီးတော့ . . .

ပခုံးစုံတွန့်ကာ နှာခေါင်းလေး ရှုံ့လိုက်မိသည်။

လူအ . . ., ပါးထိုးပေးတာတောင် မဘွားဝံ့သည့်လူ။

သူ့နေရာမှာ သိန်းသာဆိုလို့ကတော့ Rap တေးသွားလို့ မြန်ဆန်လိုက်မယ့်ဖြစ်ခြင်း။

သို့သော် . . .

ခူးကလည်း သိန်းကိုတော့ဖြင့် စေတနာမရှိ။

ဟင် . . . ဒါဆို ဘုရားရေ . . . သူသာ တကယ်မွှေး လိုက်မယ်ဆိုရင် ခူးက တကယ်ပဲ မျက်လုံးလေးစုံမှိတ်လို့ ငြိမ်သက်





ခံယူနေလိုက်မိမယ်တဲ့လား။

ခူးသည် အတွေးထဲတွင် ကိုယ့်စိတ်ကိုယ် ပြန်အလန့် တကြား ဖြစ်သွားရသည်။

ကြည့်စမ်း . . . ခူး . . . သူ့ကိုများ . . .

ခူးသည် မျက်လုံးလေးပြူးကာ ဝင်းဝင်းမို့မို့ ရင်အစုံကို ပြန်ဖိထားလိုက်မိသည်။

မနေ့ကလည်း ခူး သူ့ကို အသည်းအသန်မျှော်မိခဲ့သည်။

ဘုရားစူး . . .

သူသာ . ရောက်မလာခဲ့ရင် ခူးရဲ့ ဆယ့်ရှစ်နှစ်ပြည့်မွေး နေ့ဟာ ခူးအတွက် ဘာအဓိပ္ပာယ်မှ ရှိတော့မှာမဟုတ်ဘူး။

လုံးဝမမျှော်လင့်တော့တဲ့အချိန်မှာ သူရောက်လာတော့ ခူးဟာ ဘယ်လိုမှ ထိန်းချုပ်လို့မရတော့အောင် ကြည်နူးဝမ်း နည်းပြီး မျက်ရည်ကျမိတော့တာ။

ဘယ်လောက်ဆိုးလိုက်တဲ့ .ကောင်ကလေးလဲ။

ခူး ညာဘက်ပခုံးလေးဟာ ခုထိ နွေးနေဆဲ။

''မင်းရင်ခွင်မှာ ခေါင်းချမလို့''

ဆိုတဲ့ စာသားလေးကို ကိုယ်ကြားသာရုံ တိုးတိုးဖွဖွ လေးဆိုပြီး ခေါင်းလာမှီခဲ့တာ . . .

နွေးထွေးရှိန်းမြတဲ့ အထိအတွေ့ကကလေးဟာ ညာဘက် ပခုံးကို သွေးကြောကလေးတွေဆီကနေ စီးဆင်းလာခဲ့ပြီး ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ဘက်နှလုံးအိမ်မှာ ဘာဖြစ်လို့ ခုန်လှုပ်နေခဲ့ရတာလဲ။

အား ...ခက်လိုက်တာ။

သွန်း ...ငါ နင့်ကို အရမ်းသတိရလာပြီ။

ဘယ်လိုလုပ်ရမလဲ။

ငါ ...နင့်ကို အရမ်းတွေ့ချင်တယ်။

စိတ်ထက် ကိုယ်က မြန်သော ခူးခူးသည် ချက်ချင်း ထ,ကာ ကားသော့ဆီ လက်လှမ်းပြီးဖြစ်နေခဲ့သည်။

အဝတ်အစားပင် မလဲမိ။

ပေါင်လယ်ခန့် ပခုံးကြိုးပျောက် ရင်စည်း ဂါဝန်လုံးလုံး ကလေးဖြင့်ပင် ခူးခူး ကားစက်နှိုးကာ ထွက်လာခဲ့သည်။

သွန်းကို အရမ်းတွေ့ချင်တဲ့စိတ်ပဲ ရှိနေသည်။

သွန်း ဘယ်မှာရှိလဲဆိုတာလည်း သိတာမဟုတ်။

ကိစ္စမရှိပြီ။

မနေ့က သွန်းနဲ့တွေ့ခဲ့တဲ့ နေရာလေးကို ပြန်သွားပြီး စိတ်ဖြေလိုက်မှာပေါ့။

ကားလေးက မျှော်စင်ကျွန်းဆီ ဦးတည်လျက် ...။

ဘုရားရေ ...





ခူးခူးသည် ကိုယ့်မျက်စိကိုယ် မယုံနိုင်အောင် ဖြစ်ရရင်း နေရာမှာ တောင့်တောင့်ကြီး ခြေစုံရပ်ကာ မှင်တက်နေမိသည်။

အို ...စိတ်တန်ခိုးပေပဲ။

သွန်းကလည်း ဆုံနေကျနေရာလေးမှာ တစ်ယောက်တည်း။ သူ တစ်စုံတစ်ယောက်ကို စောင့်နေခဲ့တာလား။

ခူးခူး လှိုက်ခုန်သောရင်ဖြင့် နှုတ်ခမ်းလွှာများ မဖွင့်ဟဘဲ ရင်ထဲမှနေ အသံတိတ် 'သွန်း' လို့ လှိုက်လှဲစွာ ခေါ်လိုက်သည်။

သွန်းတစ်ယောက် အသိစိတ်ကင်းမဲ့သူလို အဝေးကို ငေးရီနေရာမှ ဆတ်ခနဲ လှည့်ကြည့်သည်။

ပြီးတော့ ...မျက်လုံးများ ဝိုင်းစက်သွားကာ အံ့အားအသင့်ကြီးသင့်လျက် 'ဟာ' ခနဲ အကျယ်ကြီး ထ,အော်သည်။

ဘယ်တော့မှ ဟန်မဆောင်တတ်သူ ခူးခူးတစ်ယောက် အံ့သြကြောင်ငေးနေသော သွန်းဆီ အရင်ပြေးသွားမိသည်။

"စိတ်ထဲမှာ တစ်ယောက်ယောက်က ခေါ်လိုက်တယ် ထင်လို့"

သွန်း အံ့အားတသင့်ပြောတော့ ခူးခူး အပြုံးကလေးနှင့် ခေါင်းညိတ်ပြလိုက်သည်။

"အင်းလေ ...ငါ ခေါ်လိုက်တာ"

"ခူး ...နင် ဒီကို ဘယ်လိုရောက်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခူးခူး ကိုယ်လေးလှုပ်ယမ်းကာ ရယ်မောလိုက်သည်။

"နင်ကရော ဘယ်လိုလုပ်ရောက်လာတာလဲ"

ခူးခူး မေးလေးဆတ်ကာ ညစ်ကျယ်ကျယ်လေး ပြန်မေးလိုက်သည်။

သွန်း ရှက်ဝဲဝဲဖြစ်ကာ လည်ကုပ်များကို ပွတ်သပ်ကုတ်ဖွဲ့နေလိုက်မိပြီး ...

"နင့်ကို သတိရလို့"

ခေါင်းကြီးငိုက်စိုက်ချကာ တိုးတိုးကလေး ဝန်ခံလိုက်ပေမယ့် ခူးခူး အရမ်းကျေနပ်သွားရသည်။

"ငါလည်း နင့်လိုပဲပေါ့"

ခူးခူး သွန်းရဲ့ ရင့်မှိုင်းကြမ်းတမ်းလာသောမျက်နှာကို စိုက်ကြည့်ကာ ပွင့်လင်းစွာ ဝန်ခံလိုက်သည်။

ရင့်မှိုင်းလျက်ရှိသော သွန်းမျက်ဝန်းများ တဖျပ်ဖျပ်တောက်ပသွားသည်။

"နင်ရောက်လာလိမ့်မယ်လို့ ငါ လုံးဝထင်မထားဘူး"

"ငါလည်း နင့်လိုပဲ"

နှစ်ယောက်သား ကြည်ကြည်စင်စင်ရယ်လိုက်မိကြပြန်သည်။

"ငါ နင့်ကို ပြောစရာစကားတွေ အများကြီး ရှိသေးတယ်"





ခူးခူးက ရယ်မောနေရာမှ အလေးအနက်ထားသံလေး ဖမ်းလျက် ပြောလိုက်သည်။

"မနေ့က ပြောတဲ့စကားတွေ မကုန်သေးဘူးပေါ့"

သွန်း ရယ်လျက် စ,လိုက်သည်။

"ငါ တကယ်ပြောနေတာ သွန်း"

ခူးခူး ထပ်ပြောတော့ အပျော်လွန်စိတ်နှင့် စ,နောက်ချင်နေသော သွန်း ချက်ချင်း မျက်နှာပြင်လိုက်သည်။

"ပြော ...ဒီနေ့တော့ စကားတွေ ကုန်အောင်ပြော၊ တစ်ညလုံး မအိပ်ဘဲ နားထောင် ...ဆိုလည်း ဖြစ်တယ်"

"ပြောစရာရော, မေးစရာရော ...နော် သွန်း"

မေးစရာရော ...ဆိုသော နောက်ဆက်တွဲစကားကြောင့် သွန်း ခန္ဓာကိုယ် ဆတ်ခနဲ တောင့်မတ်သွားရသည်။

သက်ပြင်းငွေ့ငွေ့ဖြင့် မပြောသာ ပြောသာ ...

"ခူးရာ ဘာတွေမေးဦးမှာလဲ၊ ငါ့အကြောင်းက ဘာတွေ ထူးဆန်းနေမှာမို့ သိချင်နေရတာလဲ"

"နင် ခုလိုပြန်ပြောတာကိုက မရိုးသားဘူး"

"ဟာ ...ကွိုင်ပဲ"

သွန်း ပခုံးတွန့်သည်။

"နင် ငါတို့ကို ဖုံးကွယ်ထားတယ်၊ လျှို့ဝှက်ထားတယ်"

"အား ...ဘာတွေလဲ၊ စွပ်စွဲချက်တွေက ပြင်းထန်လှ



www.burmeseclassic.com

www.burmeseclassic.com



ချည်လား။ အသရေဖျက်မှုနဲ့ တရားစွဲလိုက်မှာနော် ရှူးရှူး''

သွန်း အရွှန်းဖောက်ကာ စကားလမ်းကြောင်း ပေါ့ပေါ့ပါးပါးဖြစ်ဖို့ ကြိုးစားကြည့်သည်။

ရှူးရှူးက မျက်မှောင်ကုတ်ကာ သွန်းမျက်နှာကို စူးစူးရဲရဲစိုက်ကြည့်လျက် ...

''နင့်မျက်နှာ အရမ်းရင့်ပြီး ကြမ်းတမ်းလာတယ် သွန်း''

ရှူးရှူး ဝေဖန်စကားက စုံစမ်းခြင်းနှောသော အမေးလေသံမို့ သွန်း ဖြုံသွားရသည်။

သို့သော် ပြုံးစိစိနှင့် ကိုယ့်မျက်နှာကိုယ် လက်ဝါးနှင့်ပြန်ပွတ်နေမိရင်း ...

''ဩော် ဒါလား ... အမေရိကန်မင်းသားတွေ စတိုင်လ်လေ၊ နင် သိပ်ကြိုက်တဲ့ ဘရက်ပစ် ...လည်း ဒီလိုဥပမိပဲမဟုတ်လား''

ရှူးရှူး 'အဟွန့်' ခနဲ မရယ်ချင့်, ရယ်ချင် လှောင်ရယ်, ရယ်ပေးလိုက်သည်။

''ကလေးအကွက်တွေ မနင်းနဲ့ သွန်း၊ ပေါစားတဲ့ခေတ်လည်း ကုန်သွားပြီ၊ ငါသိချင်တာ နင်ဖြေ ...နင် ခု ဘာတွေလုပ်နေလဲ''

ရှူးရှူး အထက်လူကြီးလေသံနှင့် တစ်လုံးချင်းမေးသည်။

သွန်း ခေါင်းကြီးငုံ့စိုက်ထားမိသည်။





ရှူးရှူး ဘာလို့ ဒီလောက်တောင် အခြေအမြစ်မရှိတဲ့ အနုပ်စုတ်ကုပ်စုတ် လူတစ်ယောက်ရဲ့ဘဝကို စိတ်ဝင်စားနေရတာလဲ။

ရှူးရယ် ...

နင့်ရင်ထဲက သံယောဇဉ်တွေကို ငါ မြင်ရပါရဲ့၊ သိပါရဲ့၊ ဒါပေမဲ့ ငါ့ဘဝက (ပြောပြလို့မှ မဖြစ်တာဟာ)။

သွန်း သက်ပြင်းကိုသာ ခိုးရှိုက်မိလျက် ...

''ဒီလိုပါပဲ ... အလုပ်ကြမ်းတွေပေါ့ဟာ ...ပျံကျပေါ့''

သွန်း လုံးထွေးဖြေပုံကို ရှူးရှူး မကျေနပ်။ မျက်နှာလေး မသိမသာမာသွားကာ ဆက်မေးသည်။

''ဘယ်မှာနေလဲ''

မေးပြန်ပြီ တစ်လုံးချင်း။

သွန်းကတော့ ရှူးရှူးရဲ့မေးခွန်းတွေကို ဝါးညှပ်အက, ကနေရသလိုပဲ ...လို့ စိတ်ညစ်ညူးစွာ တွေးမိသည်။

''ဩော် ...ရှူးရယ် ...ကြုံသလိုပေါ့''

သွန်းအဖြေစကား ဆုံးလျှင် ...

မျက်ဝန်းလှလှကလေးများ မှိတ်ကျသွားသည်အထိ ...

''သွန်း''

လို့ ရှူးရှူး အကျယ်ကြီး ထ,အော်သည်။

''ဟာ ...ဘာလဲဟာ ...အော်လိုက်တာ ...ဘေးလူ



www.burmeseclassic.com

www.burmeseclassic.com



တွေ ကြားသွားရင် ရှက်စရာကြီး''

''နင် ဖြေပုံတွေ တစ်ခုမှ ထောင့်မကျိုးဘူးနော် သွန်း''

ခူးခူးလေသံက အတော်မာထန်နေပြီ။

စိတ်အရမ်းဆိုးနေမှန်းလည်း သိသာလာပြီမို့ သွန်း ဆင်ခြေမကန်ရဲတော့ဘဲ အသာကလေး ဖက်ပုနေလိုက်မိသည်။

''ငါ နောက်ဆုံးမေးခွန်းတစ်ခု မေးမယ် ... နင် မှန်မှန် ဖြေ သွန်း''

သွန်း မျက်လုံးစုံမှိတ်ကာ အသက်အောင့်ထားမိသည်။

''နင် ဘာလို့ ကျောင်းဆက်မတက်တာလဲ''

သွန်း ရင်ထဲအောင့်သွားမိသည်။

ရင်တစ်ခုလုံး နင့်နေအောင် အောင့်သွားစေသည့် မေးခွန်း။

ဘာသာစုံဂုဏ်ထူးထွက်နိုင်အောင် နေ့မအိပ် ညမအိပ် အသေအလဲ ကြိုးစားခဲ့ရပြီးမှ ...

သူတကာတွေ လိုင်းကောင်းကောင်းဝင်ပြီး ပျော်ရွှင်မြူးထူးစွာ ကျောင်းတက်နေချိန်မှာ ကိုယ့်ဘဝက ...

သွန်း ... အကြာကြီးတိတ်ဆိတ်ငြိမ်သက်နေပြီးမှ ခူးခူးနှင့် မျက်လုံးချင်း ပြန်ဆုံလိုက်ကာ မပွင့်တပွင့် ပြုံးပြလိုက်လျက်

''ငါရော နင်တို့လို ဆေးကျောင်းမတက်ချင်ဘူးလို့ နင် ထင်နေသလား ခူး''





သွန်း မချိတရိ ပြန်မေးလိုက်တော့ ခူးခူး ဘယ်လိုပြန် ဖြေရမလဲ မသိတော့ချေ။

တကယ်တော့ အဖြေကို သိနေသည့်တိုင် မဖြေရက်။

''သွန်းရယ် ... နင့်မှာ အခက်အခဲရှိတယ်ဆိုရင်လည်း ငါတို့ကို ပွင့်ပွင့်လင်းလင်း ပြောပြပါလား၊ ငါတို့ အတတ်နိုင်ဆုံး ကူညီမှာပေါ့၊ နင်က သိပ်သူစိမ်းဆန်တာပဲ''

ခူးခူး စိတ်မကောင်းစွာ အပြစ်ဖွဖွတင်နေမိသည်။

သွန်းကတော့ အပြုံးမပျက်ခံယူရင်း ခူးခူး ဘာဆက် ပြောမလဲ နားထောင်နေလိုက်သည်။

''သွန်း ... နင် ဆေးကျောင်းတက်ပါဟာ ... ငါ ငါ့ဖေဖေနဲ့ မေမေ့ကို ပြောပေးမယ်လေ၊ ဖေဖေတို့က ပညာရေးကိစ္စ ဆိုရင် ကူညီမှာ သေချာပါတယ်ဟာ''

ခူးခူး စကားဆုံးသည်နှင့် သွန်း 'ဟွန့်'ခနဲ လှောင်ရယ်၊ ရယ်သည်။

သွန်း မျက်လုံးများထဲ လက်ခနဲ ထ,တောက်သွားသည် ကို ခူးခူး အသေအချာ မြင်လိုက်ရသည်မို့ အံ့အားသင့်သွားပြီး ... ဆတ်ခနဲ မော့ကြည့်လိုက်မိသည်။

''ခူး ... နင် ပြောရက်လိုက်တာဟာ ... သူတို့ရဲ့သမီး မွေးနေ့ပွဲကို ကျောင်းစောင့်ရဲ့သား လာလို့ မွေးနေ့ပွဲကြီး သန သွားသလို ပက်ပက်စက်စက်ပြောခဲ့တဲ့လူတွေကို ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ဖြစ်အောင် ကျောင်းထားပေးပါခင်ဗျာ ...လို့ ငါက မျက်နှာငယ်လေးနဲ့ အသနားခံရမှာလား၊ နင် ပြောထွက်ရက်တယ်ဟာ ရူးရူး''

သွန်းဆီမှ မချိတင်ကဲ ရင်ဖွင့်သံထွက်လာတော့ စေတနာအမှားနှင့် ရူးရူး ခေါင်းလေးငုံ့ကာ ကြေကွဲသွားမိသည်။

''ဒီမှာ ရူးရူး''

ပေါက်ကွဲနေပြီဖြစ်သော သွန်းက ရူးရူးရဲ့ပခုံးကို သူ့ဘက်ဆွဲလှည့်ကာ မျက်နှာချင်းဆိုင်စေသည်။

ရူးရူး မျက်လုံးအဝိုင်းသားလေးနဲ့ သွန်းကို ပြန်မော့ကြည့်လိုက်ရသည်။

''အထူးကုဆရာဝန်ကြီး မဖြစ်ရလည်း ယောကျ်ားတစ်ယောက်ဟာ ကိုယ့်ဘဝ ကြီးပွားတိုးတက်အောင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားနိုင်ပါတယ်ဟာ၊ ငါ့ကို သိပ်အညံ့စားကောင်လို့ မသတ်မှတ်စမ်းပါနဲ့''

''ဟယ် ...သွန်းရယ် ...နင် ဘယ်လိုကြီးပြောလိုက်တာလဲ၊ ငါက နင့်ကို စိုးရိမ်လို့, စိတ်ပူလို့ ပြောနေတာ၊ နင် ဆရာဝန်မဖြစ်လည်း ငါ့သူငယ်ချင်းပဲ၊ နင့်အပေါ်ထားတဲ့ ငါ့သံယောဇဉ်က ဘာကြောင့်မှ မပြောင်းလဲဘူး၊ နင် ဘာတွေလုပ်ပြီး ဘယ်မှာနေသလဲ မသိရသရွေ့ ငါ့စိတ်ထဲ ထင့်နေမှာပဲ၊ နင်များ စိတ်လေနေသလားလို့ ငါ စိတ်မချဖြစ်နေမိမှာပဲ''





နုတ်ခမ်းပါးကလေးများ တုန်ခတ်ကာ စိုးရိမ်ပူလောင်နေသည့် သံယောဇဉ်ကို ရူးရူး ဖွင့်ဟတော့ သွန်း သက်ပြင်းရှိုက်ပြန်သည်။

''ကျေးဇူးတင်ပါတယ် ရူးရူးရယ်၊ ငါ့အတွက် စိုးရိမ်ဖော်ရတဲ့အတွက်၊ ဒါပေမဲ့ နင့်ခေါင်းထဲမှာ တစ်ခုတော့ ထည့်ထားပေးပါ ...ဘုန်းမိုးသွန်းဟာ လိုချင်တာကို မရ,ရအောင် ယူတတ်တဲ့သူ ...ဆိုတာကိုလေ''

သိတာပေါ့ ...အဲ့ဒီအချက်ကို ငါ သိပ်သိတာပေါ့။

အဲ့ဒါ နင်နဲ့ငါ တိုက်တိုက်ဆိုင်ဆိုင် လာတူညီနေတဲ့အချက်ပဲ သွန်းရဲ့။

ဒါပေမဲ့ ငါက နင့်ထက်သာတာ တစ်ခုတော့ရှိတယ်။ နင် သိရဲ့လား။ ငါက နင့်ထက် ပိုပြီး ခေါင်းမာတယ်။

ရူးရူး အတွေးဖြင့် ငြိမ်သက်ဆဲ။ သွန်းတစ်ယောက် တစ်နေရာကို လှမ်းကြည့်လိုက်ရာမှ မျက်နှာရိပ် ချက်ချင်းပြောင်းသွားပြီး ဦးထုပ်ကို ငိုက်ချကာ ထ,ရပ်သည်။

''ရူး ...နင်နဲ့ ကြိုချိန်းမထားဘဲ တွေ့လိုက်ရတာ ငါ အရမ်းပျော်တယ် ...သိလား ...တကယ်ပြောတာ၊ ငါ အခု အရေးတကြီးကိစ္စတစ်ခု သတိရလာလို့ သွားတော့မယ်''

ရုတ်တရက်ကြီး ထ,နှုတ်ဆက်သော သွန်းကြောင့် ရူးရူး နားမလည်နိုင် ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... သွန်း ... နင်ကလည်းဟာ ချက်ချင်းကြီး"

စကားပြောလို့ မဝသေးသော ခူးခူးတစ်ယောက် မျက်မှောင်ကြီးကြုတ်ကာ သုန်မှုန်သည်။

"ဆောရီးကွာ ခူး ... ငါ နင့်ကျောင်းကိုလာခဲ့မယ် ... ကတိ"

ပခုံးကို နှုတ်ဆက်သလို ခပ်ဆတ်ဆတ်ပုတ်ပြီး ခြေလှမ်းကျဲကြီးများနှင့် သွန်း ထွက်သွားတော့သည်။

မကျေမနပ် ကျန်ရစ်ခဲ့ရသူက ခူးခူး။

အံကလေး ကြိတ်လိုက်သည်။

သွန်းရယ် ... တန်ခူးလေပြည်ကို လျှော့မတွက်စမ်းပါနဲ့။

ခူးခူး သွန်းနောက်က ထက်ကြပ်မကွာလိုက်သည်။

နောက်ကို ယောင်လို့တောင် လှည့်ကြည့်ဖော်မရသော သွန်းကတော့ မသိ။

သွန်း တက္ကစီငှားသည်။

သွန်းငှားစီးသော တက္ကစီကားလေး ဘီးလိမ့်သည်နှင့် ..

"အဲ့ဒီ ရှေ့ကသွားတဲ့ တက္ကစီနောက် မျက်ခြည်မပြတ်အောင် လိုက်ပေးစမ်းပါ၊ ကျွန်မ ကျသင့်ငွေထက် နှစ်ဆပိုပေးမယ်"

ခူးခူး ညစ်ကျယ်ကျယ်လေး ပြုံးလိုက်သည်။

နင်မေ့နေသလား သွန်းရယ်။





ငါက လိုချင်တာကို မရ,ရအောင် ယူတတ်သလို၊ ဖြစ်ချင်တာကိုလည်း မဖြစ်,ဖြစ်အောင် ဖန်တီးတတ်တယ်။

နင် လျှို့ဝှက်ဖုံးကွယ်ထားသမျှကို ငါ ဒီနေ့ မရ,ရအောင် စုံစမ်းဖော်ထုတ်ပြမယ်။

ဒါပေမဲ့ ...

အဲ့ဒါ နင့်အပေါ် တူ့,မတူအောင် ရစ်ပတ်နှောင်ဖွဲ့မိတဲ့ သံယောဇဉ်ကြောင့် ... ဆိုတာ သိလိုက်စမ်းပါ သွန်းရယ်။

သွန်းစီးသွားသော တက္ကစီကားလေးနှင့် ခူးခူးငှားစီးသော တက္ကစီအကြားမှာ အခြားကားတစ်စီးက ဝင်ရှုပ်နေပါသည်။ တက္ကစီဒရိုင်ဘာက ...

"သမီးလေး ... ရှေ့မှာ ကားတစ်စီး ခြားနေတယ်၊ အတင်းကျော်တက်ပြီး မောင်းပေးရမလား"

ခူးခူးက သွန်းနေတဲ့နေရာကိုသာ သိချင်နေတာမို့ နောက်ယောင်ခံလိုက်ဖို့ပဲ အစီအစဉ်ရှိသည်။

"နေပါစေ ဦး ... ဒီအတိုင်းပဲ လိုက်ပေးပါ၊ မျက်ခြည်မပြတ်ရင် တော်ပါပြီ"

သွန်းက ဘာတွေလုပ်နေသည် မသိ။

ရပ်ကွက်တွေ၊ မြို့နယ်တွေ စုံအောင် ကွေ့ပတ်မောင်းနိုင်းနေသည့်အလား ထင်ရသည်။

လမ်းမကြီးတွေအတိုင်းလည်း သွားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြားလေးတွေထဲလည်း မောင်းဝင်သည်။

ခူးခူး နောက်ယောင်ခံလိုက်နေမှန်း သိ၍များ သွန်းက တမင်ခြေရာဖျောက် မောင်းခိုင်းနေသည့်နှယ်။

ခူးခူးလိုက်နေတာကို သွန်း လုံးဝမသိနိုင်ပါဘူး။

ခူးခူး သေသေချာချာကြည့်မိမှ သွန်းရဲ့နောက်ကို လိုက်နေတာ ခူးခူးတစ်ယောက်တည်း မဟုတ်နိုင်ပါ။

ကြားထဲက ကားလေးကလည်း သွန်းရဲ့ကားနောက်ကို လိုက်နေတာ ဖြစ်ပါလိမ့်မည်။

သွန်းစီးသွားသော ကားလေးက ဦးတည်ရာမရှိသည့်အလား ကွေ့ပတ်လျှောက်မောင်းနေသော လမ်းအတိုင်း ထိုကြားထဲက ကားကလည်း ဘေးသို့ထွက်မသွားဘဲ မျက်ခြည်မပြတ် လိုက်နေပါသည်။

ခူးခူးစိတ်ထဲ ပို၍လှုပ်ရှားလာသည်။

သွန်းရဲ့အခြေအနေ သွန်းရဲ့လျှို့ဝှက်မှုတွေအပေါ် ပို၍ပိုကာ စိတ်ဝင်စားလာမိပါပြီ။

''ဟာ''

ဒရိုင်ဘာကြီးရဲ့ရေရွတ်သံကြောင့် ...

''ဘာဖြစ်တာလဲ ဦး''

''ဟိုမှာ မီးပွိုင့်မိသွားပြီ၊ ဒီပွိုင့်က သိပ်ကြာတာ၊ သမီးလေးလိုက်ချင်တဲ့ကားကတော့ လွတ်သွားပြီ၊ မီမှာမဟုတ်တော့ဘူး''





''ဟင် ... ဟုတ်လား ဦး ... ဒုက္ခပါပဲ''

ခူးခူး စိတ်ညစ်သွားရသည်။

မီးပွိုင့်လွတ်သွားသော သွန်းရဲ့ကားလေးဆီကို လှမ်းကြည့်လိုက်တော့ လမ်းကြားတစ်ခုကို အတင်းမောင်းဝင်သွားတာကို တွေ့လိုက်ရသည်။

''ဟို ... ဟို ... ကြားထဲက လိုက်နေတဲ့ကားရော ဦး ... သူတို့ရော''

''အဲဒီကားကတော့ ဟိုမှာလေ ... သူတို့လည်း ပွိုင့်မိပြီး ရပ်ထားရတယ်''

''အိုး ... တော်ပါသေးရဲ့''

ခူးခူးရင်ထဲ ဘာရယ်မသိဘဲ အပူအပင်လျော့သွားသည့်နှယ် ခံစားလိုက်ရသည်။

သွန်းရဲ့ကားလေးက ဦးတည်ရာမဲ့ လျှောက်မောင်းနေခြင်းသည် ထိုကြားထဲက ကားကြောင့်ဟု ခူးခူးရင်ထဲမှာ သံသယ ခိုဝင်နေမိသလိုပါပဲ။

ထိုကားထဲမှလူများသည် သွန်းကို အန္တရာယ်ပေးဖို့ လိုက်နေကြသူများလား။

သွန်းနောက်ကို ဘာကြောင့်များ အတင်းလိုက်နေကြတာပါလိမ့်။

လျှို့ဝှက်လွန်းလှသော သွန်းကြောင့် ခူးခူးရဲ့နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



နုနုလေးမှာ စိုးရိမ်ပူပန်မိရပြီလေ။

မီးပွိုင့်စိမ်းသည်နှင့် သွန်းရဲ့နောက်ကို လိုက်နေသည့် ထင်ရသော ကားလေးက အမြန်မောင်းထွက်သွားသည်။

"ဆက်လိုက်ရမှာလား သမီး"

"ဟုတ်ကဲ့ ဦး ... အဲဒီလမ်းကြားထဲ လိုက်ဝင်ပါ"

သွန်းရဲ့ကားလေးဝင်သွားသောလမ်းကြားက တခြားလမ်းမကြီးဆီသို့ ပေါက်သောလမ်းမို့ သွန်းရဲ့ကားလေးရဲ့အရိပ်အယောင်လေးမျှပင် မတွေ့မြင်နိုင်တော့ပါဘူး။

ကြားထဲက လိုက်နေသော ကားလေးသည် တစ်ဖက်လမ်းထိပ်မှာရပ်ပြီး လူတစ်ယောက်က အောက်သို့ဆင်းကာ ဟိုဘက်ကြည့် ဒီဘက်ကြည့်ဖြင့် သွန်းကို လိုက်ရှာနေသည့်ပမာ။

နူးနူးကတော့ ကားကိုဆက်မောင်းခိုင်းပြီး ခြေရာပျောက်သွားသော သွန်းရဲ့နောက်ကို ဆက်လိုက်ဖို့ စိတ်ကိုလျှော့လိုက်ပါတော့သည်။

ထိုတစ်ရက်အတွက် နူးနူး နောက်ဆုတ်ပြန်ခဲ့ရပေမယ့် အရှုံးတော့ မပေးမိပါဘူး။

နောက်နေ့တွေက စပြီး အိမ်ကကားကို ကိုယ်တိုင်မောင်း





၍ မြို့နယ်အနှံ့ ရပ်ကွက်စုံအောင် ကားလမ်းပေါက်သည့်နေရာတိုင်းကို ပတ်မောင်းပြီး ရှာပုံတော်ဖွင့်မိခဲ့ပါသည်။

ရန်ကုန်မြို့တော်ကြီးကပဲ ကျယ်လွန်းတာလား ...

လမ်းမကြီးတွေ၊ လမ်းသွယ်တွေကပဲ များပြောင်လွန်းတာလား ... မသိနိုင်ပါ။

သွန်းနဲ့တူသော အရိပ်အယောင်တွေနောက် အလွတ်မခံဘဲ လိုက်ရှာပါသော်လည်း ကောက်ရိုးပုံထဲ အပ်ပျောက်ရှာမိသောသူပမာ ဖြစ်နေရပါပြီ။

ရှာဖွေမရ မောန္ဓမ်းလျှခဲ့ရသော ဝေဒနာကို ဖြေမပြေနိုင်သည်မို့ သိခ်ကို မျှဝေခံစားစေရတော့သည်။

သိခ်က ရူးပဲရူးတတ်ရန်ကော ... ဟူသော အကြည့်မျိုးဖြင့်ကြည့်ကာ ရယ်ပွဲဖွဲ့သည်။

"အံ့ဖွယ်ပါလား နူးနူးရယ် ... ရန်ကုန်မြို့ကြီးကို ခုနစ်အိမ်တန်းရပ်ကွက်လေးလို့ ထင်နေတာလား"

"အဲဒါတော့ နင်ပြောမှလား၊ မြို့နယ်တွေ အများကြီး, ရပ်ကွက်တွေ အများကြီး, လူတွေ အများကြီးဆိုတာတော့ ငါသိတာပေါ့ဟ့၊ ဒါပေမဲ့ ... ငါက သူနေတဲ့နေရာကို သိချင်နေတာ တားမရဘူး"

နူးနူးရဲ့အပြောကြောင့် သိခ်ရဲ့မျက်ဝန်းမှာ မသိမသာ ညိုမှောင်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခူးခူးရဲ့ သွန်းအပေါ်ထားသော သံယောဇဉ်ကို သူ သံသယဝင်မိသွားတာများ ဖြစ်လေမည်လား။

မတွေ့ရတာကြာပြီဖြစ်သော၊ တစ်နှစ်မှ တစ်ခါသာ တွေ့ဆုံခွင့်ရသော ငယ်သူချင်းအပေါ်ကို တွေ့ချင်၊မြင်ချင်၊ နေရာထိုင်ရာကို သိလိုသော စိတ်ဆန္ဒကို မရှိးမသားဟု သူ ထင်သင့်ပါသလား။

အဆင့်အလွှာ မတူလွန်းသော ဘဝနှစ်ခုကို တစ်လွှာတည်းဖြစ်အောင် ပေါင်းစပ်ရဲသောသတ္တိတွေ ခူးခူးထံမှာ ရှိနိုင်လိမ့်မည်ဟု သူ့မထင်ပါ။

ရွှေအိမ်စံမင်းသမီးလေးက အညတရတွေကို သနားစိတ်တွေ ပေါက်ဖွားနိုင်ပေမယ့် အညတရဘဝထဲကိုတော့ ခုန်ဆင်းနိုင်လိမ့်မည် မဟုတ်ပါ။

ထိုအတွေးက သူ့ရင်ကို လွတ်လပ်စွာ ပြန်လည်အေးမြသွားစေပါသည်။

"သွန်းကို သိပ်တွေ့ချင်လား ခူးခူး"

"ဟဲ့ ... တွေ့ချင်တာပေါ့၊ တွေ့ချင်လွန်းလို့ သူနေတဲ့နေရာကို ငါလိုက်ရှာတာပေါ့ ဂနိုင်သားရဲ့"

သိခ်က သဘောကျစွာ ရယ်လိုက်ပြီး ...

"ဒါများ ငါ့ကို လာပြောတာမဟုတ်ဘူး၊ အစောကြီးကတည်းက လာပြောရင် နင် ရင်မောအောင် လိုက်ရှာနေစရာ





မလိုတော့ဘူး"

သူ့အပြောကြောင့် ခူးခူးရဲ့မျက်ဝန်းလှလှလေး ကလယ်ကလယ်နှင့် ဖြစ်သွားရှာကာ ဝမ်းပန်းတသာဖြင့် ...

"ဟယ် ... သွန်းရှိတဲ့နေရာကို နင်သိတယ်ပေါ့ ... ဟုတ်လား သိခ် ... ဟုတ်လား"

"ဟွန်း ... သိတာပေါ့ဟ"

"ဒါဆို ... ပြော,ပြော ... သွန်း ဘယ်မှာနေတာလဲ ... အခုလိုက်ပို့ ... အခုလိုက်ပို့"

"မလောပါနဲ့ ခူးခူးရယ် ... ဒီကောင်ရှိမယ့်နေရာကို ခူးခူးလည်း သိနေတာပဲဥစ္စာ"

"ဟင် ... ငါလည်းသိတယ် ... ဟုတ်လား"

"ဟုတ်ပါ့"

သိခ်ရဲ့စကားကို ခူးခူး သဘောမပေါက်နိုင်။

"ဟင့်အင်း ... ငါမသိပါဘူး၊ သိခ် အစုတ်ပလုတ်နော် ... ငါက အကောင်းပြောနေတာကို လာနောက်မနေနဲ့"

"မနောက်ပါဘူး ... နင်က အာရုံတွေ သိပ်များနေလို့ အမှန်ကို မမြင်တော့တာပါ"

"ငါက ဘာကို အမှန်မြင်ရမှာလဲဟဲ့"

"လွယ်လွယ်လေးပါ ခူးခူးရယ် ... လာမယ့် ပေရယ်ဆယ်ရက်နေ့ မျှော်စင်ကျွန်းမှာ သွားစောင့်ရင် ဒီကောင် သွန်းကို



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဘဲနေမလား ...ပြောလေ ...လွယ်လွယ်လေး''

''အကောင်စုတ် ...ငါက တကယ်ပြောနေတာ မှတ်လို့၊ သွန်းရှိတဲ့နေရာကို တကယ်သိလို့များလားလို့၊ ကဲဟယ် ... နောက်ဦး ...နောက်ဦး''

ခူးခူးရဲ့ ဘယ်ညာလက်သီးဆုပ်ကလေးတွေက သိမ်ကျောပြင်ဆီ ပြေးဝင်လာသည်။

မနာကျင်ပေမယ့် ပျော်ရွှင်စွာပဲ သိမ် ထွက်ပြေးသွားပါတော့သည်။ ခူးခူးမှာသာ ငိုရအခက် ရယ်ရအခက်။

သိမ်ပြောသွားသည်က အမှန်တရားရယ်ပါ။

သွန်းကို တွေ့မြင်နိုင်ဖို့ဆိုတာ လာမည့်နှစ် ဧပြီ (၁၀) ရက်၊ သူမ၏မွေးနေ့ကျမှ ကတိပြုခဲ့သော သစ္စာအတိုင်း မျှော်စင်ကျွန်း၌သာ သွန်း ရောက်ရှိလာမည်မို့ ခူးခူး စောင့်ရပါတော့မည်။

## နောက် တစ်နှစ်ခန့် ကြာသောအခါ ...

ခုနှစ်သက္ကရာဇ်လေး ကွဲလွဲရုံမှအပ မွေးနေ့၊ မွေးရက်၊ မွေးလ တိုက်ဆိုင်လွန်းလှသော စိုင်းစိုင်းကို ခူးခူး ကျေးဇူးတင်





မိပါသည်။ အထူးကို ကျေးဇူးတင်ရမည်လေ။

စိုင်းစိုင်းက မွေးနေ့ရောက်တိုင်း birthday ကို မျှော်စင်ကျွန်း၌ ပျော်ပျော်ကြီးကျင်းပတတ်၍သာ အနှောင့်အယှက် အခက်အခဲ အဖုအထစ်မရှိဘဲ ခူးခူးရဲ့မွေးနေ့ကို သွန်းတစ်ယောက် နှစ်စဉ်မပျက် တက်ရောက်တွေ့ဆုံခွင့်ရခဲ့ရတာပါ။

ယခုလည်း မျှော်စင်ကျွန်းမှာ မီးအလှရောင်စုံတွေ ဖြိုးဖြိုးဖြက်ဖြက် လင်းလင်းလက်လက်။

ဂီတသံစဉ်တွေက စည်းချက်ညီညီ မြူးမြူးကြွကြွ။

အလှနတ်သမီးလေးတွေ အလှနတ်သခင်လေးတွေကလည်း အလှချင်းပြိုင်ကာ ယိမ်းယိမ်းနွဲ့နွဲ့။

နရီစည်းဝါးအလိုက် ယိမ်းနွဲ့ကာ က,နေရင်း ခူးခူးက အကြိမ်ကြိမ်တောင်းဆိုခဲ့သောစကားကို ဆိုပြန်သည်။

''သိမ် ...ကတိနော် ... နင် ရှုံးချင်ယောင်မဆောင်နဲ့''

''အေးပါ ခူးခူး ...နင့်အတွက် ငါက မွေးလာတဲ့သူပါ''

သိမ်စကားကို ခူးခူး အနက်မဖွင့်လိုပါ။

နေ့စဉ်ပမာ မိသားစုကိုယ်တိုင်က နှစ်အိမ့်တစ်အိမ်ပမာ နေလာကြတာမို့ သိမ်ရင်ထဲမှာ ဘာတွေဖြစ်နေပြီဆိုတာ ခူးခူး သိတာပေါ့။

''ဒီနေ့ သူနေတဲ့နေရာကိုသိအောင် လုပ်ပေးရမှာနော် သိမ်''



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ . . . သွန်း ပြန်သွားတာနဲ့ ငါတို့ အသံလေး လိုက်ကြည့်ကြမယ် . . . စိတ်ချပါ ခူးခူးရယ်"

ထိုညက ခူးခူးတို့ စိတ်ကူးထားသလို ဖြစ်မလာခဲ့ပါ။ သွန်းတစ်ယောက် ရောက်ရှိလာပုံက ကသုတ်ကယက်။ မိုတ်ချည် ပွင့်ချည် မီးပွင့်အလင်းတွေအကြားမှ ခူးခူးတို့အနားကို ကုလားလိုလို လူတစ်ယောက် သုတ်ခနဲရောက်လာသည်။

"Happy birthday to you"

မင်းအတွက် ပျော်ရွှင်စရာမွေးနေ့ဖြစ်ပါစေဆိုကာ နှင်းဆီပန်းစည်းလေးကို ပေးလာတာမို့ ခူးခူး အံ့သြသွားရသည်။

ကုလားလိုလိုလူက ခူးခူးရဲ့နားအနားကိုကပ်၍ တိုးတိုးလေးပြောကာ အမြန်ထွက်သွားသည်။

"နောက်နေ့မှ နင့်ကို ငါလာတွေ့မယ်"

ဒီအသံကို ကြားဖူးပါတယ်လို့ စဉ်းစားနေစဉ်မှာပင် ထိုသူက လူအုပ်ကြားမှာ ပျောက်သွားပါပြီ။

"အား . . . သွန်း . . . သွန်း"

ထိုသူကို သွန်းဟု သိလိုက်ချိန်မှာ အရမ်းကို နောက်ကျသွားရပြီ။

"ဘယ်မှာလဲ သွန်း . . . ဘယ်မှာလဲ"

သိမ်က ပြူးပြူးပြဲပြဲ လိုက်ရှာကြည့်နေပြန်သည်။

"သွားပြီ . . . စောစောကလူက သွန်းပဲ သိမ်၊ သူ





ရုပ်ဖျက်ပြီး လာသွားတာ"

"ဟင် . . . ဒီကောင်က ဘာစတန့်ထွင်သွားတာလဲ၊ တစ်နှစ်လုံးနေမှ ဒီတစ်ရက်ပဲ တွေ့ရတာကို ရုပ်ဖျက်လာရတာနဲ့၊ ချက်ချင်းထွက်ပြေးသွားရတာနဲ့၊ လာ ခူးခူး . . . ဒီကောင့်ကို မတွေ့မချင်း လိုက်ရှာမယ်"

"အင်း . . . ဟုတ်တယ်၊ အဲဒီဘက် . . . အဲဒီဘက်"

သွန်းထွက်သွားရာဘက်ကို ခူးခူးတို့ အမြန်လိုက်သွားကြပေမယ့် သွန်းရဲ့အရိပ်အယောင်က ကိုယ်ရောင်ပျောက်သည့်နှယ်။

"တောက် . . . ဒီကောင်ကွာ"

"ထားလိုက်ပါတော့ သိမ်ရယ် . . . သူ့မှာ အခက်အခဲတစ်ခုခု ရှိနေလို့နေမှာပေါ့"

"ငါ ကတိပျက်တာ မဟုတ်ဘူးနော် ခူးခူး . . . သူကိုက ချက်ချင်းပျောက်သွားတာ"

"အေးပါ . . . တစ်နေ့မှာတော့ သူကိုယ်တိုင် သူနေတဲ့နေရာကို ဖွင့်ပြောလာမယ်လို့ ငါယုံတယ်"

ပါးစပ်ကသာ ယုံမယ်ဟုဆိုလိုက်ရသော်လည်း ခူးခူးရင်ထဲမှာတော့ ကိုယ့်စကားကို ကိုယ်ကိုယ်တိုင် ရဲရဲကြီးမယုံရဲပါ။

သွန်းရယ် ဘာတွေဖြစ်နေတာလဲ။

ဘာတွေလုပ်နေတာလဲ။

ဘာတွေလျှို့ဝှက်နေတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



နူးနူးရင်တွေ ပိုပိုပြီး စိုးထိတ်စေရပါပြီ။

ထိုတစ်ညလုံးကို သွန်းရဲ့မွေးနေ့လက်ဆောင် နှင်းဆီပန်းစည်းကလေး ရင်မှာအပ်ရင်းဖြင့် ကုန်လွန်စေခဲ့ရသည်။

တိုးတိုးကလေးပြောသွားသော သွန်းရဲ့စကားကို သိခ်အား ဖွင့်မပြောမိပါ။

တစ်စုံတစ်ရာသောအကြောင်းက နူးနူးရဲ့ ပွင့်လင်းရဲသောသတ္တိကို နည်းပါးစေခဲ့ပါပြီ။

နောက်နေ့ကျရင် လာတွေ့မယ်ဟု ပြောခဲ့သော စကားကို သွန်းက ရိုးရိုးသားသားအမှာစကားအဖြစ် ပြောခဲ့တာပဲ ဖြစ်ပါလိမ့်မည်။

ထိုစကားကို နူးနူးနှလုံးသားက ရိုးသားဖြူစင်စွာဖြင့် လက်မခံလိုပါ။

သူငယ်ချင်းတစ်ယောက်က သူငယ်ချင်းတစ်ယောက်ကို ပြောသောစကားထက် ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို ချိန်းဆိုသောစကားပမာ အရမ်းကို ဖြစ်စေလိုခဲ့သည်။

နံနက်မိုးလင်းတော့ ယခင်နေ့တွေထက် အလှဆုံး ပြင်





ဆင်မိသည်။

အိမ်ထဲကအထွက်မှာ ခြံအပြင်ကနေ လာများစောင့်နေလေမလားလို့ စိတ်ကူးယဉ်စွာဖြင့် လိုက်ရှာ၍ကြည့်လိုက်မိသေးသည်။

ဘယ်နေရာ၊ ဘယ်အချိန် လာတွေ့မယ်ဆိုတာ ရေရေရာရာ ပြောသွားခြင်းမရှိဘဲနှင့် ယုံကြည်စွာဖြင့် မျှော်လင့်နေမိတာကိုလည်း အံ့သြမိရပြန်သည်။

သွန်းအလာကို စောင့်မျှော်နေသင့်ပါသလား။

ရင်မောစွာဖြင့် စောင့်နေရမည်ကို နူးနူး မုန်းပါသည်။

အရင်နှစ်တုန်းကအဖြစ်ကို ပြန်သတိရမိသည်။

မမျှော်လင့်ဘဲနှင့် မျှော်စင်ကျွန်းမှာ သွန်းနှင့်ဆုံခဲ့ဖူးသည်လေ။

နူးနူးစိတ်က လေထက်ပင် လျင်မြန်နေပါပြီ။

နူးနူးရဲ့ကားကလေး မျှော်စင်ကျွန်းဆီသို့ ဦးတည်နေပြီပေါ့။

ကားပေါ်မှမဆင်းမီကပင် သွန်းကိုလှမ်းမြင်လိုက်ရသည်။

နူးနူး အရမ်းဝမ်းသာသွားသည်။

ကားစက်ကိုသတ်၍ အောက်ကိုဆင်းမည်အပြုမှာပင် သွန်းဆီကို လူနှစ်ယောက် ပြေးတက်သွားတာ တွေ့လိုက်ရသည်။

ထိုလူနှစ်ယောက်ကြောင့် ထင်ပါသည်။ သွန်းက မျှော်



www.burmeseclassic.com

www.burmeseclassic.com



စင်ကျွန်းပေါ်က ဆင်းပြေးသွားသည်။

သွန်းကို လှမ်းအော်ခေါ်လိုက်ချင်ပါသော်လည်း အလှမ်းက အရမ်းကို ဝေးလွန်းလှပါသည်။

ကားပေါ်မှ မဆင်းဖြစ်တော့ဘဲ သွန်းထွက်ပြေးရာဘက်ကို အမြန်မောင်းလိုက်သွားမိသည်။

တက္ကစီကားတစ်စီးကို အမြန်တားကာ သွန်းက ဆက်ထွက်ပြေးသွားသည်။

ဟိုလူနှစ်ယောက်ကတော့ တက္ကစီကားတစ်စီးကို ချက်ချင်းငှား၍မရသဖြင့် ဒေါသတွေပေါက်ကွဲကာ ကျန်ရစ်ခဲ့ကြသည်ကို တွေ့လိုက်ရသည်။

သွန်းစီးသွားသော တက္ကစီကားလေးနောက် ရှူးရှူး ဆက်၍လိုက်ခဲ့သည်။

အရင်တစ်ခါလို မျက်ခြည်မပြတ်စေရဟု စိတ်ကို တင်းထားလိုက်သည်။

သည်တစ်ခါတော့ သွန်းစီးသွားသော ကားလေးက မြို့နယ်အနှံ့ ကွေ့ပိုက်မောင်းမနေတော့ဘဲ မြို့သစ်တစ်ခုက အိမ်ရာစခန်းကြီးတစ်ခုဆီ ဦးတည်နေပါတော့သည်။

တိုက်တန်းလျားကြီးတစ်ခုရှေ့မှာ ကားကိုရပ်ပြီး သွန်းက ပြေးတက်သွားသည်။

ရှူးရှူးလည်း မနီးမဝေးမှာ ကားကိုရပ်ပြီး သွန်းတက်သွား





ရာနောက် လိုက်သွားသင့်၊ လိုက်မသွားသင့် စဉ်းစားနေမိသည်။

(၄) လွှာမြောက် အခန်းရှေ့ ဝရန်တာမှ ထွက်လာပြီး အောက်ကိုလှမ်းကြည့်နေသော သွန်းကို တွေ့လိုက်ရပြန်သည်။

ထိုအခန်းကို ရှူးရှူး သေသေချာချာမှတ်ထားလိုက်သည်။

အောက်ဆီသို့ စုံစမ်းသလို ငုံ့ကြည့်ပြီး သွန်းက အထဲကို ပြန်ဝင်သွားကာ တံခါးတွေပိတ်သွားသည်။

မကြာခင်မှာပင် ကျောပိုးအိတ်တစ်လုံးကိုလွယ်၍ သွန်းက ပြန်ဆင်းလာပြီး အငှားကားပေါ်တက်သည်။

ရှူးရှူးက လှမ်းခေါ်ဦးမည်ပြုပြီးမှ ပါးစပ်ကို ပြန်ပိတ်မိလိုက်သည်။

သွန်းရဲ့လျှို့ဝှက်နေထိုင်ရာကို သိနေရပြီပဲ။ မသိစေချင်လို့ လျှို့ဝှက်ထားသော သွန်းရဲ့ဆန္ဒကို ရှူးရှူး မဖျက်ဆီးလိုတော့ပါဘူး။

သွန်းကိုယ်တိုင် လိုလိုလားလား ဖွင့်ပြောလာတဲ့အထိ ရှူးရှူး စောင့်ပေးရပါမည်။

သွန်းရဲ့ကားကလေး ထွက်သွားသည်။

ရှူးရှူး စိတ်ကို လျှော့ချလိုက်သည်။

လျှို့ဝှက်လိုသူအတွက် ရှူးရှူးက ပြန်၍ လျှို့ဝှက်စွာ မျိုသိပ်ထားရပါတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ရှေ့ရှိ အေးစက်တင်းမာနေသော သိမ်မျက်နှာကို ကြည့်ပြီး နူးနူး တစ်ခုခုတော့တစ်ခုခုပဲ ... လို့ တွေးလိုက်မိသည်။

အင်း ... အဲဒီတစ်ခုခုဟာ ကိုယ်နဲ့မပတ်သက်ရင် ပြီးတာပဲ ... လို့ ဆက်တွေးဆဲ။

အေးစက်စက်မျက်နှာကြီးက ကိုယ့်ဘက် အသေအချာ လှည့်လာကာ ...

"နူးနူး"

လို့ သံပြတ်ကြီးနဲ့ ခေါ်လိုက်တာကြောင့် သေချာပြီ။ ပြဿနာမြားဦးက ကိုယ့်ဆီ ပစ်မှတ်တည့်တည့်လာစိုက်ပြီ ... လို့ နားလည်လိုက်သည်။

"ဘာလဲ"

နူးနူးကလည်း သံပြတ်ကြီးနဲ့ ဆောင့်ပြီး ပြန်ထူးထည့်လိုက်သည်။





သိမ်က နူးနူးကို စူးစူးရဲရဲကြီး စိုက်ကြည့်သည်။

"နင် မနေ့က ဘာဖြစ်လို့ ကျောင်းမတက်တာလဲ"

မျှော်လင့်ထားပြီးသားမေးခွန်းမို့ နူးနူး မချိုမချဉ်မျက်နှာထားဖြင့်ပင် ...

"ဘာမှမဖြစ်ပါဘူး ... တစ်ခါတလေ ကျောင်းပြေးဖူးတယ် ရှိအောင်လို့ စာကြမ်းပိုးလုပ်ရတာ ပျင်းစရာကောင်းတယ်ဟာ"

"နင် အိမ်မှာလည်းမရှိဘူး"

"ကလေးမှ မဟုတ်တာ၊ ကျောင်းမတက်ချင်တာကို အိမ်တွင်းပုန်း စောင်ခေါင်းမြီးခြုံ ကြက်သွန်ဥ ချိုင်းကြားညှပ်ပြီး ဖျားချင်ယောင်ဆောင်နေရမှာလား"

"ဖုန်းလည်း ပိတ်ထားတယ်"

ဒီတစ်ခါတော့ နူးနူး သိမ်ကို မျက်မှောင်ကြီးကြုတ်ကာ လှည့်ကြည့်လိုက်သည်။

သိမ်မေးပုံက အပြစ်သားတစ်ယောက်ကို ဟာကွက်မရှိအောင် စေ့စေ့စပ်စပ်မေးပုံမျိုးမို့ နူးနူး ခံပြင်းသွားရသည်။

"နင် ဘာကိုသိချင်နေတာလဲ သိမ် ... ရှင်းရှင်းမေးစမ်းပါ"

နူးနူး ခံပြင်းစိတ်ဖြင့် စိန်ခေါ်လိုက်သည်။

သိမ်ဟာ နူးနူး တစ်သက်လုံးက ဂရုစိုက်လောက်စရာ



www.burmeseclassic.com

www.burmeseclassic.com



လူ မဟုတ်။

"ငါ အားလုံးကို သိနေတယ်ဆိုရင်ရော"

"ဘာ"

မျက်လုံးများ ရွှဲစင်းမေးကျဉ်းကြည့်ကာ တမင် အပေါ်စီးက ကျောရင့်လေသံနှင့် ပြောလိုက်တာမို့ ခူးခူးရင်ထဲ အံ့ဩထိတ်လန့်သွားရသည်။

ခူးခူး သိမ်ကို အထိတ်တလန့်မော့ကြည့်ဆဲ . . .

"နင် မနေ့က မျှော်စင်ကျွန်းမှာ ဘယ်သူနဲ့တွေ့ခဲ့လဲ"

"သိမ်"

ခူးခူး အော်ရင်း နောက်ကိုလန့်ကျမလိုတောင် ဖြစ်သွားရသည်။

သိမ်က အေးစက်စွာ ပြုံးသည်။

"ဘာလို့ ဒီလောက်တောင် လန့်သွားရတာလဲ ခူးခူး . . . နင့်ဘက်က ဘာမရိုးသားလို့လဲ"

"သိမ်"

ခူးခူး မျက်စိစုံမှိတ်ကာ နောက်တစ်ခွန်း ထပ်အော်မိပြန်သည်။

ခူးခူး တံတွေးတစ်ချက်မျိုချကာ ရှေ့တိုးလိုက်သည်။

အောက်နှုတ်ခမ်းလေးကို ပြတ်ထွက်လုမတတ် ကိုက်ကာ သိမ်မျက်နှာကို စူးစူးရဲရဲ ရင်ဆိုင်ကြည့်သည်။





"ငါ သွန်းကို အရမ်းသတိရလို့ အဲ့ဒီနေရာကို တစ်ယောက်တည်းသွားတာ၊ အေး . . . သွန်းကလည်း မမျှော်လင့်ဘဲ ရောက်နေခဲ့တယ်၊ ဒါပေမဲ့ နင်စွပ်စွဲသလို မဟုတ်ဘူး၊ ငါတို့ စကားပြောခွင့်တောင် မရခဲ့ဘူး"

"သေချာရဲ့လား ခူးခူး . . . နင် တကယ်ရိုးသားရင် အဲ့ဒီနေရာကို ငါ့ကို လိုက်ပို့နိုင်းပါလား"

"သိမ် . . . ငါ့စိတ်ထဲက ခံစားမှုတွေကို နင် ဘာလို့ စွက်ဖက်ချင်နေရတာလဲ၊ နင်က အမြဲအနီးမှာ အတူနေရလို့ တစ်ခါတလေမှ တွေ့ရတဲ့သွန်းကို ငါ သတိရနေမိတာ ဘာဖြစ်လဲ၊ ငါ့ရင်ထဲက ခံစားချက်ကို ဘာလို့ ချုပ်ချယ် ကန့်သတ်ချင်နေရတာလဲ"

"ခူးခူး . . . နင် ငါ့နေရာကနေ ကြည့်စမ်း၊ အမြဲတတွဲတွဲ အတူနေခဲ့ပြီးမှ မနေ့က ငါ့ကို တမင်ထားခဲ့ပြီး နင်တို့နှစ်ယောက်တည်း တွေ့ဖို့သွားကြတာ သိလိုက်ရတော့ ငါ့စိတ်ထဲ ဘယ်လိုနေမလဲ . . . နင် ဝင်နေကြည့်စမ်း . . . ကိုယ်ချင်းစာကြည့်စမ်း"

ခူးခူး စိတ်ထဲ အတော်ခံပြင်းနေမိပေမယ့် သိမ်မျက်ဝန်းထဲက ဝန်တိုရိပ်တွေကို တွေ့လိုက်ရတော့ သိမ်ကို မျက်စောင်းထိုးကာ စိတ်ပြန်လျှော့ဖို့ ကြိုးစားလိုက်မိသည်။

ဘာပဲဖြစ်ဖြစ် သွန်းနှင့်သိမ်နှစ်ယောက်စလုံးက ခူးခူးရဲ့ အခင်ဆုံး သံယောဇဉ်အရှိဆုံး ငယ်သူငယ်ချင်းတွေလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး သိခ်ရယ် ... နင့်ကို ချန်ထားခဲ့ပြီး တမင်ချိန်းတွေ့ခဲ့ကြတာ မဟုတ်ပါဘူး။ မနေ့က တကယ်မမျှော်လင့်ဘဲ သူ့ကိုတွေ့လို့ သူ့နောက်ကို နင်မပါဘဲ လိုက်ကြည့်မိတာပါ။ ငါ့စိတ်ထဲ နင့်ကိုရော သွန်းကိုရော အတူတူခင်တာပါ"

ခူးခူး သိခ်ကို ပြန်နှစ်သိမ့်သလို ပခုံးကို ခပ်ဖွဖွပုတ်လျက် လေပြေထိုးလိုက်သည်။

သိခ်က ပခုံးပေါ်က ခူးခူးရဲ့လက်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်ပြီး ...

"အတူတူ ... ဟုတ်လား ခူးခူး"

သိခ်မေးပုံနှင့် လေသံမှာ တစ်မျိုးဖြစ်သွားတာကြောင့် ခူးခူး ကြောင်သွားရသည်။

"အေးလေ ... အတူတူပေါ့"

"ဟင့်အင်း ... နင် တစ်ယောက်ကိုတော့ ပိုမှဖြစ်မယ် ခူးခူး"

သိခ်လေသံမှာ မူမမှန်ဘဲ တုန်သက်နေသည်မို့ ခူးခူး အံ့ဩသွားရသည်။

"ငါ နင့်ကို ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံမယ် ခူးခူး"

ရီလဲ့နေသော သိခ်မျက်ဝန်းများကြောင့် ခူးခူးရင်ထဲ ဒိန်းခနဲ ဖြစ်သွားရသည်။

ဟာ ... ဘာလဲ။





ဒါ ... လုံးဝ မဖြစ်သင့်တာပဲ။

"ငါ ... နင့်ကိုချစ်တယ်"

သိခ်က နှစ်ယောက်ကြားသာရုံ တိုးတိုးကလေး ပြောလိုက်တာဖြစ်ပေမယ့် ခူးခူးနားထဲမှာတော့ အကျယ်ကြီး မြည်ဟည်းသွားရသည်။

"နင် မသိဘူးလားဟင် ... ငါ နင့်ကို သိပ်ချစ်တယ် ခူးခူးရယ်"

ရီလဲ့နေသော မျက်ဝန်းများက ရွှန်းစိုလာသည်။

ဆုပ်ကိုင်ထားသော လက်ချောင်းများမှာလည်း ပိုပြီး မြဲမြဲလို့လာသည်။

ခူးခူး သိခ်ကို စိန်းစိန်းကြီးစိုက်ကြည့်လိုက်ရင်း လက်ကို ဆတ်ခနဲ ရုန်းခါလိုက်သည်။

"နင် ဘာတွေပြောနေတာလဲ သိခ်"

"ခူးခူး ... ငါ"

"ဆောရီးပဲ ... ငါ ဘာမှဆက်မကြားချင်ဘူး။ ငါသွားမယ်၊ နင် ... ငါ့ကို ဘာမှမပြောခဲ့ဘူးလို့ပဲ ထားလိုက် ... ဟုတ်ပြီလား"

ခူးခူး ချာခနဲ လှည့်ထွက်သည်။

"ခူး ..."

သိခ် ခူးခူးလက်ကို ကပျာကယာ ဖမ်းဆွဲသည်။



www.burmeseclassic.com

www.burmeseclassic.com



"လွှတ်လိုက်နော် သိမ်း ... ငယ်သူငယ်ချင်းဆိုတဲ့ သံယောဇဉ်က ဒီနေရာမှာတော့ ငြိမ်ခံနေမှာမဟုတ်ဘူး"

"ဒါ ... နင့်ရဲ့အဖြေပဲလား နူးနူး၊ နင် ငါ့ကို မချစ်ဘူးလား"

သိမ်းအသံမှာ တုန်ခါအက်ကွဲ၍နေသည်။

နူးနူး သူ့ကို ဒီလောက်ကြီး ခါးခါးသီးသီးဖြစ်လိမ့်မယ်လို့ လုံးဝထင်မထားခဲ့။

"သိမ်းရယ် ... ငါ နင့်ကို သူငယ်ချင်းတစ်ယောက်ထက် ဘယ်တုန်းကမှ မပိုခဲ့ဘူး၊ ပိုလို့လည်း မရနိုင်ဘူး"

နူးနူး စိတ်ကိုပြန်လျှော့ချကာ သိမ်းကို လေပြေအေးနှင့်သာ ငြင်းပယ်ရန်ကြိုးစားလိုက်သည်။

အရေးထဲမှာ သွန်းရဲ့မျက်နှာကို စိတ်အာရုံထဲ ဘာကြောင့် မြင်ယောင်မိမှန်းမသိ။

သွန်းရယ် ... သိမ်းက သူ့နှလုံးသားဆန္ဒကို ပွင့်ပွင့်လင်းလင်း ဖွင့်ဟခဲ့ပြီ။

နင်ကရော ...။

"နူး ရှင်းရှင်းပြောစမ်းပါ ... နင် ငါ့ကို လုံးဝမချစ်နိုင်ဘူးပေါ့ ... ဟုတ်လား"

သွန်းဆီ အတွေးရောက်ဆဲ လေသံမာကြီးနှင့် သိမ်းမေးလိုက်သည်မို့ နူးနူး စိတ်ထဲ ထောင်းခနဲဖြစ်ကာ ...





"အေး ... ဟုတ်တယ် မချစ်ဘူး၊ နင့်ကို ငါ မချစ်ဘူး သိမ်း ... လုံးဝပဲ"

သိမ်း နူးနူးကို အကြာကြီးစိုက်ကြည့်ပြီးမှ ကျစ်ခနဲ စုတ်သပ်ကာ မဲ့ပြုံးတစ်ချက် ပြုံးသည်။

"ကိစ္စမရှိပါဘူး ... နင် ငါ့ကိုမချစ်လည်း လူကြီးတွေရဲ့ အစီအစဉ်အရ တစ်ချိန်ကျရင် နင် ငါ့ကို လက်ထပ်ရမှာပဲ"

"ဘာ ... သိမ်း ... နင် ... ဘာ ..."

နူးနူး တုန်လှုပ်သွားရရင်း နောက်ကို သတိလက်လွတ်ဆုတ်လိုက်မိသည်။

တစ်ချိန်ကျရင် နင် ငါ့ကို လက်ထပ်ရမှာပဲ ... တဲ့။

သိမ်းစကားက နူးနူးနားထဲ ခါးသီးစွာ စီးဆင်းသွားရရင်း ဆူဝေလာစေသည်။

သိမ်း အရမ်းကို တရားလွန်သွားပြီ ... လို့ ခံစားရဆဲ သိမ်းက မခိုးမခန့် ရယ်လိုက်ကာ ...

"နူးနူး ... နင် သွန်းကိုများ စွဲလမ်းနေသလား"

ရင်ထဲက ခါးသီးမှုက အဆုံးထိ မြင့်တက်သွားရရင်း ... နူးနူးမှာ မခိုးမခန့် သိမ်းမျက်နှာကို စိုက်ကြည့်လျက် ...

"သိရဲ့သားနဲ့ မေးနေရသလား သိမ်းရဲ့ ... ငါ နင့်ကို ငြင်းတယ်ဆိုတာ ငါ့ရင်ထဲမှာ သွန်းရှိနေလို့ပေါ့"

သိမ်းမျက်နှာပေါ်မှ မခိုးမခန့်အရိပ်များ အက်စစ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တိုက်စားလိုက်သလို ချက်ချင်း လှိုက်စားပျောက်ကွယ်သွားသည်။

ခူးခူးလည်း ဘာဖြစ်လို့ ဒီလိုပြောလိုက်မိမှန်း ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်တော့။

သိခ်ကို ရွဲ့ပြောလိုက်တာလား။ ဒါမှမဟုတ် ...။

ခူးခူးက ပြောလက်စနှင့် သိခ်မျက်နှာကို မခို့တရို့လေး ပြုံးကြည့်လိုက်ကာ ...

"ငါ သွန်းကို အရမ်းချစ်တယ်"

ခူးခူးစကားအဆုံးတွင် သိခ် သွေးပျက်သလို 'ဟား'ခနဲ ထ,အော်လိုက်ပြီး ...

"ရတယ် ... ချစ် ... ချစ်စမ်း၊ နင် ဘယ်သူကိုချစ်ချစ် ... ငါ နင့်ကို ရအောင်ယူပြမယ် ... နားလည်ထား"

"ဘာပြောတယ် သိခ် ... ငါ့အချစ်က နင့်ဆီမှာမရှိဘဲ နင် ငါ့ကို ဘာကြောင့်လက်ထပ်ချင်ရတာလဲ၊ နင် သောက်ရူးပဲ၊ နင် နှလုံးသားမဲ့တဲ့ ငါ့ခန္ဓာကိုယ်ကိုပဲ ရမှာပေါ့"

ခူးခူးသည် ခါးသီးစက်ဆုပ်လွန်းသောကြောင့် နင့်နင့်သီးသီး ပြောလိုက်မိသည်။

သိခ်အပေါ် တစ်ခါမှ မဖြစ်ဖူးသော မုန်းတီးရွံရှာစိတ်သည် ရင်အနှံ့ ဆူဝေတက်လာသည်။

မုန်းလိုက်တာ ...

ရင်တစ်ခုလုံး ခါးမြိုနေအောင် မုန်းလိုက်တာ ...





"ဖြစ်တယ် ... နင့်အချစ်ကို မရလည်းဖြစ်တယ်၊ နင့်ကို ငါ ဘယ်နည်းနဲ့မှ လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး၊ ငါက စွန့်လွှတ်ချစ်ဆိုတာကို အယုံအကြည်မရှိတဲ့ကောင်ကွ၊ ဒီမှာ ... ကိုယ့်ချစ်သူကို ဘယ်လိုကြောင့်ပဲ စွန့်လွှတ်, စွန့်လွှတ် ... အဲ့ဒါဟာ ဆုံးရှုံးသွားတာပဲ၊ ငါ့ဘဝမှာ ငါလိုချင်တာကို, ငါပိုင်ဆိုင်ချင်တာကို, ငါ အမြဲတမ်း ရအောင်ယူခဲ့တယ်"

သောက်ရူး ...

ခူးခူး ပျစ်ပျစ်နှစ်နှစ် ဆဲရေးလိုက်သည်။

သိခ် ခူးခူးဟုခေါ်ကာ ရှေ့တိုးလျက် လေသံကို တမင်နှိမ့်ချတိုးသက်စွာ ဆက်ပြောသည်။

"ရယူပိုင်ဆိုင်ခြင်းကသာ အချစ် ... လို့ ငါသတ်မှတ်တယ်၊ ငါ့ရင်ခွင်ထဲကနေ နင် သူ့ကိုတမ်းတနေချင်လည်း ရတယ်၊ ချစ်နေချင်လည်း ရတယ် ...၊

နင့်ရဲ့စိတ်, နင့်ရဲ့နှလုံးသားက ဘယ်လိုပဲ သူ့ဆီရောက်ရောက် ... ငါ ဂရုမစိုက်ဘူး၊ တကယ်တမ်းကျတော့ နင်က ငါ့ရင်ခွင်ထဲမှာ ရှိနေတာပဲ မဟုတ်ဘူးလား ...၊

နင့်ကို ပိုင်ဆိုင်ထားတယ်ဆိုရင် ငါ ကျေနပ်ပြီ ခူးခူး"

"သေစမ်း ... နင် လဲသေလိုက်စမ်း သိခ်"

ခူးခူးသည် သိခ်စကားများကို မခံမရပ်နိုင်တော့ဘဲ မျက်စိမှိတ်ကာ ဖြတ်အော်ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေရာမှနေ ချာခနဲလှည့်ထွက်ကာ သိမ်ကို ကျောခိုင်းလိုက်သည်။

ငါ ... နင့်ကို သိပ်မုန်းတယ် သိမ်။

နင်ဟာ ငါ တစ်သက်လုံးက သိပ်ခင်တဲ့ ငါ့သူငယ်ချင်း သိမ် မဟုတ်တော့ဘူး။

နင်ဟာ ငါ့ရန်သူပဲ။

ဒီနေ့ ဒီအချိန်ကစပြီး နင်ဟာ ငါ့ရန်သူဖြစ်သွားပြီ သိမ်။

နင်ဟာ ငါ့နဲ့သွန်းနဲ့ကြားမှာ ခလုတ်တစ်ခုလို ဝင်ရှုပ်ပြီး မှန်တိုင်းလို မွှေနှောက်ဖျက်ဆီးမယ့် ရန်သူပဲ။

နင့်လို အတ္တကြီးလွန်းတဲ့ တစ်ကိုယ်ကောင်းသမားမျိုးကို ခင်မင်တွယ်တာမိခဲ့တဲ့ ငါ့သံယောဇဉ်တွေကို ငါ နှမြောတယ်။

ခူးခူးသည် သိမ်အပေါ် မကျေနိုင် မချမ်းနိုင်အောင် ဒေါသများ တမြည့်မြည့်ထွက်နေမိရင်းမှ ...

စိတ်သဘောထားချင်း ခြားနားကွာခြားလွန်းသော သွန်းကို ပြင်းပြင်းထန်ထန် သတိရလာမိသည်။

သွန်းကို သတိရမိသည်နှင့် တစ်ပြိုင်နက် သိမ်ကို ပြောလိုက်မိသလို သွန်းကို တကယ်ပဲ စွဲလမ်းချစ်နေမိပြီလား ... လို့ ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ကြည့်မိလိုက်လျှင် ...

ဘုရားရေ ...

ရင်တွေ ပေါက်ကွဲပွင့်ထွက်တော့မလို ဘာကြောင့်များ





တဒိုင်းဒိုင်း ဆောင့်ခုန်နေမိရပါလိမ့်။

အိုး ... ခူး ... သူ့ကိုချစ်နေမိပြီလား။

ဘယ်လောက်များ ဆန်းကြယ်လိုက်တဲ့အဖြစ်လဲ။

သူငယ်ချင်းသုံးယောက် အတူတူတတွဲတွဲနေခဲ့ပြီး ကိုယ့်ကိုချစ်ပါတယ်ဆိုတဲ့ သိမ့်ကိုကျတော့ ခါးခါးသီးသီး မုန်းလိုက်ပြီး

မတုန်မလှုပ် ကျောက်ဆစ်ရုပ် သွန်းကိုကျတော့ ဘာလို့များ ချစ်မိသွားပါလိမ့်။

သွန်းကို ဘယ်အချိန်က ဘယ်လိုစ,ချစ်မိသွားသလဲမသိ။

ဘယ်လောက်ဆန်းကြယ်လိုက်တဲ့နှလုံးသားလဲဆိုတာ။

အမုန်းနှင့်စတင်တွေ့ဆုံခဲ့တဲ့ သူကို ခုချိန်မှာ အကြောင်းပြချက် ပေးစရာမရှိဘဲ နင့်နင့်သီးသီး ချစ်နေမိတဲ့အဖြစ်။

ခူးခူး သွန်းကို စတင်တွေ့ဆုံတုန်းက အမုန်းနှင့်ဖြစ်သည်။

ခါးခါးသီးသီး ပြင်းပြင်းထန်ထန်ကို မုန်းခဲ့တာ ...

ရန်သူပြိုင်ဘက်အနေအထားနဲ့ကို မုန်းခဲ့တာ ...

မှတ်မှတ်ရရ အဲ့ဒီတုန်းက ခူးခူးတို့ ရှစ်တန်းနှစ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ခူးခူး တစ်နေ့လုံး စိတ်လှုပ်ရှား ရင်ခုန်နေရသည်မှာ ဒီနေ့ ရီပို့ကဒ် (report card) ပေးမယ်လို့ ဆရာမက ကြိုတင်ကြေညာထား၍ဖြစ်သည်။

"ကဲ ... ရီပို့ကဒ် ပေးမယ် ... ဆရာမ နာမည်ခေါ်တဲ့သူ လာယူ"

ဆရာမဆီမှ ရီပို့ကဒ်ပေးတော့မယ် ...လို့ ကြေညာလိုက်လျှင် ခူးခူးသည် ဒိန်းခနဲ ရင်ဆောင့်ခုန်၏။

ဘေးမှထိုင်သော ဆုပန်က ...

"ခူးခူး ... ဒီလ နင်အဆင့်ဘယ်လောက်ရမလဲ မသိဘူးနော်၊ ဟယ် ... နင့်လက်တွေ အေးစက်နေတာပဲ ... ကြည့်စမ်း ... အရမ်းရင်ခုန်နေတာလားဟင်"

"ဟယ် ... တိတ်တိတ်နေပါ ဆုပန်ရယ်၊ ဆရာမ ငါ့နာမည်ခေါ်ရင် မကြားဘဲနေဦးမယ်"





ခူးခူး ဆုပန်ကို စကားမများရန် တားတော့ အဖြစ်သည်းလိုက်တာလို့ ဆုပန်က ခပ်တိုးတိုးပြောရင်း မျက်စောင်းထိုးသည်။

"တန်ခူးလေပြည်"

"ဟော"

ဆရာမဆီမှ ခေါ်သံကြားလျှင် အလဲလဲအပြိုပြို ခလုတ်တိုက်လဲမိမတတ် ပြေးသွားမိသူက ခူးခူးပင်။

ရင်ခုန်စိတ်လှုပ်ရှားနေသော ခူးခူးအဖြစ်ကို တစ်စုံတစ်ယောက်ဆီမှ 'ကျစ်' ခနဲ စိတ်ပျက်စုတ်သပ်သံ ကြားလိုက်ရသည်မို့ လှည့်ကြည့်လိုက်တော့ ဘုန်းမိုးသွန်း။

ခူးခူးလှည့်ကြည့်တော့ ထိမထင်သည့်မျက်လုံးများနှင့် ပြန်စိုက်ကြည့်ပြီး သူကပဲ အရင်ဦးအောင် မျက်နှာလွှဲသွားသည်။

ဟွန်း ... ခူးကလည်း သူမြင်မြင်, မမြင်မြင် မျက်စောင်းပြန်ထိုးလိုက်သည်။

တစ်စက်မှ ကြည့်လို့မရ။

ထိမထင်သည့်မျက်နှာလေးနှင့် ကြောင်ချေး ကုပ်ကမြင်းကျောက်ဆစ်ရုပ်။

လူကြည့်တော့ နှစ်ပြားမတန်။ အနုပ်စုတ်ကုပ်စုတ်ကျောင်းဝတ်စုံအဖြူက မဲနယ်ရောင်ပေါက်နေပြီ။

ပုဆိုးစိမ်းကလည်း အရောင်လွင့်။

ပြီးတော့ ကျောင်းစောင့်ရဲ့သား။



www.burmeseclassic.com

www.burmeseclassic.com



ခူး . . . တို့လို ညွန့်မှုံးသားသမီးသာဆို မျက်နှာပေးက တာဝတိံသာကတောင် ဆင်းမှာမဟုတ်။

"တန်ခူးလေပြည် . . . မြန်မြန်လာလေ"

"ဟုတ် ဆရာမ"

ဆရာမ ထပ်ခေါ်တော့ သူ့ကို မျက်စောင်းထိုးနေရာမှ ခူးခူး ကမန်းကတန်း ပြန်ပြေးသွားရသည်။

"ရော့"

"ဟုတ်ကဲ့"

ဆရာမဆီမှ ရီပို့ကဒ်ကိုလှမ်းယူသော ခူးခူးရဲ့လက်ချောင်းကလေးများ မသိမသာ တုန်ယင်နေသည်။

ရီပို့ကဒ်လေးကိုရတော့လည်း ခူးခူး ချက်ချင်းဖွင့်မကြည့်ရဲ။

ကိုယ့်ခုံဆီ အမြန်ပြန်လာကာ ကိုယ့်နေရာရောက်မှ ဖြည်းဖြည်းချင်း ဖွင့်ကြည့်ဖို့ပြင်သည်။

"ဟဲ့ . . . မြန်မြန်ဖွင့်ပါဟဲ့ . . . ငါလည်း သိချင်နေပြီ"

ဘေးက ဆုပန်ကလည်း ပူဆာသည်မို့ ရီပို့ကဒ်ကို ခူးခူး ရင်ခုန်စိတ်လှုပ်ရှားစွာ ဖွင့်ကြည့်လိုက်လျှင် . . .

"ဟယ် . . နှစ်၊ ဒီလလည်း နင် အဆင့်နှစ်ပဲနော် တန်ခူးလေပြည်၊ တော်လိုက်တာဟယ်၊ ငါလေ နင့်လို စာတော်တဲ့သူနဲ့ သူငယ်ချင်းဖြစ်ရတာ အရမ်းဝမ်းသာတယ် . . . သိလား"





ဆုပန်က ချီးကျူးဆဲ ခူးခူးကတော့ ရီပို့ကဒ်ကို မကျေမနပ်နှင့် ဆောင့်ချလိုက်မိသည်။

"ငါကတော့ ဝမ်းမသာနိုင်ဘူး ဆုပန်"

"ဟယ် . . . နင်ကလည်း ဘာဖြစ်လို့လဲ၊ အဆင့်နှစ်ရတာ ဝမ်းမသာဘူးလား"

"မသာနိုင်ဘူး၊ ငါလိုချင်တာ နှစ်မဟုတ်ဘူး . . . တစ်၊ ငါက အမြဲထိပ်ဆုံးမှာပဲ နေချင်တာ"

ခူးခူး အံကြိတ်ပြီး ပြောနေမိသည်။

စိတ်ဓာတ်ပြင်းထန်လှသော ခူးခူးကိုကြည့်ကာ ဆုပန် ပါးစပ်အဟောင်းသား ဖြစ်နေမိသည်။ အဲ့ဒီအချိန်မှာပဲ . . .

"ခူးခူး . . . နင် ဘယ်လောက်ရလဲ"

အမေးစကားနှင့်အတူ ရီပို့ကဒ်ကိုင်ပြီး အနားရောက်လာသူက သိမ်ခ်။

ခူးခူး သိမ်ခ်မေးတာကို အရင်မဖြေဘဲ သူ့ကို ပြန်မေးလိုက်သည်။

"သိမ်ခ် . . . နင် ဘယ်လောက်လဲ"

"ငါလား . . . သုံး"

"နင် . . သုံး . . ဟုတ်လား၊ ဒါဆို တစ်က ဘယ်သူလဲ"

ခူးခူးနှင့်သိမ်ခ် ခေါင်းချင်းဆိုင်သွားကြသည်။

"တစ်က ဘယ်သူဖြစ်မယ်ထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ် ... ဘယ်သူလဲ"

နှစ်ယောက်သား သိချင်စိတ် ပြင်းထန်ဆဲ ...

"ဟော့ ... ရီပို့ကဒ်တွေအားလုံး ရကြပြီနော်၊ ဟုတ်ပြီ ... မင်းတို့အားလုံး ကြိုးစားချင်စိတ်ရှိအောင် ဆရာမက တစ်ကနေ ... ငါးအထိ ရတဲ့သူတွေနဲ့ မိတ်ဆက်ပေးမယ်၊ ကျန်တဲ့သူတွေက သူတို့ကိုအားကျပြီး ကြိုးစားကြရမယ်နော်၊ ကဲ ... ငါး,ကနေ နာမည်စ,ခေါ်မယ် ... ထက်သူအောင်"

ထက်သူအောင်က မတ်တတ်ထ,ရပ်သည်။

"လေး ... ပိုပိုချစ်"

ပိုပိုချစ် မတ်တတ်ထ,ရပ်ဆဲ သိခ်က သူ့ခုံဆီ ပြန်ပြေးသည်။ သူ့နေရာရောက်တာနှင့် ...

"သုံး ... သတိုးမင်းထင်သိခ်"

ဆိုသော ရှည်လျားသည့်နာမည်နှင့် ကွက်တိ။

"နှစ် ... တန်ခူးလေပြည်"

ခူးခူး စိတ်မပါ လက်မပါ မတ်တတ်ထ,ရပ်သည်။

အဆင့်နှစ်ရတာတောင် မျက်နှာမသာယာသော ခူးခူးကို အားလုံးက နားမလည်စွာ ဝိုင်းကြည့်သည်။

ခူးခူးရင်ထဲမှာ တစ် ... ဘယ်သူလဲဆိုတာ သိချင်စိတ် ပြင်းထန်ဆဲ။ ဆရာမက တစ်ကို ကြေညာရန်အရောက်မှာ ပိုပြီး လေးနက်စေချင်သလို ခဏနားကာ အချိန်ယူလိုက်သည်မို့ ခူးခူး





သိချင်စိတ် ပိုပြင်းထန်လာရသည်။

တစ်တန်းလုံးလည်း သိလိုစိတ်ဖြင့် နားစွင့်ငြိမ်သက်နေချိန်မှာ ဆရာမက တစ်လုံးချင်း ကြေညာသည်။

"အဆင့်တစ် ... ဘုန်း .. မိုး .. သွန်း"

ကြည့်စမ်း ...။

သူ ... ဒီလလည်း သူပဲ အဆင့်တစ်ရပြန်ပြီ။

ကျောင်းစောင့်သားကများ ...

ဖြည်းဖြည်းချင်း မတ်တတ်ထ,ရပ်ပြသော သူ့ကို တစ်တန်းလုံးက အားကျချီးမွမ်းစိတ်ဖြင့် ကြည့်ဆဲ ... ခူးခူးကတော့ အခိုးထွက်မတတ် မျက်လုံးများဖြင့်ကြည့်ကာ အံကို တင်းတင်း ကြိတ်ထားလိုက်မိသည်။

အမြဲအဆင့်တစ် ရနေတဲ့ နင့်ကို ငါ လုံးဝမကျေနပ်ဘူး ဘုန်းမိုးသွန်း။

လက်သီးကလေး တင်းနေအောင်ဆုပ်ရင်း အသံတိတ် ကြိမ်းဝါးနေမိသော ခူးခူးကို ဘယ်သူမှ သတိမထားမိပေမယ့် သိခ်ကတော့ ငေးရီစိုက်ကြည့်နေခဲ့ပါသည်။

သူက ခူးခူးရင်ထဲက အသံမဲ့စကားလုံးတွေကို အမြဲ နားလည်ခဲ့သူလေ။

ပြီးတော့ ...

ခူးခူး ဖြစ်ချင်တာကို အမြဲလို ဖြစ်စေချင်ခဲ့သူ ...။



www.burmeseclassic.com

www.burmeseclassic.com



အမြဲလို ဖြည့်ဆည်းလိုက်လျှောပေးတတ်သူတစ်ယောက်လည်း ဖြစ်သည်လေ။

"မငိုပါနဲ့တော့ ခူးခူးရာ"

ခဏ,ခဏ ငိုချည်းနေသော ခူးခူးကိုကြည့်ပြီး သိခ်မသက်မသာ ပြောမိသည်။

"ငိုမှာပဲ ... ငါ သူ့ကို လုံးဝမကျေနပ်ဘူး သိခ်"

ခူးခူး ငိုသံပါကြီးနှင့်ပြောရင်း ရှိုးခနဲကျလာသော နှပ်ရည်များကို တစ်ရှူးနှင့် ဖြီးခနဲ သုတ်သည်။

သိခ် နှာခေါင်းရှုံ့မိသော်လည်း ပါးစပ်ကတော့ ...

"အေး ... ငါလည်း ဒီကောင့်ကို မကျေနပ်ဘူး"

သိခ် သံယောင်လိုက်တော့ ခူးခူး စိတ်အားထက်သန်စွာ လှည့်ကြည့်သည်။

"နင်လည်း မကျေနပ်ဘူး ... ဟုတ်လား သိခ်"

"ရုပ်ကိုက မထီတရီနဲ့"

"ထောင့်ကိုမကျိုးဘူး၊ ဒါတောင် ကျောင်းစောင့်သားမို့လို့"

နှစ်ယောက်သား အတိုင်းအဖောက်ညီစွာ မကျေနပ်ချက်





တွေ ထုတ်ဖော်နေမိကြသည်။

"ဒီကောင်က အဆင့်တစ်ရဲလောက်အောင် ဘယ်လောက်များ အရည်အချင်းရှိနေလို့လဲ"

"ခူးရာ ... နင်နဲ့ငါက ဂိုက် (guide) ကောင်းကောင်းငှားပြီး စာတွေ အသေအလဲလုပ်နေတာပဲ"

"အေးလေ ... ဒါတောင် ငါတို့က မကျော်နိုင်ရအောင် သူက ဘယ်လောက်တောင် တော်နေလို့လဲ"

သိခ်က တွေးဆသလိုလို ခဏငြိမ်သွားကာ ...

"ခူး ... သူ ငါတို့လို ဂိုက်ငှားနိုင်ဖို့မပြောနဲ့ ... ကျူရှင်တောင် တက်နိုင်တဲ့အဆင့် မရှိဘူး"

"ဟုတ်တယ် ... ဒီကောင့်ကြည့်ရတာ အတော်စုတ်ပြတ်ပါတယ်"

"အေး ... ဘုန်းမိုးသွန်းတို့က အတော်ဆင်းရဲပုံရတယ်"

"သိခ် ... နေဦး ... ဒါဆို"

ခူးခူး သိခ်ကို အသာလက်ယပ်ခေါ်လိုက်သည်။

သိခ်က ဘာလဲဆိုသောမျက်နှာဖြင့် ရှေ့တိုးသည်။

ခူးခူး အရောင်တောက်နေသော မျက်လုံးများဖြင့် စိတ်အားထက်သန်စွာ သိခ်နားရွက်နား လက်ကာလျက် ခပ်တိုးတိုး ပြောသည်။

သိခ် အကြီးအကျယ် အံ့သြသွားရသလို မျက်ခုံးများ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းသွားပြီး ...

"ဟင်"

ခနဲ ဖြစ်သွားပြီးမှ ...

"အေး ... ကောင်းသားပဲ"

လို့ ရှူးရှူးကိုဆို လက်ညှိုးညွှန်ရာ ခေါင်းညိတ်လိုက်လျော လျော့ရှိသော အကျင့်အတိုင်း ထောက်ခံသည်။

"ကောင်းသားပဲ ... ဆို ... ထ ... နင်နဲ့ငါ သူ့ဆီ သွားမယ်"

စကားနှင့်အတူ သိမ်အကျီလက်ကိုဆွဲကာ ရှူးရှူး မြန်ဆန်စွာထ,သည်။ ခြေလှမ်းများက စိတ်အားထက်သန်လွန်းစွာ ...

မျက်နှာဖူးဖူးလေးက မာနအရောင်ဖြင့် တလက်လက်တောက်လျက် ...

ဘုန်းမိုးသွန်း ...

နင့်ဆီ ငါလာပြီ ...

နင်နဲ့ငါ တွေ့မယ် ...။

မျက်နှာကိုမော့ချီလျက် လျှောက်လာနေကြသော တန်ရှူးလေပြည်နှင့် သိမ်ကိုမြင်လျှင် သွန်းမှာ ကျစ်ခနဲ စိတ်ပျက်သလို





စုတ်သပ်လိုက်မိသည်။

မျက်နှာတွေကြည့်ရတာ တာဝတိံသာမှာ လေဟုန်စီးနေတဲ့အတိုင်း ...

သွန်း စိတ်ပျက်လက်ပျက်နှင့် မျက်နှာလွှဲလိုက်မိသည်။

သို့သော် မျက်နှာလွှဲလို့မရတော့အောင် ...

"ဟဲ့ ... ဒီမှာ"

ဆိုသော အထက်စီးလေသံနှင့်အတူ ပခုံးကို ဆတ်ခနဲ အပုတ်ခံလိုက်ရတော့ သွန်း တင်းခနဲ ဖြစ်သွားရသည်။

တန်ရှူးလေပြည် ... ဆိုတဲ့ ကောင်မလေးဟာ အတန်းထဲမှာ အလကားနေရင်း လူတကာကို သူ့လက်အောက်ငယ်သားလို အနိုင်ကျင့် ဗိုလ်ကျချင်တဲ့စိတ်ဓာတ်ရှိတာ သွန်း တစေ့တစောင်းတော့ သိထားသည်။

မျက်နှာလွှဲလိုက်သည့်တိုင် ပြဿနာက ရှေ့တည့်တည့်ကို တန်းတန်းမတ်မတ်ရောက်လာတော့ သွန်း စိတ်လည်း ညစ်သွားရသည်။

တန်ရှူးလေပြည်ရဲ့လက်ကိုတော့ မနှစ်မြို့မှန်းသိအောင် တစ်ချက် မျက်မှောင်ကုတ်စိုက်ကြည့်လိုက်ပြီး ချာခနဲလှည့်ထွက်လာခဲ့သည်။

ဘုရှိတ်,ရှိတ်ပြီး ကိုယ့်ကို အဖက်မတန်သလို ကျောခိုင်းထွက်သွားတာ ခံလိုက်ရတာမို့ ရှူးရှူး ခံပြင်းသွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ...နေဦး"

မျက်စိစုံမှိတ် ခြေဆောင့်ကာ ခူးခူး လှမ်းအော်သည်။

လူ့လူချင်း ခွေး၊ နွားမောင်းသလို 'ဟဲ့' လို့ အခေါ်ခံရတာလောက် မုန်းတာမရှိသော သွန်းက လှည့်မကြည့်။

ခြေလှမ်းကျဲကြီးများဖြင့် ဆက်လျှောက်သည်။

"ဘုန်းမိုးသွန်း"

ယောကျ်ားသံနှင့် ကိုယ့်နာမည်ခေါ်တာ ကြားလိုက်ရတော့မှ သွန်း ခြေလှမ်းကို တုံ့ခနဲရပ်လိုက်သည်။

တစ်တန်းတည်းသားချင်းမို့ ကိုယ့်အပေါ် မရင့်သီးဘူးဆိုလျှင် သွန်း အကြောင်းမဲ့ရိုင်းဖို့ စိတ်ကူးမရှိ။

ဒါပေမဲ့ သွန်း ...လှည့်မကြည့်။

တရှပ်ရှပ် ခြေသံများနှင့်အတူ နှစ်ယောက်သား သွန်းနံဘေးကို ရောက်လာကြသည်။

"ဘာပြောမှာလဲ"

သွန်း နှစ်ယောက်လုံးကိုမကြည့်ဘဲ လေသံပြတ်နှင့် မေးလိုက်သည်။

တကယ်တော့ ဒါက လုပ်ယူထားတာမဟုတ်တဲ့ သွန်းရဲ့ပင်ကို မွေးရာပါ စတိုင်လ်။

ဒါကိုပဲ ခူးခူးတို့က ထောင့်မကျိုးဘူး သတ်မှတ်ကာ မုန်းတာ။





"ဘုန်းမိုးသွန်း ...ငါ နင့်ကို ပြောစရာရှိတယ် ...ငါ့မျက်နှာကို သေချာကြည့်စမ်းပါ"

ခူးခူးက စကားစလိုက်သည်။

ထောင့်မကျိုးတဲ့ နင့်ပုံစံကို ငါ ရအောင်ချိုးပြမယ်ဘုန်းမိုးသွန်း ...လို့ ခူးခူးစိတ်ထဲက တိတ်တဆိတ် ကြုံးဝါးလိုက်သည်။

"ပြောစရာရှိတာပြောပေါ့ ...စကားပြောတာ မျက်နှာမကြည့်လည်း ဖြစ်ပါတယ်၊ စကားလုံးတွေက မျက်နှာပေါ်မှာရှိနေတာမှ မဟုတ်တာ"

အရွယ်နှင့်မလိုက်ဖက်အောင် ကြီးကျယ်မြင့်မားလွန်းသော ဘုန်းမိုးသွန်းရဲ့စကားလုံးများကို ခူးခူး နားခါးမိသည်။

"ကဲ ...နင်ပြောစရာရှိတာကိုသာ မြန်မြန်ပြောလိုက်စမ်းပါ ခူးခူးရာ ...အချိန်ကုန်တယ်"

သိခ် ကြားထဲက စိတ်မရှည်တော့။

ခူးခူးက စိတ်ထဲက ဆန္ဒကို ထုတ်ဖော်ဖို့ ရဲရဲတင်းတင်း မျက်နှာချီလိုက်သည်။

"ဘုန်းမိုးသွန်း ...နင့်ရဲ့ အဆင့်တစ်နေရာကို ငါ ဝယ်ချင်တယ်"

တစ်လုံးချင်း ပြတ်သားစွာပြောလိုက်သော ခူးခူးစကားအဆုံး ...ဟမ် ..ဟမ် ..ဟမ် ..နှင့် သွန်း အရှမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ကြောင်အ, အံ့သြသွားရသည်။

''နင့် အဆင့်တစ်နေရာကို ငါလိုချင်တယ်၊ ငါဝယ်မယ် . . . နင် ဘယ်လောက်နဲ့ရောင်းမလဲ''

ပညာအရည်အချင်းကို ငွေကြေးနဲ့ တန်ဖိုးလာဖြတ်ကာ နိုင်ထက်စီးနင်း အပြောခံလိုက်ရတာကြောင့် သွန်း ခါးသီးခံပြင်း သွားရသည်။

''နင် ဘာတွေပြောနေတာလဲ တန်ခူးလေပြည် . . . နင့် စကားတွေက အဓိပ္ပာယ်လုံးဝမရှိဘူး''

''အပိုတွေ မပြောစမ်းပါနဲ့ ဘုန်းမိုးသွန်းရယ် . . . နင် ပိုက်ဆံဘယ်လောက်လိုချင်သလဲဆိုတာပဲ ပြောစမ်းပါ''

သွန်း အရမ်းကို ခံပြင်းခါးသီးနေမိသော်လည်း မိန်းက လေးတစ်ယောက်မို့ ငဲ့ညှာစိတ်လျှော့လိုက်ကာ . . .

''တန်ခူးလေပြည် . . . နင်မှားနေပြီ၊ အဆင့်တစ်နေရာ ဆိုတာ မြေကွက်တစ်ခုလို အရောင်းအဝယ်လုပ်လို့ရတာမျိုး မဟုတ်ဘူး၊ နင်လိုချင်ရင် ကြိုးစားပေါ့ . . . ငါနဲ့ယှဉ်ပေါ့''

သွန်းက စိတ်လျှော့ကာ လေအေးအေးနှင့် ရှင်းပြသော် လည်း ''ငါနဲ့ယှဉ်ပေါ့'' . . . ဆိုသော သွန်းစကားကြောင့် ခူးခူးမှာ အနာပေါ် တုတ်ကျသလို အနာကြီးနာသွားရသည်။

ခူးခူး အထိနာသွားတာကို သိလိုက်သော သိခ်က ချက် ချင်း ရှေ့တိုးကာ . . .





''ဟော့ကောင် . . . မင်း ကြီးကြီးကျယ်ကျယ်တွေ ပြော မနေနဲ့၊ မင်းရဲ့ အဆင့်တစ်နေရာကို ရောင်းလိုက်၊ အဲ့ဒီအတွက် မင်း ပိုက်ဆံ ဘယ်လောက်လိုချင်သလဲပြော . . . သူ ပေးနိုင် တယ် . . .၊

မင်းမှာ ပိုက်ဆံလိုအပ်တယ် မဟုတ်လား၊ မင်း ဘယ် နည်းနဲ့မှ ရှာမရနိုင်တဲ့ငွေတွေအများကြီးကို သူပေးနိုင်တယ်၊ မင်း သူ့ဆီက လိုချင်သလောက် တောင်းနိုင်တယ်''

မောက်မာလွန်းသော သိခ်စကားဆုံးတာနှင့် သွန်းက

''ဟော့ကောင်''

ဆိုသော အသံနက်ကြီးကို ကျားတစ်ကောင်လိုဟိန်း ကာ သိခ်ရဲ့အင်္ကျီစကို ဆောင့်ဆွဲဆုပ်ကိုင်လိုက်မိသည်။

''ပညာဆိုတာ ငွေနဲ့ တန်ဖိုးဖြတ်လို့မရဘူး၊ အရည် အချင်းဆိုတာလည်း ရောင်းလို့ ဝယ်လို့မရဘူးကွ . . .၊

မင်းတို့ အဓိပ္ပာယ်မရှိတဲ့စကားတွေ လာပြောနေတာ ရူးနေလို့ပဲ . . . လို့ ငါ သတ်မှတ်တယ်၊ မင်းတို့ဟာ ရူးနေတာပဲ . . . အရူးတွေ''

သွန်း နင့်နင့်သီးသီးပြောလျက် သိခ်ကို ဆောင့်တွန်း ကာ လှည့်ထွက်လာခဲ့သည်။

စိတ်ရှိတိုင်း လွှတ်ပေးလိုက်ရလျှင် သိခ်ကို ဆွဲထိုးမိမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်တန်းတည်းသားချင်း ... ဆိုသောစိတ်ဖြင့် ဒေါသကို မနည်းထိန်းချုပ်ထားရသည်။

ခံပြင်းသော ဒေါသခြေလှမ်းများဖြင့် ထွက်လာစဉ် ...

သွန်းကျော့ပြင်ကိုကြည့်ကာ သိမ်နှင့်ခူးခူးမှာ အလိုဆန္ဒမပြည့်ရခြင်းကြောင့် မကျေမနပ်ဖြင့် အခံရခက်စွာ ကျန်ရစ်ခဲ့ရသည်။

ဒါ ... ပထမဆုံး လိုချင်တာမရခဲ့တဲ့ ခူးခူးဘဝရဲ့အလှည့်အပြောင်းပဲ။

ရာဇဝင်ရိုင်းလိုက်တာ ... လို့ ခူးခူးရင်ထဲ နာကျင်ခါးသီးနေမိသည်။

ဘုန်းမိုးသွန်း ... နင့်ကို ငါမုန်းတယ်။

အသေအကျေကို မုန်းတယ်။

နင့်အဆင့်တစ်ကို ငါ မရ,ရအောင် ယူပြမယ်။

စောင့်ကြည့်နေ ...။

နင် အသေအချာစောင့်ကြည့်နေလိုက် ဘုန်းမိုးသွန်း။

ကြိုးဝါးခဲ့သည့်အတိုင်းပင် ခူးခူးမှာ နေ့မအိပ် ညမအိပ်ဘဲ အချိန်မလပ် စာသာကျက်နေခဲ့သည်။





ဖေဖေနှင့် မေမေကတော့ ...

"သမီးလေးရယ် ... စာတွေကျက်နေလိုက်တာ၊ ဆယ်တန်းဖြေမှာ ကျနေတာပဲ၊ နည်းနည်းပါးပါး နားပါဦးလား ... ခေါင်းတွေ အရမ်းပူနေပါ့မယ်"

... လို့ပင် တားယူရတဲ့အထိ။

"ဟင့်အင်း ... နားလို့မဖြစ်ဘူး၊ သမီး ဒီလ,စာမေးပွဲမှာ အဆင့်တစ်ရမှဖြစ်မယ်"

ခူးခူး ဖေဖေနှင့်မေမေကို ပြင်းပြင်းထန်ထန်ပြောလိုက်မိသည်။

ခူးခူးရဲ့ ပြင်းထန်မာကျောလွန်းလှသော စိတ်ဓာတ်နှင့်အမြဲ ထိပ်ဆုံးနေရာမှ အသာစီးနေလိုသောသဘောထားကို သိထားကြသည်မို့ ဖေဖေနှင့်မေမေမှာ တားမရနိုင်မှာမို့ ငြိမ်သက်၍သာ ကြည့်နေကြလေတော့သည်။

လစဉ် စစ်ဆေးသည့် စာမေးပွဲနီးလေ ခူးခူးမှာ မအိပ်နိုင်, မစားနိုင်ဖြစ်လေ။

စာတွေ ဘယ်လောက်ရရ ကိုယ့်ကိုယ်ကိုယ် စိတ်မချနိုင်သေး၊ မယုံကြည်ရဲသေး။

အထပ်ထပ်အခါခါ လေ့ကျင့်သည်။

စာမေးပွဲဖြေတော့လည်း ကိုယ့်ကိုယ်ကိုယ် စိတ်ကျေနပ်မှုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

အအိပ်အစားပျက်သည့်ဒဏ်တွေက စာမေးပွဲဖြေခါမှ နှိပ်စက်တော့သည်။

ကျက်ထားသည့်စာတွေကို ဘယ်လောက်ပဲရရ တုန်ယင်နေသည့်လက်ချောင်းတွေကြောင့် လက်ရေးတွေက ကွေးစောင်းပူးကပ်ကာ မပီသချင်။

ရှုးရှုး ဘယ်လိုမှ ထိန်းချုပ်၍မရ။

ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ ဘာသာစုံအမှတ်ပြည့်ရကာ အဆင့်တစ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သေချာနေသည်။

စာမေးပွဲဖြေပြီးသည်နှင့် ရှုးရှုး အေးအေးဆေးဆေးသာ နေလိုက်သည်။

ဘုန်းမိုးသွန်းနှင့်တွေ့လျှင် ...

''နင် အဆင့်တစ်နေရာက ပြုတ်ဖို့သေချာနေပြီ၊ ရှုံးနိမ့်မှုကို ခံယူဖို့ အသင့်ပြင်ထားလိုက် ... သိလား''

လို့ စကားတွေဆိုသော မျက်ဝန်းမျိုးဖြင့် အထက်စီးကပင် ကြိုကြည့်ထားလိုက်မိသည်။

ဒီလိုနှင့်ပင် ...

ရီပို့ကဒ်ပေးသည့်နေ့သို့ ရောက်လာခဲ့သည်။

ဒီတစ်ခါတော့ ဆရာမဆီသွားကာ ရီပို့ကဒ်သွားယူလျှင်ကိုယ့်ခုံဆီ ပြန်ရောက်သည့်အထိပင် မစောင့်နိုင်တော့ဘဲ ရီပို့ကဒ်





ကို ဆရာမစားပွဲမှာတင် အလျှင်စလို ဖွင့်ကြည့်လိုက်မိသည်။

ဘုရားရေ ...

ရှုးရှုး မျက်လုံးများ ပြာဝေသွားခဲ့ရသည်။

ဒီတစ်ခါလည်း နှစ်ပါပဲလား။

ဒါဆို တစ် ...က ...

တစ် ...က ...

''သမီးက ပုဒ်စေ့ဖြေနိုင်ရဲ့နဲ့ကွယ် လက်ရေးတွေက အရမ်းဆိုးဝါးပြီး မပီသတော့ ဆရာမ ဖတ်ရခက်လွန်းလို့ အမှတ်လျော့သွားတာ''

ဆရာမက ရှင်းပြဆဲ ရှုးရှုး ခေါင်းတစ်ခုလုံး မူးဝေနောက်ကျိလာကာ ရင်ထဲလည်း တလှပ်လှပ် တုန်ယင်လာခဲ့သည်။

''ဘုန်းမိုးသွန်းက ပုဒ်စေ့လည်း ဖြေနိုင်တယ်၊ လက်ရေးလေးတွေကလည်း အရမ်းလှတာ၊ သူ့လက်ရေးက ပီသပြီး ရှင်းလင်းတယ်လေ၊ အဲ့ဒါကြောင့် ဒီလလည်း သူပဲ ...''

ဆရာမစကားကို ရှုးရှုး ဆက်မကြားနိုင်တော့။ ဒီလလည်း သူ အဆင့်တစ်ပဲပေါ့။

ရှုးရှုး သူ့ကို ဘယ်နည်းနဲ့မှ ယှဉ်ပြိုင်လို့မရနိုင်တော့ဘူးလား။

ရှုးရှုး သူ့ကို ရှုံးပြန်ပြီပေါ့။

ဘဝတစ်သက်တာလုံး သူနှင့်ကျမှ အရှုံးဆိုတာကို ထွင်



www.burmeseclassic.com

www.burmeseclassic.com



ခါတလဲလဲ ခံစားရခဲ့သည်။

ရင်ထဲမှာ ဘယ်လိုမှ ဖြေသိမ့်လို့မရတော့။

ငါ သူ့ကို ဘယ်တော့မှ မနိုင်၊နိုင်တော့ဘူးလား ... ဆိုတဲ့ နာကျင်ခါးသီးစိတ်က ရင်တစ်ခုလုံးကို မုန်တိုင်းတစ်စင်းလို မွှေနှောက်ထိုးဆွလျက် ရှိသည်။

ရီပို့ကဒ်ကို ကျောက်ရုပ်တစ်ရုပ်လို သတိလက်လွတ် အချိန်အကြာကြီး စိုက်ကြည့်နေခဲ့မိပြီ။

နောက်ဆုံး ...

နေရာမှာတင် တစ်ကိုယ်လုံး အေးစက်ကာ ခူးခူး ပျော့ခွေကျသွားခဲ့ရတော့သည်။

ခူးခူး ဘာကိုမှ မသိတော့ပြီ။

''ဟာ ... တန်ခူးလေပြည်''

အထိတ်တလန့်အော်ပြီး သူမနား အရင်ဆုံးရောက်သွားမိသူက သွန်း။

တစ်ကိုယ်လုံး အေးစက်လျက် သွေးမရှိတော့သလို ဖြူဆုပ်နွမ်းနယ်နေသည့် တန်ခူးလေပြည်ကိုကြည့်ကာ သွန်း အရမ်းကို စိတ်မကောင်းဖြစ်သွားမိသည်။





ရီပို့ကဒ်ကို အချိန်အကြာကြီး စိုက်ကြည့်ပြီးမှ သူမ လဲကျသွားခဲ့တာ။ သေချာတယ် ...

အဲ့ဒါ သူမ သိပ်လိုချင်တဲ့ အဆင့်တစ်အတွက်ပဲ။

အပြင်းအထန်ကို မအိပ်မနေ စာတွေကျက်နေခဲ့တာ ... တဲ့။

သူမရဲ့သူငယ်ချင်းတွေ ပြောနေတာ ပြန်ကြားခဲ့ရသည်။

ခုတော့ သူမရဲ့ရယူလိုမှုက သူမကို ပြန်ဒုက္ခပေးနိုင်စက်ခဲ့သည်။

''ဆောရီးဟာ တန်ခူးလေပြည်''

သွန်း ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။

တန်ခူးလေပြည် ... ဆိုတဲ့ လူတကာထက် သာလိုစိတ်ပြင်းထန်ပြီး လူတကာကိုလည်း အနိုင်ကျင့်ဗိုလ်ကျတတ်တဲ့ ခပ်ဆိုးဆိုးကောင်မလေးကို အဲ့ဒီအချိန်မှာ သွန်း ပထမဆုံးအကြိမ် အဖြစ် သနားသွားမိတာပင်။

''နင် သိပ်တော်တယ် ... သိလား ဘုန်းမိုးသွန်း၊ ဒီတစ်ခါလည်း နင် ငါ့ကိုနိုင်တယ်၊ ငါ နင့်ကိုရှုံးတယ်''

မျက်တွင်းကလေးများ ချိုင့်ဝင်နေသည့်ကြားက ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကို အားယူမာန်တင်းကာ ရန်လာစွာနေသော ကောင်မလေးကို သွန်း သနားစွာကြည့်နေမိသည်။

ညိုနေသော မျက်ဝန်းကလေးများထဲ မျက်ရည်ကြည်များ ရစ်ဝဲလျှံတက်လာတာမြင်တော့ သွန်း မျက်နှာလွှဲလိုက်မိသည်။

ကောင်မလေးရယ် ...

နင် ဘာလို့ ဒီလောက်တောင် အနိုင်ရလိုစိတ် ပြင်းထန်ရတာလဲ။

သွန်းမှာ စကားနည်းလျက် ကိုယ့်ဘာသာ အေးအေးဆေးဆေး သီးသန့်နေတတ်လေ့ရှိသော်လည်း ခူးခူးတို့ထင်သလို ထောင့်မကျိုးတာမဟုတ်။

ချို့တဲ့သည့်ဘဝကြောင့် အနှံ့စိတ်ဖြင့် လူတောမတိုးရဲဘဲ သီးသန့်နေတာကို ဘဝင်မြင့်တယ် ထင်တတ်ကြသည်။

ရဲရဲတင်းတင်း ပွင့်ပွင့်လင်းလင်း ခေါ်ပြောရယ်ပြုံးမနေတတ်တာကို ထီမထင်နေတတ်တယ် ထင်ကြတာ။

ဒါပေမဲ့ ရင်ထဲမှာ ပျော့ပျောင်းနူးညံ့စွာ သနားစိတ်ရှိတတ်တာကို ဘယ်သူမှမသိ။

ကောင်မလေးရယ် ငါ့ကြောင့် နင် မျက်ရည်မကျပါနဲ့။





"ဟဲ့ ... ဟုတ်ရဲ့လားဟဲ့ ... သေချာရဲ့လား သိခ်ရယ်"

ခူးခူး မယုံကြည်နိုင်စွာ သိခ်ကို မေးမိသည်။

သိခ်က စိတ်အားထက်သန်စွာ ခေါင်းကို အခါခါညိတ်ပြရင်း ...

"ဩော် ... ငါပြောတာ မယုံဘူးလား၊ ဒီကောင့်ဘေးမှာထိုင်တဲ့ နေထွဋ်ကိုယ်တိုင် ပြောပြတာပါဆို"

"တကယ်နော် သိခ်"

"ဘုရားစူးဟာ"

သိခ် ကျိန်တွယ်ပြောတော့မှ ခူးခူး မျက်ဝန်းကလေး လက်သွားသည်အထိ ပြုံးရယ်ကာ မျက်နှာကလေးလည်း ရွှင်ပျသွားမိသည်။

တကယ်တော့ ကြားရတဲ့သတင်းက ပျော်သင့်သော သတင်းမဟုတ်။

ဒါပေမဲ့ မတတ်နိုင်။

ပြိုင်ဘက်ကို ဘယ်နည်းနဲ့မဆို ရှုံးနိမ့်တာမြင်ချင်သည့် စိတ်က တရားသည့်, မတရားသည် သဘောထားကြီးမနေနိုင်။

ခုလည်း ကြားရသည့်သတင်းက ...

"ဘုန်းမိုးသွန်းတစ်ယောက် အင်္ဂလိပ်စာမလိုက်နိုင်ဘူး" တဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... ငါတော့ မယုံချင်ဘူး သိမ်ရယ်၊ အမြဲအဆင့်တစ်ရနေတဲ့လူတစ်ယောက် ခုမှ စာမလိုက်နိုင်တော့ဘူးဆိုတာ မယုံချင်စရာကြီးနော်"

"ဟ ... နင်ကလည်း ငါကြားရတာ ဒီကောင် အင်္ဂလိပ်စာတင်မဟုတ်ဘူး ... အခု သင်္ချာပါ ညံ့လာပြီတဲ့"

"ဟယ် ... ဖြစ်နိုင်ပါ့မလား"

"ဘာလို့မဖြစ်နိုင်ရမှာလဲ ... စာဆိုတာ စိတ်ပါမှရတာ"

"စာဆိုတာ စိတ်ပါမှရတာ"

ခူးခူး သိမ်စကားကို သံယောင်လိုက်မိသည်။

ဟုတ်တယ်။ သိမ်ပြောတာ မှန်တယ်။

စာဆိုတာ စိတ်ပါမှရတာ။

"ဟဲ့ ... သူက ခု စာကို စိတ်မပါတော့လို့လား"

ခူးခူး အားတက်သရော မေးမိပြန်သည်။

လေသံက သိပ်ကိုဝမ်းသာကျေနပ်နေသည့်လေသံမျိုး ဖြစ်သွားသလားမသိ။

ခူးခူး မရှက်နိုင်။ သိမ်က ...

"အေး ... နေထွဋ်ပြောတော့ ဒီကောင် ခုတလော စာကိုလည်း စိတ်မပါဘဲ အားရင် လက်သမားအလုပ် ပြေးလုပ်လိုက်၊ ရေသန့်ကားပြေးလိုက်နဲ့ ... တဲ့"

"ကေန္တ ... သူ ပိုက်ဆံလိုချင်လို့ပဲဖြစ်မယ်"





"ငါတို့ပြောလိုက်တာ မခံချင်ဖြစ်ပြီး ပိုက်ဆံကြိုးရှာနေတာ ဖြစ်မှာပေါ့"

ခူးခူး မျက်နှာကလေး ရွှင်လန်းကာ အပြုံးကြီး ပြုံးနေမိသည်။

သိမ်က နား,နားကပ်ကာ လေသံတိုးတိုးဖြင့် ...

"ခူးခူး ... ဒါ နင့်အတွက် ကောင်းတဲ့အလားအလာပဲ"

ခူးခူး သိမ်ကို တိတ်တိတ်နေရန် 'ရှူး'ခနဲ အချက်ပေးကာ မျက်စပစ်ပြလိုက်သည်။

ရင်ထဲမှာ အပျော်ကြီး ပျော်နေမိသည်။

စာတွေ ပိုကျက်မယ်။

ဒီတစ်လစစ်မယ့် စာမေးပွဲက ရင်ခုန်စရာအကောင်းဆုံး ဖြစ်မှာ သေချာသည်။

"ဟာ"

ခူးခူး ဆရာမရှေ့မှာ ဟန်မဆောင်နိုင်အောင် ထ,အော်လိုက်မိသည်။

ရီပို့ကဒ်ကလေးကို ရင်ဘတ်မှာအပ်ကာ ခုန်ဆွဆွဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တစ်ခါ ရီပို့ကဒ်ကို ပြန်ကြည့်သည်။

'၁' ...။

အဆင့်တစ် ...တဲ့။

အဟား ...

ခူးခူး လိုချင်တာ ရပြီ။ အလိုချင်ဆုံးအရာ ရပြီ။

တန်ခူးလေပြည်ရဲ့ဘဝမှာ မရနိုင်တာ, မဖြစ်နိုင်တာ ဘာရှိသေးလဲ။

နေဦး ...ဒါဆို သူ ဘယ်လောက်ရပါလိမ့်။

နှစ် ...လား။

ခူးခူးသည် ကိုယ် အဆင့်တစ်ရပြန်တော့လည်း ဘုန်းမိုးသွန်း ဘယ်လောက်ရသလဲ သိချင်လာပြန်သည်။

သိခ် အနားရောက်လာတော့ ...

"ဟဲ့ သိခ် ...နင် ဘယ်လောက်ရလဲ"

လို့ အမောတကော မေးလိုက်မိသည်။

သိခ်က မျက်နှာကို မော့ချီကာ ...

"ငါ ...နှစ်"

"ဟယ် ...နင်က နှစ်ပေါ့ ...ဟုတ်လား"

ဒါဆို ဘုန်းမိုးသွန်း ဘယ်လောက်ပါလိမ့်။

"ခူး ...နင်ရော ဘယ်လောက်လဲ"

"ငါ ...တစ်"





ခူး လက်မလေးထောင်ပြလျက် ဝင့်ကြွားစွာဖြေသည်။

"ဟာ ...ခူး နင်လိုချင်တာရပြီပေါ့၊ နင် အရမ်းပျော်နေမှာပဲ၊ ဟာ ...ငါလည်း ပျော်တယ် ...သိလား၊ နင်က တစ်၊ ငါက နှစ်"

ခူးခူးနှင့် သိခ် ရီပို့ကဒ်လေးတွေ ကိုယ်စီကိုင်ကာ ခုန်ဆွခုန်ဆွဖြစ်နေမိကြသည်။

အတန်းထဲမှာမို့လို့ ခူးခူး ဒီလောက် ထိန်းချုပ်ပျော်နေရတာ။

အိမ်မှာသာဆို ရက်(ပ) (Rap) သီချင်းတွေ အကျယ်ကြီးဖွင့်ပြီး အသားကုန် လန်းပစ်လိုက်မှာ။

"ကြိုးစားနော် တန်ခူးလေပြည် ...ဒီတစ်လ သမီး ပုဒ်စေ့လည်း ဖြေနိုင်တယ်၊ လက်ရေးလေးလည်း ပီသပြီး သပ်ရပ်သန့် ရှင်းလာတယ်၊ ဒါကြောင့် အမှတ်ပြည့်ရတာ"

ဆရာမက ပျော်နေသော ခူးခူးကိုကြည့်ကာ ရှင်းပြသည်။

"ဟုတ် ဆရာမ ...သမီး အမြဲလက်ရေးလှလှနဲ့ သပ်သပ်ရပ်ရပ် ဖြေပါ့မယ်၊ အိမ်မှာလည်း လက်ရေးပိုလှအောင် သမီး လေ့ကျင့်ပါတယ်"

"အေး အေး ...စာကျက်စရာရှိတာလည်း ကျက်၊ ကျန်းမာရေးလည်း ဂရုစိုက်၊ နေကောင်းမှ ရွှင်ရွှင်လန်းလန်း



www.burmeseclassic.com

www.burmeseclassic.com



တက်တက်ကြွကြွနဲ့ စာကျက်နိုင်မှာနော်၊ သမီး အရမ်းပိန်နေပြီ''

''ဟုတ် ဆရာမ''

အဆင့်တစ် . . . ဆိုတာက သမီးအတွက် အားဆေးပဲ ဆရာမရဲ့။

အဆင့်တစ် . . . ဆိုတာထက် ခူးခူးက ဘုန်းမိုးသွန်းကို အနိုင်ရလိုက်တယ်ဆိုတာ လိုချင်တာ။

တွေ့လား . . . တန်ခူးလေပြည်ရဲ့ဘ၀မှာ မရဘူးဆိုတာ မရှိဘူး။ မနိုင်ဘူး . . . ဆိုတာလည်း မရှိဘူး။

မိုးမမြင် လေမမြင်သော အပျော်စိတ်ဖြင့် ခူးခူးရဲ့မျက်နှာမှာ မော့သို့ထားသည့်ကြားက အစွမ်းကုန် လန်းဆန်းပြုံးရွှင်နေတော့တာ။

အဆင့်တစ်အဖြစ် ပြောင်းလဲသွားခဲ့သော ရီပို့ကဒ်ကို ကိုင်ဆောင်ထားသည့် ခြေလှမ်းလေးများကလည်း မြောက်ကြွကြွ။

အပျော်များ ဖုံးလွှမ်းလွန်းနေသည်မို့ တစ်တန်းလုံးကို ခူးခူး မမြင်နိုင်တော့။ ဘယ်သူ့ကိုမှ မမြင်။

အတန်းရဲ့ထောင့် အမှောင်ကျကျနေရာလေးကနေ ပျော်နေသောခူးခူးကိုကြည့်ကာ နူးညံ့ကြည်စင်စွာ ပြုံးနေသော သွန်းတစ်ယောက်ကိုလည်း ခူးခူး မမြင်နိုင်ပါ။





အပျော်ကြီးပျော်နေသော ကောင်မလေးကိုကြည့်ကာ သွန်းလည်း စိတ်ထဲ အပျော်တွေ ကူးစက်လာသလို ခံစားရသည်။

ပြီးလျှက် ကိုယ့်ရီပို့ကဒ်ကိုဖွင့်ကြည့်မိတော့ . . .

အဆင့် . . . ၈။

ဘေးချင်းကပ်ထိုင်သော သူငယ်ချင်းတွေကတောင် မျက်လုံးပြူး အံ့သြကာ . . .

''ဟာ . . . သွန်း . . . မင်း ဘယ်လိုဖြစ်တာလဲ၊ အဆင့်တွေ ကျသွားလှချည်လား''

''အေးကွာ . . . အမှတ်လည်း နှစ်ဆယ်လောက်လျော့သွားတယ်''

''ဘယ်လိုဖြစ်တာလဲကွာ . . . အမြဲ တစ်ရနေကျကို''

''တစ် မရရင်တောင် နှစ်,သုံးဆို တော်သေးတာပေါ့၊ ခုဟာက ရှစ် . . . ဆိုတာကတော့''

''သွန်း . . . မင်း ဘာဖြစ်နေလဲ . . . ပြောစမ်း''

''မဟုတ်မှလွဲရော . . . မင်း တမင်များ လျှော့ဖြေလိုက်တာလား''

သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက် ထင်ကြေးဖြင့် ဝိုင်းပြောဆဲ။

သွန်းကတော့ ဘာကိုမှ မကြားတတ်သလို ပြုံး၍သာ



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။

ဘယ်သူ ဘာပြောပြော သွန်း ဂရုမစိုက်။

အဓိက,က ကိုယ့်ကို မဖြစ်မနေ အနိုင်ရလိုသော တန်ခူးလေပြည် ... ဆိုသည့် ခပ်ဆိုးဆိုးကောင်မလေး စိတ်ကျေနပ်ဖို့ပင်။

ငါ နင့်ကို ခုချိန်ကစပြီး တစ်သက်လုံးစာ အရှုံးပေးသွားမှာပါ တန်ခူးလေပြည်ရယ်။

ငါ ကတိပေးပါတယ်။

ဘယ်သူတွေ နင့်ကို ဘယ်လိုပဲ ဆိုးတယ်ပြောပြော

နင့်မျက်ဝန်းညိုထဲက မျက်ရည်ကြည် ...တွေကို ငါ ဘယ်တော့မှ မမေ့နိုင်မှာ မဟုတ်တဲ့အတွက် ...

ငါ နင့်ကို တစ်သက်လုံး အရှုံးပေးသွားမှာပါ တန်ခူးလေပြည်ရယ်။

## အခန်း (၅)

**ခူးခူး** တို့ကျောင်းက ကျောင်းသားကျောင်းသူတွေအားလုံးစုပြီး ပျော်ပွဲစားထွက်ရမည်ဆို၍ အားလုံးပျော်နေကြသည်။

ခူးခူးလည်း ပျော်နေမိသည်။

ဖေဖေတို့ မေမေတို့နဲ့ သွားရတာနှင့်မတူ။

သူငယ်ချင်းတွေ အများကြီးနဲ့ စည်စည်ကားကားသွားရမှာမို့ ပိုပျော်နေမိတာဖြစ်သည်။

ခူးခူးက တစ်ဦးတည်းသောသမီးဆိုတော့ အဖော်ပိုမင်သည်။

ခူးခူးမှာ အိမ်နီးချင်းသူငယ်ချင်းဆိုလို့လည်း သိမ်တစ်ယောက်တည်း ရှိတာ။

တစ်ခါတလေ ခုလို သူငယ်ချင်းတွေ အများကြီးနဲ့ တရုံးရုံးသွားရလာရတဲ့အခါမျိုးကို ခူးခူး ခုံမင်သည်။



www.burmeseclassic.com

www.burmeseclassic.com



နူးနူး ပျော်လွန်းလို့ ဟိုလျှောက်ပြေး ဒီလျှောက်ပြေးလုပ်ရင်း စမ်းချောင်းလေးတစ်ခုအနား ရောက်လာမိသည်။

စမ်းချောင်းလေးက ကြည်စိမ်းနေသည်။

ရေတွေက အေးမှာပဲ။

နူးနူးက ရေကို သိပ်ကြိုက်တတ်သောဗီဇရှိသည်။

ရေတွေ့လျှင် နူးနူး မနေနိုင်ပြီ။

သို့သော် ...

ခုတော့ အဝတ်အစားအပိုထည့်မလာမိသည်မို့ ရေဆင်းကူးလို့မဖြစ်။

ရေတွေ့ပြီး ရေနဲ့မထိတွေ့လိုက်ရလျှင်လည်း နူးနူး မနေနိုင်။

နူးနူး အသည်းတယားယားဖြင့် ခြေလေး ဆင်းထိုင်ကာ စမ်းချောင်းထဲ ခြေထောက်လေးနှစ်၍ လှုပ်ခတ်ဆော့ကစားနေမိသည်။

အား ...

ရေတွေက အေးလိုက်တာ။

နူးနူး သဘောကျကြီးကျလျက် ခြေထောက်ကို လှုပ်ခတ်ကစားလို့ကောင်းဆဲ ...

''ဟယ်''

နူးနူး မျက်လုံးလေး ပြူးသွားမိသည်။





သွားပြီ ...။

ဖိနပ်တစ်ဖက်မှာ ကျွတ်ပြီး ရေစီးထဲမျောပါသွားပြီ။

နမြောလိုက်တာ။

ဒီဖိနပ်က အသစ်ကလေး။

ဒီပျော်ပွဲစား ထွက်ခါနီးမှ နူးနူးဝယ်လိုက်သည့် အသစ်ကလေး။

သေချင်စော်နံလိုက်တာ။

နူးနူး တစ်ယောက်တည်း မျက်နှာလေးရှုံ့မဲ့နေမိဆဲ ...

''ဟာ ... နူးနူး ... နင့်မျက်နှာကြီးက ဘယ်လိုဖြစ်နေတာလဲ၊ မိလ္လာကားတိုက်မိတဲ့ ရုပ်ကြီးအတိုင်းပဲ ... ဟား ဟား''

အနားရောက်လာသော သိဒ်က လှောင်ကာ လက်ညှိုးကြီးထိုးလျက် အားရပါးရ ရယ်လေလျှင် စိတ်ညစ်နေသော နူးနူးရဲ့ဒေါသတွေ သိဒ်အပေါ် အရှိန်အဟုန်နှင့် ပုံကျတော့ကာ ...

''သိဒ် ... နင်က ရယ်နေနိုင်တယ် ... ဟုတ်လား၊ ငါ ဒီမှာ ဘယ်လောက်ဒုက္ခရောက်နေရသလဲဆိုတာတော့ နင်မသိဘူးမဟုတ်လား''

သိဒ် မျက်မှောင်ကြုတ်မိသွားရသည်။

''ဟမ် ... နင်က ဘာတွေဒုက္ခရောက်နေလို့လဲ''

''ဒီမှာ ... ကြည့်''

နူးနူး ငိုသံပါကြီးနှင့်အတူ ဖိနပ်မပါတော့သော ခြေ



www.burmeseclassic.com

www.burmeseclassic.com



ထောက်တစ်ဖက်ကို မ,ကာ သိခ်ရှေ့ ထိုးပြလိုက်သည်။

သိခ် မျက်လုံးပြူးသွားရချေသည်။

"ဟဲ့ ... နင့်ဖိနပ်ရော ခူးခူး ... ဘယ်ရောက်သွားလဲ"

"ရေထဲမျောသွားပြီ"

ခူးခူးက စမ်းချောင်းကို လက်ညှိုးကြီးထိုးပြသည်။

"ဟာ ... ဒါဆို ဘယ်လိုလုပ်မလဲ၊ နင် ဘယ်လိုလမ်းလျှောက်မလဲ၊ အိမ်ကို ဘယ်လိုပြန်မလဲ"

"ဘာလုပ်ရမှာလဲ ... ဘယ်လိုလျှောက်ရမှာလဲ ... ဘယ်လိုပြန်ရမှာလဲ ... ချွတ် နင့်ဖိနပ်"

ခူးခူး သိခ်ကို မဲလေပြီ။

"ဟင် ... ဘာလုပ်မလို့လဲ"

"ပြန်မမေးနဲ့၊ ငါပြောရင် ပြောတဲ့အတိုင်းလုပ်နော် သိခ်၊ စကားမရှည်နဲ့ ... ချွတ်ဆို နင့်ဖိနပ်"

"ခူးခူးရာ ... ငါ့ဖိနပ်က အကြီးကြီး၊ နင်နဲ့မတော်ပါဘူးဟာ"

"ဒါဆို ... ငါ ခြေဗလာနဲ့လျှောက်ရမလား ... ပြော သိခ်"

ခူးခူး ... သိခ်ကို စူးစူးရဲရဲကြည့်ကာ စိန်ခေါ်လိုက်သည်။

မွေးကတည်းက တန်ခူးလေပြည်အတွက် ပေးဆပ်ဖြည့်ဆည်းပေးပါရစေ ... လို့ ဆုတောင်းပြီး မွေးလာခဲ့သော သိခ်





ကတော့ မျက်နှာကြီး မသက်မသာနှင့်ပင် ဖိနပ်နှစ်ဖက် ချွတ်ပေးရန်ပြင်ဆဲ။

"ခြေဗလာနဲ့ လျှောက်စရာမလိုတော့ပါဘူး တန်ခူးလေပြည်"

အေးစက်သော အသံတိုးတိုးကြောင့် ခူးခူးနှင့် သိခ် လှည့်ကြည့်လိုက်မိလျှင် ...

အရောင်လွင့်ဂျင်းပင်န်မှာ ရေတွေရွှဲရွှဲစိုလျက် ခူးခူး ဖိနပ်ကို လှမ်းပေးနေသည့် သွန်းကို တွေ့လိုက်ရလေသည်။

"ဘုန်းမိုးသွန်း"

"စမ်းချောင်းထဲမှာ ဖိနပ်မျောလာတာတွေ့လို့ ငါ ဆယ်လိုက်တာ ... နင့်ဖိနပ် မဟုတ်လား တန်ခူးလေပြည် ... ရော့ ... ယူလေ"

ဘုန်းမိုးသွန်းမျက်နှာမှာ ပကတိပင် ကြည်စင်လျက်..

ခူးခူးမှာ နားမလည်နိုင်ဖြစ်ရရင်းက သွန်းလက်ထဲက ဖိနပ်ကို မရွံ့မရဲ လှမ်းယူလိုက်သည်။

"နင် ငါ့ဖိနပ်ကို ဆယ်လာပေးတာ ... ဟုတ်လား"

"အင်း ... ငါ စမ်းချောင်းနားမှာထိုင်နေတုန်း ရေစီးထဲ မျောလာတာတွေ့တာနဲ့ ဆင်းဆယ်လိုက်တာ"

ပြောပြီးတာနှင့် သွန်း မရယ်မပြုံးတတ်သော မျက်နှာနှင့်ပင် ချက်ချင်း လှည့်ထွက်ဖို့ ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းမိုးသွန်း ...ခဏ"

ခူးခူး ကပျာကယာ လှမ်းခေါ်သည်။

လေသံက အရင်လို အထက်စီးမဆန်တော့။

"ကျေးဇူးတင်တယ်"

ခူးခူး လေသံတောင့်တောင့်နှင့်ပင် ပြောသည်။

ဒါ ...ခူးခူးတစ်သက်တာမှာ အင်မတန်ပြောခဲသော စကားဖြစ်သည်။

မပြောချင်,ပြောချင်နှင့် ပြောတာဖြစ်ပေမယ့် သွန်းကတော့ ဆတ်ခနဲ ခေါင်းညိတ်ကာ ...

"ရပါတယ် ...ငါသွားတော့မယ်"

အခြေအနေက မသိမသာပြောင်းလဲကာ နူးညံ့သွားပြီမို့ သွန်း ရှားပါးစွာပြုံးလျက် (တကယ်တော့ မျက်လုံးတွေလောက်သာ ပြုံးတာပါ။ မပြုံးစဖူး ပြုံးသည်မို့ မျက်နှာက သိသာနေတာ) အသိအမှတ်ပြုသလို နှုတ်ဆက်လိုက်သည်။

"ဟို ...ခဏ ..."

ခူးခူး တားမိပြန်ချေပြီ။

ဒီတစ်ခါတော့ သွန်း နှုတ်ခမ်းကိုဖွင့်ကာ သိသိသာသာ ပြုံးမိလျက် ...

"ကဲ ...ဘာပြောဦးမှာလဲ"

"မေးချင်လို့"





"ဘာလဲ"

"ငါ့ဖိနပ်မှန်း ဘယ်လိုလုပ်သိတာလဲ"

သွန်း မျက်လုံးများထဲ ရှက်ရိပ်ကလေး မသိမသာ ဖြတ်ပြေးသွားသည်။

တော်တော်ဆိုးတဲ့ ကောင်မလေး။

ဖိနပ်ပြန်ရရင် ပြီးရောပေါ့။

ဒါ မေးစရာလားကွ။

"ဒီလို အကောင်းစားဖိနပ်စီးနိုင်တာ ကျောင်းမှာ နင်တစ်ယောက်ပဲ ရှိနိုင်တဲ့ဟာ".

"အလို့"

ခူးခူး သဘောအကျကြီး ကျသွားရသည်။

သူပြောပုံက မြှောက်တဲ့လေသံနဲ့လည်းမှ မတူတဲ့ဟာ။

တကယ်တော့ ပျော်ပွဲစားစ,ထွက်ကတည်းက သွန်း ခိုးကြည့်နေမိလို့သာ ဒီဖိနပ်ဟာ ခူးခူးရဲ့ဖိနပ်မှန်း သိနေတာပေါ့။

"ကဲ ...ငါ သွားလို့ရပြီလား"

"ဟင့်အင်း"

ခူးခူးမျက်နှာလေး စူပုပ်ပြီး တားပြန်သည်။

သွန်း မျက်လုံးပြူးရချေပြီ။

ဒီကောင်မလေး ဘာပြဿနာရှာဦးမှာလဲ။

"မကြောက်ပါနဲ့ ...ငါ နင့်ကို မုန့်ကျွေးမလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ...ငါ ..."

သွန်း ပျာပျာသလဲ ငြင်းဖို့ကြိုးစားသည်။

"မငြင်းပါနဲ့ ...ငါ နင့်ကို ခင်သွားလို့ မုန့်ကျွေးမှာ၊ ငြင်းရင် နင် လူရိုင်းဖြစ်သွားလိမ့်မယ်"

"ဟာ ...ကွိုင်ပဲ"

အမှန်အတိုင်း ဝန်ခံရလျှင် အနေအထားချင်း ကွာခြားလွန်းသည့်မို့ ခူးခူးမုန့်ကျွေးမှာကို သွန်း မစားရဲ။

သို့သော် ...

ငြင်းလျှင်လည်း လူရိုင်းဖြစ်ရမယ့်အခြေအနေမို့ အခက်ကြုံနေမိသည်။

"ဟဲ့ သိခ် ...နင်ကလည်း ခေါ်လေဟာ"

ခူးခူးလည်း သွန်းကို တစ်လှည့်စီကြည့်ပြီး ပြုံးရမလို မဲ့ရမလိုနှင့်။ ခပ်ကြောင်ကြောင်ဖြစ်နေခဲ့သော သိခ်လည်း ခူးခူးဆီမှ အမိန့်စကားကြားလျှင် ဘယ်တော့မှ မငြင်းတတ်သော ရိုးရာအတိုင်း ကြောင်စီစီပျာပျာသလဲနှင့်ပင် ...

"အေး ...ဟုတ်တယ်လေကွာ၊ ဟေ့ကောင် ...စားရမယ်၊ ခူးခူးက အရမ်းကပ်စေးနဲတာ၊ မင်းကို သူ့ဖိနပ်ဆယ်ပေးလို့ ကျွေးတာ ...မငြင်းကောင်းဘူးနော် ဟေ့ကောင်"

နှစ်မဲ တစ်မဲဖြစ်လေပြီမို့ သွန်း ခေါင်းကြီးငုံ့ကာ ငြိမ်သက်နေလိုက်ရတော့သည်။





ခူးခူး အတင်းကျွေးသောမုန့်များမှာ နိုင်ငံခြားဖြစ် အကောင်းစားများမို့ စားလို့ကောင်းလွန်းလှပါသည်။

မစားရဲရဲဖြစ်နေမိသော သွန်းကို အားမလိုအားမရနှင့် လက်ထဲ မုန့်တွေ အတင်းထိုးထည့်ပေးသော ခူးခူးကိုကြည့်ကာ မျက်နှာမကောင်းချင်ချင်ဖြစ်ရသူက သိခ်ပဲဖြစ်သည်။

တိတ်ဆိတ်နေသော သွန်းကို ရိုက်ကာ,ပုတ်ကာနှင့် စကားတွေ အကုန်မခန်းနိုင်အောင် အဆက်မပြတ် ပြောနေမိသူကလည်း ခူးခူးပင်။

သွန်းကို ဘယ်လိုကနေ ဘယ်လို မကျေနပ်စိတ်တွေ ချက်ချင်းပျောက်ကာ အခင်ကြီးခင်သွားမိမှန်း ခူးခူးကိုယ့်ကိုယ်ကိုယ်ပင် မသိလိုက်မိတော့ချေ။

ခူးခူးနှင့်သွန်းတို့အကြား အပြောင်းအလဲကြီး ပြောင်းလဲစေခဲ့သည့်အရာမှာ ဖိနပ်ကလေးတစ်ရံပဲ ဖြစ်သည်။

အဲ့ဒီပျော်ပွဲစား နောက်ပိုင်းကစပြီး မထင်မှတ်ဘဲ ခူးခူးတို့သုံးယောက်မှာ တတွဲတွဲဖြစ်သွားကြသည်။

ခူးခူး သူ့ကို ဘာကြောင့်ခင်သွားမိသလဲ မသိ။

အရမ်းမုန်းခဲ့ပြီးမှ အရမ်းခင်သွားမိတာ ကိုယ့်ကိုယ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လည်း နားမလည်နိုင်တော့။

အဲ့ဒီအကြောင်းကို စဉ်းစားမိလျှင် မနေနိုင်မထိုင်နိုင်ဖြစ်ကာ ...

"ဟဲ့ ... သွန်း ... နင့်ကို ငါ ဘာလို့ခင်သွားတာလဲ ... သိလား"

"ဟမ်"

သွန်း ဘာပြန်ပြောရမှန်းမသိ။

ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

"ငါ စဉ်းစားလို့မရလို့ နင် ကူစဉ်းစားပေးစမ်းပါ"

"ဟာ ... ဘယ်သိမှာလဲ ... နင်ကလည်း"

သွန်း ကြောင်စီစီဖြင့် ငြင်းသည်။

"ငါ ... နင့်ကို အရင်က အရမ်းမုန်းတာ"

ပွင့်လင်းလှသော ခူးခူးဝန်ခံချက်ကြောင့် သွန်း ပြုံးသည်။

"နင့်ပုံစံက ထောင့်မှမကျိုးတာ"

"ကွိုင်ပဲ ... ငါနေတတ်သလို နေတာပဲဟာ"

"သွန်း မှန်မှန်ဖြေစမ်း ... နင်လည်း ငါ့ကို အရင်က အရမ်းမုန်းတာပဲ မဟုတ်လား"

"ဟ ... ငါက ဘာလို့အသားလွတ်မုန်းရမှာလဲ"

"ငါက နင့်ဆီက အဆင့်တစ်ကို အတင်းဝယ်ခဲ့တာလေ"





ခူးခူး အရင်က တစ်ဖွတ်ထိုးလုပ်ခဲ့တဲ့အဖြစ်အပျက်ကို ပြန်ရှက်ရင်း ခပ်ဆောင့်ဆောင့်ပြောမိသည်။

"မမုန်းပါဘူးဟာ ... ငါ အဲဒီတုန်းက ရယ်ပဲရယ်ချင်နေခဲ့တာ"

"အံမာ"

ရယ်ဟဟနှင့် သွန်းပြောတော့ ခူးခူး မျက်စောင်းကြီးရွယ်သည်။

"ခူးခူးရယ် ... တကယ်တော့ ငါက နင့်လောက် စာမတော်ပါဘူး။ ရှေ့ပိုင်းစာတွေက လွယ်လို့ပါ၊ နောက်ပိုင်း တကယ်လည်း စာတွေခက်လာရော ငါ မလိုက်နိုင်တော့ဘူး"

သွန်းက သူ တမင်လျှော့ဖြေခဲ့တာတွေကို ဖုံးကွယ်ကာ စာမလိုက်နိုင်သလိုသာ ပြောသည်။

ခူးခူးက ခုချိန်မှာ အဲ့ဒီထက် ပိုအရေးတကြီး သိချင်နေသောကိစ္စကိုသာ တစ်ဖွတ်ထိုးမေးမိပြန်သည်။

"သွန်း ... နင်ကရော ငါ့ကို ဘာလို့ခင်တာလဲ"

ခူးခူး မေးကလေးဆတ်ကာ မေးမိသည်။

သွန်း ... ခေါင်းကုတ်မိချေပြီ။

ခင်တာပဲ ... သံယောဇဉ်ကို အကြောင်းပြချက်ပေးလို့ရမှာလား။ မဖြေပြန်လျှင်လည်း ကောင်မ,ဆိုးကလေးက စိတ်ကောက်ဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



သေချာတာက မျက်ရည်တွေဝဲနေသော ထိုကောင်မလေးကို သိပ်သနားခဲ့မိသည်။

အဲ့ဒီသနားခြင်းကပဲ သံယောဇဉ်ကို အစပျိုး ရှင်သန်စေခဲ့သည်လား။

"ဟဲ့ ... ပြောလေ"

သွန်း အချိန်အကြာကြီး ငြိမ်သက်ကာ စဉ်းစားသည်။

နူးနူးကလည်း စိတ်ရှည်လက်ရှည်စောင့်ကာ နားထောင်သည်။

ထို့နောက် သွန်း ပြန်ဖြေလေသည်မှာ တစ်ခွန်းတည်း။

"မသိဘူး"

ဟူသတဲ့။

"ဟမ် ... သွန်းစုတ်"

နူးနူး စိတ်ဆိုးကာ သွန်းကို ကျောထုတော့သည်။

သွန်း ကျောကော့ကာ တအားအားအော်ရင်း ထွက်ပြေးသည်။

"သိခ်ရေ ... ငါ့ကိုကယ်ပါဦး သိခ်"

သွန်း သိခ်ကို လှည့်ပတ်ပြေးကာ ကာဗာယူသည်။

သိခ် ကာသလိုလိုနှင့် သွန်းကို ဖမ်းချုပ်ကာ နူးနူးလက်ထဲအပ်သည်။

"လာခဲ့ ... သွန်းစုတ် သွန်းနာ"

သက်ပိုင်ရဲ့စာပေ



ရယ်မောသံများ၊ အော်ဟစ်သံများက ဖြူစင်သန့်ရှင်းလှစွာ သုံးယောက်တည်းနှင့် ကမ္ဘာပျက်မတတ်။

ခင်မင်ခြင်းမှာ အကြောင်းပြချက်မရှိ။

သုံးယောက်သား ခွဲခြားလို့မရတော့အောင် တတွဲတွဲဖြစ်ခဲ့ကြသည်။

ခုတော့ ... သူတို့ကြားမှာ ဘာမှခြားနားချက်မရှိတော့။

နူးနူးက အဆင့်တစ်။

သိခ်က နှစ်၊ သွန်းက သုံး။

ဒါပေမဲ့ သူတို့အားလုံး ကျေနပ်ကြသည်။

သူတို့ကြားမှာ ...

ဆင်းရဲခြင်း၊ ချမ်းသာခြင်းလည်း မရှိ။

အသိုင်းအဝိုင်း၊ ရာထူးဂုဏ်ဒြပ်လည်း မရှိ။

ထိုအရာများက သူတို့အတွက် အရေးမပါ။

သို့သော် ...

ထိုအရာများကပဲ သူတို့ကို အနှောင့်အယှက်ပေးနိုင်သည့် ရန်သူများ ဖြစ်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ခူးခူးက ပြောလိုက်ပြီးသည်နှင့် သွန်းမျက်နှာကို အကဲခတ်စိုက်ကြည့်နေလိုက်သည်။

ထင်သည့်အတိုင်းပင် ချက်ချင်း ပျာပျာသလဲ။

"ဟာ ... ငါမလာချင်ဘူး ခူးရာ"

ခူး သိပြီးသား ... သူ ငြင်းလိမ့်မယ်ဆိုတာ။

ဒါပေမဲ့ တန်ခူးလေပြည်ပဲ ဘယ်ရလိမ့်မလဲ။

"သွန်း ... နင် ငါ့ဆန္ဒကို ငြင်းရဲသလား"

ခူးခူး လေသံမာမာနှင့် မေးလိုက်သည်။

"ဟာ ... ခူးရာ"

"ဘာ ခူးရာလဲ ... နင် လုံးဝစိတ်မကူးနဲ့နော် သွန်း"

ခူးခူး တစ်ချက်လှွတ် ရာဇသံပစ်သည်။

သွန်း 'ကျစ်' ခနဲ စုတ်သပ်သည်။

"အဲ့လို ဝတ်ကောင်းစားလှကြီးတွေ ဝတ်ပြီး ဟန်ဆောင်





နေကြတဲ့ ပွဲလမ်းမျိုးဆိုရင် တွေးတာနဲ့တင် ငါ စိတ်ကျဉ်းကျပ်လွန်းလို့ပါ ခူးခူးရယ်"

"ဘာမှ စိတ်ကျဉ်းကျပ်စရာ မလိုဘူး၊ ကြီးကျယ်ခမ်းနားတဲ့ပွဲလမ်းလည်း မဟုတ်ဘူး၊ သူငယ်ချင်းတွေပဲရှိမှာ၊ ငါ့ဆန္ဒက သူငယ်ချင်းတွေအများကြီးနဲ့ စားမယ်, သောက်မယ်, ကစားမယ်, ကမယ် ... အဲ့လို ပျော်ချင်တာ"

"ဟာ ... ငါ က,လည်း မကတတ်ပါဘူး ခူးရယ်"

"မကတတ်လည်း ကိစ္စမရှိဘူး၊ ငါတို့က,တာ ဘေးက ထိုင်ပြီး လက်ခုပ်တီးပေး"

"စိတ်ညစ်စရာကြီး ခူးရာ"

"သွန်း"

ခူးခူး စိတ်မရှည်နိုင်တော့။

ခြေဆောင့် မျက်လုံးစုံမှိတ်ပြီး အော်ထည့်လိုက်သည်။

"ဘာဆင်ခြေမှ မပေးနဲ့ ... ငါ့ကိုခင်ရင် နင်လာခဲ့ရမယ် ... ဒါပဲ"

အထက်လူကြီးလေသံနှင့် တစ်ချက်လွှတ်အမိန့်ပေးပြီးသည်နှင့် ချာခနဲလှည့်ကာ ဆောင့်ဆောင့် ဆောင့်ဆောင့်နှင့် ခူးခူး ထွက်လာခဲ့သည်။

"လာခဲ့လိုက်စမ်းပါ သွန်းရာ ... မင်းကလည်း သူ့အကြောင်း သိရဲ့သားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့ အဲဒီပုံစံမျိုးတွေနဲ့ ကီးမှမကိုက်တာကွာ"

"ဟော့ကောင် ... သူ ကျေနပ်ရုံ မင်းလာပြီး ငါးမိနစ်လောက် ငုတ်တုတ်ထိုင်ပြီး ပြန်လည်းဖြစ်တယ်"

ကြားထဲက စိတ်ညစ်ရသည်က သိမ်။

သွန်းကိုလည်း လာချင်အောင်စည်းရုံး။

ခူးခူးကိုလည်း ချော့ဖို့ နောက်မှအပြေးလိုက်ရပြန်သည်။

ပခုံးပေါ်မှာ ကြိုးကြည်ကြည်လေးနှစ်ချောင်းက ကြက်ခြေခတ်ထားသော ဂါဝန်တိုဝဲဝဲကလေးနှင့် မီးရောင်စုံအောက်မှာ အရမ်းလှနေသော ကောင်မလေးကို သွန်း အကြာကြီးမှင်တက်ကြောင်ငေးကြည့်နေမိသည်။

ဆိုင်လား၊မဆိုင်လားတော့ မသိ။ ပြည့်နဝဒေးကြီးရဲ့ ကဗျာစာသားတချို့ကို သတိရလိုက် မိသည်။

"ဟော့ကောင်"

အနောက်မှ ရုတ်တရက် ပခုံးလှမ်းပုတ်တာခံလိုက်ရတာမို့ သွန်း လန့်ခနဲ ဖြစ်သွားရသည်။

လှည့်ကြည့်လိုက်တော့ သိမ်။

"ဟာကွာ ... မင်းကလည်း"





"ငေးလှချည်လား ... မမြင်ဖူးဘူးလား"

သိမ် အူတိုမျက်နှာကြီးနှင့် စကားနာထိုးသည်။

ကြောင်တောင်ကြီး ကြည့်မိသွားရသည့်အတွက် သွန်း ရှက်ကိုးရှက်ကန်းကြီး ဖြစ်သွားရသည်။

"ခူးခူး ဒီနေ့ အရမ်းလှနေတယ်နော် ... သိမ်"

အရှက်ပြေဝန်ခံရင်း သိမ်ကို အဖော်ညှိလိုက်သည်။

သိမ် မကြားချင်ယောင်ဆောင်ကာ ဘာမှပြန်မပြော

"ကောင်မလေးက စိတ်နည်းနည်းပုပ်တာရယ်၊ နည်းနည်းဆိုးတာရယ်က ဖျက်နေတာ .. ရုပ်ကလေးက လှရဲ့သားနဲ့"

"သွားပြောလိုက်ရမလား"

သိမ် ခြောက်သည်။

"လမ်းကြောင်း အရင်ပြထား ပြေးဖို့"

နှစ်ယောက်သား ပခုံးဖက်ကာ ရယ်လိုက်မိကြသည်။

"လာလေ၊ သွားနှုတ်ဆက်လိုက်ဦး၊ ကောက်နေဦးမယ်"

"နေပါစေတော့ကွာ ... ငါ ဟိုနားက သစ်ပင်အောက်မှာပဲ ထိုင်နေတော့မယ်"

"ပြီးရော ... ငါ မင်းအတွက် စားစရာတစ်ခုခု ယူလာခဲ့မယ် ခဏစောင့်"

သိမ်ထွက်သွားတော့ သွန်း သစ်ပင်အောက်မှာ ဝင်ထိုင်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်ပျော်ရွှင်နေကြသည့် လူစုလူဝေးထဲ သွန်းမဝင်ချင်။ ရှိစုမဲ့စုထဲက အကောင်းဆုံးဝတ်လာခဲ့သည့် တီရှပ်နှင့် ဂျင်းပင်န်က ပွဲတိုင်းကျော်မို့ အရောင်လွင့်လုပြီ။

တစ်ယောက်တည်းနေတာ အကောင်းဆုံးဖြစ်မယ် ထင်ပါရဲ့။ သူ့မွေးနေ့ကိုလာသည်ဆိုလျှင် ခူးခူး ကျေနပ်လောက်ရောပေါ့။

သူ စိတ်မပါဘဲ လာခဲ့ရသည်မို့ ဒီရောက်တော့ မျက်စိနောက် နားတွေညည်းကာ ပိုပြီးစိတ်ရှုပ်ထွေးလာခဲ့သည်။

ပြန်လာခဲ့မယ် ... ဆိုသည့် သိခ်ကလည်း တော်တော်နှင့်ပေါ်မလာ။

သွန်းတစ်ယောက်တည်း တဖြည်းဖြည်းနှင့် ပျင်းလာကာ မြေကြီးကိုသာ အဓိပ္ပာယ်မရှိ ဖိနပ်ဦးနှင့် တိုက်နေမိဆဲ ...

ရုတ်တရက် မျက်လုံးကို လက်ဝါးနှစ်ဖက်နှင့်ပိတ်ကာ ခံလိုက်ရသည်။

"ဘယ်သူလဲ"

သွန်း ခပ်တိုးတိုးပြန်မေးလိုက်မိသည်။

မေးသာမေးလိုက်ရသော်လည်း ပြုံးနေမိသည်။

တကယ်တော့ သိပြီးသား။

သင်းသင်းကလေး ပျံ့မွှေးနေတဲ့ ကိုယ်သင်းရနံ့နှင့် ... လက်ချောင်းသွယ်သွယ် နွေးနွေးကလေးတွေရဲ့ အထိ





အတွေ့ကို အလွတ်မှတ်မိပြီးသား။

ပြီးတော့ ...

ဒီနေရာမှာ ကိုယ့်ကို အရေးတယူလုပ်ပြီး မျက်စိလာမှိတ် စ,မယ့်သူဆိုလို့ ဘယ်သူရှိနိုင်ဦးမှာလဲ။

"ဘယ်သူလဲ ... လို့ မေးနေတယ်လေ"

သွန်း လေသံကို မာပစ်လိုက်သည်။

ရယ်ချင်စိတ်က တလိပ်လိပ် တက်လာသည်။

မျက်လုံးကိုပိတ်ထားသည့် လက်ချောင်းလေးတွေကလည်း ပိုပြီးတင်းကျပ်လာသည်။

"အာ ... မျက်စိနာလာပြီ ... ဖယ်ပေးတော့"

သွန်း အသံကိုပိုမာကာ ပြောသည်။

"မဖယ်ဘူးလား ... ငါသိတယ်နော် သိခ်မဟုတ်လား။ သိခ် ဖယ်တော့ကွာ၊ မင်းလက်ကြီးက ချွေးစော်နံတယ်"

သွန်း စ,ချင်စိတ်ကို မထိန်းနိုင်တော့ဘဲ ပြောလိုက်မိ၏။

"ဘာပြောတယ် ... ငါ့လက်ကိုများ ချွေးစော်နံတယ် ... ဟုတ်လား ကောင်စုတ်"

ခူးခူးဆီမှ အသံထွက်လာသည်။

သွန်း ရယ်ချင်စိတ်ကို ဘယ်လိုမှ ထိန်းလို့မရနိုင်တော့။

ခူးခူးလက်ကိုဆွဲကာ တဟားဟား အော်ရယ်နေမိသည်။

"ဖယ် ... လွှတ် ... မကိုင်နဲ့၊ ငါ့လက်က ချွေးစော်နံ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆို''

ခူးခူး မကျေနပ်ချက်ကို စကားနာထိုးမိသည်။

သွန်း ရယ်ရင်းက ...

''မနံပါဘူးဟာ ... အလကားနောက်တာ၊ နင့်လက်ကလေးက ရေမွှေးနံ့, စပရေးနံ့ မွှေးနေတာ''

''အစောကြီးကတည်းက နင့်လက်ကလေးမှန်း ငါသိသားပဲ၊ တမင်နောက်ချင်လို့ မသိချင်ယောင်ဆောင်နေတာ''

''ဟွန့်''

ခူးခူး မျက်စောင်းကလေး ဝင့်လိုက်သော်လည်း စိတ်ထဲကတော့ ကျေနပ်သွားရသည်။

အတူနေတာပိုများတဲ့ သိမ်ထက်ပင် သွန်းက ခူးခူးနဲ့ ပတ်သက်တာတွေကို အသေးအမွှားလေးကအစ မှတ်မိနေတတ်တာ ခူးခူး မကျေနပ်ဘဲ ရှိပါ့မလား။

''သွန်း ... ငါ လှလား''

ခူးခူး လက်ကလေးပိုက်၊ မျက်စလေး ချီပြီး မေးသည်။

သွန်း ကြောင်စီစီကလေး ဖြစ်သွားရသည်။

ဖြေရမှာလည်း ရှက်ကိုးရှက်ကန်းဖြစ်ကာ ခေါင်းကြီးသာ ငုံ့ထားလိုက်မိသည်။

စိတ်ထဲမှာတော့ ပြည်နဝဒေးကြီးရဲ့ ရတုတစ်ပုဒ်ကိုသာ ရွတ်ဆိုနေမိတော့သည်။





ညို့ညို့ပြာပြာ
ဆင်းပြင်လျှာမှ
ပြစ်မှာမခက်
ဆယ်နှစ်သက်က
ချောညက်ညွတ်သွယ်
နတ်နှင့်ဆွယ်၍
ရှယ်လည်းရှယ်ပျို
ညိုလည်း ညိုဝင်း
ဖြူရှင်းရောရ
နောင့်သက်စုကို
နှိုင်းရှုချေမှု
ထွားပြာဖြူသည်။

''ဟဲ့ ... ဘာငိုင်နေတာလဲ''

''အဲ့ ... ထွားပြာဖြူ''

သွန်း လွှတ်ခနဲ ယောင်အော်မိသည်။

''ဘာ ... ဘယ်က ထွားပြာဖြူလဲ''

ခူးခူး နားမလည်နိုင် ဖြစ်သွားရသည်။

''အာ ... မဟုတ်ဘူး ... ဘာမှမဟုတ်ဘူး''

သွန်း ရှက်ကိုးရှက်ကန်းနှင့် ဖွတ်ငြင်းသည်။ ခူးခူး ခဏငြိမ်သက်စဉ်းစားလိုက်တော့ အဖြေပေါ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ... အဲဒါ နဝဒေးကြီးရဲ့ရုပ်တု မဟုတ်လား"

ခူးခူး မျက်ဝန်းလေး ထောင့်ကပ်ကာ မေးလိုက်သည်။

သွန်းမျက်နှာကြီး ရဲတွတ်နီစပ်သွားရသည်။

တော်တော်လည်တဲ့ ကောင်မလေး။

"ဟာ ... ဘာမှမဟုတ်ပါဘူး ခူးရာ"

ခူး မျက်စောင်းကြီးရွယ်သည်။

မသိဘူးများ မှတ်နေသလားမသိ။

သူကပဲ ရှက်နေရသေးတယ် ရှိသေး။

"ဟို ... နင့်မွေးနေ့ ငါ ... ငါလာတယ်နော် ခူးခူး"

သွန်း ရှက်ရှက်နှင့် စကားလမ်းကြောင်းပြောင်းဖို့ ကြိုးစားသည်။

သွန်းပုံစံကိုကြည့်ကာ ခူးခူး ကလိချင်စိတ်ဖြင့် ပြုံးဖြစ်နေမိရင်း ...

"သင့်ခယူပါ ကိုဘုန်းမိုးသွန်းရယ်"

ခူးခူး ခါးကလေးညွတ် ခေါင်းလေးငဲ့ကာ ပဲထုတ်ကာ ပြောလိုက်သည်။

"နင်ကလည်း"

"နင်က မလည်းနဲ့၊ ပေး ... ဘယ်မှာလဲ မွေးနေ့လက်ဆောင်"

ခူးခူး သွန်းရှေ့ လက်ဝါးဖြန့်သည်။





"ပေးမယ် ... မျက်စိမှိတ်ထား"

သွန်း ခူးခူးကို မျက်လုံးလေးမှေးကြည့်ကာ ပြုံးပြုံးလေးပြောသည်။

"အယ် ... နင် ငါ့ကို ဘာလုပ်မလို့လဲ သွန်း"

ခူးခူး တမင်လန့်ချင်ယောင်ဆောင်ရင်း နောက်သို့ ခြေတစ်လှမ်းဆုတ်ကာ (ပြုံးစိစိဖြင့်) မေးသည်။

ထုံးစံအတိုင်း ရှက်သည်းရသူက ... သွန်း။

"ဟာ ... နင်ကလည်း ဘာတွေလျှောက်တွေးနေတာလဲ၊ ငါက နင့်ကို မွေးနေ့လက်ဆောင်ပေးမလို့ပါ၊ ရတယ် ရတယ် ... မျက်လုံးမှိတ်မထားလည်း ရတယ်၊ မမှိတ်နဲ့တော့"

ခူးခူး အထင်လွဲမှာစိုးပြီး ရှက်သည်။ ပျာယာခတ်နေသည့် သွန်းကိုကြည့်ကာ ခူးခူး မအောင့်အည်းနိုင်တော့ဘဲ အော်ရယ်မိတော့သည်။

"ကဲပါ ကဲပါ ... ငါ မျက်လုံးမှိတ်ထားပါ့မယ် သွန်းရယ်၊ နင် ငါ့ကို မနမ်းရဲဘူးဆိုတာ သိပါတယ် ... ဟား ဟား"

တဟားဟားရယ်ရင်း ခူးခူး မျက်လုံးမှိတ်သည်။

ခန္ဓာကိုယ်ကသာ ဖွံ့ထွားလာပေမယ့် ကလေးစိတ်သာရှိနေသေးသည်မို့ ခူးခူး ပြောရဲနေသေးခြင်းသာ။

ပြီးတော့ ... သွန်းကိုမို့လည်း ပြောရဲတာဖြစ်သည်။

သိန်ကိုဆိုရင်တော့ သွန်းလောက် လွတ်လွတ်လပ်လပ်



www.burmeseclassic.com

www.burmeseclassic.com



မပြောရဲ။ သွန်းကလည်း ရှက်သည်းတတ်သူ မဟုတ်လား။

ခူးခူး အတွေးများဖြင့် ပြုံးကာ မျက်လုံးမှိတ်ထားဆဲ။ လတ်ဆတ်သောမွှေးရနံ့က နှာဝဆီရောက်လာသဖြင့် အရမ်းကို ကြည်နူးဆွတ်ပျံ့သွားမိပြီး မျက်လုံးများ ဆတ်ခနဲ ဖွင့်လိုက်မိသည်။

''ဟယ်''

ခူးခူးနှုတ်မှ ဟယ် ... ခနဲ အာမေဍိတ်ထွက်ကျစေသည့်အထိ ကြွေရောင်တောက်ကာ ဖြူလွလှပနိုင်လွန်းသော နှင်းဆီပန်းစည်းတစ်စည်း။

''လှလိုက်တာ သွန်းရယ်''

ခူးခူး ပန်းစည်းကို ရင်ခွင်၌ ဖွဖွလေးအပ်ကာ အကြာကြီး ငုံ့ရှိုက်လိုက်မိသည်။

''မွှေးလိုက်တာဟယ် ... ရင်ထဲကို အေးသွားတာပဲ''

ဘာမဟုတ်သည့် ကိုယ့်လက်ဆောင်နှင်းဆီပန်းစည်းကလေးကို ခူးခူး သဘောကျချစ်မြတ်နိုးနေတာ တွေ့လိုက်ရ၍ သွန်း အရမ်းကို ကျေနပ်ပျော်ရွှင်သွားရသည်။

တစ်နေကုန် ဆူးထွင်ရကျိုးလည်း နပ်သွားပါရဲ့။

ဆူးထွင်နေစဉ်အတွင်း လက်ချောင်းတွေ ကျိန်းနေအောင် စူးခံရကျိုးလည်း နပ်သွားပါရဲ့။

မုန့်ဖိုးအငတ်ခံရကျိုးလည်း နပ်သွားပါရဲ့။





''မှန်း ... ဘယ်နှစ်ပွင့်လဲ ... တစ်, နှစ်, သုံး, လေး ငါး, တစ်ဆယ်, ဆယ့်လေးပွင့် ... အလို့ .. ငါ့သက်စေ့ပါလား၊ နင် တော်လာပြီ ... သိလား သွန်း''

''ခူးရယ် ... ငါ နင့်ကို ပန်းပွင့်ပဲ လက်ဆောင်ပေးနိုင်တာ အားနာပါတယ်ဟာ၊ ဒီနေ့ ... နင့်မွေးနေ့မှာ ငါ့လက်ဆောင်က အနုတ်ဆုံးဖြစ်မယ်ဆိုတာ ငါ သိပါတယ်''

''ဘာတွေပြောနေတာလဲ ... ဒီနေ့ ငါရသမျှလက်ဆောင်တွေထဲမှာ နင့်လက်ဆောင်ကို ငါ အမြတ်နိုးဆုံးပဲ၊ ပြီးတော့ နင်လာတာ ငါအပျော်ဆုံး ... သိပြီလား''

ခူးခူးက ဆူးမဲ့နှင်းဆီပွင့်လေးတွေကို နမ်းမဝနိုင်တော့သလို ငုံ့ကာ ငုံ့ကာ မွှေးရှိုက်ရင်းက ပြုံးပြုံးကလေး ပြောသည်။

ခူးခူးစကားကြောင့် သွန်းလည်း အရမ်းကို ကျေနပ်ကာ ပျော်သွားမိသည်။

''သွန်း''

ခူးခူးက ပန်းစည်းလေးပိုက်ကာ မဆို့တရှိုပြုံးရင်း တိုးတိုးကလေး ခေါ်သည်။

ခူးခူးပုံစံ ရုတ်တရက်ပြောင်းလဲကာ တစ်မျိုးလေးဖြစ်သွားသည်မို့ သွန်း နားမလည်သလို ဖြစ်သွားရသည်။

''ဘာလဲ''

''လလေးက သာနေတယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



ရှူးရှူး ကောင်းကင်ကိုမော့ကြည့်ကာ ပြောတော့ သွန်း လည်း လိုက်ကြည့်ကာ "အင်း" ဆိုပြီး ခေါင်းညိတ်မိသည်။

"ကြယ်လေးတွေကလည်း အရမ်းလှတယ်နော်"

"အင်း"

သွန်း ရှူးရှူးကျေနပ်အောင် 'အင်း' သာလိုက်မိသော် လည်း ညပဲ လသာတာ, ကြယ်တွေရှိတာ ဘာဆန်းလဲ ... လို့ တွေးမိသည်။

"လေကလည်း လေနုအေးလေးနော် သွန်း"

ကွိုင်ပဲ။

ပြည်နဝဒေးကြီးတောင် သူ့လောက် ခံစားတတ်ပါ့ မလားလို့ သွန်း ရှူးရှူးကို ကြောင်စီစီကြည့်ပြီး တွေးနေမိသည်။

"သွန်း ... ပန်းလေးတွေကလည်း လှတယ်နော်"

သွန်း ခေါင်းကုတ်မိချေပြီ။

"ငါလည်း လှတယ်မဟုတ်လား သွန်း"

သွန်းတစ်ယောက် မျက်လုံးပါ ပြူးချေပြီ။

ရှူးရှူးကတော့ အေးအေးဆေးဆေးပင်။

ပန်းစည်းလေးကိုင်ကာ တစ်ပတ်ပင် လှည့်ပြလိုက်သေး ပြီး ...

သွန်းရှေ့ မတ်မတ်ကျော့ကျော့ကလေးရပ်ကာ ...

"သွန်း ... နင် သေသေချာချာခံစားကြည့်စမ်း ... လ





လေးကသာ, ကြယ်လေးတွေကလည်းလှ, လေနုအေးလေးက လည်း တိုက်နေတဲ့ ညချမ်းကလေးမှာ အဖြူရောင်နှင်းဆီပန်းစည်း လေးကိုင်ထားတဲ့ မိန်းကလေးတစ်ယောက်ကို ဖာတ်လိုက်က ရုပ်ရှင်တွေထဲမှာသာဆို ဘာလုပ်မယ်ထင်သလဲ သွန်း"

"ဟင်"

သွန်းရင်ထဲ ဒိန်းခနဲ။

ငတိမကတော့ ခပ်ပြုံးပြုံးပင်။

သွန်း ခေါင်းကုတ်လိုက်၊ ဆံပင်တွေ ဖွလိုက်နှင့် ဘာလုပ် ၍ ဘာကိုင်ရမှန်းမသိ။

ကတုန်ကယင်ကြီးနှင့် ရှူးရှူးကို ကျောခိုင်းလိုက်မိသည်။

"ဟင် ... လို့ဆို သွန်း"

ရှူးရှူး ပြုံးစိစိလုပ်ကာ ထပ်မေးသည်။

"မသိဘူးလေဟာ"

သွန်း လက်ချောင်းတွေဆုပ်နယ်လျက် မပီမသပြန်ဖြေ သည်။

"ငတုံး"

ရှူးရှူး သွန်းပခုံးကိုရိုက်ကာ ထောပနာပြုပြီး တဟားဟား အော်ရယ်မိသည်။

အရှုံးမ ...။

သွန်းစိတ်ထဲကသာ ပြောရဲသော်လည်း ရင်တုန်မပြေ



www.burmeseclassic.com

www.burmeseclassic.com



သေး။

မျက်နှာလည်း ထူပူအမ်းထုံဆဲ။

''ဟာ ...နင်က ဒီမှာကိုး''

အော်ကျယ်ကျယ်နှင့် သိခ် အနားရောက်လာတော့ နှစ်ယောက်စလုံး သတိအနေအထား ပြောင်းလိုက်ရသည်။

သိခ်က ခူးခူးကိုတစ်လှည့်၊ သွန်းကိုတစ်လှည့် ဘုရှိတ်၊ ရှိတ်ကာ သိပ်မကြည်ချင်။

''နင်က ဒီမှာ ဘာလာလုပ်နေတာလဲ''

''ဘာလာလုပ်ရမှာလဲ ...သွန်းနဲ့ စကားပြောနေတာ မတွေ့ဘူးလား''

ခူးခူး ဘုရှိတ်ပြန်ရှိတ်သည်။

အခြေအနေက တင်းမာဖို့ အစပျိုးလာပြီမို့ သွန်း ကြားဝင်ရတော့သည်။

''သိခ် ...မင်း အတော်ပုံပြောတဲ့ကောင်နော်၊ ငါ့အတွက် စားစရာတွေ ယူလာခဲ့မယ်ဆိုပြီး ပေါ်ကိုမလာတော့ဘူး''

''ဟိုမှာ လူကြီးတွေ ခိုင်းနေလို့ကွ၊ ခူးခူး ...နင့်ကို အန်တီခေါ်ခိုင်းလိုက်တယ်''

သိခ် သံပြတ်နှင့်ပြောပြီး လှည့်ထွက်သွားသည်။

သိခ်ထွက်သွားတော့ ခူးခူးက သွန်းကို လှည့်ကြည့်ကာ ပခုံးတွန့်ပြသည်။





''သိခ် ...ငါတို့ကို မကြည်ဘူးထင်တယ်''

''အလကားနေရင် မစ္ဆရိယစိတ်တွေ များနေတာ၊ ဂရုစိုက်မနေနဲ့၊ လာ သွားမယ် ...လိုက်ခဲ့၊ နင့်ကို ငါ့ဖေဖေတို့ မေမေတို့နဲ့ မိတ်ဆက်ပေးမယ်''

''ဟာ ...ငါ မလိုက်ချင်ဘူး ...ပြန်တော့မယ်''

''မပြန်ရပါဘူး ...ငါ့အဖေနဲ့အမေကို လိုက်တွေ့ရမယ်၊ ငါက အိမ်မှာ နင့်အကြောင်းတွေ ခဏခဏ ပြောပြထားတာ ...လာ လိုက်ခဲ့''

''ခူးခူး ...ဟာ ...ငါ မလိုက်ချင်ပါဘူးဆို''

''မရှည်နဲ့''

သွန်း ဆုတ်ကန်ကန်နှင့် ငြင်းသည်။

တစ်ဖွတ်ထိုး တစ်လမ်းမောင်း ခူးခူးကလည်း မရအရ အတင်းလက်ဆွဲခေါ်လာခဲ့သည်။

''နင် ဘာ့သ်ဒေးကိတ်လည်း မစားရသေးဘူး မဟုတ်လား၊ စားကြည့် ...အရမ်းကောင်းတယ်၊ ဟဲဟဲ ...ကိတ်မုန့်ကြီးက ထွားပြာဖြူ ...ထွားပြာဖြူ ...အဟင်းဟင်း''

''နင်ကလည်း''

ခူးခူး မချိုမချဉ်လုပ်လေ သွန်း ရှက်သည်၊ နေရခက်လေ။

သူ့အဖေနှင့်အမေရှေ့ရောက်တော့မှပဲ ခူးခူးက လက်တွဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်သည်။

ခူးခူးမိဘများမှာ ရာထူးဂုဏ်အရှိန်အဝါနှင့် ပြည့်စုံသူများဖြစ်ကြောင်း သွန်း မြင်လိုက်တာနှင့် ခန့်မှန်းမိလိုက်သည်။

မျက်နှာများမှာ အရှိန်အဝါတစ်မျိုးနှင့် တောက်ပထည်ဝါ၍နေသည်။

ခြေဆုံးခေါင်းဆုံးကြည့်နေကြခြင်းကြောင့် သွန်း အနေရခက်နေမိဆဲ။

"ဖေကြီး၊ မေကြီး . . . ဒါ သွန်း . . . ဘုန်းမိုးသွန်း၊ ဖီးရိုး ဖီးရိုး ဆဲဗင်း (007) တော့ မဟုတ်ဘူး . . . ဖီးရိုး ဖီးရိုး သုည ဘဲဥ သွန်း"

ခူးခူးရဲ့ အရွတ်အနောက် မိတ်ဆက်စကားကြောင့် ခူးခူးရဲ့မိဘများရော သွန်းပါ ရယ်မောမိကြလျက် စိတ်ပေါ့ပါးသွားရသည်။

"တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ"

သွန်း ခေါင်းညွှတ်လျက် (တကယ်တော့ အားငယ်အန့်စိတ်ကြောင့် ခေါင်းငုံ့ထားမိတာပါ) ခပ်တိုးတိုး ပြောလိုက်မိသည်။

"အေး အေး . . . အန်တီတို့ကလည်း တွေ့ရတာ ဝမ်းသာပါတယ်၊ သားက သမီးလေးနဲ့ တစ်တန်းတည်းသားချင်းပေါ့ . . . ဟုတ်လား"

"အံမယ်လေး မေကြီး . . . သူက အတန်းထဲမှာ အရင်





က အမြဲအဆင့်တစ်ရခဲ့တာ၊ အခု သမီး ဖိုက်နိုင်လွန်းလို့ သူ့တစ်ကို ရတာ"

"ဟုတ်လား . . . သားက စာတော်တာပေါ့"

"တော်တာမှ အကြီးကြီးကိုတော်တာ၊ တော်လွန်းလို့ ခူး သူ့ကို အမြင်အကြီးကြီးကတ်ခဲ့တာပေါ့"

ခူးခူးအပြောကြောင့် ရယ်ကြရပြန်သည်။

သွန်း စာတော်ကြောင်းသိလိုက်ရတာနှင့် ခူးခူးမိဘများ၏မျက်နှာများမှာ သွန်းအပေါ် လိုလိုလားလားဟန်များ ချက်ချင်းပေါ်လာခဲ့ကြသည်။

"စာတော်တဲ့ကလေးဆို အန်တီတို့က သိပ်ချစ်တာ၊ သမီးလေးကိုလည်း အမြဲပြောရတယ်၊ စာတော်တဲ့သူကို ရွေးပေါင်းလို့၊ တော်တဲ့သူနဲ့ပေါင်းမှ ကိုယ်လည်း တော်မှာလေ . . . မဟုတ်ဘူးလား"

"ဟုတ်ကဲ့"

သွန်း လက်ကလေးနှစ်ဖက်ကို ဘေးကပ်ကာ သတိအနေအထားဖြင့်နေလျက် . . . ဟုတ်ကဲ့ . . . ဟု တိုးတိုးလေးပြောလိုက်သည်။

စာတော်သူမို့ အရေးတယူဆက်ဆံတာ ခံရသည့်တိုင် သွန်း စိတ်ကျဉ်းကျပ်နေမိသည်။

သွန်းမှာက စာတော်သည် . . . ဆိုတဲ့ အရည်အချင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကလွဲ၍ ကျန်တာ ဘာမှမပြည့်စုံ။ ချို့တဲ့နွမ်းပါးသည့် ဘဝ အနေအထားကြောင့် ဒီလိုလူကုံထံတွေနှင့် သွန်း မျက်နှာချင်းဆိုင် စကားမပြောဝံ့။

"ဒါနဲ့ သားမိဘများကရော ဘာလုပ်ငန်းတွေ လုပ်သလဲ ... ဌာနဆိုင်ရာကပဲလား"

ခူးခူးအမေဆီမှ မထင်မှတ်သောမေးခွန်း မေးခြင်းခံ လိုက်ရလျှင် သွန်း မျက်လုံးများထဲ ပြာခနဲ ဖြစ်သွားရသည်။

ရုတ်တရက် သွန်း ဘာဖြေလို့ ပြန်ဖြေရမှန်းမသိ။

ခူးခူးကို အကူအညီတောင်းသလို ကြည့်လိုက်မိသည်။

ခူးခူးလည်း မျှော်လင့်မထားသောအဖြစ်ကြောင့် ...

"ဟို မေကြီး သူ ... သူကလေ ... ဟို ... အဲ"

ခူးခူးကိုယ်တိုင်လည်း ဘယ်လိုပြောလို့ ပြောပေးရမှန်း မသိ။ စကားတွေ ထစ်ငေါ့နေမိလျှင် အကင်းပါးပုံရသော ခူးခူး ရဲ့အမေမှာ သွန်းအခြေအနေကို မသက်ာဖြစ်လျက် ...

"ဘာလဲ သား ... သားမိဘတွေက အပြင်က ကုန် သည်တွေလား"

ဒါ ... တစေ့တစောင်း တီးခေါက် အကဲခတ်လိုက်တာ။

တကယ်တော့ မှန်မှန်ဖြေ ... လို့ တိုက်ရိုက်ဖွင့်မပြော ရုံတမယ်။

မျက်နှာထားများကလည်း အနည်းငယ် တင်းချင်ချင်





ဖြစ်လာကာ အပြုံးများလည်း လျော့ရဲသွားကြပြီး ...

ဒါတွေကြောင့် ဒီလိုနေရာမျိုး၊ ဒီလိုအသိုင်းအဝိုင်းမျိုး ထဲ သွန်း မလာချင်တာ။

သို့သော် ...

ကိုယ့်ရဲ့မပြည့်စုံသောဘဝကို အားငယ်သိမ်နုတ်တတ် သော သွန်းသည် ဘဝအခြေအနေကို အမှန်အတိုင်း ဝန်မခံ အသိမပေးဝံ့သောသူတော့ မဟုတ်။

ဆတ်ခနဲ ခေါင်းကို မော့လိုက်ကာ ...

"ကျွန်တော့်အဖေက ကျောင်းစောင့်ပါ အန်တီ၊ ကျွန် တော် ကျောင်းစောင့်ရဲ့သားပါ"

ဒီတစ်ခါတော့ သွန်းအသံက တိုးဖျော့မနေတော့။

တမင်ကို ရင်ဖွင့်ပြီး ခပ်ကျယ်ကျယ်ပြောလိုက်သည်။

ဘာဖြစ်သေးလဲကွာ။

ကျောင်းစောင့်သားဖြစ်တော့ရော ဘာဖြစ်သေးလဲ။

သူခိုး,ဓားပြသား မဟုတ်ဘူး။

ရိုးသားသန့်ရှင်းတဲ့ကျောင်းစောင့်ရဲ့သား ဖြစ်ရတာ ဘာ ဖြစ်သေးလဲ။

"ဘာ ... ကျောင်းစောင့်ရဲ့သား ... ဟုတ်လား"

အမျိုးသမီးကြီးရဲ့မျက်နှာမှာ သွန်းစကားကို ကြား,ကြား ချင်း မျက်လုံးများ အဆမတန်ပြူးကျယ်ကာ ရင်ဘတ်ကိုဖိလျက်



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ...မိုးခူး ...မိုးခူး ...ညည်း ...ညည်း တော့"

"မေမေကလည်း"

လူအများရှေ့ သမီးဖြစ်သူကို ကျောင်းစောင့်သားကိုမှ ရွေးပေါင်းရသလားဟဲ့ ... လို ကြိမ်းချင်ပါလျက်နှင့် မကြိမ်းဝံ့ဝံ့ ဖြစ်ကာ ကြိတ်မနိုင်ခဲမရဖြစ်နေသော အမေဖြစ်သူကို ခူးခူး မရှုံ့မရဲနှင့် ဆင်ခြေကန်ဖို့ ကြိုးစားသေးသည်။

"မိုးခူး ...ညည်း ...ဟင်း ...သွား ...ဟိုမှာ ညည့်သည်တွေကို သွားညှော့ခံချေ ...သွား၊ လာ ကိုသီလ ... အိမ်ထဲဝင်မယ်၊ ကျွန်မက သမီးရဲ့မွေးနေ့ပွဲကို လူသန့်သန့်နဲ့ ကျက်သရေမင်္ဂလာရှိရှိ ကျင်းပပေးချင်တာ ...ဟင်း"

အမျိုးသမီးကြီးမှာ သွန်းကို မျက်လုံးများ မေးကျဉ်းကာ မတူမတန်သလိုကြည့်ကာ ချက်ချင်း အိမ်ထဲဝင်ဖို့ ကြိုးစားသည်။

ကိုယ်ရှိနေလို့ သူတို့ခြံ သနသည့်ပုံစံမျိုးပြတာကို ရိပ်မိသော သွန်းမှာ ရင်ထဲ အတော်ကလေး အောင့်သက်ခံပြင်းသွားရသည်။

ချက်ချင်းပင် ...

"ခူးခူး ...ငါပြန်မယ်၊ နောက်ကိုလည်း နင့်မွေးနေ့ကို ဘယ်တော့မှ မဖိတ်ပါနဲ့၊ ငါ ဘယ်တော့မှ နင့်မွေးနေ့ကို မလာတော့ဘူး"





သွန်း မာပြတ်သောလေသံဖြင့် ခူးခူးကို တစ်လုံးချင်း ပြောပြီး နေရာမှ ချာခနဲ လှည့်ထွက်လာခဲ့သည်။

အံ့သြကြောင်သက်ကာ မော့ကြည့်နေသော မျက်လုံးဝိုင်းကလေးများကို ကျောခိုင်းလိုက်သည်။

ကျောင်းစောင့်သားဖြစ်တော့ရော ဘာဖြစ်သေးလဲ၊ လူလူချင်း ခင်မင်တဲ့နေရာမှာ ငွေကြေးက ကြားခံနေယ်လား။ ရာထူးဂုဏ်ဒြပ်က အဲ့ဒီလောက်တောင် အရေးပါလား။ လမ်းမှာ တွေ့သမျှအရာတွေကို ဖိနပ်ဦးနဲ့ ထိုးကန်ကာ နင်းခြေလာခဲ့မိသည်။

လူလူချင်း မတူမတန်သလို နှိမ့်နှိမ့်ချချ ခွဲခွဲခြားခြား ဆက်ဆံခံလိုက်ရတာကို တစ်သက်မမေ့နိုင်တော့ပြီ။

တစ်လောကလုံးကို မကျေနပ်။

ကိုယ့်ဘာသာ ကိုယ့်ဘဝနှင့်ကိုယ် အေးဆေးနေခဲ့တုန်းက ဘာပြဿနာမှမရှိ။

ခူးခူး ...

ပြဿနာမ ...

နင်နဲ့ခင်မိလို့ ငါ ဒီလိုအစော်ကားခံရတာ။

နင့်အမေကို ငါ တစ်သက်လုံး မကျေနပ်ဘူး ...သိရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဆူးဆူးနှင့် သိမ်ကို တွေ့လိုက်တာနှင့် မျက်နှာကို မသိမသာလွှဲကာ သွန်း ဖြုန်းဆို နောက်ကြောင်းပြန်လှည့်သည်။

သင်းတို့ကြည့်ရတာ ကိုယ့်လာရာလမ်းကို ကြိုစောင့်နေတဲ့ပုံ။

သွန်း မွေးနေ့ပွဲကိစ္စပြီးသနာကို အစာမကြေသေးသည်မို့ သင်းတို့ကို မျက်နှာချင်းမဆိုင်ချင်။

"သွန်း ... ခဏ ... ခဏ နေပါဦးဟာ"

တုန်အက်အက်အသံကလေးက အော်ဟစ်တားသည်။

သွန်း လှည့်မကြည့်။

ခြေလှမ်းများ ပိုမိုကျဲကာ လျှောက်သည်။

အနောက်က အပြေးလိုက်လာသော ခြေသံတရှပ်ရှပ်ကို ကြားရသည်။

သွန်း လှည့်မကြည့်မိအောင် စိတ်ကိုထိန်းထားရင်း ခြေ





လှမ်းကို ပိုမြန်လိုက်သည်။

အာဂကောင်မလေးက ကိုယ် ... ယောကျ်ားလေးခြေထောက်ကို မီအောင်လိုက်နိုင်ကာ လက်ကို လှမ်းဆွဲသည်။

"သွန်း ... ခဏလေးပါဟာ"

သွန်း ခြေလှမ်းတွေကို ရပ်လိုက်ရတော့သည်။

မရပ်လို့ကလည်း မဖြစ်။

လက်ကို ဆွဲထားသည် မဟုတ်ပါလား။

"သွန်း ... ငါပြောတာ နားထောင်ပေးပါဟာ နော်"

သွန်း ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

မခံချင်စိတ်က အသစ်ဖြစ်ကာ ပြန်ပြီး ဆူဝေလာသည်။

"ငါ့လို ကျောင်းစောင့်သားနဲ့ နင် စကားရပ်ပြောဖို့ မတန်ပါဘူးဟာ၊ သွားပါ ... နင့်လမ်း နင်သွားပါ"

သွန်း စူးနေအောင်စိုက်ကြည့်ကာ အမာထန်ဆုံးလေသံဖြင့် ပြောလိုက်မိသည်။

"သွန်းရယ်"

ခူးခူးမျက်ဝန်းကလေးများထဲ ချက်ချင်း မျက်ရည်ကြည်များ ရစ်ဝဲသွားသည်။

အဲ့ဒီ မျက်ရည်တွေ ...

သွန်းရင်ထဲ နင့်ခနဲ။

ငါ မမြင်ချင်ဘူး ... သိရဲ့လား ကောင်မလေးရဲ့။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"သွန်းရယ် ... ငါ တောင်းပန်ပါတယ်ဟာနော်၊ ငါ့ကို အရင်လိုပဲ ခေါ်ပါနော်၊ အရင်လိုပဲ ဆက်ခင်ပါဟာနော်"

တုန်အက်နေသော အသံကလေးမှာ ရှိုက်သံလေးစွက်နေတော့ သနားစရာကောင်းလွန်းနေသည်။

သွန်း မကြည့်မိအောင် မျက်နှာလွှဲထားမိရင်း အံကို တင်းတင်းကြိတ်ထားသည်။

"နော် သွန်း ... ငါ့ကို အရင်လိုပဲ ဆက်ခင်နော်"

"ခူးခူးရာ ... နင်နဲ့ငါက အနေအထားချင်း ဝေးလွန်းပါတယ်ဟာ၊ နင် ငါ့ကို မခင်ချင်ပါနဲ့တော့"

"သွန်းရယ် ... ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ မနေ့က ငါ အစော်ကားခံရတာ ကိုယ့်နေရာ ကိုယ်မနေတတ်လို့လေ"

"သွန်း ... ဟင့်အင်းဟာ၊ အဲ့သလို မပြောနဲ့"

အဖျားခတ် တိမ်ဝင်သွားသော ရှိုက်သံ။

ခေါင်းကိုငုံ့၊ မျက်နှာကို ဆံပင်တွေနှင့် အမြန်ဖုံးကွယ်လိုက်ပေမယ့် လွင့်ဆင်းသွားသော မျက်ရည်စက်ကို သွန်း အသေအချာ မြင်လိုက်ရသည်လေ။

"မငိုနဲ့လေဟာ ခူးခူး ... သူများတွေမြင်ကုန်မယ်"

သွန်း ... အနားကပ်ကာ ခပ်တိုးတိုးချော့သည်။

သွန်းချော့တောမှပဲ ညက်နီညက်နက် ဘုရင်မ ခူးခူး



BURMESE CLASSIC .com



လက်ခနဲ အကြံပေါ်သည်။

ခေါင်းကို ဆတ်ခနဲ ပြန်မော့လိုက်ပြီး ဆံပင်တွေကိုလည်း ပြန်ဖယ်လိုက်ကာ ...

"ငိုမှာပဲ ... နင် ငါ့ကို ဆက်မခင်တော့ဘူးဆိုရင် သူများတွေကြားအောင်ကို ငါ အော်ငိုပစ်မှာ"

"ဟာ ... ခူးခူး"

သွန်း ပတ်ဝန်းကျင်ကို ဟိုဟိုသည်သည် လှည့်ကြည့်ကာ မျက်လုံးပြူးသွားရသည်။

ခူးခူး ကျိတ်ပြုံးလိုက်မိသည်။

သင်းက အရှက်သည်းတတ်တယ်လေ။

ခူးခူး ... သွန်းအားနည်းချက်ကို သိထားသူပီပီ ကောင်းကောင်းအသုံးချဖို့ ပြင်ဆင်သည်။

"သွန်း ... နင် ငါ့ကို ဆက်ခင်မှာလား, မခင်ဘူးလား ... ပြော၊ ငါ တကယ်ငိုချင်လာပြီနော် ... အော်ငိုပစ်လိုက်မယ်"

"ဟာ ... ခင်မယ် ခင်မယ်၊ မငိုနဲ့ ... လိမ္မာတယ်၊ လုံးဝမငိုနဲ့တော့နော် ... ရှက်စရာကြီး"

"ရှက်ဘူး ... ငိုမှာ၊ နင် မခေါ်တော့ဘူးဆိုရင် ငိုမှာ"

"ခေါ်မှာ ခေါ်မှာ"

"ပြီးရော ... ဟွန်း"

ခူးခူး မျက်ရည်စတွေနှင့် ချက်ချင်း လှိုက်လှိုက်လှဲလှဲ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးသည်။

ခု၊ ဒို ခု၊ ရယ်နဲ့ ... အရှူးမလို့လည်း မပြောရက်ပြန်။

ကိုယ်လို ကျောင်းစောင့်သားမွဲကိုမှ လာသံယောဇဉ် တွယ်နေတာ ဘယ်လို ရှေးရေစက်ကြောင့်ပါလိမ့်။

သွန်း သက်ပြင်း ရှိုက်မိသည်။

"ရှူးရှူး ... ဒါပေမဲ့နော် နင့်မွေးနေ့ပွဲကိုတော့ ငါ့ကို ဘယ်တော့မှ မလာခိုင်းနဲ့တော့"

ပြုံးနေသော မျက်နှာကလေး ချက်ချင်း ညှိုးကျသွား သည်။

သွန်း သက်ပြင်းနှင့်အတူ မမြင်ချင်ယောင်ဆောင်လိုက် သည်။

ကောင်မလေးရယ် ...

ရှောင်လွှဲလို့ မရနိုင်ဘူးဆိုရင်တောင် ...

နင့်တစ်ယောက်တည်းကိုပဲ ပတ်သက်ပါရစေဟာ။

နင့်ရဲ့ မြင့်မားထည်ဝါလှတဲ့ အသိုင်းအဝိုင်းထဲကနေ နင့်တစ်ယောက်တည်းကိုပဲ ငါ သီးသန့်ခင်ပါရစေ ... နော်။

အဲဒါကိုတော့ နင် ငါ့ကို နားလည်ပေးပါ။





"ဆောရီးပဲ ရှူး"

တင်းမာ ပြတ်သားလှသော အငြင်းစကား။

"သွန်း"

ရှူးရှူးရဲ့ မျှော်လင့်မျက်လုံးများမှာ ချက်ချင်း ဖျော့ကျသွား သည်။

"သွန်းရယ် ... နည်းနည်းလောက် ပြန်စဉ်းစားပေးပါဦး ဟာ၊ ငါ ... ငါ့ဘက်ကို နည်းနည်းလောက် ပြန်စဉ်းစားပေး ပါဦး"

"ဝမ်းနည်းပါတယ် ရှူးရယ် ... ငါ့ဘာသာ အေးဆေးနေ ပါရစေ၊ ငါ့ထမင်း ငါစားပြီး သူတစ်ပါးရဲ့အစော်ကား မခံပါရစေ နဲ့"

"သွန်း"

လက်ချောင်းသွယ်လေးများက အင်္ကျီကို ဖွဖွလာဆုပ် ကိုင်သည်။

"နင် မသိဘူးလားဟင် ... တစ်ယောက်တည်းနေရတဲ့ ငါ့ဘဝက ဘယ်လောက်အထီးကျန်ဆန်သလဲဆိုတာ၊ ငါ့ ... ငါ့မှာ တစ်နှစ်မှာ ဒီတစ်ရက်ပဲ ပျော်ရတာပါ"

အင်္ကျီစကို ဆုပ်ကိုင်ထားသော လက်ချောင်းသွယ် ကလေးများကို ငေးရီလိုက်မိသည်။

ရှူးရယ် ...



www.burmeseclassic.com

www.burmeseclassic.com



နှင့်ရင်ထဲက ဆန္ဒတွေကို စာနာ နားလည်ပေးချင်ပါရဲ့၊ လိုက်လျောဖြည့်ဆည်းပေးချင်ပါရဲ့။

ဒါပေမဲ့ ...

ဘဝမှာ ဘာမှ မပြည့်စုံတဲ့ ဘုန်းမိုးသွန်းဆိုတဲ့ကောင်က မာနကိုတော့ ကိုးကွယ်ချင်သေးတယ်လေ။

"ခူးရယ် ... ငါ မရှိလို့လည်း နှင့်မွေးနေ့က ၊ ဘာမှ ဖြစ်မသွားပါဘူး၊ နှင့်မှာ တခြားသူငယ်ချင်းတွေ အများကြီး ရှိပါသေးတယ်"

"ဟင့်အင်း ... အဲဒီ အများကြီးထဲမှာ နှင့်တစ်ယောက် မလာရင် ကွက်လပ်ပဲ"

ကွက်လပ် ... ပဲတဲ့။

အဲဒီကွက်လပ်ကို တခြားတစ်ယောက်နဲ့ အစားထိုးလိုက်ပါလား ကောင်မလေးရယ်။

"ခူးရာ ... သိခ်လည်း ရှိနေတာပဲဟာ"

"မတူပါဘူး ... သိခ်က သိခ်, နှင်က နှင်ပဲ ... သွန်း၊ ရှည်ရှည်ဝေးဝေးတွေ ပြောမနေနဲ့တော့ ... နှင်တကယ်မလာဘူး ပေါ့ ... ဟုတ်လား"

လိုချင်တာ မရ,ရအောင် ယူနေကျ ခူးခူးရဲ့လေသံ မာလာသည်။

သွန်း ... ခူးခူးကို ခပ်တည်တည်ပြန်ကြည့်လိုက်သည်။





ဝမ်းနည်းပါတယ် ခူးခူး။

ငါ နှင့်ကို အရမ်းခင်ပေမယ့် ဒီတစ်ခါတော့ ဘယ်နည်းနဲ့မှ အလျှော့ပေးလို့ မဖြစ်တော့လို့ပါ။

"မလာဘူး ခူးခူး"

စကားနှင့်အတူ အင်္ကျီစကို ဆုပ်ကိုင်ထားသော လက်ချောင်းများကို ဖြည်ချလိုက်သည်။

မျက်နှာလွှဲလိုက်ရင်း ကျောခိုင်းဖို့ ကြိုးစားသည်။

"သွန်း ... နှင် တကယ်သေချာတယ်ပေါ့ ... ဟုတ်လား"

တုံ့ပြန်စကား မဆိုမိတော့။

'တောက်' တစ်ချက်ခတ်သံ ကြားလိုက်ရသည်။

ခူးခူးရယ် ... လို့သာ ရင်ထဲမှ ညည်းလိုက်မိသည်။

ဘယ်လိုမှ မဖြစ်နိုင်တာကြီးကို နှင် ဘာလို့ ဒီလောက်တောင် ဆန္ဒပြင်းထန်နေရတာလဲဟာ။

သွန်း ခြေလှမ်းတွေ ရွှေ့ဖို့ပြင်သည်။

"ရတယ် သွန်း ... သိလား ... နှင် လုံးဝ နောင်တ မရနဲ့"

ပြတ်သားပြင်းထန်သော စိန်ခေါ်သံ။

သွန်း ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားရသည်။

ရင်ထဲ ဒိန်းခနဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးလည်း တောင့်မတ်သွားမိသည်။

"ခူးခူး ... နင် ဘာလုပ်မလို့လဲ"

"မမေးနဲ့ ... သွား ... နင် ငါ့နားမလာနဲ့"

ခူးခူး သူ့ကို အော်ဟစ်နှင်ထုတ်ကာ နောက်ကြောင်းလှည့်ပြေးသည်။

"ခူးခူး ... နင် ဘာလုပ်မလို့လဲ ... ခူးခူး ... ခူးခူး"

သူ စိုးရိမ်တကြီး အော်ရင်း ပြေးလိုက်သည်။

"သွား ... ငါ့နောက် လိုက်မလာနဲ့ ... နင့်ကို မုန်းတယ်"

ဟင့်အင်း ... မမုန်းလိုက်ပါနဲ့ သူငယ်ချင်းရယ်။

နင့်ဆန္ဒ မဖြည့်ဆည်းနိုင်တဲ့အတွက်တော့ ငါ့ကို ရက်ရက်စက်စက် မမုန်းလိုက်ပါနဲ့ဟာ။

ခူးခူးတစ်ယောက် အော်ရင်းဟစ်ရင်း ရှိုက်ကြီးတငင်ငိုရင်း ပြေးနေရာမှ ရေကန်တစ်ကန်ရှေ့အရောက် ခြေစုံရပ်သည်။

သူ ခေါင်းနားပန်းကြီးသွားမိသည်။

"ခူးခူး ... နင် ... နင် ဘာ ဘာလုပ်မလို့လဲ"

သူ အလန့်တကြား အော်မေးလိုက်မိသည်။

"နင် ငါ့မွေးနေ့ကို မလာချင်ဘူး မဟုတ်လားဟင် ... သွန်း၊ အေး ... မလာနဲ့ ... ငါ့အသုဘကိုပဲ လာခဲ့ ... သိရဲ့လား ... အင့် ဟင့် ဟင့်"





ဗလုံးဗထွေး ငိုရှိုက်စကားသံအဆုံးမှာ မျက်စိရှေ့တင် ဝုန်းခနဲ ခုန်ချလိုက်သော ပုံရိပ်။

"အား"

ခနဲ အထိတ်တလန့်အော်ရင်း သွန်း မျက်လုံးပြာဝေသွားမိသည်။

"ခူးခူး ... ခူးခူး"

သွန်း အော်ခေါ်ရင်း ရေထဲ ချက်ချင်း ဒိုင်ဗင်ထိုးချလိုက်မိသည်။

ခူးခူးရယ် ... နင် ဘာ့လို့ ဒီလိုလုပ်ရတာလဲ။

နင် ဘာလို့ ဒီလောက်ထိ မိုက်မဲရတာလဲဟာ။

သွန်းသည် ရင်တစ်ခုလုံး ပူလောင်နင့်သီးစွာ ခူးခူးကို အမြန် ရေထဲမှ ပြန်ဆယ်လိုက်ရသည်။

အပေါ်ရောက်တဲ့အထိ စိုးရိမ်စိတ်က မပြယ်သေး။

နှစ်ယောက်စလုံး ရေများ စိုရွှဲ တုန်ခိုက်နေသည်။

"နင် ငါ့ကို ဘာလို့ ပြန်ဆယ်တာလဲ ... ငါ့ဆန္ဒကိုတော့ မလိုက်လျောချင်ဘဲနဲ့၊ ငါ့ဘာသာ ရေနစ်သေတော့ရော နင့်အပူ ဘာပါလဲ ... ဖယ်"

ခူးခူးမှာ ရေများ စိုရွှဲ တုန်ခိုက်နေသည့်ကြားက ဒေါသများ ပြင်းထန်ဆဲ ...

သွန်းကို အော်ဟစ်ရန်တွေ့ကာ အတင်းရုန်းကန်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ရေထဲ ပြန်ဆင်းပြေးဖို့ ကြိုးစားသည်။

သွန်းမှာ ရှန်းကန်နေသော ခူးခူးကို အတင်းချုပ်ပြီး တင်းကျပ်နေအောင် ပွေ့ဖက်ထားရသည်။

ကျားနာမလေးတစ်ကောင်လို စိတ်ဓာတ်ပြင်းထန် ဆူဝေနေသော ခူးခူးကိုကြည့်ကာ သွန်းမျက်ဝန်းတို့ ပူနွေးစိုစွတ်လာရသည်။

မျက်ရည်တွေကို ခူးခူးမမြင်အောင် ခူးခူးပခုံးစွန်းမှာ မျက်နှာကို မှောက်ကွယ်လျက် တိုးဖျော့သောအသံဖြင့် ...

"ခူးရယ် ... အဲလို မလုပ်ပါနဲ့ ... ငါ နင့်ကို အရှုံးပေးလိုက်ပါပြီ၊ နင် ဖြစ်စေချင်တာ ဖြစ်ရပါစေ့မယ် ... နင့်မွေးနေ့ကို ငါ လာခဲ့ပါမယ်ဟာ"

"သွန်း ... နင်"

အော်ဟစ် ရှန်းကန်နေရာမှ ခူးခူး အံ့အားသင့် ကြောင်အသွားရသည်။

သွန်းရင်ခွင်ထဲမှ ရုန်းထွက်ကာ အံ့သြတကြီးလေး မျက်နှာချင်းဆိုင်သည်။

"သွန်း ... နင် ... နင် ခုနက ဘာပြောလိုက်တယ်"

အံ့သြတကြီးဖြစ်နေသော ကြွက်စုတ်မလေးခူးခူးကို ငယ်ထိပ်ကို ခပ်ဖွဖွပုတ်လျက် သွန်း ဖြဖြကလေး ပြုံးကာ ...

"နင့်မွေးနေ့ကို ငါ လာခဲ့မယ် ... လို့"





"ဘာ ... နင်လာခဲ့မယ် ... ဟုတ်လား၊ သွန်း ... နင် ... နင် တကယ်နော်"

အံ့သြနေရာမှ ချက်ချင်း မျက်ဝန်းကလေးများ ရွှန်းတောက်ကာ ဟန်မဆောင်နိုင်တော့အောင် ပျော်မွေ့သွားသော မျက်နှာကလေးကို ကြည့်ကာ သွန်း မျက်လုံးမှိတ်လျက် ခေါင်းတစ်ချက်ညိတ်ပြလိုက်ကာ ...

"တကယ်ပေါ့ ... ငါ ဘယ်တုန်းက လိမ်ဖူးလို့လဲ"

"ဝေး ... ဟက်ပီး ဟက်ပီး ... ပျော်တယ်ကွ"

ကလေးပေါက်စလေးတစ်ယောက်လို လက်နှစ်ဖက်ကို လေထဲမြှောက်ကာ ခုန်ပေါက် မြူးထူးနေသော ခူးခူးပုံစံကို ကြည့်ကာ သွန်း မရယ်မိဘဲ မနေနိုင်။

ခူးရယ်။

ငါ နင့်ကို အမြဲတမ်း ပျော်စေချင်ပါတယ်။

တစ်သက်လုံးက နေတစ်ဆူ လတစ်စင်းလို မရှိမဖြစ်ကိုးကွယ်ခဲ့တဲ့ မာနတရားနဲ့ လဲလှယ်ပြီးတော့ကို နင့်ရဲ့ ပျော်ရွှင်မှုကို ဖြည့်ဆည်းပေးမှာပါ။

ငါ့ဘဝမှာ နင်က မရှိမဖြစ်ပါ။

နင့်ထက်အရေးပါတာ ငါ့ဘဝမှာ ဘာများရှိလိမ့်ဦးမှာလဲ။

"သွန်း ... နင် သိပ်လိမ္မာတယ် ... သိလား၊ ငါ နင့်ကို အရင်ကထက် ပိုခင်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



အပျော်စကားနှင့်အတူ အူမြူးနေသော မိခူးခူး တစ်ယောက် လက်ပါလာကာ သွန်းပါးကို လိမ်ဆွဲသည်။

"နင်ကလည်းဟာ"

ထုံးစံအတိုင်း ရှက်သည်းရပြန်တာက ယောကျ်ားလေးဖြစ်သော သွန်း။

မျက်နှာကြီးရဲကာ အနေရခက်သွားသည်။

"ငါ အရမ်းပျော်တယ် ... သိလား သွန်း၊ ဒီနှစ်မွေးနေ့ကျရင်တော့ နင် ချောင်မှာကုပ်နေလို့ မဖြစ်တော့ဘူးနော်၊ ငါနဲ့အတူ တွဲကရမှာနော် ... သိလား ... ဒီလို ဒီလိုမျိုးလေးတွေလေ"

ခူးခူးက စကားနှင့်အတူ လက်ကလေးတစ်ဖက် မြှောက်ကာ ခေါင်းလေးငုံ့ ခါးလေး ဘောက်ဆတ်ဆတ်လှုပ်ပြီး ရှိတ်ပြသည်။

ရေစိုနေသည့် ကိုယ်လေး ကျစ်ကျစ်လေးရဲ့ ပေါ်လွင်မှုကြောင့် သွန်းမျက်နှာကြီး ရဲခနဲ ဖြစ်သွားရကာ ...

"ဟာ ... သွားစမ်းပါ ... မကချင်ပါဘူး၊ ကလည်းမကတတ်ပါဘူး၊ ခုတောင် ဒီမျက်နှာကြီးနဲ့ နင့်အမေရှေ့ အရှက်မရှိ ဘယ်လိုလာရမလဲလို့ တွေးပြီးညစ်နေတာ"

သွန်း တကယ်ပဲ ခူးခူးမိဘများနှင့် မျက်နှာချင်းဆိုင်ရမည့်အရေးကို စိတ်ညစ်နေမိသည်။





ခူးခူးတစ်ယောက် က,နေရာမှ ကိုယ်ရှိန်လေး တန့်သွားကာ တစ်ခဏ ငြိမ်သက်သွားရသည်။

မျက်ဝန်းလှလှလေးကို ဟိုဘက်,သည်ဘက် ထောင့်ကပ်ပြေးလျက် ကလိမ်ကကျစ် ဉာဏ်ရောင်စုံများကို အစွမ်းကုန်ထုတ်လိုက်သည်။

ထို့နောက် ...

မျက်ဝန်းကလေးများ ဖြူးခနဲ ဖျတ်ခနဲ ထ,တောက်ကာလက်ဖျောက်တစ်ချက် တီးလိုက်ပြီး ...

"ဟုတ်ပြီ"

"ဟင် ... ဘာလဲ"

သွန်း ကြောင်စီစီဖြင့် မေးသည်။

"လာခဲ့ ... ငါ စဉ်းစားမိပြီ"

ခူးခူး သွန်းလည်ကုပ်ကို ပိုင်စိုးပိုင်နင်း ဆွဲဖက်ပြီး ခေါ်ကာ နားနားကပ်လျက် တိုးတိုးပြောလိုက်သည်။

သွန်းတစ်ယောက် မျက်လုံးများပြူးကာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မျက်နှာက ယားယံနေသလိုလို၊ ပူထူနေသလိုလို။ ပြီးတော့ အသက်ရှူလည်း ကျပ်ကာ လှောင်ပိတ်နေသလိုလို သွန်းတစ်ယောက် မနေတတ်မထိုင်တတ်နှင့် စိတ်အိုက်နေမိသည်။

ရှုပ်လည်း ရှုပ်တဲ့ လူလည်းမ။

(ဒီမျက်နှာကြီးနဲ့ နင့်အမေရှေ့ အရှက်မရှိ ဘယ်လိုလာရမလဲ) လို့ ပြောမိတာကို ရွှေဉာဏ်တော်စူးရောက်လိုက်တာလေ။

သူမရဲ့မွေးနေ့ပွဲကို မျက်နှာဖုံးများ ကိုယ်စီတပ်ပြီး လာခဲ့ကြရမယ်တဲ့။ ဉာဏ်ပြေးလိုက်ပုံက ...။

သွန်းကတော့ မျက်နှာဖုံးကြီးတပ်ထားသည်မို့ စိတ်ထဲ ယားယံအိုက်စပ်ကာ လှောင်ပိတ်နေမိသည်။

မျက်နှာဖုံးတွေ ကိုယ်စီတပ်ထားလိုက်တော့ ဘယ်သူ ဘယ်သူမှ မမှတ်မိနိုင်တော့။

သိန်းကိုတောင် သွန်း ရှာမတွေ့။





"ဟယ် ... ဟိုမှာ ချော်လဲသွားပြီ"

"မှောက်ခုံကြီးတော့"

"ငါ့ပိုက်ဆံတစ်ရာ ရှာတွေ့လားဟင်"

ချော်လဲသွားသော သူ့အနီးမှာ ဝိုင်းပြီး တစ်ယောက် တစ်ပေါက် ဝိုင်းစနေကြသည်။

ပြာလဲ့လဲ့ မီးရောင်မှိန်မှိန်လေးအောက်မှာ မျက်နှာဖုံး တပ်ထားရတော့ ချော်လဲသူက လဲကုန်ပြီ။

"မျက်နှာဖုံးကြီးတပ်ထားတော့ ဘယ်လိုလုပ် ကောင်း ကောင်းမြင်ရမှာလဲ၊ မှောင်ကလည်း မှောင်သေး။ ဟင်း ... ခူးခူး စုတ် ... ဘယ်ရောက်နေလဲ၊ သေမယ် ... တွေ့လို့ကတော့"

အများရှေ့ မှောက်ခုံကြီး ချော်လဲရသည့်အဖြစ်ကို ရှက် ရှက်နှင့် ခူးခူးကို ကြိမ်းသည်။

"ဟာ ... ဟိုမှာလည်း ပန်းအိုးကြီးကို ဝင်တိုက်ပြန်ပြီ"

"အား ... တော်တော်နာသွားမှာပဲနော်"

"အာလူးသီးကြီး ချက်ချင်း ထလာတာပဲနော်"

"သွားဖြုတ်ချည်ဟာ ... ကြော်စားရအောင်"

"ဘီယာလေးနဲ့ မြည်းစို့လား"

ဟော ... ဖြစ်ပြန်ပြီ။

ချော်လဲပြီးတော့ ဒီတစ်ခါ ပန်းအိုးကြီးကို ဝင်တိုက်တာ။

ဒီတစ်ခါဝင်တိုက်သူက ကောင်လေးတစ်ယောက် ...



www.burmeseclassic.com

www.burmeseclassic.com



နဖူးကြီးကို အုပ်ကာ ...

''နာလိုက်တာ နာလိုက်တာ ... ခွေးစုတ်မ မိခူးခူး ... တွေ့လို့ကတော့ အသေပဲမှတ်၊ ဒင်းမျက်နှာဖုံးရော ဒင်းကိုရော ဖနောင့်နဲ့ ပေါက်သတ်ပစ်မယ်''

ကြိမ်းပြန်ပြီ တစ်ယောက်။

ချော်လဲသူရော ဝင်တိုက်သူရော ထောင်ချောက်မိသည့်သူဦးရေက တိုးလာပြီမို့ သွန်းတစ်ယောက် ကျောထဲစိမ့်လာကာ ခြေလှမ်းကို ဘယ်မှမရွှေ့ရဲအောင် ဖြစ်လာသည်။

တစ်ယောက်တည်း ကျောက်ရုပ်တစ်ရုပ်လို ရပ်နေမိဆဲ ...

''ဟိတ် ... တစ်ယောက်တည်း မပျင်းဘူးလား''

သွန်း ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

ကိုယ့်ကို စကားလာပြောသူက ကောင်မလေး တစ်ယောက်။ အပေါ်က မျက်နှာဖုံးက မစ်ကီမောက်စ်မျက်နှာလေး။

ချစ်စရာကောင်းလွန်းလှသည့် မစ်ကီမောက်စ်မျက်နှာဖုံးနှင့် ဆန့်ကျင်စွာ အသံက ယောကျ်ားသံကြီးလို ပြာအက်အက်သြရှရှနှင့်။

ချောင်းဆိုး အဆုတ်ပွ ရင်ကွဲနာကျထားသော အသံမျိုး။

''ဟေ့ ... မေးနေတာ မကြားဘူးလား ... မပျင်းဘူးလားဆို''





''မပျင်းပါဘူး''

သွန်း မျက်နှာလွှဲလျက် မတတ်သာ၍ မဖြေချင့်ဖြေချင့်ဖြေရသလို ပြန်ဖြေလိုက်သည်။ မျက်နှာမလွှဲလို့ကလည်း မရ၊ ကောင်မလေးဝတ်ထားပုံက ကြည့်ဦး။

ပခုံးမှာ ဘာမှ မရှိ၊ ဟာလာဟင်းလင်း။

နွယ်ခွေထားသော မဟော်ဂနီရောင် ဆံခွေစလေးတွေကိုသာ ပခုံးပေါ် တင်ထားသည်။

သို့သော လှပသော ဆံခွေပျော့လေးများကြောင့်လည်း အမြင်မရိုင်းဘဲ ရှင်းရှင်းကလေးနှင့် ချစ်စဖွယ် လှပနေသလို။

ခါးအထိ သိမ်ကျပ်ထားသော ဂါဝန်က ပေါင်လယ်လေးမှာတော့ စည်းထားသည်မို့ လုံးလုံးလေးဖြစ်နေကာ ဘာပုံစံလေးမှန်းမသိ ... ချစ်ဖို့တော့ ကောင်းနေသည်ပင်။

ဖြူအိနေသောအသားအရေက သစ္စားရောင် ပိုးပျော့ဂါဝန်လေးမှာ ကြည်လင်ကာ အဟပ်မိ လိုက်ဖက်လွန်းလှသည်။

''ဟိတ် ... ဒီမှာ ဘာလို့ မျက်နှာလွှဲထားတာလဲ ... ဘာလို့ လူကိုကြည့်ပြီး မပြောတာလဲ''

ကွိုင်ပဲ ...။ သွန်း ပခုံးတွန့်လိုက်မိပြီး ...

''မကြည့်ရဲလို့''

''အံမာ ... လူရိုးလေးလား၊ ဒါမှမဟုတ်ရင် ဂနိုင်သားလား''



www.burmeseclassic.com

www.burmeseclassic.com



တောသားလားလို့ ခနဲ့တဲ့တဲ့ အမေးခံလိုက်ရတော့ သွန်း အောင့်သွားရသည်။

ခါးကိုထောက်ကာ ချာတိတ်မရှေ့ ခပ်ကျဲကျဲ ရပ်လိုက်ပြီး လက်ညှိုးထိုးလျက် တစ်ခွန်းတည်း ပြောလိုက်သည်။

"ကျုပ်က လူရိုးလည်း မဟုတ်ဘူး၊ ဂနိုင်သားလည်း မဟုတ်ဘူး ... တန်ခူးလေပြည်ဆိုတဲ့ ဝေတီမရဲ့ ဆရာသမားပဲ"

သွန်းရဲ့စကားအဆုံး 'ဘာ' ဆိုသော အသံနက်ကြီး ထွက်လာသည်။

ချာတိတ်မ မခံမရပ်နိုင်နှင့် ယုန်လေးတစ်ကောင်လို တဇွေ့ဇွေ့ခုန်သွားတော့ သွန်း လက်ညှိုးကြီးထိုးကာ အားရပါးရ အော်ရယ်မိတော့သည်။

"ခူးခူးရာ လုပ်မနေပါနဲ့ ... နင် ဘယ်လောက်ပဲ အသံဖျက်ထား ဖျက်ထား ... ငါ နင့်ကို မှတ်မိပါတယ်"

ခေါင်း တဆတ်ဆတ်ညိတ်ရင်း သွန်း အသေအချာပြောတော့ ခူးခူး ကြောင်သွားရသည်။

တဇွေ့ဇွေ့ ခုန်နေမိတာလေးလည်း ရပ်ကာ ငြိမ်ငြိမ်တွေတွေလေး ဖြစ်သွားရရင်း ပြန်မေးလိုက်မိသည်။

"သွန်း ... နင် ငါ့ကို ဘယ်လိုလုပ်သိတာလဲ"

(နင့်ရဲ့ ဘယ်သူနဲ့မှမတူအောင် သိပ်ကိုလှပတဲ့ မျက်ဝန်း တောက်တောက်လေးတွေက ဘယ်မျက်နှာဖုံးပဲ တပ်တပ် မမှတ်





မိနိုင်စရာမှ မရှိတာ။)

သွန်းသည် ရင်ထဲကသာ ပြန်ဖြေခဲ့လျက် နှုတ်ခမ်းများကတော့ ...

"အော်တိုပေါ့ဟာ ... ငါ့ရဲ့မိုင်းပါဝါက နင့်ကို အော်တိုသိနေတာ"

သွန်း ခပ်ကြွားကြွားလေး ပြန်ပြောလိုက်သည်။

"ဒါနဲ့ ... နင်ကရော ငါ့ကို ဘယ်လိုလုပ်သိလဲ"

သွန်း ပြန်မေးတော့ ခူးခူး ပြန်ပြီး ငြိမ်ကျသွားရသည်။

(သွန်းရယ် ... နင့်ရဲ့ နှမ်းပါးတဲ့တီရှပ်နဲ့ အရောင်ဖျော့ဂျင်းပင်နံက တောက်ပထည်ဝါနေတဲ့ အားလုံးထဲမှာ ထူးခြားပေါ်လွင်ပြီး သတိပြုမိနေစေလို့ပေါ့။)

ခူးခူးသည် စိတ်ထဲမှာ သိတဲ့အတိုင်း ပြန်၍မဖြေရက်ဘဲ သက်ပြင်းကလေးသာ ခိုးရှိုက်မိလျက် ...

"နင့်လိုပဲပေါ့ ... ငါလည်း မိုင်းပါဝါနဲ့ အော်တိုသိနေတာလေ ... အဟွန့်"

နှစ်ယောက်သား သဘောတကျ အော်ရယ်လိုက်မိကြသည်။ ရယ်သံတွေက ပျော်မွေ့ကြည်စင်လွန်းလှစွာ ကောင်းကင်ယံဆီအထိ ပျံ့လွင့်တက်သွားရသည်။

ခူးခူး ပျော်မွေ့လွန်းလှစွာ မချင့်မရဲဖြင့် သွန်း နားရွက်ဖျားလေးကို ဆွဲဖျစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်း"

ထုံးစံအတိုင်း သွန်း ရှက်သည်းသည်။

သိရဲ့လား သွန်း ... ငါ အရမ်း ပျော်နေတယ်ဆိုတာ။

တကယ်တော့ တစ်နှစ်တာကာလမှာ ငါ အပျော်ရွှင်ဆုံး က ငါ့ရဲ့ ဟောဒီ မွေးနေ့တစ်ရက်တည်းပဲ။

ဒါကြောင့် ငါ့မွေးနေ့မှာ နင့်ကို အရမ်းရှိစေချင်တာ။

တခြား ဘယ်သူမှ မရှိရင်လည်း ဖြစ်တယ်။

နင်ကတော့ မရှိလို့ မဖြစ်ဘူး။

ဘာဖြစ်လို့လဲဆိုတော့ နင်က ငါ့ဘဝရဲ့ မရှိမဖြစ်မို့လို့ပေါ့။

ဘုန်းမိုးသွန်းဆိုတာ တန်ခူးလေပြည့်ရဲ့ဘဝထဲမှာ မရှိမဖြစ်မို့လို့ပေါ့ သွန်းရယ်။

ဒီနှစ်မွေးနေ့မှာတော့ ငါပိုပျော်တယ် ... သိလား။

ဘာဖြစ်လို့လဲ ဆိုတော့ ...

မျက်နှာဖုံးစွပ်ထားတဲ့ကြားက ငါ့ကို နင် မှတ်မိနေလို့ပေါ့။

မနှစ်က ပျော်ပွဲစားထွက်တုန်းက တစ်ခါ ...

မိန်းကလေးတွေ အများကြီးရှိတဲ့အထဲကမှ ငါ့ရဲ့ဖိနပ်ကို နင် အသေအချာ သိနေခဲ့တယ်လေ။

ငယ်ငယ်ကတည်းက အိမ်ချင်းကပ် အတူနေခဲ့တဲ့ သိပ်တောင် မသိနိုင်တဲ့ ငါ့နဲ့ပတ်သက်တဲ့ အသေးအမွှားလေးတွေက အစ နင် သိနေတယ်နော်။





ငါလေ တစ်ခါတလေ မယုံကြည်စိတ်တောင်ဖြစ်မိတယ်။

ငါ သိပ်လိုချင်တဲ့ အဆင့်တစ်ကိုလည်း တမင်အလျှော့ပေးပြီး ငါ့အတွက် နင် ဖန်တီးပေးနေတာလားလို့လေ။

သွန်းရယ် ...

အဲဒါတွေကြောင့်ပဲ ထင်ပါရဲ့ ...

ငါလေ နင့်ကို ... အင်း ...

သိပ် .. ခင် .. တယ် ...။

သိပ်ခင်တယ်ပဲ ထားလိုက်ပါတော့ဟာ။

ခူးခူးသည် သွန်းဘက် မျက်ဝန်းကလေး ထောင့်ကပ်ကာ သက်ပြင်း မသိမသာ ခိုးရှိုက်လိုက်မိသည်။

နှစ်ယောက်သား စကားတွေမဆိုမိဘဲ တိတ်ဆိတ်ငြိမ်သက်နေမိဆဲ လှုပ်လှုပ်ရှားရှားဖြစ်သွားစေသော အဖြစ်အပျက်မှာ ရုတ်တရက် ဖြစ်ပေါ်လာခဲ့သည်။

အနားသို့ ခူးခူး၏မိခင် ရောက်လာခဲ့လျှင် နှစ်ယောက်သား ချက်ချင်း သတိအနေအထားဖြင့် နေလိုက်မိကြသည်။

သွန်းရော ခူးခူးပါ ရိပ်မိသွားမှာ စိုးသည့်စိတ်ဖြင့် ရင်ထဲ တထိတ်ထိတ် ဖြစ်နေမိသည်။

ဘုရားသိကြားမလို့ ဒီနေရာက အမြန်ဆုံး ထွက်သွားပါစေလို့ ဆုတောင်းနေမိကြသည်။ သို့သော် ...

နှစ်ယောက်လုံး၏ ဆုတောင်းသံများ မပြည့်ဝနိုင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးမှာ သွန်းရှေ့တည့်တည့်တွင် ရပ်လိုက်ပြီး

သွန်းတစ်ကိုယ်လုံးကို မျက်မှောင်ကုတ်လျက် စုန်ချည်ဆန်ချည် အသေအချာကြည့်သည်။

သွားပြီ ...။

သွန်း တစ်ကိုယ်လုံး ချွေးစေးများ ပြန်နေမိသည်။

မျက်လုံးချင်း မဆုံရဲ။

မျက်နှာဖုံးတပ်ထားသည့်တိုင် စိတ်က မလုံခြုံ။

ထိုစဉ် ... ဂုဏ်မာနမောက်လှသော အမိန့်ပေးသံက ဟိန်းခနဲ ထွက်ပေါ်လာခဲ့လျှင် နှစ်ယောက်သား ဆတ်ခနဲ တုန်သွားမိကြသည်။

သွန်းမှာ အမျိုးသမီးကြီးကို ကြောက်စိတ်ခဏပေါ်လာခဲ့သော်လည်း ...

မောက်မာလွန်းလှသော အမိန့်ပေးသံကြောင့် ခံပြင်းစိတ်က လွှားခနဲ ခေါင်းထောင်ထ,လာခဲ့သည်။

"ဟေ့ မကြားဘူးလား ... ငါခိုင်းနေတယ်လေ၊ မင်း မျက်နှာဖုံးကို ချွတ်ပြစမ်းပါဆို"

အမျိုးသမီးကြီးက နောက်တစ်ခွန်း ထပ်ပြောသည်။

သွန်း တုတ်တုတ်မျှ မလှုပ်။

မချွတ်တော့ ဘာဖြစ်လဲဗျာ။

အန်တီခိုင်းတိုင်း ကျွန်တော်က လုပ်ရမှာလား။





အန်တီခိုင်းတိုင်း ကျွန်တော် နာခံရမှာလား။

သွန်း ခံပြင်းစိတ်ဖြင့် ဖွတ်ပေပေ လုပ်ဆဲ ...။

အမျိုးသမီးကြီးမှာ စိတ်မရှည်နိုင်တော့သည့်အဆုံးတွင် ဆတ်ခနဲ သွန်းမျက်နှာဖုံးကို ဆွဲလှန်လိုက်လေတော့သည်။

ရှုးရှုးမှာ ကြားထဲမှ မျက်လုံးပြူးကာ ပါးစပ်ကို လက်ဝါးဖြင့် ယောင်ယမ်းအုပ်လိုက်မိသည်။

နှစ်ယောက်သား မာနချင်းပြိုင်သော ဝင်းဝင်းတောက်မျက်လုံးများဖြင့် ရင်ဆိုင်လိုက်မိကြသည်။

"ဩော် ... မင်းကိုး၊ ထင်သားပဲ ... အဝတ်အစားတွေကို ကြည့်ကတည်းက မင်းမှန်း ငါထင်နေတာ၊ ခုတော့ ထင်ထားတဲ့အတိုင်းပဲကိုး"

အမျိုးသမီးကြီး မျက်နှာမော့ချီကာ စကားစသည်။

သွန်း ဘာတစ်ခွန်းမှ တုံ့ပြန်မပြောဘဲ အမျိုးသမီးကြီးကို မျက်လုံးချင်းဆိုင်လျက်သာ ကြည့်သည်။

"မင်းဝတ်လာတာ မနှစ်က ဝတ်လာတဲ့ အဝတ်အစားတွေပဲနော်၊ မင်း ကြည့်လိုက်စမ်း ... အခုလာကြတဲ့ သမီးသူငယ်ချင်းတွေအားလုံးထဲမှာ မင်းလောက် နုပ်စုတ်တာ ရှိသလားလို့"

သွန်းရင်ထဲ ရှက်စိတ်နှင့်ခါးသီးစိတ်က ဝုန်းခနဲ ရှန်းကြွသည်။ အမျိုးသမီးကြီးကတော့ သွန်းရဲ့မာနကို ဖွဲ့ခြွေသော စကားများကို တစ်လုံးချင်း တစ်ခွန်းချင်း ဆက်ပြောနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



''ငါတို့အိမ်က အလုပ်သမားတွေတောင် မင်းထက် သာအောင်ဝတ်နိုင်တယ် ... သိရဲ့လား ဘုန်းမိုးသွန်း''

အလုပ်သမားတွေတောင် ...

မင်းထက် သာ ...

အမျိုးသမီးကြီးရဲ့ စကားလုံးတွေက နားစည်အိမ်မှ တစ်ဆင့် ရင်ထဲအထိ ပူပြင်းခါးသီးစွာ စီးဆင်းနေသည်။

''မင်း ... ငါ့တို့ခြံထဲ, ငါတို့အသိုင်းအဝိုင်းထဲကို နောက်တစ်ခါ မလာရဲတော့ဘူးလို့ ငါထင်ထားခဲ့တာ''

သွန်း ဆတ်ခနဲ ခန္ဓာကိုယ်ကို မတ်လိုက်သည်။

''စိတ်ချပါ ... ဒါ နောက်ဆုံးပါပဲ၊ ကျွန်တော် ကျိန်ဆိုခဲ့တယ် ... ဟောဒီခြံထဲ နောက်ကို ကျွန်တော့်အရိပ်တောင် မရောက်စေရဘူး၊ အခုလည်း ရူးရူး မရအရခေါ်လွန်းလို့ ကျွန်တော် လာခဲ့တာပါ၊ ကျွန်တော့်ဆန္ဒ လုံးဝမပါဘဲ ကျွန်တော်လာခဲ့တာ''

''ဟုတ် ... ဟုတ်ပါတယ် မေမေရယ် ... ရူး အတင်းလာခိုင်းလို့ သူ လာ ...''

''တော်စမ်း သမီး ... တစ်ခွန်းမှ ဝင်မပြောနဲ့''

ရူးရူး စကားမဆုံးခင် အမျိုးသမီးကြီးမှာ ဖြတ်အော်ကာ ဟန့်တားလိုက်သဖြင့် ရူးရူး ဆက်မပြောဝံ့တော့ဘဲ ပါးစပ်ကလေး ပိတ်လိုက်ရတော့သည်။





''အေး ... မင်းစကား မင်းတည်အောင် ကြိုးစားပါ၊ နောက်ကို ငါ့သမီးနဲ့ လုံးဝမပတ်သက်ပါနဲ့၊ လာ သမီး ... ဒီလိုအောက်တန်းစားနဲ့ ဘယ်တော့မှ အပေါင်းအသင်းမလုပ်နဲ့ ... သိက္ခာကျတယ်''

အမျိုးသမီးကြီးမှာ သွန်း သိက္ခာနှင့်မာနတရားကို စိတ်ရှိလက်ရှိ တစ်စစီ ဖွဲ့ခြွေပြီးလျှင် ရူးရူးကို အတင်းဆွဲခေါ်ကာ ထွက်သွားပေသည်။

သွန်းလည်း နာနာကြည်းကြည်း 'တောက်' တစ်ချက်ခေါက်ကာ ချက်ချင်း လှည့်ထွက်လာခဲ့သည်။

လက်ထဲမှာ ဆုပ်ကိုင်ထားမိသည်က မျက်နှာဖုံးကလေး။

ဒေါသ ထောင်းခနဲထွက်လျက် လွှင့်ပစ်ဖို့ ပြင်လိုက်ပြီးမှ မျက်နှာဖုံးကို တစ်ချက် ပြန်ငုံ့ကြည့်လိုက်သည်။

မာန်ဝင့်စွာ ဟိန်းနေသောကျား။

အသက်ဝင် မာန်ပါလှသည်။

သွန်း နာနာကြည်းကြည်း ပြုံးလိုက်လျက် မျက်နှာဖုံးကို မလွှင့်ပစ်တော့ဘဲ မြဲမြဲစွာ ဆုပ်ကိုင်လာခဲ့လိုက်သည်။

တစ်သက်လုံး သိမ်းထားမယ်။

မမေ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

လုံးဝထင်မှတ်မထားသည်မို့ သွန်း မှင်တက်သွားမိသည်။

"သား ... သူငယ်ချင်းတွေ လာစောင့်နေတာ ကြာပြီ"

အဖေက အားတုံ့အားနာ စကားဆိုသည်။

"ဝရမ်းပြေးကို လာဖမ်းတာ ဦးလေးရ"

သိခ်က အရွှန်းဖောက်သည်။

"ဒီကောင်က သောကြာသား ... စိတ်ကောက်ခဲတယ်၊ ကောက်ရင်လည်း ပြန်မဖြောင့်စတမ်းပဲ ... ရအောင်သာ ချော့ကြပေတော့"

အဖေကလည်း သံယောင်လိုက်ကာ ကျီစယ်သည်။

"အဖေကလည်း"

လို့သာ သူ ခပ်တိုးတိုး ပြန်ပြောဖြစ်သည်။

"သား ... မင်းသူငယ်ချင်းတွေကို လက်ဖက်ရည်ဝယ်တိုက်လေကွာ"

အဖေ လောကွတ်စကား ဆိုပြန်သည်။

ခုချိန်ထိ သူ ထိုင်ရမလား၊ ထရမလား မသိသေး။

"ပိုက်ဆံမရှိဘူး"

သူ တမင် အငေါ်တူးစကား ဆိုသည်။ အဖေရယ်လျက် တစ်ထောင်တန်တစ်ရွက် လှမ်းပေးသည်။





"ရော့"

သူ မယူ။ သူ့ပုံစံကို ကြည့်ကာ သိခ်ရယ်သည်။

"သမီးတို့က လက်ဖက်ရည်သောက်ချင်လို့ လာတာမဟုတ်ပါဘူး ဦးလေးရယ်၊ နေပါစေ ... မသောက်တော့ပါဘူး၊ ကျေးဇူးတင်ပါတယ်"

တိုးဖျော့သော အသံကလေး ထွက်လာသည်။ လှည့်မကြည့်မိအောင် သူ အတော် ကြိုးစား ထိန်းချုပ်လိုက်ရသည်။

"ပိုက်ဆံချမ်းသာတဲ့လူတွေက လမ်းဘေးလက်ဖက်ရည်ဆိုင်က လက်ဖက်ရည် ဘယ်သောက်ပါ့မလဲ အဖေရယ် ... မစ်ရှိခ်တို့ ဘာတို့မှ သောက်တာ"

သွန်း မျက်လုံးထောင့်ကပ်ကြည့်ကာ ခနဲ့လိုက်သည်။

ခူးခူးမျက်နှာ ဖျတ်ခနဲ အရောင်တစ်မျိုးလေး ဖြတ်ပြေးသွားသည်။

သိခ်မှာ သွန်းကို တစ်လှည့်၊ ခူးခူးကိုတစ်လှည့် ကြည့်ကာ အခြေအနေကို ကြားဝင်ထိန်းရန် ကြိုးစားရတော့သည်။

"ဟေ့ကောင် သွန်း ... စကားတွေ လျှောက်မလွှဲနဲ့၊ ထ ... လက်ဖက်ရည်ဆိုင်သွားမယ်"

သိခ် သွန်းကို အတင်းဆွဲခေါ်သည်။

"ငါ ခုပဲ သောက်ခဲ့ပြီးပြီ"

"လာစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



“လိုက်သွားပါ သားရယ် … သူငယ်ချင်းတွေက အိမ်အထိတောင် လာချော့ရှာတဲ့ဟာ”

အဖေက တိုက်တိုက်တွန်းတွန်း။

သိမ်ကလည်း အတင်းဆွဲအခေါ် သူ သုန်မှုန်သောမျက်နှာနှင့်ပင် ဆုတ်ကန် ဆုတ်ကန်နှင့် လိုက်ပါလာခဲ့ရတော့သည်။

အပြင်ရောက်တာနှင့် …

လာခေါ်သူက သူတို့၊

စကားစ,သူက သွန်းပဲ ဖြစ်တော့သည်။

သွန်း ခူးခူးနှင့် မျက်နှာချင်းဆိုင်လိုက်ကာ …

“ဘယ်လိုလဲ ခူးခူး. … ငါ့အိမ်အခြေအနေလည်း နင်အမြင်ပဲ မဟုတ်လား … ကြယ်မြင် လမြင်ပဲ၊ ကြမ်းပေါက်ရော ကျွံခဲ့သေးလား၊ တံခါးဝမှာရော ခေါင်းတိုက်ခဲ့သေးလား”

ခူးခူး နှုတ်ခမ်းလေးကိုက်ထားသည်။

သွန်းနှင့် မျက်နှာချင်းမဆိုင်သေး။

သိမ်က ကြားထဲမှ ဝင်၍ …

“ဟာကွာ … မင်းကလည်း သူငယ်ချင်းအချင်းချင်းပဲဟာ ဒါတွေ မလိုပါဘူး” ဟု လေပြေထိုးသည်။

“လိုတာပေါ့ … သူငယ်ချင်းအချင်းချင်းလည်း လိုတာပဲ၊ သချ်ာရဲ့ သဘောတရားလိုပေါ့ … အခြေချင်းတူမှ ပေါင်းလို့ရတယ်”





ငုံ့ငိုက်ထားသော ခေါင်းလေး ဆတ်ခနဲတုန်ကာ ရှိုက်သံသဲ့သဲ့ ကြားလိုက်ရသည်။

နင် ငိုနေပြန်ပြီလား ခူးခူး။

အဲဒီမျက်ရည်တွေနဲ့ ငါ့ကို နောက်တစ်ကြိမ် ထပ်ပြီး မကျရှုံးစေပါနဲ့တော့ဟာ။

“နင်တို့အိမ်က အလုပ်သမားတွေလောက်တောင် တောက်တောက်ပြောင်ပြောင် မဝတ်စားနိုင်တဲ့ငါ့ကို နင် အပေါင်းအသင်း မလုပ်သင့်ဘူး ခူးခူး၊ ငါ နင့်အမေကို ပေးထားတဲ့ စကားတစ်ခွန်းကိုလည်း တည်ပါရစေ၊ ငါ ယောကျ်ားမပီသတဲ့ လူတစ်ယောက် မဖြစ်ပါရစေနဲ့ဟာ”

“သွန်း”

ရှိုက်သံစွက်သော ခေါ်သံနှင့်အတူ အေးစက်နေသော လက်ချောင်းလေးများက သွန်းလက်ဖမိုးကို အုပ်မိုးဆုပ်ကိုင်သည်။

“နေဦး … ငါပြောချင်တာ ပြီးအောင် ပြောပါရစေဦး၊ ငါ့ကို အပေါင်းအသင်းမလုပ်ပါနဲ့တော့ဟာ၊ နင့်အမေစကားကို နားထောင်လိုက်ပါ … တော်ကြာ နင့်အမေမှာ နလုံးတွေ, သွေးတိုးတွေရှိနေရင် ငါ့ပရောဂ ဖြစ်နေပါ့မယ်”

စကားဆုံးသည်နှင့် သွန်း ခူးခူးလက်ကို ဖြည်းညင်းစွာ ခွာချသည်။



www.burmeseclassic.com

www.burmeseclassic.com



"သွန်း ... နင့်ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလား ဟင်"

"ငါ ပြောပြီးပြီပဲ"

"သွန်းရယ် ... ငါ ကြိုးစားပါရစေဦးဟာ"

တိုးသဲ့တိမ်ဝင်သွားသော တောင်းပန်သံ။

ဘာကိုမှ မကြားချင်တော့ ...

ကြားနိုင်စွမ်းမရှိသောကိုယ် ချက်ချင်း ဖြစ်လိုက်ချင်၏။

နင် ဘာကိုကြိုးစားဦးမှာလဲ သူငယ်ချင်းလေးရယ်။

ဘာကိုမှ ကြိုးစားပြင်ဆင်ခွင့် မရှိတော့ဘဲ အခြေအနေမျိုးမှာ ဘာကို နင် ကြိုးစားဦးမှာလဲ။

ခူးရယ် ...

သံယောဇဉ်ဆိုတာ ရင်ထဲမှာ တိတ်တခိုး ရှင်သန်ချင်လည်း ဖြစ်တဲ့အရာပဲဟာ။

ဖြစ်နိုင်ရင်တော့ ... နင် ငါ့ကို မေ့လိုက်ပါတော့ဟာ။

ဘယ်လို မေ့လို့ရမှာလဲ သွန်းရယ်။

နင့်အပေါ် နှောင်ဖွဲ့မိတဲ့ ငါ့သံယောဇဉ်က လွယ်လွယ် မေ့ပစ်လို့ မရအောင် အရမ်းကို ခိုင်မာနေခဲ့ပြီပဲ။





ကွာခြားတဲ့ ဘဝအနေအထားကြောင့်ပဲ နင်နဲ့ငါ မခင်ရ တော့ဘူးလား။

အမိပ္ပာယ် မရှိလိုက်တာ။

လောကကြီးက မတရားဘူးဟာ။

ဟင့်အင်း ... ဘာပဲဖြစ်ဖြစ် ...

နင့်အပေါ်ထားတဲ့ ငါ့သဘောထားကို ဘယ်တော့မှ မပြောင်းလဲနိုင်ဘူး။

သွန်း ...

ကျေးဇူးပြုပြီး နင်လည်း မပြောင်းပါနဲ့ဟာနော်။

အခု ခဏ အခိုက်အတန့်ကလေးပြီးရင် ...

နင် ငါ့ဆီ ပြန်လာမှာပဲ မဟုတ်လား။

သွန်း ... ငါ မျှော်နေမှာနော်။

မပတ်သက်ချင်တော့ပါဘူးဆိုမှ ကိုယ်ရှိရာ မကြာခဏ လာပြီး အသနားခံသလို စွတ်စိုရီလဲ့နေတဲ့ မျက်ဝန်းလေးတွေက ကိုယ့်ကို အကြိမ်ပေါင်းများစွာ ငေးရီနေတတ်သောအခါ ...

သံမဏိနှလုံးသားမဟုတ်သော သွန်းနှလုံးသားသည် လည်း အရည်ပျော်ကျခဲ့ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



"လာ"

ခြေစုံရပ်ဆဲ မရွေ့ဘဲ မတင်းသော မပျော့သောအသံဖြင့် ခပ်တည်တည် လှမ်းခေါ်လိုက်သောအခါ နူးနူးတစ်ယောက် မျက်ဝန်းကလေးများ ဖျိုးခနဲ ဖျတ်ခနဲ ရွှန်းတောက်ကာ ချက်ချင်းအနားကို ပြေးချလာ၏။

"နူးနူးရာ . . . နင့်ကြောင့် ငါ စိတ်ညစ်တယ်"

သွန်း ညည်းပြော ပြောမိတော့သည်။

"ငါ ဘာလုပ်လို့လဲ"

ပြန်ပြောသောလေသံက မရွံ့မရဲ။

"နင် အဲ့လိုကြီး မျက်နှာငယ်လေးနဲ့ လာ,လာကြည့်နေတော့ ငါ မနေတတ်တော့ဘူးပေါ့"

"ငါက နင်နဲ့ခေါ်ချင်တာကိုး"

ခေါင်းငုံလေး ရှေ့ထုတ်၊ နား,နားကပ်ကာ တိုးတိုးကလေးပြောလိုက်ပုံကြောင့် နှုရိုင်းသောအသည်းက လှုပ်ခတ်သွားရသည်။

'ကျစ်' ခနဲ စုတ်သပ်လိုက်မိသည်။

"သွန်း . . . နင် ငါ့ကိုပြန်ခေါ်ပြီပေါ့ . . ဟုတ်တယ်နော်"

မရဲတရဲနှင့် လက်ဖျားလေးကို လှုပ်ယမ်းပြီး ပြောတော့ သွန်း အသည်းယားသွားရပြန်သည်။

ငယ်ထိပ်ကို မနာအောင် ဆက်ကာ ဆက်ကာ ထုမိကာ

"နင် မျက်နှာငယ်လေးနဲ့ လုပ်ပြနေမှတော့ ငါက မခေါ်





ဘဲ နေနိုင်ဦးမှာလားဟ၊ တန်ရူးလေပြည် . . . နင်ကတော့လေ ငါ့ကိုဆို အကြမ်းနည်းနဲ့ရော, အနုနည်းနဲ့ရော ကောင်းကောင်းအနိုင်ယူနိုင်တယ် . . . သိလား၊ ငါလည်း ဒါနဲ့ပဲ သေမှာပဲ"

သွန်း မချင့်မရဲလေး ပြောနေမိသည်။

သိပ်လည်တဲ့ မိတန်ရူး။

"အံမယ် . . မသေရသေးပါဘူးနော်၊ ကဲပွဲ ရှိသေးတယ်"

မျက်စကလေးပင့်ပြကာ ပြောတော့ သွန်း မျက်မှောင်ကြုတ်လိုက်မိသည်။

"ဘာ ကဲပွဲလဲ"

"စိုင်းစိုင်းရှိုးလေ"

"ဘယ်မှာလဲ"

"မျှော်စင်ကျွန်း"

သူ ငိုင်သွားမိသည်။ သူလည်း လူငယ်ပဲလေ။

စိုင်းစိုင်းရှိုးကို သွားကြည့်ချင်တာပေါ့။

စိုင်းစိုင်းရဲ့သီချင်းတွေကို သူ အရမ်းကြိုက်သည်။

"နင် သွားကြည့်မှာပေါ့ . . . ဟုတ်လား နူးနူး"

သူ အားကျသလိုလေး မေးလိုက်မိသည်။

နူးနူးက မျက်နှာကလေးမော့ချီကာ ခပ်ကြွားကြွားလေးခေါင်းညိတ်ပြရင်း . . .

"သွန်း . . . နင်ရော မကြည့်ချင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မကြည့်ချင်ဘဲ ရှိမလား ခူးခူးရယ် ... ငါ သိပ်ခရေစီ ဖြစ်တဲ့ ဗိုကယ်လစ်ပဲဟာ၊ ဒါပေမဲ့ ငါမှ လက်မှတ်ခ မတတ်နိုင်တာ"

"အိုး ... အဲဒီအတွက်တော့ စိတ်မပူနဲ့၊ ဒီမှာကြည့်စမ်း ... အပ်ချလောင်း"

ခူးခူး ပြုံးတုံ့တုံ့ဖြင့် အင်္ကျီအိတ်ထဲမှ လက်မှတ်များ ဆွဲထုတ်ပြသည်။

"ဒီမှာ လက်မှတ်သုံးစောင် ... သိပ် သက်စွန့်ဆံဖျား ဝယ်ထားပေးတာ၊ ရောက်အောင်လာခဲ့နော် သွန်း ... ငါတို့ စောင့်နေမယ်"

"ဟာ ... ခူးခူးရယ် ... နင် ..."

ပျော်သွားရလွန်းသဖြင့် သွန်း စကားကို ထစ်ငေါ့ကာ ဘာဆက်ပြောရမလဲ မသိတော့။

ဘယ်လောက်ချစ်စရာကောင်းလိုက်တဲ့ သူငယ်ချင်းမလေးလဲ ဆိုတာ။

ပျော်နေမိသဖြင့် သွန်းတစ်ယောက် ဘာကိုမှ မစဉ်းစားမိတော့။ မိခူးခူးတစ်ယောက် ဘာတွေဉာဏ်များထားသလဲဆိုတာလည်း မစဉ်းစားမိ။





"ပေး"

"ဟမ်"

ရုတ်တရက်ကြီး ရှေ့မှာ လက်ဝါးလာဖြန့်တာမို့ သွန်း ဟမ်ခနဲ ကြောင်သွားရသည်။

"ပေးလေ"

"ဘာပေးရမှာလဲဟ ... လူကြားထဲကြီး"

လက်ဝါးကြီးကဖြန့်ဆဲမို့ သွန်း လူကြားထဲ ရှက်ရှက်နှင့် ခူးခူးလက်ကို အုပ်ကိုင်ကာ ဂျာကင်အိတ်ထဲ ခပ်မြန်မြန်ထိုးထည့်လိုက်ရသည်။

"တကယ်မသိဘူးလား"

"သိဘူး"

"ဒီနေ့ ဘယ်နရက်လဲ"

ခူးခူးက မျက်ခုံးကလေးပင့်ကာ မေးသည်။

"ဆယ်ရက်"

"လ ကရော"

"လေးလ"

"မဟုတ်ဘူး ... လ နာမည်ပြော"

"ဖေဖော်ဝါရီလ ... ဟာ ... နေဦး"

ပြောရင်းနှင့် အတွေးတစ်စက လက်ခနဲ ဝင်လာခဲ့လျှင်



www.burmeseclassic.com

www.burmeseclassic.com



သွန်း မျက်လုံးပြူးသွားရသည်။

"ဟာ ခူးခူး ... ဒီနေ့ ... ဒီနေ့ ဖေရယ်လ်ဆယ်ရက် ... နင့် ... နင့်မွေးနေ့"

သွန်း ပျာယာခတ်သွားရသည်။

ခုမှ တောင်ပြေးရမလို မြောက်ပြေးရမလို ဖြစ်နေမိသည်။

"ဟုတ်တယ်လေ ... ငါ့မွေးနေ့၊ မိုက်တယ်နော် ... ငါ့မွေးနေ့က စိုင်းစိုင်းနဲ့ တစ်လတည်း၊ တစ်ရက်တည်း၊ ခုနှစ်လေးပဲ ကွာတာ"

"မမိုက်ဘူး မမိုက်ဘူး ... နင့်မွေးနေ့မှန်း သတိမရလို့ ငါလာတာ ... ငါပြန်တော့မယ် ခူးခူး"

သွန်း ထိတ်ထိတ်ပျာပျာနှင့် ချက်ချင်း လှည့်ပြန်ဖို့ ပြင်သည်။

ခူးခူး မကောင်းဘူး။ မလိမ္မာတပတ်နဲ့ခေါ်တယ်။

လူတစ်ဖက်သားရဲ့ သိက္ခာကို ရစရာမရှိတော့အောင် ပက်ပက်စက်စက် ချိုးနှိမ်ပြောတတ်တဲ့ ခူးခူးအမေကို လုံးဝ မတွေ့ချင်ဘူး။

ချက်ချင်း လှည့်ပြန်ဖို့ပြင်သော သွန်းကို ခူးခူးက အင်္ကျီစ ဆွဲထားသည်။

"သွန်း ... နေဦး၊ နင်ကလည်း ငါပြောတာ နားထောင်ဦး ... ငါ့ ဒီနှစ်မွေးနေ့ပွဲက နင်ရယ်၊ ငါရယ်၊ သိခ်ရယ် သုံး





ယောက်တည်းနဲ့ပဲ ဒီမှာ ကျင်းပမှာလေ၊ စိုင်းစိုင်းရှိမှာ ငါ့မွေးနေ့ကို ပေါင်းလုပ်လိုက်တော့ စတော့ရှိုးလည်း ကြည့်ရတယ်၊ ငါ့တို့အိမ်ကလည်း မရိပ်မိတော့ဘူး ... ကောင်းတယ်မဟုတ်လားဟင်"

"ဟင်"

ခူးခူးစကားဆုံးတော့ သွန်း ကြောင်စီစီလေး ဖြစ်သွားရပြန်သည်။

"နင်ရယ်၊ ငါရယ်၊ သိခ်ရယ် ... သုံးယောက်တည်း ... ဟုတ်လား"

"အေးလေ"

"ဟာ ... ခူးခူးရယ်"

ပါးနပ်လွန်းလှတဲ့ စိတ်ကူးကောင်းလေးကြောင့် သွန်း ခူးခူးကို သတိလက်လွတ် ပွေ့ဖက်လိုက်မိတော့မလို လက်များ ပြင်ပြီးတော့မှ ရှက်ရှက်နှင့် ပြန်ရုပ်လိုက်ရသည်။

"ခူးခူးရာ ... နင် ... နင် ငါ လာလို့ရအောင် တမင် ဒီလိုလုပ်ပေးတာပေါ့ ... ဟုတ်လား"

"ဒါပေါ့ ... ငါ့သူငယ်ချင်းတွေထဲမှာ နင်က မရှိမဖြစ်လေ၊ တခြား ဘယ်သူမှ ငါ့မွေးနေ့မှာ မရှိရင်ဖြစ်တယ် ... နင်တော့ မရှိလို့ လုံးဝမဖြစ်ဘူး"

ပြုံးပြုံးကလေး မျက်ဝန်းများဝင့်ကာ ပြောပုံကလေးမှာ ချစ်စဖွယ်အတိ။



www.burmeseclassic.com

www.burmeseclassic.com



သွန်းမှာ ကိုယ့်အပေါ် ဒီလောက်တောင် သံယောဇဉ်ကြီးရှာလွန်းသော သူငယ်ချင်းမကလေးကို ကြည့်ကာ သနားလည်းသနားမိရင်း ပိုလည်း ခင်လာမိတော့သည်။

ခူး ...

ငါ့အပေါ် အရမ်းကိုသံယောဇဉ်ကြီးလွန်းတဲ့ နင့်ကို ...

ငါ့ဘက်ကလည်း တစ်သက်လုံး ပေးဆပ်ဖြည့်ဆည်းပေးမယ်လို့ ဆုံးဖြတ်လိုက်ပြီ။

ငါ့ကြောင့် နင် ဘယ်တော့မှ မျက်ရည်မကျစေရတော့ဘူး ... သိလား။

နင် အမြဲ ပျော်ရွှင်နေစေရမယ်။

"သွန်း ... နောက်နှစ် နောက်နှစ် ငါ့ရဲ့မွေးနေ့တွေကျရင်လည်း ငါတို့သုံးယောက် ဒီနေရာလေးမှာ အမြဲဆုံကြမယ်နော်၊ ငါတို့တွေ ဘယ်လိုအခြေအနေကိုပဲ ရောက်ရောက်နော်"

ခူးခူး သွန်းမျက်လုံးများကဲ့သို့ မြူးမြူးမွေ့မွေ့ စိုက်ကြည့်ပြီးပြောသည်။

သွန်း မျက်လုံးများမှိတ်လျက် ခေါင်းကို ကျေကျေနပ်နပ်ညိတ်ပြကာ ...

"အေး ... ငါ ကတိပေးတယ် ခူး ... နင့်မွေးနေ့ရောက်တိုင်း ဒီနေရာကလေးကို ငါ မရောက်ရောက်အောင်လာခဲ့မယ် ... သိလား"





ခူးခူးရဲ့ ပခုံးသားဝန်းဝန်းလေးကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း သွန်း အလေးအနက် ကတိပေးလိုက်တော့ ခူးခူး မြူးမြူးမွေ့မွေ့ပြုံးသည်။

နူးညံ့ လန်းဆန်းလိုက်တဲ့ အပြုံးကလေး။

ချစ်စရာကောင်းလိုက်တာ ကောင်မလေးရယ်။

ခူးခူးရဲ့ ချစ်စဖွယ်အတိ မျက်နှာလှလှလေးကို ငေးစိုက်ကြည့်မိရင်း သွန်းရဲ့ ဆယ်ကျော်သက်နှလုံးသားအရိုင်းလေးက တဒိတ်ဒိတ် ဆောင့်ခုန်လာသည်။

ဘယ်လိုဖြစ်ရတာလဲ ...။

ဘာလို့ ဒီလိုကြီး ရင်ခုန်နေရတာလဲ ...။

ငါ့တော့ ခက်ပြီ ကောင်မလေးရယ်။

သွန်း သက်ပြင်းလေးခိုးရှိုက်ကာ စကားပြန်ဆက်ဖို့ ကြိုးစားမိသည်။

စကားတွေ ပြောမှ ...

ဒီတိုင်းနေလို့ မဖြစ်တော့ပြီ။

"ခူး ... နင် ဟိုကောင့်ဆီကလည်း ကတိတောင်းဦး"

သွန်း သိခ်ရှိရာဘက် မေးထိုးပြလိုက်သည်"

သိခ်ကတော့ စိုင်းစိုင်းနှင့်အတူ ကြဲနေပြီ။

"အဲဒီကောင်ကိုတော့ ဘေးမဲ့ပေးလိုက် ... ထိန်းချုပ်လို့မရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မနာလိုစရာကြီး"

"မနာလိုမဖြစ်နဲ့ ... လာ"

ခူးခူး သွန်းကို နေရာရွှေ့ရန် လက်ဆွဲခေါ်သည်။

အပျော်တွေနှင့် ရောနှောပေါင်းစပ်ကာ ရင်ခုန်သံက ထိန်းသိမ်းမရချင်တော့။

မချင့်မရဲဖြစ်လာလျက် သွန်း ခူးခူးလက်ကလေးကို အပေါ်မှ အုပ်မိုးဆုပ်ကိုင်ကာ ဂျာကင်အိတ်ထဲ ထည့်ထားလိုက်သည်။

ပျော်လိုက်တာ ...။

အပျော်တွေက ရင်ထဲမှ ဖိတ်လျှံပြီး ကောင်းကင်ယံအထိ လွင့်ကူးတက်သွားသည်ဟုပင် အထင်ရောက်မိတော့သည်။

ပခုံးစွန်းမှာ ရန့်ဖျော့ဖျော့ကလေး သင်းပျံ့လာသည်။

ခူးလေး ...

နင် ငါ့ပခုံးစွန်းမှာ လိပ်ပြာမလေးတစ်ကောင်လို အမြဲ ခိုနားမှာလား။

သေချာတယ် ...။

ငါ နင့်ကို ...

နင့်ကို ငါ အရမ်းချစ်နေပြီ ခူးလေးရယ်။

ငါ့ရင်ထဲက အချစ်ကို နင့်ကို သိစေချင်တယ်။

ဒါပေမဲ့ ...





ငါ ဆုံးဖြတ်လိုက်တယ် ...။

ခုလို နိမ့်ကျတဲ့ဘဝ၊ နုံချာတဲ့ဘဝနဲ့တော့ ငါ့အချစ်ကို ဘယ်တော့မှ မဖွင့်ဟဘူး။

နင့်တို့အသိုင်းအဝိုင်းထဲကို ဝင်နိုင်တဲ့ အဆင့်အတန်း ချင်းတူတဲ့ တစ်နေ့ကျမှ ငါ့အချစ်ကို ဖွင့်ဟမယ်။

ခုချိန်မှာတော့ ငါ့အချစ်ကို နင်မသိအောင် ငါ အတတ်နိုင်ဆုံး မျိုသိပ်ထားရဦးမယ်။

ဖုံးကွယ်ထားရဦးမယ်။

ရွှေလသာတဲ့တစ်နေ့ကျရင် ...

ငါ့ပခုံးစွန်းမှာ ထာဝရ နားခိုရမယ်နော် လိပ်ပြာမလေး။

သွန်းသည် ရင်ထဲမှာ စကားတွေ လွင့်ကူးပျံ့လွင့်လျက် ရောင်စုံမီးများကြားမှ ခူးခူးမျက်နှာ စုလဲ့လဲ့ကလေးကို ငေးရီ ကြည့်ရင်း သက်ပြင်းတွေ အခါခါ ချနေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

**သက်** ပြင်းတွေ အခါခါချမိလျက် ခူးခူးတစ်ယောက် အတိတ်အတွေးဝက်ပါထဲမှ ပြန်နိုးထလာသည်။

ငါ သိတာပေါ့ သွန်းရယ် ...။

အဲဒီနေ့ညက ရီဝေမှုန်သီနေတဲ့ နင့်မျက်ဝန်းတွေကို ငါ အသေအချာ ဘာသာပြန်တတ်ခဲ့တာပေါ့။

အဲဒီနေ့ညက ...

နင် ဖွင့်ပြောလိမ့်မယ်လို့ မျှော်လင့်ခဲ့ပေမယ့်

နင်ကတော့ ထုံးစံအတိုင်း

ဘုန်းမိုးသွန်းရဲ့ ရိုးရာမပျက် မျိုသိပ်ခဲ့တာပါပဲ။

ခုတော့ ... လေးနှစ်ဆိုတဲ့ အချိန်အတောအတွင်းမှာ ငါတို့ရဲ့အခြေအနေတွေဟာ သိပ်ကို ပြောင်းလဲသွားခဲ့ပြီနော်။

ငါတို့ ဆယ်တန်းအောင်စာရင်း ထွက်တယ်။

ဂုဏ်ထူးလေးဘာသာနဲ့ ကိုယ်စီအောင်တဲ့ ငါနဲ့သိမ်က





ဆေးကျောင်းတက်ခဲ့ကြပေမယ့် ...

ဘာသာစုံ ဂုဏ်ထူးထွက်တဲ့ နင်ကတော့ ဘာကျောင်းမှ မတက်ဘဲ အရိပ်အယောင်တောင် မတွေ့ခဲ့ရဘူး။

အသည်းရောဂါနဲ့ နင့်အဖေ ဆုံးသွားပြီဆိုတဲ့သတင်းကို ကြားလိုက်ရပြီးတဲ့အချိန်ကစပြီး ဘုန်းမိုးသွန်းဆိုတဲ့လူတစ်ယောက်ဟာ ပတ်ဝန်းကျင်ကနေ စုပ်စမြုပ်စကို ပျောက်သွားခဲ့တာပဲ။

အခု ... ပြန်တွေ့ရတဲ့အချိန်မှာ နင်ဟာ အရမ်းကို ပြောင်းလဲသွားပြီ။

နင့်အတွက် ငါ အရမ်းကို စိတ်ပူနေရတယ်ဆိုတာ နင် သိရဲ့လား သွန်းရယ်။

ခု နင် ဘယ်မှာနေသလဲဆိုတာတော့ ငါသိခဲ့ပြီ။

နင် ဘာတွေလုပ်နေသလဲဆိုတာ ငါဆက်ပြီး စုံစမ်းဦးမယ်။

တစ်ယောက်တည်းနေပြီး ဖြစ်ချင်သလိုဖြစ်၊ တေပေသွားမှာကို ငါ မလိုလားဘူး။

နင့်ကိုငါ တစ်ယောက်တည်း ပစ်မထားနိုင်ဘူး သွန်းရဲ့။ သိရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ခူးမှာ သွန်းအကြောင်းများ တွေးနေမိရာမှ နေမထိထိုင်မသာဖြစ်ကာ သွန်းကို အပြင်းအထန် သတိရနေမိဆဲ။

လက်ကိုင်ဖုန်းလေးမှာ တုန်ခါသံဖြင့် အိပ်ရာပေါ်မှာ ပတ်ချာလှည့်လာခဲ့လျှင် ... စိတ်လှုပ်ရှားသွားကာ ဖုန်းကို အမြန်ကောက်ဖွင့်ပြီး ထူးလိုက်သည်။

"ဟယ်လို"

တစ်ဖက်မှအသံမှာ ချက်ချင်း ပြန်ပေါ်ထွက်မလာခဲ့။

အသက်ရှူသံပြင်းပြင်းကိုသာ ကြားနေမိသလို ခူးစိတ်ထဲထင်မိသည်။ ခူး ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။

"ဟယ်လို ဟယ်လို ... ဘယ်သူလဲဟင် ဘယ်သူလဲ"

ခူး အဆက်မပြတ် ထူးနေမိသည်။

ဘယ်သူဆက်တာပါလိမ့်။

တစ်ဖက်မှ ဘာမှမပြော။

အသက်ရှူသံသာ ကြားနေရသည်။

ခူး ရင်ထဲ ယောက်ယက်ခတ်လာသည်။ စိတ်လှုပ်ရှားနေမိခြင်းကို မထိန်းချုပ်နိုင်တော့တဲ့အဆုံးတွင် ...

ခူး အရဲစွန့်ကာ မဝံ့မရဲ မေးလိုက်မိတော့သည်။

"သွန်းလားဟင်"

တစ်ဖက်မှ အသက်ရှူသံမှာ ပိုပြီးကျယ်လွင့်လာကာ

"ဘယ်လိုသိလဲ ခူး"





အိုး ... ကြည့်စမ်း ... သွန်း။

တကယ်ပဲ သွန်းဖြစ်နေခဲ့ပါလား။

အေးစက်ရှတသော အသံ။

ရင်ထဲ တစ်သက်တာ စွဲငြိခဲ့ရသော အသံ။

"ငါ နင့်ကို အရမ်းသတိရနေတာ သွန်းရဲ့၊ အဲဒီအချိန်ဖုန်းလာတော့ နင်ပဲလို့ ငါ ရှူးသွပ်လိုက်မိတာလေ၊ ကြည့်စမ်း ... ငါ့ရှူးသွပ်မှုက ကံကောင်းသွားခဲ့တယ်"

ခူး အသက်ပင် မရှူမိဘဲ ဝန်ခံလိုက်မိတော့သည်။

ငါက နင့်လို မမျိုသိပ်နိုင်တဲ့သူလေ သွန်းရဲ့။

အဲဒီတော့ ငါ ရင်ထဲအရှိအတိုင်း ဝန်ခံပါရစေဟာ။

"သွန်း ... နင် ငါ့ဆီ ဘာလို့ ဖုန်းဆက်တာလဲဟင်၊ ဘာပြောချင်လို့လဲ ... ပြောလေ"

မိန်းကလေးဘဝဆိုတာ ခူးခူး ဂရုမစိုက်နိုင်တော့ပြီ။

သွန်းထံမှ မျှော်လင့်ထားသည့်စကားတစ်ခွန်း ထွက်လာလေမလားရယ်လို့ လမ်းကြောင်းပေးလိုက်မိသည်။

"ဘာရယ်မဟုတ်ပါဘူး ခူးရယ် ... ငါလည်း နင့်ကိုသတိရနေမိလို့ စကားပြောရအောင် ဆက်လိုက်တာပါ ... ဘာမှအထွေအထူး မရှိပါဘူး"

သွန်းလေသံက တမင်ဖျော့ထားသော ပေါ့တိမ်တိမ်အသံ။



www.burmeseclassic.com

www.burmeseclassic.com



နင် မျိုသိပ်လိုက်ပြန်ပြီလား သွန်းရယ်။

နင့်ဆန္ဒတွေကို နင် မျိုသိပ်လိုက်ပြန်ပြီလား။

ဘယ်တော့များမှ နင့်ရင်ထဲ အရှိအတိုင်း ငါ့ကို ဖွင့်ဟမှာ လဲဟင် သွန်း။

မျှော်လင့်ရတာ ငါ ရင်မောလှပြီ ... သိရဲ့လား။

ခူးခူးသည် ဖုန်းကို ကျစ်ကျစ်ပါအောင်ကိုင်ထားရင်းမှ အံကြိတ် သက်ပြင်းချမိပြန်သည်။

"ခူး ... နင် အခု ဘာလုပ်နေလဲဟင်"

ကျစ် ... သွားစမ်းပါ။ အခုအချိန်က သာကြောင်း‌မာ ကြောင်းပြောရမယ့်အချိန် မဟုတ်ဘူး တော့်ရဲ့။

"ငါ ဘာလုပ်နေသလဲဆိုတာ အရေးမကြီးဘူး သွန်း ... နင် ဘာလုပ်နေလဲဆိုတာပဲ အရေးကြီးတယ်"

"ငါက ဘာလုပ်နေလို့လဲ ခူးရယ်"

"အဲဒါ နင့်ကိုယ်နင်ပဲ အသိဆုံးဖြစ်မှာပေါ့ ... သိမှ တော့ ငါက နင့်ကို မေးနေပါဦးမလား"

"ဘာဖြစ်လို့ ဒီလောက်တောင် သိချင်နေရတာလဲ ခူးခူး ရယ် ... ငါလို အနုပ်စုတ်ကုပ်စုတ်ကောင်က အနုပ်စုတ်ကုပ်စုတ် တွေပဲ လုပ်နေတာပေါ့"

သွန်းပြောပုံမှာ တမင် ပေါ့ရှပ်ရှပ်။

ခူးခူး စိတ်မရှည်နိုင်တော့ပြီ။





"သွန်း ... နင် ငါ့ကို အမှန်အတိုင်းပြောစမ်းပါ ... နင့်ကြောင့် ငါ ဘယ်လောက်ပူလောင်နေရသလဲဆိုတာ နင်မသိဘူး လားဟင်၊ နင့်ကို ငါ ဘယ်လောက်စိုးရိမ်နေရသလဲဆိုတာ နင် နည်းနည်းကလေးမှ မသိဘူးလား ... ဟင် သွန်း"

သွန်းဆီမှ သက်ပြင်းသံသဲ့သဲ့က လေစီးကြောင်းထဲမှ စီးမျောလာသည်။

နင့်ကြောင့် ခံစားနေရတာ ငါ့ရင်တစ်ခုလုံး ပူလောင်ဆူ ပွက်နေပြီ ... သိရဲ့လား။

ငါ့ရင်တွေ ဖွင့်ကွဲထွက်တော့မယ် သွန်းရဲ့။

"ငါ ချာတိတ်မှ မဟုတ်တော့ဘဲ ခူးခူးရယ်၊ ငါ့အတွက် စိတ်ပူစရာလား"

ကြည့်စမ်း ... ပြန်မေးပုံက ထိမထင်။

ခံစားချက်ကို တန်ဖိုးမထားတတ်လိုက်တာ။

ခူးခူး နှလုံးသားတွေ ရှန်းကြွလှိုင်းထန်လာကာ ...

"အဲဒါတွေ ငါ့ကို လာမပြောနဲ့ ... ငါ နားမလည်ဘူး သွန်း၊ နင့်အတွက် ငါ စိုးရိမ်တယ်၊ စိတ်ပူတယ်၊ ဘာဖြစ်လဲ ... ငါက နင့်ကို ချစ်တာကိုး၊ နင့်အတွက် ငါ ပူလောင်ရတာပေါ့ သွန်းရဲ့ ... နင် မသိဘူးလားဟင်"

"ခူးခူး"

သွန်းဆီမှ အလန့်တကြားသံ ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပူလောင်စိတ်တွေက မထင်မှတ်ဘဲ သွန်းကိုချစ်ကြောင်း ဖွင့်ဟ ဝန်ခံလိုက်မိတဲ့အဖြစ် ...။

ငါ နောင်တမရဘူး သွန်း။

ချစ်တယ်ဆိုတာ မျိုသိပ်ထားစရာ မဟုတ်ဘူး။

နှလုံးသားဆိုတာဟာလည်း လှောင်ပိတ်သိမ်းဆည်းထားစရာ မဟုတ်ဘူး။

လုံးဝ ထင်မှတ် မျှော်လင့်မထားသောစကား ကြားလိုက်ရသလို သွန်းဘက်မှ လေဆက်ပြတ်ကာ အသံတိတ်သွားသည်။

ဖွင့်ဟလက်စနှင့်မို့ ခူးခူး တံတွေးတစ်ချက်မျိုချကာ ဆက်ပြောမိလေတော့သည်။

"သွန်း ... နင်ရော ငါ့ကို ဘယ်တော့ ဝန်ခံမှာလဲ"

အသံက အကြာကြီး တိတ်နေပြန်သည်။

ခူး စိတ်မရှည်တော့ပြန်။

တိတ်ဆိတ်မှုကို စတင် ဖြိုခွင်းလိုက်သည်။

"နင်လည်း ငါ့ကို ချစ်တယ်မဟုတ်လား သွန်း"

အမေးနှင့်အတူ ခူးခူးရဲ့မျက်နှာကလေး ပူထူရှိန်းမြသွားရသည်။

ကောင်စုတ် သွန်း ...။

ဒင်းဘက်ကစပြီး ဝန်မခံလို့ ဒီဘက်က မိန်းကလေး တန်မဲ့ စတင် ဖွင့်ဟရတာ။





ဖုန်းနဲ့မို့လို့ တော်သေးတာပေါ့ ...။

မျက်နှာချင်းဆိုင်သာဆို ရှက်ပြီးသေရချည်ရဲ့။

ခုတောင် ရင်တွေ အရမ်းခုန်နေတာ ပေါက်ကွဲထွက်တော့မယ် ... သိရဲ့လား။

ပြောလက်စနှင့်တော့ မထူးတော့ပြီ။

"ပြောလေ သွန်း ... နင်လည်း ငါ့ကို ..."

"ခူးခူး ... ငါ နင့်ကို သူငယ်ချင်းတစ်ယောက်လို၊ ညီမလေးတစ်ယောက်လိုပဲ ချစ်တာ"

"ဘာ"

နားစည်အိမ်ထဲ ခါးသီးသွားရသည်။

လုံးဝ ထင်မှတ်မထားသော အငြင်းစကားမို့ ခူးခူး အလန့်တကြား အော်လိုက်မိသည်။

"သွန်း ... နင် လိမ်တာ"

"ဝမ်းနည်းပါတယ် ခူးခူး ... နင်ထင်သလို ငါ နင့်ကို မချစ်ဘူး"

"သွန်း"

ခါးခါးသီးသီး အော်လိုက်မိဆဲ 'တူ' ခနဲဆိုသောအသံသာ နားထဲ ဝင်လာခဲ့သည်။

သွန်းတစ်ယောက် အနိုင်နှင့်ပိုင်းကာ ဖုန်းချသွားခဲ့ပြီ။

ရှစ်ထိ ...။



www.burmeseclassic.com

www.burmeseclassic.com



ခူးခူး ဆဲရေးလိုက်မိရင်း ဖုန်းကို နံရံဆီ ပစ်ပေါက်လိုက်သည်။

မယုံဘူး ...ငါ မယုံဘူး သွန်း။

နင် လိမ်တာ ...ငါသိတာပေါ့။

ငါ အသေအချာသိတာပေါ့ သွန်းရဲ့။

ငါနဲ့ပတ်သက်လာရင် အသေးအမွှားလေးတွေကအစ အသေးစိတ် မှတ်မိနေနိုင်တဲ့အထိ နင်ငါ့ကို သိပ်ချစ်တယ်ဆိုတာ ငါ အသေအချာ သိတာပေါ့။

ဒီမှာ သွန်းရဲ့ ...

နင် ငါ့ကိုသာ လိမ်ညာလို့ရမယ် ...

နင့်နှလုံးသားကိုတော့ နင် လိမ်လို့မရပါဘူးဟာ။

နင် ငါ့ကို ဘာလို့လိမ်ရတာလဲ သွန်းရယ် ...

နင် ငါ့ကို ဘာလို့လိမ်ရတာလဲ။

ငါ လိမ်ပါရစေ ခူးရယ် ...

ငါ ...ငါ မလိမ်လို့မှ မဖြစ်တာ။

လက်ရှိ ငါ့ဘဝအခြေအနေက နင့်ကိုသာ မဟုတ်ဘူး ...ဘယ်သူ့ကိုမှ အမှန်အတိုင်း အသိပေးခွင့်မရှိအောင် လိမ်နေရ





တဲ့ ဘဝ။

တစ်နှစ်ဆိုတဲ့ အချိန်အတောအတွင်းမှာ ငါ့ဘဝ ငါ့အခြေအနေ ဘယ်လောက်တောင် ပြောင်းလဲသွားခဲ့သလဲဆိုတာ နင်မှ မသိတာ။နောက်ပြီး နင့်ကိုပြောပြလို့လည်း ဘာမှမဖြစ်နိုင်တာ။

ငါ ဆယ်တန်းစာမေးပွဲဖြေပြီး မကြာခင်မှာပဲ အဖေ အသည်းရောဂါနဲ့ ဆုံးတယ်။

နဂိုကတည်းကမှ အမေမရှိ အဖေတစ်ခု သားတစ်ခု နေခဲ့ရတဲ့ဘဝမှာ အဖေမရှိတော့ဘူးဆိုတော့ ငါဟာ တစ်ကောင်ကြွက် ဖြစ်ခဲ့ရပြီပေါ့။

ဒါပေမဲ့ ...ငါ အဲသလို မယူဆပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ငါဟာ ဘယ်တော့မှ တစ်ယောက်တည်း မဟုတ်ဘူး။ ဘာဖြစ်လို့လဲ သိလား ...

ငါ့ရင်ထဲမှာ နင် အမြဲရှိနေလို့ပေါ့။

နှလုံးသားထဲမှာ စူးနစ်သည်းထန်စွာ နင် ဝင်ရောက်နေခဲ့ပြီလို့ သိလိုက်ရတဲ့အချိန်ကစပြီး ငါ့ရဲ့ တစ်သက်တာရည်မှန်းချက်တွေဟာ ပြောင်းလဲခဲ့ရတော့တယ်။

ဘာသာစုံဂုဏ်ထူးထွက်ခဲ့ပေမယ့် ငါ ကျောင်းဆက်မတက်နိုင်တော့ဘူး။

တကယ့် ဘဝခရီးလမ်းကိုပဲ လျှောက်ဖို့ ငါရွေးချယ်လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ... ငါရွေးချယ်တဲ့လမ်းဟာ နင့်အတွက် အကောင်းဆုံးပဲ ဖြစ်စေရမယ်လို့ ငါစဉ်းစားခဲ့ပါတယ်။

ငါချစ်တဲ့ နင့်ကို ရယူပိုင်ဆိုင်နိုင်ဖို့အတွက် တိုးတက်ကြီးပွားမှုဖြစ်မယ်ဆိုတာ ငါ နားလည်တယ်လေ။

အဲဒါကြောင့် နင့်အတွက် ကြိုးစားမယ်လို့ ငါ နိုင်နိုင်မာမာ ဆုံးဖြတ်ခဲ့တယ်။

နင့်အသိုင်းအဝိုင်းထဲ ဝင်ဆန့်နိုင်တဲ့နေ့ ...

ဆင်းရဲနုံချာတဲ့ဘဝကို ပြောင်းလဲနိုင်တဲ့ တစ်နေ့ကျရင် ငါ့အချစ်ကို ဖွင့်ပြောမယ်။

ငါ့ဘဝကို လက်ရှိအခြေအနေကနေ မြေလှန်ပြောင်းလဲပစ်ဖို့အတွက် အောက်ခြေကနေ စ,လို့မဖြစ်ဘူးလို့ ငါစဉ်းစားမိတယ်။

အဲဒီနောက် ... လူတစ်ယောက်ရဲ့ဘဝကို လုံးဝဥဿုံ ပြောင်းလဲပေးနိုင်တဲ့နေရာဆီကို ဘယ်သူ့ကိုမှ အသိမပေးဘဲ ငါ ထွက်ခွာလာခဲ့တယ်။

အဲဒီနေရာက ရောင်စုံကျောက်လေးတွေ ထွက်တဲ့နေရာပေါ့။





ခူး ... နင် သိလား ...

အဲဒီနေရာမှာ ငါ အသေအကျေကို ပင်ပန်းခဲ့တယ်။

ငါ့ရဲ့မာနတရားကို ပိုပြီးထက်မြက်အောင်

ငါ့ရဲ့စိတ်ဓာတ်တွေကို ပိုပြီး မာကျောပြတ်သားအောင် သွေးပေးလိုက်တဲ့ နေရာက အဲဒီနေရာပဲ။

အဲဒီနေရာက ဘုန်းမိုးသွန်းဆိုတဲ့ လူတစ်ယောက်ကို အသစ်တစ်ဖန် ပြန်မွေးဖွားပေးခဲ့တယ်။

ဆိုပါတော့ ... အဲဒီမှာ ငါ ‘စုံ’ ခဲ့တယ်။

လူလားမြောက်ခဲ့တယ်။

အဲဒီရောက်မှ ငါ တကယ် စာတတ်တာ။

ဒါပေမဲ့ ... နင့်ကို တစ်နေ့မှ မေ့မရခဲ့ဘူး ခူး။

ငါ အလုပ်နားတဲ့အချိန်တိုင်းမှာ နင့်မွေးနေ့တုန်းက တပ်ခဲ့တဲ့မျက်နှာဖုံးလေးကို သတိရတိုင်း ထုတ်ကြည့်မိတယ်။

အဲဒီမျက်နှာဖုံးလေးဟာ ငါ့ဘဝအတွက် အရမ်းကို အရေးပါတဲ့ အမှတ်တရပဲ။ နင့်ကိုလည်း အလွမ်းပြေစေတယ်။

ပြီးတော့ ...

ငါ့ရဲ့မာနတရားကိုလည်း ပိုပြီးအရောင်တောက်စေတယ်။

ငါ ထုတ်ကြည့်လိုက်တိုင်း ...

မာန်ဖီနေတဲ့ ကျားတစ်ကောင်က ငါ့စိတ်ဓာတ်တွေကို အားပေးနေသလိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



ငါ့နှလုံးသားဟာ ခုန်အုပ်တော့မယ့် ကျားတစ်ကောင်ရဲ့ ဝိညာဉ်နဲ့ ပိုပြီး ရှန်းကြွ ဆူပွက်လာခဲ့တယ်။

ကံကောင်းချင်တော့ အဲဒီနေရာဟာ ငါ့အတွက် အောင်မြေဖြစ်ခဲ့တယ်။

ငါ့ဘဝတစ်ခုလုံးကို ပြောင်းလဲပစ်လိုက်နိုင်တဲ့ ကျောက်တစ်လုံးကို ငါ ရခဲ့တယ်။ ဒါပေမဲ့ ...

"ဘုန်းမိုးသွန်း ... ဘုန်းမိုးသွန်း ... မင်းက နာမည်နဲ့လိုက်အောင် ဘုန်းကြီးတဲ့ကောင်ပါလားကွ ... ဟင်"

ငါ ကျောက်ရတာ သူတို့သိသွားကြတယ်။

သူတို့ဆိုတာက ဒီနယ်မြေက ဖြတ်စားတွေပေါ့။

ဘဝနဲ့ရင်းခဲ့ရတဲ့ ဒီကျောက်ကို သူတို့လက်ထဲ ငါမထည့်နိုင်ဘူး။ ဒီတော့ လေအေးအေးနဲ့ပဲ ...

"ပါးပါးလေးပါ"

"ထူထူပါးပါးပေါ့ကွာ ... ရိုးရာမပျက်"

သူတို့ ငါ့ကို အကောက်ကြံတော့မယ်ဆိုတာ ငါသိတယ်။

ငါ့ကျောက်က သူတို့လက်ထဲရောက်သွားရင် ငါ အရိုးအရင်းပဲ ရတော့မှာလေ။





"ဘယ်လိုလဲကွ ဘုန်းမိုးသွန်း ... ဒီနယ်မြေရဲ့စည်းကို မင်း သိပါတယ်နော်၊ စည်းကျော်ရင် ဘာဖြစ်တတ်သလဲဆိုတာလည်း ကြားဖူးနားဝ ရှိတယ်မဟုတ်လား"

ဒီလူတွေ ငါ့ကို အတင်းအကျပ် ခြိမ်းခြောက်လာတယ်။ သူတို့မျက်လုံးတွေက သားကောင်ကိုချောင်းနေတဲ့ မုဆိုးလိုပဲ။

ဒါပေမဲ့ ... ငါကလည်း ကျားလေ။

သူတို့ကို ငါက အရင် လက်ဦးမှုယူလိုက်တယ်။

ရှူး ...

ငါ မထင်မှတ်ဘဲ လက်လွန်သွားခဲ့တယ်။

"ဟာ ... သွားပြီ"

"အသက်မရှိတော့ဘူး ထင်တယ်"

ငါ့လက်ချက်ကြောင့် လူတစ်ယောက် သေသွားခဲ့တယ်။ အဲဒီလောက်ထိ ဖြစ်ဖို့ ငါ မရည်ရွယ်ခဲ့ဘူး။

သူတို့တွေ အာရုံပြောင်းနေကြတုန်း ငါ အသည်းအသန်ထွက်ပြေးလာခဲ့ရတယ်။ မိခဲ့ရင် ငါလည်း သေမှာပဲ။

ငါ ရန်ကုန်ကို အမြန်ပြန်ပြေးလာခဲ့ပြီး ခြေရာဖျောက် လျှို့ဝှက်နေ နေရတယ်။

ငါ့သတင်းကို ရဲတွေလည်း သိသွားခဲ့ပြီး ငါ့နောက်ကို ရဲတွေရော သူတို့တွေရော ခြေရာခံလိုက်နေကြတယ်။

ရှူး ... ငါဟာ တထိတ်ထိတ် တလန့်လန့်နဲ့ ကျိုးလန့်စာ



www.burmeseclassic.com

www.burmeseclassic.com



စားလို နေ့,နေရတဲ့ကြားက ...

နင့်ကိုပေးခဲ့တဲ့ ကတိစကားအတိုင်း နင့်မွေးနေ့မှာ နင့်ဆီကို မရောက်,ရောက်အောင် ငါလာခဲ့တာ။

နူးရယ် ...

''နင်လည်း ငါ့ကို ချစ်တယ်မဟုတ်လား''

ဆိုတဲ့ နင့်မေးခွန်းက ငါ့နှလုံးသားတစ်ခုလုံးကို လောင်မီးကျစေတဲ့ မေးခွန်းပဲ။

ငါ့ဘဝတစ်ခုလုံးကို ပြောင်းလဲပစ်နိုင်တဲ့ ကျောက်တစ်လုံးကို ပိုင်ဆိုင်တဲ့အချိန်မှာ ငါဟာ ရာဇဝတ်သား ဖြစ်နေခဲ့တယ်။

ဒီလိုအခြေအနေမျိုးနဲ့ ငါ နင့်ကိုချစ်ကြောင်း ဝန်ခံသင့်ရဲ့လား နူးရယ်။

ငါ့လောက် မိုက်မဲတဲ့ကောင်

ငါ့လောက် မတရားတဲ့ကောင် ... ရှိပါ့ဦးမလားဟင်။

လောလောဆယ် ငါ အားလုံးကို မေ့ပစ်ချင်တယ်။

အသည်းအသန်ရွာနေတဲ့ မိုးစက်တွေရဲ့အောက်မှာ ခါးသက်ပူပြင်းတဲ့ ပုလင်းပြားလေးကိုင်ပြီး ငါ အားလုံးကို မေ့ပစ်ချင်တယ်ဟာ ...

မေ့ပစ်လိုက်ချင်တယ်။

အခန်း (၁၀)

“နူး”

တိုးဖျော့ ရှတသော ခေါ်သံ။

နူးနူး ပူပင်စိတ်ဖြင့် လှည့်ကြည့်လိုက်လျှင် မိုးရေများစိုရွှဲနစ်ကာ ရီဝေနာကျင်နေသောမျက်လုံးများကို တွေ့လိုက်ရသည်။

''သွန်း ... နင် ... နင် ဘာ ... ဘာဖြစ် ...''

ခိုက်ခိုက်တုန်နေသော ခန္ဓာကိုယ်က ရင်ခွင်ထဲ ဝုန်းခနဲပြိုကျသည်။

အားလျော့လိုက်သလို ချက်ချင်း မေးမှိတ်သွားခဲ့သော မျက်လုံးများ ...။

စိုးရိမ်တကြီးဖြင့် နဖူးကို စမ်းလိုက်မိသည်။

ဘုရားရေ ...

မီးကျည်မီးခဲလို ခြစ်ခြစ်တောက်ပူပြင်းနေသော အသား။

''သွန်း ... သွန် ...း'



www.burmeseclassic.com

www.burmeseclassic.com



အထိတ်တလန့် ငုံ့ကြည့်မိဆဲ တစ်ကိုယ်လုံး ပြာနှမ်းကာ တောင့်တင်းနေသည်ကို တွေ့လိုက်ရလျှင် ...

"သွန်း ... သွန်းရေ ... ဘာဖြစ်တာလဲ သွန်း ... သွန်း"

ရင်တစ်ခုလုံး ပူလောင်ကာ အဆက်မပြတ် ခေါ်နေမိသည်။ ပူလောင်စိတ်က ရင်တစ်ခုလုံးကို ဆုပ်ညှစ်ထားသလို မွန်းကျပ်လာသည်။

သွန်းရဲ့ ပူလောင်တောင့်တနေသော ခန္ဓာကိုယ်ကို အတင်းလှုပ်ယမ်းကာ အဆက်မပြတ် ခေါ်နေမိဆဲ။

"သွန်း ... သွန်း ..."

အသက်ရှူရကျပ်နေဆဲ ...။

ဟင် ...

သွန်း ဘယ်ရောက်သွားပြီလဲ။

ဘုရားရေ ... သွန်း ... သွန်းရော ...

ဆတ်ခနဲ ထ,ထိုင်လိုက်မိသည်။

မွန်းကျပ် ဆောင့်ခုန်နေသောရင်ကို ငြိမ်သက်အောင် မျက်လုံးအစုံကို ခဏပြန်မှိတ်ထားရသည်။





သွန်း ... တကယ် မရှိပါလား။

ကိုယ့်ရင်ခွင်ထဲကနေ ဘယ်လိုလုပ် ပျောက်သွားရတာလဲ။

ခူးခူး ပင့်သက်ရှိုက်မိလျက် မျက်နှာကို ယောင်ယမ်းစမ်းလိုက်တော့ ပူနွေးဆဲ မျက်ရည်စတွေကို စမ်းမိသည်။

ဘုရားရေ ... ငိုနေခဲ့သတဲ့။

သွန်းရယ် ... နင်နဲ့ပတ်သက်ရင် အိပ်မက်ထဲမှာတောင် ငါဟာ ငိုတတ်သူပါ။ သို့သော် ရင်ကတော့ ပူလောင်မွန်းကျပ်ဆဲ။

နင် ဘာတွေဖြစ်နေသလဲ သွန်း

ငါ နင့်ကို တစ်ယောက်တည်း ဘယ်လိုမှ စိတ်မချနိုင်ဘူး။

နင့်ဘက်က မချစ်ဘူးပြောလည်း ငါ နင့်ကို ပစ်မထားနိုင်ဘူး။

သွန်းရေ ...

နင့်ရင်ထဲက အမုန်းစကားဖြစ်စေ၊ နင် လိမ်သည်ဖြစ်စေ နင်က မချစ်ဘူးဆိုလည်း ... ငါ နင့်ဆီ လာခဲ့ပါရစေဟာ။

နင့်အတွက် သောကတွေကို ငါ ဘယ်လိုမှ မျိုသိပ်ထိန်းချုပ်လို့ မရတော့လို့ပါ။

ခူးခူး ကားသော့ကို ယူကာ ဝုန်းခနဲ ခုန်ထ,လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှုးရှုး ... ဘယ်လဲ စောစောစီးစီး"

ကားဆီပြေးဆဲ ရှုးရှုးကိုယ် ဟန်တန့်သွားရသည်။

စိတ်ပျက်စရာ ကောင်းလိုက်တာ။

"မုန့်သွားစားမလို့"

"ငါပါ လိုက်ခဲ့မယ်"

သေစမ်း

ကားသော့ကို မဖွင့်သေးဘဲ ရှုးရှုး သိမ်ကို စိတ်ရှုပ်စွာ မျက်မှောင်ကုတ်ကြည့်လိုက်သည်။

"ငါ ရတီ့အိမ် ဝင်ဦးမှာ"

"ငါလိုက်လို့ မဖြစ်ဘူးလား"

"လိုက်ချင်လိုက်ခဲ့လေ၊ ရတီနဲ့ စာအတူတူ ကျက်မှာ၊ ပျင်းရင်လည်း ရတီ့အိမ်မှာ တစ်ရေးအိပ်ဦးမှာ၊ မိန်းမနှစ်ယောက်ကြား မျက်နှာပြောင်တိုက်နေရဲရင် လိုက်ခဲ့"

ရှုးရှုး ဘုရိုတ်ရိုတ်လိုက်တော့မှ သိမ် နည်းနည်းတန့်သွားသည်။

"ပြီးရောလေ၊ ဖုန်းဆက်လိုက် ... ငါ လာကြိုမယ်"

ရှုးရှုး ခါးကို တင်းတင်းထောက်ကာ သိမ်ကို မျက်နှာချင်းဆိုင်လိုက်သည်။

"နင် ဘယ်လိုဖြစ်နေသလဲ သိမ် ... ငါ့ခြေလှမ်းတွေကို





နင် ဒီလောက်တောင် စုံစမ်းနေရအောင် နင် ဘာဖြစ်နေသလဲဟင်၊ ငါ နင့်ကိုစိတ်ပျက်လာပြီ၊ နင် သိပ်တရားလွန်နေပြီ ... သိလား သိမ်"

"ဆောရီးပါ ရှုးရှုးရယ် ... ဖြစ်ချင်းဖြစ် ငါ တရားလွန်နေတာ မဟုတ်ပါဘူး ... အချစ်လွန်နေတာသာ ဖြစ်မှာပါ၊ နင် ဟိုကောင်နဲ့တွေ့မှာ ငါ စိတ်မပူရတော့ဘူးလား ရှုးရှုး"

(အေး ... ငါကလည်း သွန်းနဲ့တွေ့ဖို့ကို သွားမှာ)

စိတ်ထဲကသာ အငေါ်တူးမိလျက် နှုတ်ဖျားနှင့်တော့ သိမ်ကို ရှုးရှုး စိန်မခေါ်ရဲ။

သွန်းနှင့်တွေ့ဖို့ ရည်ရွယ်ချက်ကို အပျက်မခံရဲဘူးလေ။

"ငါ့ကိုမချုပ်ချယ်ပါနဲ့ သိမ်ရယ်၊ ငါ တောင်းပန်ပါတယ်"

(သွန်း ... နင့်အတွက် သိမ်လို ငယ်နိုင်ကို ငါတောင်းပန်ဖူးတာ ဒါ ပထမဆုံးအကြိမ်ပဲ)

ရှုးရှုးဆီမှ မကြားစဖူးသော တောင်းပန်စကားကြောင့် သိမ် တွေဝေလျက် သက်ပြင်းချသည်။

ဒါတောင် လေသံပစ်ကာ ခြိမ်းတော့ခြိမ်းခြောက်လိုက်သေး။

"အေးလေ ... နင့်ကိုယ်နင် ထိန်းသိမ်းနိုင်ရင် ပြီးတာပဲ၊ ရုတ်ရုတ် ရုတ်ရုတ် အသံကြားရင်တော့ ငါက လူကြီးတွေကို ချက်ချင်း နားပူနားဆာတိုက်လိုက်မှာနော် ... သဘောပေါက်"



www.burmeseclassic.com

www.burmeseclassic.com



"ဘိုင့်"

ဂရုမစိုက်ဘူးဆိုတဲ့သဘောနဲ့ ခူးခူး တာ့တာပြခဲ့လျက်ကားသော့ဖွင့်သည်။

စိတ်ကူးနဲ့ ဖဲရိုက်ကျန်ခဲ့တော့ သိမ်ရေ။

ငါကတော့ သွန်းဆီသွားပြီ။

သွန်း ...

စိုးရိမ်စိတ်တွေနဲ့ ပူပြင်းလောင်မြိုက်နေတဲ့ ရင်နဲ့ နင့်ဆီ ငါ အမြန်ဆုံးရောက်အောင် လာခဲ့မယ် ... သိလား။

ကြည့်စမ်း ...

ထင်သည့်အတိုင်းပင် ခူးခူး ရောက်သွားသည့်အချိန်မှာ သွန်းတစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလျက် လူက သတိလစ်တစ်ချက် မလစ်တစ်ချက်ပင် ဖြစ်နေပြီ။

မေးဖျားများ တဆတ်ဆတ် တုန်ရိုက်နေသည့် သွန်းကို ကြည့်ကာ ခူးခူး ရင်ထဲပူလောင်လျက် မျက်ရည်များ တွေတွေကျနေမိသည်။

သွန်းရယ် ...

ဘယ်လိုဖြစ်ရတာလဲ ...။





ခူးခူး စိုးရိမ်စိတ်ဖြင့် ပျာယာခတ်နေမိသည်။

သို့သော် ...

ကိုယ့်ကိုယ်ကိုယ် ပြန်သတိထားကာ လုပ်သင့်တာတွေကို စိတ်အေးအေးဖြင့် လုပ်ဖို့ ကြိုးစားရသည်။

ပထမဆုံး သွန်း ကိုယ်ပူအမြန်ကျအောင် ရေပတ်တိုက်ပေးရသည်။

ရေပတ်တိုက်ပြီး ခဏနေတော့ သွန်း ကိုယ်ပူကျကာ သတိလည်း ပြန်ကောင်းလာသလိုပင်။

အိပ်ချင်နေပုံရသဖြင့် ခူးခူး တိတ်တဆိတ်ပဲ နေကာ ဆန်ပြုတ်ပြုတ်ဖို့ ပြင်ဆင်သည်။

ဆန်ပြုတ်ရတော့မှ ဆေးတိုက်ရမည်။

ဆန်ပြုတ်ကျိုဆဲ အိပ်နေသောသွန်းကို စိတ်မချနိုင်သည်မို့ ခူးခူးတစ်ယောက် လူးလားခေါက်ပြန် နေမိသည်။

ဆန်ပြုတ်ရတော့ ဆေးအဆင်သင့်ပြင်ကာ သွန်းနိုးမယ့်အချိန်ကို ငြိမ်ငြိမ်ကလေး ထိုင်စောင့်နေမိသည်။

မျက်လုံးများ အဖျားရှိန်ဖြင့် မှိုအစ်နေသော သွန်းကို ကြည့်ကာ ရင်ထဲမကောင်း။

သွန်းရယ် ...

နင်သာ တစ်ခုခုဖြစ်ခဲ့ရင် ငါ ရူးမှာပဲ။

ငါသာ ရောက်မလာခဲ့ရင် ...



www.burmeseclassic.com

www.burmeseclassic.com



အတွေးဖြင့် ခူးခူး မျက်ရည်များ တလိမ့်လိမ့် ကျမိပြန်သည်။

အသံမထွက်အောင် ကျိတ်၍ ရှိုက်ဆဲ . . .။

သွန်း လူးလွန့်လာကာ မျက်လုံးမဖွင့်ဘဲ

"ခူး"

လို့ ခပ်တိုးတိုး ခေါ်သည်။

သွန်း နိုးလာပြီ။

ခူးခူး ဝမ်းသာအားရဖြင့် ကပျာကယာ သွန်းလက်ကို ဆုပ်ကိုင်လိုက်ကာ . . .

"သွန်း . . . နိုးပြီလားဟင်"

"ဟင်"

ထင်မှတ်မထားသော အာမေဍိတ်သံနှင့်အတူ မှိုအစ်နေသော မျက်ခွံများကို မရ,အရဖွင့်ကာ သွန်းတစ်ယောက် ဆတ်ခနဲ ထ,ထိုင်နိုင်ဖို့ ကြိုးစားလေတော့သည်။

"သွန်း . . . မထနဲ့, မထနဲ့ဦးလေ၊ ရုတ်တရက် ထ,ထိုင်ရင် ခေါင်းမူးတတ်တယ် . . . ပြန်လှဲနေ"

ခူးခူး ကပျာကယာ သွန်းကို ပြန်လှဲစေလိုက်ရသည်။

သွန်းမှာ အံ့အားအသင့်ကြီး သင့်လျက် . . .

"ခူး . . . နင် . . . နင် ဘယ်လိုလုပ်ရောက်နေတာလဲ"

"ဟမ်"





အံ့ဩနေသော သွန်းကိုကြည့်ကာ ခူးခူး ပြန်ကြောင်သွားရသည်။

"ငါရောက်နေတာ နင် မသိဘူးလား"

သွန်း မျက်လုံးပြူးကြီးနှင့် ခေါင်းခါပြသည်။

"နင်ပဲ ခုနက ငါ့နာမည်ကို ခေါ်ပြီးတော့"

"ငါ နင့်နာမည်ကို ခေါ်လိုက်မိတယ် . . . ဟုတ်လား"

သွန်း ရှက်ကိုးရှက်ကန်းကြီး ဖြစ်သွားရသည်။

ခေါင်းကြီးငုံ့စိုက်ကာ မဖြစ်မနေ ဝန်ခံရလေတော့သည်။

"ငါ . . . ငါ နင့်ကို အိပ်မက်,မက်နေတာ၊ အဲ . . . အဲဒါယောင် . . . ယောင်ပြီးများ ခေါ်လိုက်မိသလား မသိဘူး"

စကားများ ထစ်ငေါ့တုန်ခါလျက် ဝန်ခံနေသော သွန်းကိုကြည့်ကာ ခူး နှုတ်ခမ်းကိုက်လျက် ပြုံးသည်။

"နင့်ရော ငါ့ဆီ ဘယ်လိုလုပ်ရောက်လာသလဲဟင်"

သွန်း တအံ့တဩ တသိတရ မေးသည်။

"ငါလား . . . နင့်လိုပဲပေါ့၊ နင့်ကို အိပ်မက်မက်လို့လေ၊ မနက်အစောကြီး သိမ်ကို ဘတ်ပြီးထွက်လာတာ"

"အိပ်မက်,မက်လို့ . . . ဟုတ်လား"

"အင်း . . . အိပ်မက်ထဲမှာ နင် နေမကောင်းဘူးတဲ့၊ မိုးရေတွေလည်း စိုရွှဲလို့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သွန်း တအံ့တသြ ဖြစ်သွားရပြန်သည်။

"အဲဒါကြောင့် ငါ အရမ်းစိတ်ပူပြီး ချက်ချင်းလာခဲ့တာပေါ့ သွန်းရယ်"

သွန်း ရွှေရွှေမျက်နှာကိုကြည့်ပြီး သက်ပြင်းရှိုက်သည်။

"ငါလည်း နှင့်ကို တစ်ချိန်လုံး အိပ်မက်,မက်နေတာ"

သွန်း ခေါင်းငုံ့လျက် ဝန်ခံသည်။

"နင်က နင့်ဘာသာ အိပ်မက်,မက်ရုံတင်မကဘဲ ငါ့ကိုပါ အိပ်မက်ပေးတော့ ငါ ရောက်လာရတာပေါ့"

ငါ ယုံကြည်တယ် သွန်း ...

ဒါဟာ နင်နဲ့ငါ့ရဲ့ကြားက စိတ်ချင်းဆက်သွယ်မှုပဲ။

"နင် ... ငါ ဒီမှာနေတာ ဘယ်လိုသိလဲ ရွှေရွှေ"

သွန်းမျက်နှာပေါ်မှာ စိုးရိမ်ပူပန်မှုတွေ ထင်ဟပ်လာလျက် မေးသည်။

ရွှေရွှေ မထိတရိ ပြုံးလိုက်သည်။

"တန်ခူးလေပြည်ကို သိပ်လျှော့မတွက်ပါနဲ့ သွန်းရယ်၊ ကဲ ... ဒါတွေထား ... ဆေးသောက်ရမယ်၊ ဆန်ပြုတ်အရင်စား။ ထ ... ရလား ... ငါထူပေးမယ်"

ရွှေရွှေ ဆွဲထူဖို့ လက်ပြင်သည်။

"နေ ... နေ"

ဟု တားပြီး သွန်း သူ့ဘာသာ ဖြည်းဖြည်းချင်းထသည်။





ရွှေရွှေ မျက်စောင်းထိုးလိုက်မိသည်။

"နေသာရဲ့လား ... နင့်တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေလို့ ငါ ရေမတ်တိုက်ထားပေးတယ်"

"ဟင် ... နင် ငါ့ကို ရေပတ်တိုက်ထားပေးတယ် ... ဟုတ်လား"

ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်ကာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသော သွန်းကိုကြည့်ကာ ရွှေရွှေ တဟားဟား အော်ရယ်မိသည်။

"ဘာဖြစ်လဲ ... မမြင်ဝံ့သမားတဲ့၊ ငါက ဆရာဝန်လောင်းပဲ၊ နင့်ကို လူနာလို့ပဲ မြင်တယ်လေ"

ရွှေရွှေ စ,လို့ကောင်းဆဲ ...။

"ရွှေရွှေ ... ရာ"

ဟု သွန်းမျက်နှာနီကြီးနှင့် ရှက်သည်းသည်။

"အောင်မယ်လေး ... ပိုမနေပါနဲ့ နင့်ကို အဝတ်အစားချွတ်ပြီး ရေပတ်တိုက်ပေးတာ မဟုတ်ပါဘူး၊ ကဲ ... ဆန်ပြုတ်သောက်"

"မသောက်ချင်ဘူး"

"ဘယ်လိုလဲ ... ငါ ခွံ့တိုက်ရမှာလား"

ရွှေရွှေ မျက်ဝန်းကလေး ထောင့်ကပ်ကာ မေးလိုက်သည်။

သွန်း မကြားချင်ယောင်ဆောင်ရင်း ညက များသွား



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ခေါင်းနောက်ကာ ရင်ထဲ တုန်လှုပ်လှုပ်ကြီး ဖြစ်နေရသည့်မို့ ဆန်ပြုတ်ကို တကယ်လည်း မစားချင်။

"နေမကောင်းတာတောင် အနံ့ကလေး သင်းနေတာပဲနော်၊ ညက ဘယ်လောက်တောင် သောက်ထားလဲမသိဘူး၊ သွန်းတို့များ အတတ်ကောင်းတွေ အတော်စုံလာတာပဲ၊ ဟင်း . . . ဆန်ပြုတ် ဝင်သလောက်သောက်ထား၊ ငါ ဘာလက်ခ်တစ်ခွက် ဖျော်ပေးမယ်၊ သံပုရာရည်တော့ ညှစ်လို့မရဘူး . . . ဆေးသောက်ရမှာဆိုတော့"

တဖျစ်တောက်တောက်ပြောနေသော်လည်း ကိုယ့်အတွက် စိုးရိမ်တကြီးဖြစ်နေသောသောကနှင့် ရင်ထဲမှ စေတနာကို မြင်နေရသဖြင့် ခူးခူးကိုကြည့်ကာ သွန်း စိတ်မကောင်းဖြစ်ရသည်။

ခုလို နေမကောင်းတဲ့အချိန် နင် အနားမှာ ဂရုတစိုက်နဲ့ ပြုစုပေးတာ ခံနေရတော့ ဒီအချိန်ကလေးကို ငါ ဘာနဲ့မှ မလဲနိုင်အောင် ဖြစ်ရပါတယ်။

ဒါပေမဲ့ ခူးရယ် . . .

ငါ့ဘဝက . . .

"နင် ပြန်တော့လေ ခူးခူး"

ကော်ဖီဖျော်ဖို့ ပြင်နေသည့် ခူးခူးလက်ကလေးများ ရပ်သွားရကာ တအံ့တဩ လှည့်ကြည့်သည်။





"ဘာဖြစ်လို့လဲ သွန်း"

"ဘာမှမဖြစ်ဘူး . . . ပြန်တော့"

"သွန်း . . . နင် ဘာတွေဖြစ်နေတာလဲ . . . ပြော၊ နင် အရမ်းကို ပြောင်းလဲသွားတယ်၊ နင် ဘာလို့ ဒီလောက်တောင် ဖုံးကွယ် လျှို့ဝှက်ချင်ရတာလဲ . . . ပြော၊ နင့်ကို ငါ နည်းနည်းမှ မသင်္ကာဘူး၊ နင် ငါမသိအောင် ဘာတွေဖြစ်ခဲ့လို့လဲ၊ ငါ မသိစေချင်ရအောင် နင် ဘာတွေ ဖြစ်ခဲ့လို့လဲ"

ကိုယ့်ရင်ထဲက သောကနှင့်စေတနာကို အသိအမှတ်ပြုဖော်မရဘဲ နှင်ထုတ်ခံလိုက်ရတော့ ခူးခူး ပေါက်ကွဲသွားမိသည်။

ရှေ့ကိုတိုးလျက် သွန်းနှင့် နီးကပ်စွာ မျက်နှာချင်းဆိုင်လိုက်ကာ . . .

"သွန်း . . . ပြော . . . နင် ဘာတွေဖြစ်ခဲ့သလဲ၊ ဘာတွေလုပ်ခဲ့သလဲဆိုတာ ငါသိချင်တယ်၊ အေး . . . နင်မပြောရင် ငါ့ဘာသာ မရ,ရအောင် စုံစမ်းမယ်၊ ငါ ပြောပြီးရင် ဖြစ်အောင်လုပ်တတ်တယ်ဆိုတာ နင်သိတယ်နော်၊ အခု နင်နေတဲ့နေရာကို ငါ ရောက်အောင်လာခဲ့နိုင်တာ တွေ့တယ်မဟုတ်လား"

ခူးခူး ခြိမ်းခြောက်လိုက်လျှင် သွန်း ငြိမ်သက်သွားရသည်။

ထို့နောက် . . .

သက်ပြင်းရှိုက်လျက် . . .



www.burmeseclassic.com

www.burmeseclassic.com



"မငြိမ်းခြောက်ပါနဲ့ ရူးရူးရယ်၊ ငါ မပြောချင်လို့ မဟုတ်ပါဘူး ... ပြောလို့မဖြစ်လို့ပါ၊ နင့်ကိုပြန်ခိုင်းရတာလည်း အကြောင်းရှိလို့ပါ၊ ခု လက်ရှိ ငါ့အခြေအနေက ..."

ခါးသီးသော ပင့်သက်တစ်ရှိုက်နှင့်အတူ သွန်း တစ်ယောက် ကိုယ့်ကို ရူးရူး နားလည်မှုမလွဲအောင် အခြေအနေမှန်ကို အားလုံး ဖွင့်ဟ ဝန်ခံလိုက်မိတော့သည်။

ရူးရူးရယ် ...

ငါ့ဘဝက နင် ပျော်ရွှင်စရာမရှိတဲ့ ဘဝပါ။

အန္တရာယ်တွေကြားမှာ တထိတ်ထိတ်တလန့်လန့်နဲ့ နေရတဲ့ ငါ့အကြောင်းတွေကို သိရတော့ရော နင် စိတ်ချမ်းသာရမှာမို့လား။

အပူတွေ၊ သောကတွေ၊ ခါးသီးမှုတွေကို နင့်ဆီ မကူးစက်စေချင်တာ ငါ့စေတနာပါ ကောင်မလေးရယ်။

"ဒီအကြောင်းတွေကို နင်ကလွဲလို့ ဘယ်သူ့ကိုမှ မသိစေချင်ဘူး ရူးရူး ... သိခဲ့က အစ"

ရူးရူး နားလည်စွာ ခေါင်းညိတ်သည်။

"ကဲ ... အခု ငါ့အကြောင်းတွေ သိရတော့ နင် စိတ်





ဆင်းရဲသွားရပြီ မဟုတ်လား"

သွန်း ရူးရူးကို သက်ပြင်းနှင့်အတူ မေးသည်။

ရူးရူး သွန်းကို မော့ကြည့်လိုက်သည်။

နှစ်ယောက်သား ကြာမြင့်စွာ အကြည့်ချင်းဆုံစည်းမိသည်။

ရူးရူး နာကျင်စွာ ပြုံးရင်း ...

"သွန်း ... နင်မသိဘူးလားဟင် ... ငါက နင့်ဆီက အကောင်းကိုရော, အဆိုးကိုရော မျှဝေခံယူချင်တာဟ၊ နင် ဘာတွေလုပ်နေမှန်း မသိ, ဘာတွေဖြစ်နေမှန်း မသိ ... ငါက နင့်ကို တစ်ယောက်တည်း ပစ်ထားရမှာလား"

"ငါက နင့်အတွက် ဘာမှလုပ်မပေးနိုင်တဲ့ကောင်ပါ ရူးရူးရယ်"

"ဟင့်အင်း ... ငါ နင့်ကို တစ်ယောက်တည်း မထားနိုင်ဘူး သွန်းရဲ့ ... ငါက နင့်ကို အရမ်းချစ်တဲ့ သူလေ"

သွန်း ဖျတ်ခနဲ ခေါင်းငုံ့သွားသည်။

မျက်နှာချင်းမဆိုင်လိုသောသဘောမှန်း ရူးရူးရိပ်မိသည်။

"ငါကတော့ နင့်ကို သူငယ်ချင်းတစ်ယောက်လိုပဲ ခင်တာ"

"သေချာလား ... နင် တကယ်သေချာလား သွန်း၊ မော့ ... နင် ငါ့မျက်နှာကို မော့ကြည့်ပြီး ပြောစမ်းပါ၊ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်ပြီးတော့, ငါ့မျက်လုံးတွေကို စိုက်ကြည့်ပြီးတော့ ပြောစမ်းပါ . . . ငါ့ကို မချစ်ဘူးလို့ ပြောလေ . . . ငါ့ကို မချစ်ဘူးလို့ တစ်ခွန်းသာ ပြောလိုက် . . . ငါ ချက်ချင်း နင့်ရှေ့က ထွက်သွားပေးမယ်၊ ငါ့မျက်နှာကို နင် ဒီတစ်သက် မမြင်စေရတော့ဘူး''

ခူးခူး ခါးသက်သောမျက်ရည်များ ပါးပြင်ပေါ် ကြမ်းရှစွာ ကျဆင်းနေလျက် အက်ကွဲသောရှိုက်သံရောလျက် ပြောရင်း . . .

ကားသော့ယူကာ ချက်ချင်း နေရာမှထွက်ခွာရန် ပြင်သည်။

''ပြောလေ သွန်း . . . မချစ်ဘူးလို့ တစ်ခွန်းပဲ ပြောလိုက်''

စကားအဆုံး . . .

ရှိုက်သံက မထိန်းချုပ်နိုင်စွာ ပွင့်လွင့်သည်။

''ခူး . . . နင့်ကို . . .''

သွန်း အံကိုကြိတ်သည်။

''ငါ''

ခူးခူး မျက်ရည်များကြားမှ သွန်းကို ကြည့်သည်။

သွန်း ခူးခူးရဲ့ အေးစက်နေသော လက်ကလေးကို လှမ်းယူဆုပ်ကိုင်လိုက်သည်။

''အရမ်းချစ်တယ်''

''ဟင်''





ခူးခူးရဲ့ မျက်ရည်ဖုံးသောမျက်ဝန်းကလေးများ ဝိုင်းစက်သွားသည်။

''သွန်း''

ရှိုက်သံများကြားမှ ရှန်းကန်ထွက်လာသော ခေါ်သံ။

ချစ်ခြင်းအတိပြီးသော မျက်ရည်တို့ ကူးလူးပေါင်းစည်းစီးဆင်းသွားသည်။

''ခူးရယ် ငါမပြောရက်ခဲ့တာ, မပြောရက်ခဲ့တာပါ၊ ငါ နင့်ကို ချစ်လွန်းလို့ မပြောရက်ခဲ့တာပါ၊ ငါ့ဘဝက စုတ်ပြတ်လွန်းလို့, နုံချာလွန်းလို့''

''ဟင့်အင်း . . . မပြောနဲ့ . . . အဲဒါတွေ မပြောနဲ့၊ နင့်ဆီက ချစ်တယ်ဆိုတဲ့ စကားတစ်ခွန်းနဲ့တင် ငါ တစ်လောကလုံးကို ပိုင်ခေါ်ရဲပြီ သွန်းရဲ့ . . . သိရဲ့လား''

နွေးထွေးသော မျက်ရည်တစ်စက်က ချစ်သူ့ပါးပြင်ပေါ် ကျေနပ်စွာ ခုန်ဆင်းသည်လေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

**သိမ်** ကိုတွေ့တာနှင့် ရူးရူး ချက်ချင်း နောက်ကြောင်းပြန်လှည့်ဖို့ ပြင်သည်။

ခါးသီးစွာပင် မျက်နှာချင်းကို ဆိုင်ချင်စိတ်မရှိ။

မျက်နှာချင်း မဆိုင်ချင်ပါဘူး ဆိုမှ ...

"ရူးရူး"

ခေါ်သံနှင့်အတူ သိမ်က ရှေ့တည့်တည့်မှ ပိတ်ကာရပ်သည်။ ရူးရူး စိတ်ပျက်သလို ကျစ်ခနဲ စုတ်သပ်လိုက်သည်။

"နင် မနေ့က ရတီတို့အိမ် မရောက်ဘူး"

ရူးရူး မျက်လုံးပြူးသွားမိသည်။

"ငါ ရတီတို့အိမ် ရောက်ခဲ့တယ်"

ရူးရူးရင်ထဲ အန္တရာယ်အချက်ပြသလို တဆတ်ဆတ်တုန်သွားသည်။

"နင် ... ဟိုကောင်နဲ့ တွေ့ခဲ့တယ် မဟုတ်လား"





ရူးရူး ဆတ်ခနဲ ခေါင်းထောင်ထ,သွားသည်။

"သိမ် ... နင့်ကိုငါ ဘယ်နှခါ ပြောထားရမလဲ၊ ငါ့ခြေလှမ်းတွေကို ခြေရာလာမကောက်နဲ့၊ ငါ့ကို လာမကျောင်းနဲ့၊ ငါ့စိတ်နဲ့ငါ့ကိုယ် ငါ လွတ်လွတ်လပ်လပ် နေပါရစေ"

(ငါ့နှလုံးသားနဲ့ငါ လွတ်လွတ်လပ်လပ် ချစ်ပါရစေလို့ စိတ်ထဲကနေ ဆက်ပြောလိုက်မိသည်။)

"အိုကေ ... ရတယ်လေ၊ ငါ့စကား နားမထောင်ရင် နင့်ကြမ္မာ နင်စီရင်တော့"

"ဝဲလ်ကမ်း"

သိမ် မထိတရိပြုံးလျှင် ရူးရူး ခါးခါးသီးသီး 'တောက်' တစ်ချက်ခေါက်လျက် ချာခနဲ လှည့်ထွက်လာခဲ့သည်။

နင့်ကြမ္မာ နင်စီရင်တော့ ...

ဆိုတဲ့ သိမ်စကားကို အမှုမဲ့အမှတ်မဲ့ ထားခဲ့မိတာ ရူးရူးရဲ့ အမှားဆိုတာ သိပ်မကြာခင်မှာ သိခဲ့ရတော့သည်။

ရူးပြန်သွားတာမှ မကြာသေးခင် ညေ့သည်အဖြစ် ရောက်လာသောသူက သိမ်။

"လာ သိမ် ... ငါ နေမကောင်းတာကို ရူးရူးပြောလို့



www.burmeseclassic.com

www.burmeseclassic.com



မင်း လာကြည့်တာလား''

သွန်းက အိပ်ရာထက်မှ ထပြီး ကြိုဖို့ပြင်သည်။

''ရတယ် သွန်း ...ငါ့ဘာသာ ကြည့်ထိုင်ပါ့မယ်၊ မင်း နေမကောင်းဖြစ်နေတာကို ခူးက မပြောပါဘူး၊ ပြောရင် မင်းစားဖို့ သင့်တော်မယ့် ဆေးတွေ, စားစရာတွေ ငါဝယ်လာမိမှာ ခုလည်း သွားဝယ်လို့ ရတာပဲ၊ ငါ သွားဝယ်လိုက်ဦးမယ်နော်''

သိမ်က ပြန်ထွက်ဖို့ပြင်နေတာမို့ သွန်းက အားနာစွာ တားရသည်။

''သွားဝယ်မနေပါနဲ့ သူငယ်ချင်းရာ ...တိုင်စပ်းပါကွာ၊ ခူးပြောလို့လာတာ မဟုတ်ဘူးဆိုတော့ ငါ ဒီအခန်းမှာနေမှန်း မင်း ဘယ်လိုသိတာလဲ''

''ပြေးကြည့်မှ သူငယ်ချင်းဆိုလို့ မင်းရယ်, ငါရယ်, ခူးခူးရယ်ပဲ ရှိတာလေ၊ ခူးခူးသိရင် ငါမသိဘဲ နေမလားကွ''

''အေးပါကွာ ...ဟုတ်ပါပြီ၊ ခူးခူးက စောစောလေးကတင် ပြန်သွားပြီ၊ မင်းရော ကိစ္စရှိလို့ ငါ့ဆီလာတာလား''

သိမ်ကိုကြည့်ရတာ စကားတွေ သိပ်ပြောချင်နေမှန်း သိ၍ သွန်းက စကားခင်းပေးလိုက်ရသည်။

''အေး ...ငါ မင်းကို တောင်းဆိုစရာ ရှိလို့''

အဲဒီစကားကို ပြောပြီး သိမ်က သွန်းရှေ့မှာ ဒူးထောက်၍ ထိုင်ချလိုက်သည်။





''ငါ ခူးခူးကို ချစ်နေပြီ သူငယ်ချင်း၊ သူ့ကို မရရင် ငါ သေမှာ၊ ငါ့ကို ကူညီပါသူငယ်ချင်း၊ ခူးခူးက မင်းကို မျှော်လင့်နေသလိုပဲမို့ မင်းကို နှိမ်တာမဟုတ်ဘူးနော် သူငယ်ချင်း ...ခူးခူးကို ပြည့်စုံအောင်ထားနိုင်မယ့်သူက ငါလို့ပဲ ငါထင်နေမိတယ်၊ မိဘချင်းကလည်း သဘောတူထားတယ်လေ''

သွန်း ဘာမှ မပြောနိုင်ဘဲ ဖြစ်သွားသည်။ သိမ်ရဲ့ စကား၊ သိမ်ရဲ့ အချစ်ကို သွန်း ယုံကြည်ပါသည်။

''ငါ့ကိုခင်ရင်, ခူးခူးကို ပြည့်ပြည့်စုံစုံနဲ့ နေစေချင်ရင် နောက်ဆုတ်ပေးပါ သွန်းရာ၊ ငါ့ကို မင်း နိုင်းချင်ရာနိုင်းကွာ၊ ငါတောင်းပန်ပါတယ်နော်''

ဒူးထောက်ကာ တောင်းပန်လာသူအတွက် သွန်း ဘယ်လိုအဖြေပေးရမည် မသိတော့ပါ။

''ရှင် ...မေမေ''

ခူးခူး မေမေ့မျက်နှာကို အလန့်တကြား ကြည့်လိုက်မိသည်။

မေ့မေ့မျက်နှာကတော့ ဘာမှ မသိသယောင် ပကတိ ဟန်ပန်အတိုင်း ...



www.burmeseclassic.com

www.burmeseclassic.com



မေမေ ပိပိရိရိ ဟန်ဆောင်နေတယ်ဆိုတာ ခူးခူး သိနေသည်။

"ဟို ...ခူးခူး သိခ်ကို မချစ်ဘူး မေမေ"

ခူးခူး စိတ်တင်းလျက် ပြန်ပြောလိုက်သည်။

နှုတ်ခမ်းများ ကော့တက်သွားအောင် မေမေပြုံးသည်။

"အဲဒါ ပြဿနာမှ မဟုတ်ဘဲ သမီးရဲ့"

"ရှင်"

"လက်ထပ်ပြီးမှ ချစ်သွားကြတဲ့ အိမ်ထောင်ဖက်တွေ အများကြီးပါ၊ ပြီးတော့ သိခ်က သမီးအတွက် သူစိမ်းမှမဟုတ်ဘဲ ...ငယ်သူငယ်ချင်းပဲ၊ သိခ်ဟာ မိဘအသိုင်းအဝိုင်းရော သူ့ကိုယ်ပိုင်အရည်အချင်းရော ဘာမှပြောစရာမရှိတဲ့ လူငယ် တစ်ယောက်ပဲ၊ သိခ်ကိုရွေးချယ်လို့ သမီး စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်စရာ အကြောင်းမရှိဘူး ...ဟုတ်တယ်နော် သမီး"

ပါးနပ်စွာ အသိပေးပြီး ဟုတ်တယ်နော်ဖြင့် လုပစွာ အပိုင်ချုပ်သော စကား ...။

"သမီးရေ ...မိဘဆိုတာ ကိုယ့်သားသမီးကို ဆင်စီး မြင်းရံ တာပဲ မြင်ချင်ကြတာချည်းပဲ၊ ဆင်နင်းပြီး မြင်းကန်တာ ဘယ်သူမှ မဖြစ်စေချင်ကြဘူး ...၊

မိန်းကလေးတစ်ယောက်ရဲ့ ဘဝအတွက် အိမ်ထောင်ရေးဟာ သိပ်အရေးပါတာ၊ ဆုံးဖြတ်ချက်တစ်ချက်မှားရင် တစ်





သက် ပြင်လို့ မရတော့ဘူး ...၊

ဒါပေမဲ့ မေမေ့သမီးလေးက တစ်သက်လုံး မိဘစကား နားထောင်ခဲ့တဲ့ သမီးအလိမ္မာလေးပဲ ...စိတ်ချမ်းသာရမှာပါ"

လုပလိုက်တဲ့ စကားလုံးတွေ ...

ရုန်းထွက်ဖို့ မလွယ်ကူအောင် ဖွဲ့နှောင်ထားတဲ့ စကားလုံးတွေ ...

ခူးခူး တံတွေးတစ်ချက် မျိုချလျက် ...

"ဟို မေမေရယ် ...လက်ထပ်ဖို့ဆိုတာက သမီး အသက် အရမ်းငယ်ပါသေးတယ်၊ သမီး လွတ်လွတ်လပ်လပ်ပဲ နေချင်သေးတယ်၊ သမီး ကျောင်းလည်း မပြီးသေးဘူး"

"ကျောင်းက ဆက်တက်လို့ ဖြစ်ပါတယ် သမီးရယ်၊ သမီးအတွက် အစစအရာရာ အဆင်ပြေအောင် မေမေတို့ စီစဉ်ပေးမှာပါ"

မေမေ့မျက်နှာက ချက်ချင်း တင်းမာပြောင်းလဲသွားခဲ့ပြီ။

ခူးခူး စကားဆက်မပြောရဲတော့။

သွန်းနဲ့ကိစ္စကို သိခ် အသိပေးလို့သာ ခလောက်ကြီး မြန်မြန်ဆန်ဆန် ကောက်ခါငင်ခါ ထ,စီစဉ်လိုက်တာပဲဆိုတာ သိသည်။

ရက်စက်လိုက်ကြတာ ...

သွန်းရေ ...



www.burmeseclassic.com

www.burmeseclassic.com



ငါ ဘာလုပ်ရမှာလဲ ...။

ငါ ဘာလုပ်ရမှာလဲ သွန်းရယ် ...။

မွန်းကျပ် ပိတ်မှောင်နေတဲ့ ငါ့အဖြစ်ကို မြင်လှည့်ပါဦး။

ငါ့ဘက်မှာ ဘယ်သူမှ မရှိတော့ဘူး။

နင် ...နင်ကရော ...။

“ပြောလေ ခူး ... အရေးတကြီး ပြောစရာရှိတယ်ဆိုတာ”

သွန်း ခူးခူးမျက်နှာကို စိုးရိမ်တကြီး ကြည့်ပြီးမေးသည်။

ချိန်းထားပြီးတော့မှ တကယ်တမ်း ပြောရမယ်ဆိုတော့ ခူးခူး ပြောမထွက်။

ပြောရခက်နေဟန်တူသော ခူးခူးမျက်နှာကို ကြည့်ကာ သွန်း ရိပ်မိလာတော့သည်။

“ဘာလဲ ခူးခူး ... တို့အကြောင်းကို ခူးမိဘတွေ သိသွားကြပြီလား”

“သိရုံတင် ဘယ်ကမလဲ သွန်းရယ်”

ခူးခူး မပြောချင်ပေမယ့် သိခ်နဲ့ လက်ထပ်ပေးရန် စီစဉ်နေကြပြီ ဆိုတာကိုပါ ထည့်ပြောလိုက်ရတော့သည်။





သွန်း ဘာစကားမှမပြောနိုင်အောင် ငြိမ်သက်သွားသည်။

နှစ်ယောက်သား ဘာစကားမှ မဆိုမိအောင် အချိန်ကြာမြင့်စွာ တိတ်ဆိတ်နေမိခိုက် ...

နောက်ကျောမလုံသလို ခံစားရမိသဖြင့် ခူးခူး လှည့်ကြည့်လိုက်မိလျှင် ခူးခူးတို့ကို စူးရဲနေအောင် စိုက်ကြည့်နေသော လူနှစ်ယောက်ကို တွေ့လိုက်ရသည်။

သူတို့မျက်လုံးတွေက တစ်မျိုးကြီးပဲ။

ခူးခူးစိတ်ထဲ ထင့်ခနဲ ဖြစ်သွားလျက် ...

“သွန်း ... ငါတို့ကို အနောက်က လူနှစ်ယောက် ကြည့်နေတယ်၊ သူတို့ကြည့်ပုံက တစ်မျိုးကြီးပဲ”

ခူးခူး ခပ်တိုးတိုး သတိပေးလိုက်လျှင် သွန်းမှာ ဆတ်ခနဲ တောင့်မတ်သွားပြီး အင်္ကျီအိတ်ထဲမှာ တစ်စုံတစ်ရာကို လက်ဖဝါးထဲ ထည့်ဝှက်ကာ ဆွဲထုတ်လိုက်သည်။

မှန်ဝိုင်းလေး တစ်ချပ် ...။

ထိုမှန်လေးကို လက်ဝါးထဲထည့်မြှုပ်ရင်းက သွန်း ... နောက်ကို မသိမသာ ကြည့်သည်။

သွန်းမျက်လုံးများထဲ အရိပ်တစ်မျိုး ဖြတ်ပြေးသွားတာ တွေ့လိုက်ရသည်။

“ခူး ... ငါတို့ ဒီနေရာက မြန်မြန်လစ်မှ ဖြစ်မယ်”

ဘာဖြစ်လို့လဲ ... လို့ ခူး ပြန်မမေးရဲ။



www.burmeseclassic.com

www.burmeseclassic.com



ကပျာကယာ ထ,ရပ်လိုက်မိသည်။

"ဣန္ဒြေမပျက်စေနဲ့နော်"

သွန်း ခပ်တိုးတိုး သတိပေးသည်။

ရှူးရှူးနှင့်သွန်း နေရာမှ ထွက်ခွာဖို့ ပြင်ဆဲ ...

"ဟော့ကောင် ... မင်း ဘယ်ကို လစ်ပြေးဦးမှာလဲ"

ဟိန်းခနဲ ဒေါသတကြီး အသံနက်ကြီးနှင့်အတူ အနား ရောက်လာသော လူနှစ်ယောက်ကြောင့် ရှူးရှူးမှာ မျက်လုံးများ ပိုင်းစက်လျက် ထိတ်လန့်သွားရသည်။

"ရှူးရှူး ... ဝေးဝေးသွားနေ"

သွန်း စကားနှင့်အတူ ရှူးရှူးကို စိုးရိမ်တကြီး ဆောင့်တွန်း သည်။

ရှူးရှူးမှာ သွန်းတွန်းထုတ်သည့်တိုင် ဝေးဝေးသို့ သွား မနေနိုင်။ သွန်းအတွက် စိုးရိမ်ပူပန်စွာ မနီးမဝေးတွင် အသည်း တထိတ်ထိတ်နှင့် ရပ်စောင့်ကြည့်နေမိသည်။

"ဟော့ကောင် ... ငါတို့ကို ပစ္စည်းပြန်ပေးလိုက်"

ထိုလူနှစ်ယောက်က သွန်းထံမှပစ္စည်းကို တောင်းသည်။

သွန်း ဘာတစ်ခွန်းမှ တုံ့ပြန်မပြော။

ကျားတစ်ကောင်လို စူးရဲစွာ စိုက်ကြည့်ရင်း အသင့် ခုန်အုပ်တိုက်ခိုက်ဖို့ ပြင်ဆင်ထားသည်။

"သူတို့လိုချင်တာ ပြန်ပေးလိုက်ပါ သွန်းရဲ့"





သွန်းကို နိုင့်ထက်စီးနင်းနှိပ်စက်မှာ စိုးရိမ်စိတ်နှင့် ရှူးရှူး ဟစ်အော်ပြောလိုက်ချင်သည်။

သွန်း ရန်ဖြစ်မှာ၊ သွေးထွက်သံယိုဖြစ်မှာကိုလည်း မမြင် ချင်။

သို့သော် ...

မျက်စိရှေ့တွင် ဘတစ်ပြန် ကျားတစ်ပြန် အသေအကျေ တိုက်ခိုက်နေကြတာကို ရှူးရှူးမှာ အသည်းတထိတ်ထိတ် မြင်တွေ့ နေရသည်။ သုံးယောက်သား လုံးထွေးပြီး သွေးရဲရဲ,သံရဲရဲ ဖြစ်နေကြ သည်။

ရှူးရှူးမှာ ကြမ်းတမ်းလှတဲ့ သွန်းဘဝကို မျက်မြင်ကိုယ် တွေ့ သိလိုက်ရပြီမို့ ရင်ထဲ ဘယ်လိုမှဖြေမဆည်နိုင်အောင် ကြေကွဲဆို့နင့်နေမိသည်။

ငါ မမြင်ရက်ဘူး သွန်းရဲ့ ... သိရဲ့လား။

နင်သာ တစ်ခုခုဖြစ်ရင် ငါရူးမှာပဲ။

သွေးတရဲရဲနဲ့ ဖြစ်နေတဲ့နင့်ကို ငါ ဘယ်လို မာကျော တဲ့ နှလုံးသားမျိုးနဲ့ ကြည့်နေနိုင်မလဲ။

ရှူးရှူးမှာ ကိုယ့်ချစ်သူ ကိုယ့်မျက်စိရှေ့မှာ သွေးရဲရဲ သံရဲရဲနဲ့ တိုက်ခိုက်နေတာကို မြင်နေသော်လည်း ဘာမှ ကူညီ မပေးနိုင်သော အဖြစ်ကြောင့် နင့်သီး ထိတ်လန့်စွာ ငိုရှိုက်၍သာ နေမိဆဲ။



www.burmeseclassic.com

www.burmeseclassic.com



သွန်းမှာ ဟိုလူနှစ်ယောက်ကို ပြန်မထနိုင်အောင် လက်ကုန်ကြဲခဲ့ပြီးလျှင် ...

"လာ ခူးခူး ... မြန်မြန်"

ခူးခူးကို အတင်းလက်ဆွဲခေါ်ကာ ထွက်ပြေးသည်။

ခူးခူးမှာ ရင်ဟာထိတ်ထိတ်နှင့်ပင် သွန်းဆွဲခေါ်ရာနောက် ပြေးရသည်။

ထို့နောက် ...

တွေ့ရာကားတစ်စီး ဖမ်းတားကာ ထိုလူများ မလိုက်နိုင်အောင် မျက်ခြည်ဖြတ်ရသည်။

ကားထဲရောက်သည့်တိုင် အမောမပြေသေး။

သွန်းမျက်နှာပေါ်မှ သွေးများ စီးကျဆဲ။ ဖူးအစ် ရောင်ကိုင်းနေသော ဒဏ်ရာဒဏ်ချက်များကို ကြည့်ကာ ခူးခူးမှာ ငိုလို့သာ နေမိတော့သည်။

"သွန်း ... သွန်းရယ်၊ အရမ်းနာနေမှာပဲနော်၊ ဆေးခန်း အရင်ဝင်ရအောင်"

"ဆေးခန်း အရင်ဝင်လို့ မဖြစ်သေးဘူး ခူး ... အချိန် နှောင့်နှေးသွားမယ်"

"ဟင် ... အခု ဘယ်ကို သွားမှာလဲ၊ သွန်း အခန်းကို ပြန်မှာ မဟုတ်ဘူးလား"

ခူးခူး မျက်လုံးလေးဝိုင်းကာ မေးမိသည်။





"အဲဒီကို ပြန်လို့လည်း မဖြစ်သေးဘူး၊ ကိုယ် တစ်နေရာမှာ ခြေရာဖျောက်နေမှ ဖြစ်မှာ"

ခူးခူး ဒဏ်ရာများကြားက မငြိမ်းချမ်းလှသော သွန်းကို ကြည့်ကာ ပင့်သက်ရှိုက်မိသည်။

သွန်းက ခူးခူးမျက်နှာကို မမြင်ဖူးသလို အကြာကြီး စိုက်ကြည့်ကာ ...

"ခူး ... ဒီကနေပဲ လှည့်ပြန်တော့နော်၊ ကိုယ်ကတော့ တစ်နေရာမှာ ခဏအောင်းနေလိုက်ဦးမယ်"

သွန်းက ခူးခူးကိုပြောရင်း ကားသမားကို တစ်စုံတစ်ရာ ပြောရန် ပါးစပ်ပြင်သည်။

ခူးခူး သွန်း ဘာမှမပြောနိုင်မီ ကပျာကယာ ...

"ဟင့်အင်း"

လို့ ခေါင်းယမ်းကာ တားလိုက်သည်။

"ဘာဖြစ်လို့လဲ ခူး ... ဒီကနေ ပြန်တာ ခူးအတွက် အဆင်အပြေဆုံးပဲလေ"

"ဟင့်အင်း ... ခူး မပြန်ဘူး၊ သွန်းကို ဒဏ်ရာတွေ ဗရပွနဲ့ ထားခဲ့ပြီး ခူးတစ်ယောက်တည်း မပြန်နိုင်ဘူး၊ သွန်းကို စိတ်မချဘူး၊ သွန်းနားမှာပဲ နေမယ်"

ခူး ခါးခါးသီးသီးငြင်းရင်း ပြောလိုက်မိသည်။

"ခူးရယ်"



www.burmeseclassic.com

www.burmeseclassic.com



သွန်း ခူးခေါင်းလေးကို အုပ်ကိုင်ကာ ရင်ခွင်ထဲ ဆွဲသွင်းလိုက်မိသည်။

"ခူး ... ကိုယ့်ကို သိပ်ချစ်တာပဲလား ဟင်"

သွန်းမေးသံမှာ ကြေကွဲရိပ်သန်းနေသည်။

ခူး သွန်းရင်ခွင်ထဲမှနေ ညင်သာစွာ ခေါင်းညိတ်ပြသည်။

"ကိုယ့်မှာက အန္တရာယ်တွေ ဝိုင်းနေလို့ပါ ခူးလေးရယ်၊ ကိုယ်နဲ့ အတူနေရင် ခူးအတွက်ပါ အန္တရာယ်များတယ်၊ ပြန်တော့နော် ခူးလေး ... လိမ္မာတယ်၊ ကိုယ့်ကိုချစ်ရင် ပြန်နော်"

ကိုယ့်ကို ချစ်ရှာလွန်းသော ချစ်သူကလေးကို ကြေကွဲစွာကြည့်ရင်း မျက်ရည်မကျမိအောင် ထိန်းချုပ်ကာ သွန်း နားဝင်အောင် ချော့မော့ ပြောနေမိသည်။

"ဟင့်အင်းနော် သွန်း ... မပြန်ဘူးဆို မပြန်ဘူးဘဲ၊ ပြန်ရင်လည်း သိခ်နဲ့လက်ထပ်ဖို့ကို မေမေက အမြန်ဆုံးစီစဉ်ပေးကြမှာ သွန်း မသိဘူးလား၊ ခူး အခု အိမ်ပြန်တာနဲ့ သွန်းနဲ့ဝေးမှာ ... သွန်းနဲ့ ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ဘူး"

ခူးခူးမှာ မျက်ရည်များဖြင့် ငိုရင်း ရှိုက်ရင်း ဗလုံးဗထွေး ပြောရှာသည်။

ငိုထားရလွန်းသဖြင့် မျက်ကြောကလေးတွေ နီရဲကာ မို့အစ်နေသည့် မျက်ဝန်းကလေးတွေကို သွန်း မကြည့်ရက်။

"ခူးလေးရယ်"





လို့သာ ဆံပင်လေးများကို သပ်တင်ပေးမိလျက်က အခါခါ ရေရွတ်မြည်တမ်းမိသည်။

"ခူးလေးအတွက် အန္တရာယ်တွေများလွန်းလို့ ပြောမိတာပါ၊ ကိုယ်နဲ့ အတူလိုက်လို့ ခူး တစ်ခုခုဖြစ်သွားရင် ကိုယ်သေရချည်ရဲ့"

မခံမရပ်နိုင်သော ရင်ဖြင့် ချစ်သူလေးနားလည်အောင် သွန်း ဖွင့်ဟမိသည်။

"အို ... ခူးပါလိုက်သေမယ်၊ သွန်းသေရင် ခူးပါ အတူလိုက်သေမယ် ... သိရဲ့လား၊ အသက်ရှင်လျက်နဲ့ ဝေးရမှာထက်စာရင် အတူသေမယ့်လမ်းကိုပဲ ခူးရွေးမယ်၊ သွန်းကို မခွဲနိုင်ဘူးသွန်းရဲ့ မငြိမ်းချမ်းတဲ့ဘဝမှာ အန္တရာယ်တွေကြားထဲ သွန်းကိုတစ်ယောက်တည်း မထားခဲ့နိုင်ဘူး ... အတူတူ ရင်ဆိုင်မယ်"

သွန်းရင်ခွင်မှာ မျက်နှာအပ်ရင်း ခူး သွန်းကို တင်းကျပ်နေအောင် ဖက်ထားမိသည်။

"အတူတူ ရင်ဆိုင်မယ် ... ဟုတ်လား ကလေးရယ်"

သွန်း ဖွဖွကလေး သံယောင်လိုက် ရေရွတ်မိရင်း ချစ်သူလေးရဲ့ ဆံနွယ်နုလေးတွေကို မြတ်နိုးနင်သီးစွာ ငုံ့မွှေးမိပါ၏။

ဆံနွယ်နုလေးတွေထဲ မျက်ရည်တစ်စက် ကျဆင်းကာ စိုစွတ်သွားရသည်။

ကလေးရယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လိုလူကိုမှ ဘာလို့ ချစ်ရတာလဲ။

ရွှေရောင်တောက်ပနေတဲ့ ဘဝကို ငြင်းဆန်ပြီး ကြမ်းတမ်းခတ်ထန်လှတဲ့ ဘဝမျိုးနဲ့ ကိုယ်လိုလူကိုမှ ဘာဖြစ်လို့များ မိုက်မိုက်မဲမဲ ရွေးချစ်ရတာလဲ။

ကိုယ့် ရင်တွေ ကွဲရတော့မယ် ချစ်သူလေးရယ်၊ သိရဲ့လား။

နှစ်ယောက်သား တထိတ်ထိတ် ပြေးရင်းလွှားရင်းဖြင့် ပင် မြို့ပြင်ဘက် ရောက်လာခဲ့သည်။

နှစ်ယောက်စလုံးလည်း ပေရေစုတ်ပြတ်လို့နေပြီ။

စိတ်မောလူမောဖြင့် ခူးမှာ မောဟိုက်လွန်းမက မောဟိုက်လို့နေသည်။

ပြေးရလွှားရနဲ့မို့ အစာအိမ်ကလည်း ကောင်းကောင်း နှိပ်စက်နေပြီ။

"မောနေပြီလား ခူး"

ဟန်ပုံမရတော့သော ခူးကို ကြည့်ပြီး သွန်းမေးသည်။

ခူးခူး ဟန်မဆောင်နိုင်တော့ဘဲ ခေါင်းကို ခပ်လေးလေး ညိတ်ပြလိုက်မိ၏။





"ဒါဆို ခဏနားကြမယ်'

ခူး ဝမ်းသာအားရ ခြေပစ်လက်ပစ် ထိုင်ချကာ သွန်းရင်ခွင်ကို မှီထားလိုက်မိသည်။

သွန်းမှာ ခူး ပခုံးဝန်းဝန်းလေးကို ဖွဖွဖေးမထားရင်းမှ

"ခူး ... အရမ်းပင်ပန်းနေပြီနော်"

လို့ မကြည့်ရက်စွာ ပြောမိသည်။

ခူး သွန်းရင်ခွင်ကို မှီထားရာမှ မော့ကြည့်သည်။

စိတ်မကောင်းဖြစ်နေသော သွန်းမျက်နှာရိပ် မျက်နှာကဲကို အကဲဖမ်းမိသည်မို့ မောဟိုက်နွမ်းနယ်နေသည့်ကြားက ပြုံးပြကာ ...

"ဆေးကျောင်းသူပါကွ၊ ... ဒီလောက်ကတော့ ပါးပါးလေးပါ၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သလဲ"

သွန်း ပျာပျာသလဲ မေးသည်။

ခူးခူး ချပ်ရပ်နေသော ဝမ်းဗိုက်ကလေးကို ပွတ်သပ်လျက် ...

"စကားတစ်ခု ရှိတယ်နော် ... အူမတောင့်မှ သီလစောင့်နိုင်သတဲ့"

စိတ်ဆင်းရဲစရာအခြေအနေမှာတောင် ကိုယ့်ကို ပျော်ပါးစေလိုသဖြင့် ပြုံးတုံ့တုံ့လေး ပြောသော ချစ်သူကလေးကို သွန်း



www.burmeseclassic.com

www.burmeseclassic.com



ချစ်စနိုးဖြင့် ငယ်ထိပ်ကလေးပုတ်လိုက်မိသည်။

"ဆာနေပြီပေါ့ ... ဟုတ်လား"

"ပါးပါးလေးပါ ... တဂွမ်းဂွမ်းမြည်ရုံလောက်ပဲ"

"ကဲ ... ထ ... ထမင်းဆိုင်ရှာရအောင်"

သွန်း ထ,ရပ်သည်။

ခူးခူးဆီ လက်ကမ်းပေးတော့ တကျွတ်ကျွတ် မညည်းမိအောင် ထိန်းချုပ်ရင်း သွန်းလက်ကို ယီးလေးမှီဆွဲကာ ထ,သည်။

နားလိုက်တော့မှ ဗိုက်ထဲ ပိုဆာလောင်လာသည်မို့ အနီးဆုံးမှာ တွေ့သည့် လမ်းဘေးဆိုင်မှာပဲ စားဖို့ ပြင်ရတော့သည်။

ဆိုင်ကလေးက တဲသာသာ ခနော်နီ ခနော်နဲ့။

မတတ်နိုင်တော့ပြီ။ ဗိုက်က အရမ်းဆာနေပြီ မဟုတ်လား။

"ဖြစ်ပါ့မလား ခူး"

ညစ်ထေးထေးစားပွဲဝိုင်းနှင့် မည်းတူးနေသောအိုးများကို လှမ်းကြည့်ကာ ခူးခူးကို သွန်း အားတုံ့အားနာပြောသည်။

ခူးခူး ..."အေးဆေးပါ"လို့ စိန်ပြန်ခေါ်သည်။

ဟင်းတွေကလည်း သိပ်ဖွယ်ဖွယ်ရာရာ မရှိလှ။

ဆီကျန်ရေကျန်ချက်တွေလောက်သာ ...

ခူးခူးတို့နှစ်ယောက် သေးသေးနုတ်နုတ် ရေချိုငါးအချဉ်ဆီပြန်ဟင်းတစ်ခွက်၊ အသုပ်တစ်ပွဲ၊ ငါးပိတို့စရာနှင့်ပင် စားလို့





အရမ်းမြိန်ကြသည်။

အိမ်မှာ ဆီဦးထောပတ်စားနေရသည့် ခူးခူးတစ်ယောက် လမ်းဘေးဆိုင်မှာ မြိန်ရေယှက်ရေစားနေသည်ကို သွန်း တအံ့တသြ ကြည့်သည်။

"ခူး ... အရမ်းဆာနေတာ ... ဟုတ်လား"

"ဗိုက်လည်း အရမ်းဆာတယ်၊ စားလို့လည်း အရမ်းကောင်းတယ်"

"ခူးရယ်"

သွန်း စိတ်မကောင်းစွာ ညည်းမိပြန်သည်။

"စိတ်မပျက်ဘူးလားဟင် ခူး"

"ဟင့်အင်း ... ပျော်တယ်"

ချစ်ဖို့ကောင်းလွန်းသော ချစ်သူလေးရဲ့ ခေါင်းကို အုပ်ကိုင်ကာ လှုပ်ယမ်းလိုက်မိသည်။

"ကဲ ... စားလို့တော့ ပြီးပြီ"

သွန်း ခရီးဆက်ဖို့ လောဆော်သည်။

ဆာဆာနှင့် အားပါးတရစားပြီးပြီမို့ အီးခနဲ အီးလေးဆွဲပြီး ခူးခူး ထ,သည်။

"ဗိုက်လေးနေပြီလား"

"လေးတာပေါ့ ... စားကောင်းကောင်းနဲ့ တအားဆွဲပစ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းဆာနေလို့ စားကောင်းသွားတာပေါ့၊ ဒီလို ဟင်းတွေက ခူးခူးတို့အိမ်မှာ အလုပ်သမားတွေတောင် မစားဘူး မဟုတ်လား"

တစ်ခါက ခူးခူးအမေက သူ့ကို အလုပ်သမားတွေနှင့် အဆင့်အတန်းချင်း နှိုင်းယှဉ်ပြောထားဖူးသည်ကို သတိတရ စကားထဲ ထည့်ပြောလိုက်တာ ခူး နားလည်ပါသည်။

"အိုး ... ခူး စားကောင်းရင် ပြီးတာပဲ၊ ချစ်သူနဲ့အတူ စားရတဲ့ ထမင်းတစ်နပ်ဟာ နတ်သုဒ္ဓါနဲ့ မလဲနိုင်ဘူးတဲ့ ... မကြားဖူးဘူးလား"

"လုပ်စမ်းပါဦး ... ဘယ်သူ့အဆိုအမိန့်လဲ"

"ရှင် တန်ခူးလေပြည်လေ ... ဟဲ ဟဲ"

ခူးခူး ပြုံးစပ်စပ် လုပ်သည်။

"အရူးမ"

သွန်း ထေ့ပနာပြုရင်း ခေါင်းကို ထုသည်။

နှစ်ယောက်သား အပြုံးများနှင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။

ဘယ်လောက်များ ကြည့်မွေ့စရာကောင်းလိုက်သလဲ။

ပေရေစုတ်ပြတ်ကာ အစ္စရာယ်ကြိုးတန်းပေါ်မှာ တထိတ်ထိတ် နေရချိန်မှာတောင် 'ချစ်သူနှင့်အတူ' ဆိုတဲ့ အသိဟာ အရာရာကို ငြိမ်းချမ်းစေနိုင်သည်။





ဒုက္ခဆင်းရဲတွင်းထဲက ပျားရည်တစ်စက်လို့သာ ဆိုချင်တော့ရဲ့။ အချစ်ဟာ ဒီလောက်တောင် တန်ခိုးကြီးတဲ့အရာလား။

လုပသော အချစ်အကြောင်းတွေးရင်း ခူးခူး သွန်းလက်မောင်းကို မှီနွဲ့ရင်းက ချစ်ခြင်း ပြည့်ဝသောအသံဖြင့် ခေါ်လိုက်မိသည်။

"သွန်း"

သွန်းက ခေါင်းငုံ့ကြည့်ကာ ဘာလဲဆိုသော သဘော မေးဆတ်ပြသည်။

"အပေါ်ကို မော့ကြည့်စမ်း ... လမင်းကြီးသာနေတာ လှတယ်နော်"

သွန်း ယောင်ယမ်းပြီး ကောင်းကင်ကို မော့ကြည့်လိုက်မိသည်။

လမင်းသာနေတာ ဘာဆန်းလဲ။

သွန်း မရေမရာဖြင့် ...

"အင်း" လိုက် လိုက်မိသည်။

"ကြယ်လေးတွေကလည်း မိုတ်တုတ်မိုတ်တုတ်နဲ့"

"အင်း"

"လေနုအေးလေးကလည်း အရမ်းမိုက်တယ်နော်"

သွန်း မျက်မှောင်ကြုတ်လိုက်မိသည်။

နေဦး ... ဒီစကားတွေ ကြားဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကပါလိမ့်။

သွန်း ခဏငြိမ်သက် စဉ်းစားလိုက်တော့ ပြန်မှတ်မိသွားရသည်။

လွန်ခဲ့တဲ့ လေးနှစ်က ...

ဒီကောင်မလေး ဆယ့်လေးနှစ်ပြည့်မွေးနေ့တုန်းက ရှူးရှူး နှမ်းနှမ်း အူကြောင်ကြောင်နဲ့ ဒီစကားမျိုး ပြောခဲ့ဖူးသည်လေ။

သွန်း ခြေလှမ်းကို တုံ့ခနဲရပ်ကာ ရှူးရှူးနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ ရှူးရှူးက ပြုံးစစနှင့် မော့ကြည့်သည်။

သွန်း နှုတ်ခမ်းများတွန့်ကာ ပြုံးလိုက်ရင်း ...

"ရှူး ... ကိုယ် ရှူးစကားကို ပြည့်စုံအောင် ဆက်ပြောမယ် ... သိပ်လှတဲ့ ညချမ်းမှာ လမင်းကြီးကလည်းသာနေတယ်၊ ကြယ်လေးတွေကလည်း မှိတ်တုတ်မှိတ်တုတ်နဲ့၊ လေနုအေးလေးက နော့နေသေးတယ်၊ အဲဒီတော့ ငါ့ရှေ့မှာ ရှိနေတဲ့ချစ်သူကို ငါ ဘာလုပ်သင့်သလဲ"

သွန်း စကားဆုံးတာနှင့် ရှူး ပခုံးဝန်းဝန်းလေးကို မချင့်မရဲ ဆုပ်ကိုင်ကာ မျက်နှာကို ဖြည်းဖြည်းချင်း ငုံ့ချလိုက်မိသည်။

"ဟိတ် ... သွန်းနော် ... လူလည်မကျနဲ့"

ရှူးရှူးမျက်နှာလေး ရှက်သွေးဖြင့် ရဲခနဲ ဖြစ်သွားလျက် ငုံ့ရှောင်ကာ ထွက်ပြေးသည်။

သွန်း ထိတ်လန့်သွားသော ရှူးပုံစံလေးကို ကြည့်ကာ





သဘောတကျဖြင့် တဟားဟား အော်ရယ်လိုက်မိသည်။

"ကိုယ့်ကို အရင်တုန်းကတော့ ငတုံးဆို"

"ဆောရီး ... မပြောတော့ဘူး ... ပြန်ရုပ်သိမ်းတယ်"

"ဘယ်ရမလဲ ... ယောကျ်ားကောင်းသိက္ခာ မကျအောင် သက်သေပြရမယ်"

သွန်း တမင် စလိုစိတ်ဖြင့် ရှူးရှူးနားကပ်သည်။

ရှူးရှူး မျက်လုံးလေးပြူးကာ ရင်ထဲက တထိတ်ထိတ်။

ချက်ချင်း ဉာဏ်နီဉာဏ်နက်ထုတ်ကာ စကားလမ်းကြောင်း ပြောင်းဖို့ ကြိုးစားသည်။

"ဟိုလေ ... ထမင်းတွေ အများကြီးစားမိလို့လား မသိဘူး ... ဗိုက်ကြီးလေးပြီး လမ်းတောင် ကောင်းကောင်းမလျှောက်ချင်တော့ဘူး"

ရှူး လိုတာထက်ပိုပြီး အိပဲ့လေးကန်စွာ လျှောက်သည်။

ရှူး ဉာဏ်များပြီမှန်း သိရဲ့နဲ့ကို သွန်း သဘောကျချစ်စနိုးဖြစ်မိလျက် ရှူးရှူးရှေ့ ဒူးနှစ်ဖက်မှာ လက်ထောက်လျက် ငုံ့ကိုင်းပေးလိုက်သည်။

"သွန်း ... ဘာလုပ်တာလဲ"

"ကုန်းပိုးမလို့လေ"

"တကယ်"

ရှူး ... သွန်းရဲ့အပြုအမူလေးကို မယုံမှတ်နိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩပျော်မွေ့သွားရင်း ပြန်မေးမိသည်။

"တကယ်ပေါ့ . . . တက်"

ခူး ကလေးတစ်ယောက်လို အရမ်းပျော်သွားရရင်း တကယ်ပဲ သွန်းကျောပေါ် တက်လိုက်မိသည်။

ဘယ်လောက်ချစ်ဖို့ ကောင်းလိုက်တဲ့ သွန်းလဲ။

အမြဲလို အေးစက် မျိုသိပ်တတ်တဲ့ သွန်းမှာ ဒီလိုမျိုး နွေးထွေးတဲ့အကြင်နာတွေ ရှိလိမ့်မယ်လို့ ဘယ်သူထင်မှတ်နိုင်မှာလဲ။

ခူးခူးမှာ သွန်းပခုံးပေါ် ခေါင်းမှီနွဲ့ရင်းက . . .

"သွန်း . . . သီချင်းဆိုပြကွာ"

လို့ ပိုကဲ ချွဲနွဲ့မိသည်။

သွန်းဆီမှ ဟာခနဲ အသံထွက်လာသည်။

"ကုန်းလည်း ပိုးရသေးတယ်, သီချင်းလည်း ဆိုပြရဦးမယ်ဆိုတော့ ခင်ဗျားလေးက မလွန်လွန်းဘူးလား"

သွန်းမေးပုံက အငေါ်တူးချင်ပေမယ့် ချစ်မြတ်နိုးရိပ်စွန်းလျက်မို့ တခစ်ခစ် ရယ်သည်။

"နားထောင်ချင်လို့ပါ သွန်းကလည်း"

"ဘာသီချင်းဆိုပြရမလဲ"

"ဆိုချင်တာဆို . . . သွန်းဆိုတာ နားထောင်ချင်လို့"

"အိုကေ . . . ဒါဆို ဟန်ထွန်းသီချင်း ဆိုမယ်"





ခူး ခေါင်းလေးညိတ်ပြီး သွန်းပခုံးမှာ ပါးကပ်မှီသည်။

အေးရှသောအသံနှင့် ခံစားမှုကို အမိအရ ဖမ်းဆုပ်နိုင်သော ဟန်ထွန်းသီချင်းတွေကို ခူးလည်း အရမ်းကြိုက်သည်လေ။

ခူး မျက်လုံးလေးမှိတ်ကာ နားစိုက်ထောင်ဆဲ သွန်းက အသံအေးအေးလေးဖြင့် သီချင်း စဆိုသည်။

သို့သော် . . . သွန်းဆိုသည်မှာ သီချင်း တစ်ပိုင်းတစ်စ။

♫ ဘေဘီ ××× အိမ်ကို ပြန်တော့နော် ××× ဒီထက်ပိုမိုးမချုပ်သင့်ဘူး ××× ♫

"ဟာကွာ . . . သွန်းကလည်း"

ကြည်နူးနေခိုက် အတည်လိုလို နောက်တာလိုလိုကြီးနှင့် သွန်းဆိုတော့ သီချင်းရဲ့စာသားအဓိပ္ပာယ်ကြီးက ကိုယ့်ကို လုံးဝလာထိခိုက်စေတာမို့ ခူး တားရင်း သွန်းပခုံးကို လက်သီးဆုပ်ဖြင့် ထုသည်။

"ဘာဖြစ်လို့လဲ . . . ခုနကတော့ ဆိုချင်တာဆို ဆို"

"ဒို့ပြင်သီချင်း ဆိုပါလားလို့ . . . ဒီသီချင်းက"

ခူး စကားမဆက်ဘဲ တစ်ဝက်တစ်ပျက် ရပ်တန့်သည်။

"ဒီသီချင်းက ဘာဖြစ်လို့လဲ"

"နှင်ထုတ်တဲ့သီချင်းဟာကို"

ခူးခူး စူစူနွဲ့နွဲ့လေး ပြောလိုက်တာမို့ သွန်း မအောင့်အည်းနိုင်တော့ဘဲ တဟားဟား အော်ရယ်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သီချင်းပဲကွ ... နူးကလည်း"

"ဟင့်အင်း ... နူးကို သွယ်ဝိုက်ပြောနေသလိုကြီး ခံစားရတယ်"

"စိတ်ချ ... ကိုယ်ကနူးကို ဘယ်တော့မှမနှင်တော့ဘူး"

"နှင်လို့လည်း မရပါဘူး ... နူးက ဘယ်တော့မှ သွန်းနဲ့မခွဲဘူး"

နူးနူးစကားကြောင့် သွန်း သက်ပြင်း ဖျော့ဖျော့ချမိပြန်သည်။

ကိုယ်လည်း ဘယ်ခွဲချင်မလဲ နူးရယ်။

မခွဲချင်ပေမယ့် ကိုယ့်ဘဝက ကြမ်းတမ်း မှောင်မိုက်လွန်းလှတယ်။

ရွှေဘုံစံမင်းသမီးကလေးတစ်ပါးလို ဖူးဖူးနုနုနေခဲ့ရတဲ့ နူးကို ကိုယ်အရမ်းသနားတယ်။

ခုတောင် ... နူး အရမ်းပင်ပန်းနေပြီ မဟုတ်လား။

တစ်နေ့လုံး ပြေးလွှားခဲ့ရလွန်းလို့ တစ်ခါမှ ဒီလောက်အပင်ပန်းမခံခဲ့ရဖူးတဲ့ နူး ... ကိုယ့်ကျောပေါ်မှာ စကားတွေပြောရင်းကနေ အသံတွေလေးပြီး အိပ်ချင်လာတာ ...

ကိုယ် နားလည်တာပေါ့ ကလေးရယ်။

ကိုယ့်ကို မခွဲနိုင်အောင် ချစ်ရှာလွန်းတဲ့ကလေးကို အနားခေါ်ပြီး နှိပ်စက်ထားသလို ဖြစ်နေပြီလားလို့ တွေးမိရင် ကိုယ့်





ကိုယ်ကိုယ် မတရားသလို ခံစားရတယ်။

ကိုယ်နဲ့ အတူနေရလို့ အန္တရာယ်တောထဲမှာ ပြေးလွှားရှောင်တိမ်းရရင်း ကလေး ကြုံရာနေရာမှာ ဖြစ်သလို စားခဲ့ရတယ်။

ကလေးရေ ...

ပြီးတော့ ကြုံရာနေရာမှာ ဖြစ်သလို အိပ်စက်ရဦးမယ့် ကလေးကို ကြိုတင်သနားနေပါတယ်။

ကလေးရဲ့ အိပ်မက်လေးတွေ အရင်လို ချိုမြိန်နိုင်ပါတော့မလား။

ဘာဖြစ်လို့ ကိုယ့်ရဲ့ ကြမ်းတမ်းလှတဲ့ ဘဝထဲကို ခုန်ချခဲ့ရတာလဲ ကလေးရယ်။

နူးနူးဆီမှ စကားသံလေး တိတ်ဆိတ်သွားသည်။

သွန်းရဲ့ ပခုံးထက်မှာ ပါးကလေးအပ်လို့ အိပ်ပျော်သွားရှာပါပြီ။

ဘဝပေး ကံတရားကြောင့် ကြမ်းကြမ်းတမ်းတမ်း၊ ခက်ခက်ခဲခဲ ရုန်းကန် လှုပ်ရှားနေရသော ယောကျ်ားသားကြီးဖြစ်တဲ့ သွန်းကိုယ်တိုင် ပြေးလွှားခဲ့ရသမျှဒဏ်ကို ရင်ဆိုင်နိုင်စွမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



လျှော့ပါး၍ လာနေပါသည်။

တစ်ကိုယ်လုံးမှာလည်း လေးလံညောင်းညာလာသည်။

ခြေလှမ်းတွေလည်း ရှေ့ကို တစ်လှမ်းရောက်ဖို့အရေး အများကြီး အားတင်း၍ လျှောက်နေရသည်။

တောအုပ်ထဲမှ ထွက်ဖို့ သွန်း ဆုံးဖြတ်လိုက်သည်။

ကားလမ်းပေါ်ကို ပြန်တက်မှ ဖြစ်တော့မည်။

ကားတစ်စီးနှင့် ခရီးကြုံလိုက်၍ နီးစပ်ရာ လူနေရပ်ကွက်တစ်ခုမှ နားခိုရပါမည်။

နောက်မှ လိုက်လာနေကြသောအဖွဲ့ကို မျက်ခြည်ပြတ်လောက်ပြီဟု သွန်း ထင်မိသည်။

ကားသံကြားမိရအောင် နားစွင့်မိသည်။

သစ်ရွက် သစ်ကိုင်းများ၏ ပွတ်တိုက်သံ၊ သစ်ပင်များအကြား လေရိုင်းများတိုးဝှေ့သံများကိုသာ ကြားနေရသည်။

ညဥ့်ပျော်ငှက်တို့၏ တောင်ပံခတ်သံ၊ ဖိုသံ, မသံ ဟစ်ကြွေးသံတို့ကိုလည်း တစ်ချက်, တစ်ချက် ကြားရသည်။

နားထဲမှာ မပြတ်လပ်အောင်ကို ကြားနေရသော သံစဥ်များက ပုစဉ်းရင်ကွဲအသံများ။

သစ်ရွက်သစ်ကိုင်းများအကြားမှ အတင်းလုရ၍ ထွက်ပေါ်နေသော လရောင်ခြည်သည်လည်း တိမ်မည်းတစ်အုပ်၏ ဖုံးအုပ်မှုကြောင့် မကြာခဏ ပျောက်တစ်ချည် လင်းတစ်လှည့်။





"အ"

ကမူတစ်ခုကို ခလုတ်တိုက်မိလိုက်၍ လဲပြိုကာ ယိုင်မသွားရအောင် ဟန်ချက်ကို အမြန်ထိန်းလိုက်ရသည်။

"ဟင် ... ဘာဖြစ်တာလဲ သွန်း"

"ဘာမှမဖြစ်ဘူး နူး ... ကိုယ်ခြေချော်သွားလို့"

"ဟုတ်လား ... နူး အိပ်ငိုက်သွားမိတယ်၊ သွန်း ညောင်းနေရောပေါ့"

နူးက သွန်းရဲ့ကျောပေါ်မှ လျောတိုက်ဆင်းဖို့ ပြင်သည်။

"ရတယ် နူး ... မဆင်းပါနဲ့၊ နူးကိုယ်လုံးလေးက ပေါ့ပေါ့လေးပါ"

သွန်းက တောင်းဆိုပေမယ့်လည်း နူးက မြေပြင်ပေါ်ရောက်သွားပါပြီ။

"ဘာလဲ ... ပေါ့ပေါ့လေးဆိုတာ အစကတော့ ပေါ့ပေါ့၊ နောက် ကြာလာတော့ လေးလေးလာတာလို့ ပြောတာမဟုတ်လား"

နူးရဲ့ အရွှန်းအပြက်စကားကြောင့် သွန်းရင်ထဲ လန်းသွားရပြီး ပေါ့ပါးစွာ ရယ်မိလိုက်ရသည်။

"နူးတို့ ဘယ်နေရာ ရောက်နေတာလဲ သွန်း"

"ကိုယ်လည်း ပြေးမိပြေးရာ ပြေးလာခဲ့ပြီး, လျှောက်မိလျှောက်ရာကို စွပ်လျှောက်လာမိတာပဲ နူး၊ ဘယ်နေရာလဲတော့



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး၊ ကားလမ်းပေါ် ပြန်တက်ဖို့ လမ်းရှာနေတာ"

"လမ်းရော တွေ့ပြီလားဟင်"

"ဟင့်အင်း ... ခူး ကြောက်မသွားနဲ့နော်၊ ညကြီးမို့လား မသိဘူး ... ကိုယ်တို့ မျက်စိလည်ပြီး လမ်းပျောက်နေပြီ"

"ဟင်"

သွန်းက မကြောက်ပါနဲ့လို့ ပြောမှ ခူးမှာ ပိုကြောက်မိသွားသည်။

သွန်းရဲ့လက်မောင်းကို အားကိုးတကြီး ဆွဲဖက်ကာ တိုးကပ်လိုက်မိသည်။

"ခူးရယ် ... ဘာမှ မဖြစ်နိုင်ပါဘူး၊ ကိုယ်တို့ ကားလမ်းကို ပြန်တွေ့မှာပါ"

ထိုစဉ် တောအုပ်၏ အစွန်းတစ်ဖက်ဆီမှ လူသံအချို့ကို ကြားလိုက်ရသည်။

စိုးရွံ့မိသော စိတ်တွေ ခူးမှာ ပျောက်သွားသည်။

"ဟို ... ဟိုဘက်က လူသံတွေကြားတယ် သွန်း၊ အဲဒီဘက်ကို မြန်မြန်သွားရအောင်"

ခူးက သောဆော်လိုက်ပေမယ့် သွန်းက မလှုပ်ရှားဘဲ နားကိုစွင့်၍ အသံတွေသဲကွဲအောင် အာရုံစိုက်နေသည်။

"လာလေ သွန်း ... ဘာလုပ်နေတာလဲ"

"နေဦး ခူး ... မလောနဲ့၊ အသံတွေ သေချာအောင်





နားထောင်ရမယ်၊ ကိုယ်တို့နောက်ကို လိုက်လာတဲ့သူတွေဆိုရင် ကိုယ်တို့ ပြေးပေါက်မရှိတော့ဘဲ ဒုက္ခရောက်သွားနိုင်တယ်"

"သွန်းကလေ သိပ်ပြီး တွေးကြောက်တတ်တဲ့ စကြောက်ကြီး၊ လိုက်တဲ့လူတွေက ဒီလောက်မိုးချုပ်နေတာ ဥစ္စာ ... လိုက်လာကြပါတော့မလား"

"သတိဆိုတာ လိုတယ်လို့ မရှိပါဘူး ခူးရယ် ... ခဏလေး စောင့်ပါနော်"

စောင့်ကြည့်နေစဉ်မှာပင် အသံကြားရာအရပ်ဆီမှ လက်နှိပ်ဓာတ်မီးရောင်တွေ လင်းခနဲ လင်းခနဲ တွေ့လာရသည်။

လမ်းရှင်းသည့်နှယ် သစ်ခက်သစ်ကိုင်းတွေကို ဓားတွေနှင့် ဝှေ့ယမ်းခုတ်ဖြတ်သံတွေကို ကြားလာရသည်။

လူသံသဲ့သဲ့ကြားနေရာမှ စကားသံတွေက ပို၍ပီပြင်စွာ ကြားလာရပါပြီ။

"ဟိုနှစ်ယောက် ဒီတောထဲ ဝင်သွားတယ်လို့ ဟိုလမ်းဘေး ထမင်းဆိုင်က ပြောလိုက်တာပဲ ... မလွတ်ပြေးအောင် ‌သေချာရှာကြ"

"တွေ့ရင်တော့လားကွာ ... ငါတို့ လိုချင်တဲ့ ပစ္စည်းကို ယူပြီး နှစ်ယောက်စလုံးကို အရှင်လတ်လတ် အရေခွံဆုတ်ပြီး သတ်ပစ်မယ်'

"ဒီတောအုပ်က ဟိုဘက် ဒီဘက် လမ်းမပေါက်ဘူးတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် သေလမ်းကို သူတို့ ရွေးသွားတာပဲ၊ မင်းတို့ မျက်စိရှင်ရှင်နဲ့ လိုက်ရှာကြနော်၊ ငါက ပစ္စည်းပဲ လိုချင်တာ''

''အာစရိကလည်း ကျုပ်တို့ကတော့ လက်ထဲမိတဲ့ဟာ အကုန်ယူမှာပဲ၊ ဟိုကောင်နဲ့ ထွက်ပြေးသွားတဲ့ ကောင်မလေးက ချောမှချောပဲဗျ ...ဟီး ဟီး ဟီး''

ဟုတ်တယ် ...ဖြူဖြူဖွေးဖွေး ရေဆေးငါးလေးလိုပဲ၊ ရလိုက်လို့ကတော့ကွာ ...ဟား ဟား ဟား''

လူဆိုးတွေဆီမှ စကားသံတွေက နူးရဲ့နားကို ရှက်သွားစေရသည်။

သွန်းမှာလည်း မျက်မှောင်ကြီးကြုတ်ကာ အံကို တင်းတင်းကြီးကြိတ်ပြီး လက်သီးကို သွေးထွက်မတတ် ဆုပ်ကိုင်မိသည်။

''နူး ...သူတို့ပြောတာကို ဂရုမစိုက်နဲ့၊ နူးဆီက မွေးညင်းတစ်စကိုတောင် သူတို့ မထိစေရဘူး၊ ကိုယ် အသက်ပေးပြီး နူးကို စောင့်ရှောက်ကာကွယ်ပေးသွားမှာပါ''

ယုံကြည်ချက်ခိုင်မာစွာ ပြောလာတဲ့ သွန်းရဲ့လက်ကို နူးက ယုံကြည်စွာ ဆုပ်ကိုင်လိုက်ရင်း ...

''သူတို့လိုချင်နေတာ ဘာပစ္စည်းလဲ သွန်း ...ပစ္စည်းတွေထက် လူ့အသက်က ပိုတန်ဖိုးရှိတာပါ၊ ဒီလို အမြဲတမ်း ပြေးလွှားပုန်းရှောင်နေရုံနဲ့ ပြဿနာက ပြီးသွားမှာမှ မဟုတ်တာ၊





အဲဒီပစ္စည်းကို မက်မောမနေတော့ဘဲ ပေးပစ်လိုက်ပါ သွန်းရယ်''

နူးရဲ့စကားကို သွန်းက အသည်းအသန် ငြင်းပါသည်။

''မဖြစ်ဘူး နူး ...ဒီပစ္စည်းကို ကိုယ့်ဘဝနဲ့ ရင်းပြီး ရှာဖွေခဲ့ရတာပါ၊ ကိုယ့်ရဲ့ ချွေးတွေ,သွေးတွေ အများကြီး ပေးဆပ်ခဲ့ရတာပါ၊ ပြီးတော့ ဒီပစ္စည်းက နူးကို နိုးစပ်နိုင်ဖို့, နူးနဲ့ ဘဝချင်း ပေါင်းစပ်နိုင်ဖို့အတွက် အရမ်းကို အရေးပါတဲ့ ပစ္စည်းပါ''

''နူးအတွက် ရွှေငွေစည်းစိမ်ဂုဏ်သိမ်တွေ မလိုပါဘူး သွန်းရယ် ...သွန်းရဲ့ စစ်မှန်တဲ့ အချစ်, သစ္စာခိုင်မြဲတဲ့ နှလုံးသားကို ရရင်ပဲ ပြည့်စုံပါပြီ''

''အဲဒီစကားက နူးနဲ့ ကိုယ်တို့နှစ်ယောက်တည်းအတွက်တော့ မှန်တာပေါ့၊ လောကကြီးကို စိတ်ကူးယဉ်နှလုံးသားနဲ့ ရင်ဆိုင်ချင်လို့ မရဘူး နူး။ နူးမိသားစု, နူးအသိုင်းအဝန်းအတွက် စံမီတဲ့ ပိုင်ဆိုင်မှုတွေနဲ့ ယှဉ်တွဲနိုင်မှ ကိုယ်တို့ဘဝအတွက်လည်း အရာရာ အဆင်ပြေနိုင်မှာလေ''

နှစ်ယောက်သား တီးတိုးရေရွတ်ကာ စကားဆိုနေစဉ်မှာပင် ဓားခုတ်သံတွေ၊ တောတိုးသံတွေ၊ ကြိမ်းမောင်းသံတွေက ပို၍ ပို၍ နီးကပ်လာနေပါပြီ။

''မလွတ်သွားစေနဲ့နော် ...မျက်လုံးတွေကို ရှင်ရှင်ထားကြ၊ ကြွက်တစ်ကောင် ထွက်ပြေးတာတောင် မလွတ်စေနဲ့''

''စိတ်ချစမ်းပါ အာစရိယာ ...ပုရွက်ဆိတ်တစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



တောင် ကျုပ်တို့ မျက်စိအောက်က လွတ်မသွားစေရဘူး''

ခါတ်မီးရောင်အလင်းတန်းတွေက သွန်းတို့ဆီကို ဝေ့ခနဲ ဝိုက်ခနဲ ရောက်လာတတ်ပါသည်။

ထိုသူတို့ရဲ့ ဦးတည်ရာကလည်း သွန်းတို့ ပုန်းကွယ်ရာဆီကိုပဲ ဦးတည်လာနေသည်။

''ဒီဘက်ကို လာနေသလိုပဲနော် သွန်း''

''ဟုတ်တယ် ... သူတို့ မမြင်ခင် အမြန်ထွက်ပြေးကြမှ ဖြစ်တော့မယ် ခူး ... ခူး ပြေးနိုင်ပါ့မလား''

''ရအောင် ပြေးရမှာပေါ့ ... မပြေးလို့မှ မဖြစ်တာ''

''ဒါဆို ဒီကို တည့်တည့်ပြေး၊ လုံခြုံတဲ့နေရာရောက်ရင် ပုန်းနေ၊ ကိုယ် သူတို့ကို လမ်းကြောင်းပြောင်းသွားအောင် လှည့်စားခေါ်သွားမယ်''

''ဟင် ... ခူးတစ်ယောက်တည်း ပြေးရမှာလား''

''မကြောက်ပါနဲ့ခူးရယ် ... သူတို့ကို လှည့်စားပြီး ခေါ်ထုတ်သွားမှ ခူးအတွက် အန္တရာယ်ကင်းမှာမို့ပါ''

''ဟင့်အင်း ... အဲဒီလိုဆို သွန်းအတွက် အန္တရာယ်ရှိမှာပေါ့''

''ကိုယ့်အတွက် မပူပါနဲ့သွန်းရယ် ... ကိုယ်က ပြေးလွှားရလွန်းလို့ ကျွမ်းနေပါပြီ၊ ဒီလို ညအခါဆို ကိုယ့်အတွက် ပိုတောင်လွယ်သေးတယ်၊ သွန်း ဘေးမှာရှိနေရင်သာ ကိုယ်





လှုပ်ရှားရတာ ခက်နေမှာ''

သွန်းရဲ့အခက်အခဲကို ခူး နားလည်လိုက်ပါပြီ၊ ခူးကို ငဲ့ညှာနေရတာနှင့် နှစ်ယောက်စလုံး ဒုက္ခရောက်သွားနိုင်သည်လေ။

''အိုကေ သွန်း ... ခူး ဒီကနေ ပြေးတော့မယ်၊ သူတို့ လက်ထဲက လွတ်တာနဲ့ ခူးဆီ မြန်မြန်ပြန်လာခဲ့နော်''

''စိတ်ချပါကွာ၊ ဒီတည့်တည့်ပဲ ပြေးနော် ... ကိုယ် မှတ်ထားပြီး အမြန်ပြန်လာခဲ့မယ်''

''ကံကောင်းပါစေ သွန်း''

ခူးက သွန်းရဲ့ပါးပြင်ကို တစ်ချက်နမ်းရှိုက်လိုက်ပြီး အမှောင်ထုကို အားကိုး၍ ထွက်ပြေးသွားသည်။

ခူးပြေးသွားသော နေရာနှင့် ဆန့်ကျင်ဘက်အရပ်ကို သွန်းရောက်အောင် ပြေးခဲ့ပြီး မီးရောင်အဝေ့မှာ တမင်မြင်ရအောင် ရပ်ပြလိုက်ပါတော့သည်။

''ဟာ ... ဟိုမှာ ဟိုမှာ ... လိုက် လိုက်''

''ဟော့ကောင် ဘုန်းမိုးသွန်း ... မင်းကိုသတ်ပြီးမှ ငါတို့ လိုချင်တာရအောင် ယူမယ်ဟေ့၊ မင်း ပြေးချင်သလောက် ပြေးစမ်း ... ဒီည မင်းကို အပြတ်ရှင်းမယ် ... လိုက်ကြ လိုက်ကြ''

သွန်းနောက်ကို အားလုံး ဆင်ကန်းတောတိုး တစ်ဟုန်ထိုး ပြေးလိုက်သွားကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သွန်းကလည်း လှုယောင်ပြလိုက် ထွက်ပြေးလိုက်နှင့် ခူးရှိမည့်နေရာနှင့် ဝေးသည်ထက် ဝေးရအောင် လှုဆိုးတွေကို လှည့်ဖျားကာ ခေါ်ဆောင်သွားပါသည်။

အခက်တွေ့ရသည်က ခူး။

ကြောက်ကြောက်လန့်လန့်နှင့် ထွက်ပြေးမိသော်လည်း ခန္ဓာကိုယ်က ထင်သလောက် မရှုန်းကန် မသယ်ဆောင်နိုင်တော့ပါ။

ချုံနွယ်တွေနှင့် ငြိတွယ်မိပြီး လဲကျသွားလိုက်၊ အားတင်းပြီး ဆက်ပြေးလိုက်ဖြင့် အရမ်းကို မောဟိုက် ပင်ပန်းနေမိပါပြီ။

ခေါင်းထဲမှာလည်း ချာလပတ်ယမ်းအောင် မူးဝေနောက်ကျိလာသည်။ ရင်ထဲမှာ ရှိသမျှ ကလီစာတွေလည်း ပြုတ်တောက်ကုန်သလို ခံစားလိုက်ရတာ အရုပ်ကြိုးပြတ်ပမာ။

"အ"

ဘယ်လိုမှ မထိန်းနိုင်တော့ပါဘူး။ ကမ္ဘာမြေပြင်ကြီး ဦးစိုက်ပြောင်းပြန် လှန်သွားသည်။

တောအုပ်ကြီးကလည်း အိုးထိန်းစက်ပမာ ချာချာလည်သွားသည်။ အမှောင်ထု တွင်းနက်ကြီးထဲသို့ ခူး နစ်မြုပ်သွားပါပြီ။

ဘယ်လိုမှ ပြန်လိုက်လာလို့ မရတဲ့အထိ စိတ်ချရလောက်သော အရပ်ကိုရောက်မှ သွန်းက ကိုယ်ယောင်လည်း





ဖျောက် ခြေရာလည်းဖျောက်ကာ လာရာအရပ်ဆီကို ပြန်ပြေးခဲ့သည်။

မှတ်သားထားသော ညောင်ပင်ကြီးအောက်ကိုရောက်မှ ခူး ထွက်ပြေးသွားရာအရပ်ဆီ အသံတိုးတိုးလေး ခေါ်သံပြုကာ လိုက်ရှာရပါတော့သည်။

"ခူး ... ခူး"

"ခူးခူး ... ခူးခူး"

အတွင်းဘက် အတော်နက်နက်ရောက်အောင် လိုက်လာခဲ့ပါသော်လည်း ခူးဆီက ပြန်လည် အချက်ပြသံ မကြားရသေးပါ။

"ခူးခူးရေ ခူးခူး ... ဘယ်မှာလဲ ... အသံပြန်ပေးပါဦး"

တိမ်စွယ်ကြားမှ ရုန်းထွက်လာသော လရောင်ခြည်အလင်းအောက်ဝယ် သွန်း မြင်လိုက်ရသည်က ...

"ဟင် ... ခူးခူး ... ခူးခူး"

ပဝါစလေး လွှတ်ချထားသည့်နှယ် မြေပြင်မှ ပုံ့ပုံ့ကလေး လဲကျနေသော ခူးဆီသို့ သွန်း သွေးရူးသွေးတန်း ပြေးသွားမိသည်။

"ခူးခူး ... ခူးခူး"

ပွေ့ထူပြီး ခေါ်လိုက်သော်လည်း ခူးက နိုးထမလာပါ။ ခူးတစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူရှိန်ပြင်းနေပြီး



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူသံလေးက တိုးလျှလွန်းလှပါသည်။

ခူးခူး မသေရဘူး ... ခူးခူး မသေရဘူး။

ခူးကို ပွေ့ချည်လိုက်ပြီး သူ့ရူးတစ်ယောက်ပမာ မျက်စိထဲမှာ ဘာကိုမှ မမြင်နိုင်တော့ဘဲ သွန်း ထွက်ပြေးခဲ့ပါတော့သည်။

ကံကောင်းထောက်မစွာဖြင့် ကားလမ်းမကြီးပေါ်သို့ သွန်း ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားရသည်။

မိုးနတ်မင်းကြီးက မ,စလေရော့သလား မသိပါ။ မောင်းနှင်လာသော အငှားပြေးကားကြီးတစ်စီးကို တားနိုင်ကာ နီးစပ်ရာဆေးရုံကို ပို့ပေးဖို့ အကူအညီတောင်းခံနိုင်ခဲ့ပါသည်။

မြို့နယ်ဆေးရုံကလေးကို ရောက်၍ တာဝန်ကျဆရာဝန် ဆရာမများက ကြပ်မတ်စွာ ကုသပေးပါသော်လည်း ခူးက သတိပြန်မလည်လာသေးပါ။

"ဘယ်လိုလဲ ဆရာမ ... သူ ... သူ သတိပြန်ရလာမှာပါနော်"

"စိတ်မပူပါနဲ့ရှင် ... ပင်ပန်းပြီး ချွေးထွက်လွန်သွားလို့ ရှော့ခ်ဖြစ်သွားတာပါ၊ အခု အိပ်ဆေးပေးထားလို့ အိပ်ပျော်နေ





တာပါ ... ကျန်းကျန်းမာမာနဲ့ ပြန်နိုးလာမှာပါ"

"ကျေးဇူးပါပဲ ဆရာမရယ် ... ကျေးဇူးပါပဲဗျာ"

"ရပါတယ်ရှင်၊ အရေးအကြောင်းရှိရင် ရုံးခန်းကိုလာခဲ့ပါ ... အဲဒီမှာ ဆရာ,ဆရာမတွေ တစ်ဦးမဟုတ် တစ်ဦး အမြဲရှိပါတယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဆရာမ"

သူနာပြုဆရာမလေး ထွက်သွားသည်နှင့် ဆေးရုံခုတင်ဗက်မှာ အိပ်ပျော်နေရှာသော ခူးရဲ့အပါးမှာ သွန်းက အသာလေး ထိုင်လိုက်သည်။

ဖြူဖျော့နွမ်းယဲ့နေသော ခူးရဲ့ မျက်နှာနုနုလေးကို ကြည့်ကာ သွန်းရင်ထဲမှာ ဝိုချင်စိတ်တွေ ပေါ်လာမိသည်။

သွေးအားနည်းနေသော ခူးရဲ့လက်ဖဝါးလေးကို အသာဆုပ်ကိုင်ရင်း မျက်ဝန်းမှာ ပုလဲဥလေးတွေ သီနိုလာရပါပြီ။

ဒါဟာ ခူးလေး ရင်ဆိုင်လာရမည့် သွန်းရဲ့ ဘဝခရီးအစပဲ ရှိပါသေးတယ် ခူးရယ်။

နုနုနယ်နယ် ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံ နေထိုင်လာခဲ့ရတဲ့ ခူးရဲ့ဘဝနဲ့ ကိုယ့်ဘဝက တကယ်တော့ ပေါင်းစပ်နိုင်ဖို့ဆိုတာ အရမ်းခက်ခဲလွန်းလှပါတယ်။

အရာရာ ပြည့်စုံစွာထားနိုင်မယ်လို့ ကိုယ်ထင်ထားပေမယ့် ကံကြမ္မာအတိတ်ဆိုးက အရိပ်ထိုးလာရင် ခူးဘဝ၊



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်သိက္ခာ၊ ခူးရဲ့ အောင်မြင်မှု အပေါင်းကို ရိုက်ချိုးဖျက်ဆီးခံရမှာ အမှန်ဖြစ်ပါတယ်။

ကိုယ့်ကြောင့် ခူးရဲ့ ဂုဏ်သိမ်တွေ အထိခိုက်မခံစေရပါဘူး။

ကိုယ့်ကို ချစ်လွန်းလို့ ဘဝကိုစွန့်ရဲခဲ့တဲ့ ခူးရဲ့ နှလုံးသားသစ္စာကို ကိုယ်ကလည်း ယုံကြည်စွာနဲ့ ပြန်လည် ပေးဆပ်ရမှာပေါ့။

စွန့်၍ချစ်ခဲ့ရှာသော ချစ်သူလေးအတွက် ကိုယ်ကလည်း စွန့်၍ စွန့်ကာ ချစ်သွားရပါတော့မည်။

ချစ်သူ၏ နဖူးလေးကို နောက်ဆုံးအနေဖြင့် သွန်းက ယုယစွာ နမ်းလိုက်မိသည်။

မျက်ရည်တစ်စက သိမ်း၍မရခင်မှာပင် ခူးရဲ့ပါးပြင်လေးပေါ် လိမ့်ဆင်းကျသွားသည်။

သွန်း အမြန်ထရပ်ပစ်လိုက်ရသည်။

သည်အနားမှာ ကြာကြာနေမိလျှင် သံသရာဆုံးသည်အထိ ခူးအနားကနေ စွန့်ခွာ၍ သွားနိုင်တော့မှာ မဟုတ်ပါဘူး။

အံကို တင်းတင်းကြိတ်၍ ကျောခိုင်းပစ်လိုက်ရပါတော့သည်။





"လူယုတ်မာ . . . သစ္စာဖောက် . . . သူငယ်ချင်း မပီသတဲ့ကောင်"

သိခ်ရဲ့ စကားလုံးတွေက ပြင်းထန်ရုံသာမကပါဘူး . . . လက်သီးတစ်လုံးကလည်း အရှိန်ပြင်းစွာ ဝင်လာသည်။

သွန်း မတိမ်းရှောင်ပါဘူး။ မခုခံ မကာကွယ်ပါဘူး။

'ခွပ်'

မေးရိုးမှာ ပူခနဲ ဖြစ်သွားပြီး နွမ်းလျအားနည်းနေသော ခန္ဓာကိုယ်က ကြမ်းပြင်ထက်သို့ ယိုင်ကျလဲပြိုသွားရသည်။

"မင်းကို ငါ ဘာပြောခဲ့လဲ . . . မင်းကို ငါ အောက်ကျနောက်ကျခံပြီး ဘယ်လောက်တောင်းပန်ခဲ့လဲ၊ အဲဒီလောက် ငါက အောက်ကျခံပြီး အောက်ကျို့ပြီး တောင်းခံခဲ့တာကို မင်းမို့ လုပ်ရက်တယ်ကွာ"

သိခ်က ရင်ဘတ်ကိုဆောင့်ဆွဲပြီး ထပ်ထိုးရန် ပြင်သည်။

"ထိုးပါ သူငယ်ချင်းရာ . . . ထိုးပါ ထိုးပါ၊ မင်းထိုးသမျှကို ခံဖို့ ငါလာခဲ့တာပါ၊ မင်းကြိုက်သလောက် ထိုးပြီးရင်တော့ ငါ့ကို တစ်ခုပဲ ကူညီပါကွာ"

"အေး . . . ထိုးမယ် ထိုးမယ်၊ ထိုးရုံမကဘူးကွာ . . . သတ်ပါသတ်ပစ်ချင်တယ်၊ မင်းကိုသတ်ပြီး ငါ ထောင်ထဲဝင်မယ်"

သိခ်ရဲ့ဒေါသတွေ ပြောရင်း ပြောရင်း ပေါက်ကွဲကုန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ လက်သီးတွေက တစ်လုံးပြီးတစ်လုံး ထိုးရုံတင် အားမရ ... ခြေထောက်နှင့်ပါ ကန်မိသည်။

သွန်းက တစ်ချက်လေးမှ မခုခံပါ။ မျက်နှာမှာ ဒဏ်ရာတွေနှင့် ဖူးရောင်ကုန်သည်။

သွေးများယိုစီးနေသော ပါးစပ်ကို အားယူ၍ သွန်းက ယဲ့ယဲ့လေးသာ ပြောနိုင်တော့သည်။

"ခူးကို ဆေးရုံတင်ထားခဲ့ရတယ်၊ အဲဒါ မင်းသွားပေးပါနော်၊ ခူးကို မင်းလက်ထဲ အပ်ခဲ့ပါ့မယ်၊ ငါ့ဘဝနဲ့ ပေါင်းစင်ဖို့ မဖြစ်နိုင်ဘူးဆိုတာ ငါသိပါပြီ၊ ငါ့ကိုမေးရင် ငါသေသွားပြီလို့ပဲ ပြောလိုက်ပါကွာ"

သွန်း အားတင်းကာ ထရပ်လိုက်ပြီး ယိမ်းယိုင်နေသော ခန္ဓာကိုယ်ကို လဲပြိုမကျအောင် ထိန်းရင်း သိမ်ရှေ့ကနေ ထွက်လာခဲ့သည်။

ချစ်ရသူနှင့် ချစ်သောသူငယ်ချင်းကို ထာဝရ စွန့်ခဲ့ခြင်း ရယ်ပါ။

# အခန်း (၁၂)

ခူးခူး မျက်လုံးများကို အားယူ၍ ဖွင့်လိုက်သည်။ အလင်းရောင်ကြောင့် မျက်လုံးများ ကျိန်းစပ်သွားသည်မို့ မဖွင့်နိုင်။ ချက်ချင်း ပြန်ပိတ်လိုက်မိသည်။

ခဏကြာမှ ဖြည်းဖြည်းချင်း ပြန်ဖွင့်လိုက်မိသည်။

အဖြူရောင် အုတ်နံရံ ...

အိပ်ရာခင်း အဖြူ ...

လက်မှာလည်း ပိုက်တွေ ...

ဘာတွေလဲ ...

ခူးခူး နားမလည်စွာ မျက်လုံးအကြည့်ကို ရွှေ့လိုက်သည်။

"ဟင်"

ငုံ့ကြည့်နေသော မေမေ့မျက်နှာကို တွေ့လိုက်ရလျှင် ခူးခူး အလန့်တကြားဖြင့် ထ,ထိုင်ဖို့ ကြိုးစားလိုက်မိသည်။

"မထနဲ့ဦးလေ သမီးလေး ... ပြန်လှဲအိပ်နေ၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



အရမ်းအားနည်းနေတယ်''

မေမေက ရှူးပန်းလေးကို အိပ်ရာပေါ် ညင်သာစွာ ပြန်ချပေးသည်။

မေမေတို့ ဒီကို ဘယ်လိုလုပ်ရောက်လာကြတာလဲ။

ဘာပဲဖြစ်ဖြစ်

သွားပြီ ...

အရာအားလုံး သွားပြီလို့ ရှူးရှူး နားလည်လိုက်သည်။

သူ ...သူရော ...

ရှူးရှူးအကြည့်တွေ ဝေ့ဝဲရှာဖွေမိပြန်သည်။

မေမေ့အနောက်မှ လူတစ်ယောက် ထွက်လာသည်။

ရှူးရှူး မျှော်လင့်တကြီး ကြည့်လိုက်တော့ သိခ် ဖြစ်နေသည်။

သိခ်က ရှေ့ကို ထွက်လာသည်။

''ဘယ်လိုနေသေးလဲ ရှူးရှူး''

သိခ်မေးတာကို ရှူးရှူး ပြန်မပြနိုင်။

သွန်းကို မတွေ့ရတာကြောင့် အလောတကြီး မေးလိုက်မိသည်။

''သွန်း ...သွန်းရော''

သွန်းနာမည်ကြားလိုက်ရသည်နှင့် မေမေ မျက်နှာမကောင်း။





သိခ် သက်ပြင်းချလျက် ခေါင်းခါပြသည်။

''သွန်း ဘယ်မှာလဲ ...သွန်း ဘယ်ကိုသွားနေတာလဲ ...ပြော ...ပြောပြကြပါ ...သွန်းရောလို့''

သွန်းကို မတွေ့ရသဖြင့် စိုးရိမ်ပူပန်စိတ်တွေနှင့် ရှူးရှူးရှိုက်သံစွက်ကာ ယောက်ယက်ခတ်မေးမိသည်။

သိခ်က ရှူးရှူးကိုမကြည့်ဘဲ မျက်နှာလွှဲလျက် ...

''ငါတို့ တကယ့်ကိုမသိတာ ရှူးရှူး။ ငါတို့ရောက်ကတည်းက သူ့ကို ခုထိ မတွေ့ရသေးဘူး''

''ဘယ် ...ဘယ်သူ အကြောင်းကြားတာလဲ''

ရှူးရှူး အလောတကြီး ·မေးလိုက်မိသည်။

သိခ်က ခပ်တိုးတိုး ဖြေသည်။

''သွန်း ငါ့ကို လာခေါ်တာ''

''ဘာ ...သွန်း ...သွန်းက ...သွန်းက နင့်ကို လာခေါ်တာ ...ဟုတ်လား ...ဟုတ်လား သိခ်''

ရှူးရှူး ကိုယ့်နားကိုယ် မယုံကြည်နိုင်။

အထိတ်တလန့် ပြန်မေးလိုက်မိသည်။

သိခ်က သက်ပြင်းနှင့်အတူ ရှူးရှူးမျက်နှာကို ရင်ဆိုင်ကြည့်ကာ ...

''ဟုတ်တယ် ...နင် ဆေးရုံတက်နေရတယ်၊ လိုက်လာခဲ့ကြပါလို့ သွန်း ငါ့ဆီကို လာခေါ်တာ''



www.burmeseclassic.com

www.burmeseclassic.com



ခူးခူးရင်ထဲ ဆို့နစ်လှစ်ဟာသွားမိသည်။

သွန်း ... သွန်းရယ် ...

ရက်စက်လိုက်တာ ...။

နင် နင် ရက်စက်လိုက်တာဟာ ...။

ငါ့ကို မေမေတို့လက်ထဲ နင် ပြန်ထည့်လိုက်တာပေါ့ ... ဟုတ်လား။

နင့်ကို ချစ်လွန်းလို့ ဘယ်ဘဝ ဘယ်အခြေအနေပဲ ရောက်ရောက် နင်နဲ့အတူနေဖို့ ဆုံးဖြတ်ထားတဲ့ငါ့ကို နင်မို့လို့ မေမေတို့လက်ထဲ ပြန်ထည့်ရက်တယ်။

သွန်းရဲ့ ...

ဘာလဲ နင့်အချစ်က ...

နင် မယုံကြည်ဘူးလား ...။

နင် ငါ့ကို မယုံကြည်ဘူးလား ...။

နင်နဲ့အတူ ကြမ်းတမ်းတဲ့ဘဝတစ်ခုကို ရင်ဆိုင် လျှောက်လှမ်းနိုင်လိမ့်မယ်လို့ နင် ငါ့ကို မယုံကြည်ဘူးလားဟာ။

ခူးခူးသည် မေမေနှင့် သိခ်တို့ရှိနေတာကို မေ့ပြီး အံကြိတ်ထားလျက်က မျက်ရည်များ စီးပြိုကျဆင်းနေမိသည်။

ခူးခူး ဆို့နင့်ကြေကွဲစွာ ငိုကြွေးမိဆဲ ...

"မတန်ခူးလေပြည်ရဲ့ အခန်း ဟုတ်ပါတယ်နော်"

ဆေးရုံဝန်ထမ်းလေးတစ်ယောက် ဝင်လာသည်မို့ ခူးခူး





မျက်ရည်များ ကပျာကယာ သုတ်လိုက်မိရင်း ...

"ဟုတ်ပါတယ် ... ဘာကိစ္စများ ရှိလို့ပါလဲ"

"လူတစ်ယောက်က ပေးခိုင်းလိုက်လို့ပါ"

ကောင်လေးက ပန်းစည်းလေးတစ်စည်းကို ခူးခူးဆီ လှမ်းပေးသည်။

ဖြူလွှသော နှင်းဆီပန်းစည်းတစ်စည်း။

ခူးခူးခန္ဓာကိုယ်လေး ဆတ်ခနဲ တောင့်မတ်သွားရသည်။

လှုပ်ခါသောရင်၊ တုန်ယင်သောလက်ဖြင့် ပန်းစည်းကို လှမ်းယူလိုက်သည်။

ပန်းစည်းများ ချိတ်ဆွဲထားသော ကတ်ဖြူဖြူလေးတစ်ခု ခူးခူး အလျင်စလို ဖတ်လိုက်မိသည်။

> ဘောဘီ ...
>
> အိမ်ကို ပြန်တော့နော်။
>
> ကို

ဖြူလွှသော ပန်းစည်းလေး ကြမ်းပြင်ပေါ် ပြုတ်ကျသွားခဲ့ ...

"မောင်လေး အဲဒီလူရော"

"မရှိတော့ဘူး ... သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခူးခူး ပိုက်တွေကိုဆွဲဖြုတ်ကာ ဝုန်းခနဲ ထ,လိုက်မိသည်။

"သွန်း ... သွန်းရေ ... သွန်း"

ခူးခူး ယောက်ယက်ခတ်ကာ ပြေးထွက်ဖို့ ကြိုးစားသည်။

ခေါင်းထဲ မိုက်ခနဲ ...။

ခြေထောက်တွေက ရွှေ့လို့မရ ...။

ချက်ချင်း အနားကို လူများ ဝိုင်းအုံလာသည်။

"သမီး ... သမီးလေး ... အရမ်းအားနည်းနေတယ်လေ"

"ခူး ... နင် အနားယူရဦးမှာ၊ နင် ဘယ်ကိုမှ သွားလို့မဖြစ်နိုင်သေးဘူး"

"လူနာကို အိပ်ရာပေါ် ပြန်ပွေ့တင်ကြပါ"

"ပိုက် ပြန်တပ်ရမယ်"

ပျာယာခတ်နေသော အသံများ ...

မြင်ကွင်းများအားလုံး လှုပ်ယိမ်းနေသည်။

ခူး စိတ်ဓာဖြင့် အတင်း ရုန်းကန် ထ,သည်။

"သွန်း ... သွန်းဆီသွားမယ် ... သွန်း ဘယ်မှာလဲ"

ခူးခူး ရုန်းကန်ဆဲ ...

မေမေက ခူးခူးကို လွတ်ထွက်သွားမတတ် တင်းကျပ်နေအောင် ဖက်ထားရင်းက ...

"သမီး နေကောင်းတော့ သွားကြတာပေ့ါ၊ အခု လော





လောဆယ် သမီးကျန်းမာရေးက အရေးကြီးတယ်လေ၊ သမီး နေကောင်းရင် သွန်းနဲ့ တွေ့ရမှာပေ့ါ"

ဟင့်အင်း ... မယုံဘူး။

ဘယ်သူ့စကားမှ မယုံဘူး ...

သွန်းနဲ့ ခွဲကြမှာ ...

နှုတ်ခမ်းများ ဖွင့်ဟလျက်က စကားသံတို့ ထွက်မရ။

ခေါင်းကိုသာ တွင်တွင်ခါယမ်းနေမိသည်။

မျက်ရည်စက်တို့ လွင့်စဉ်သွားသည်။

"တကယ်ပြောတာပါ သမီးရဲ့ ... သမီးနဲ့ သွန်းကို မေမေတို့ မခွဲပါဘူး၊ သမီးနေကောင်းရင် သွန်းကို ပြန်တွေ့ရမှာပါ၊ သွန်းကို မေမေကိုယ်တိုင် ဆက်သွယ်ပေးမှာပါ ... စိတ်ချ၊ သမီးဖြစ်ချင်တာ အားလုံးဖြစ်စေရမယ်၊ သမီးလေး စိတ်ချမ်းသာစေရမယ်"

မခွဲပါဘူး ... တဲ့။

မေမေက ခူးနဲ့သွန်းကို မခွဲပါဘူး ... တဲ့။

ဘာလို့ ထွက်သွားရတာလဲ သွန်းရယ် ...

ခူးကို ဘာလို့ ထားသွားရတာလဲ။

အရင်လို ခူးကို ခြေရာဖျောက်ဦးမှာလား။

ခူးဆီ ပြန်မလာတော့ဘူးလား ...

ဟင့်အင်း ...



www.burmeseclassic.com

www.burmeseclassic.com



မရဘူးနော် ...

ရှူး သေသွားလိမ့်မယ်။

ရှူးဘဝမှာ သွန်းမရှိရင် မဖြစ်ဘူး။

အမြန် ပြန်လာခဲ့ပါ သွန်းရယ် ...

နှလုံးသားတစ်ခုလုံး မျက်ရည်တို့ လောင်ကျွမ်းလျက် ကြေကွဲမှုက ခါးသီးလွန်းလှသည်။

❀

အံကို တင်းတင်းကြိတ်လျက် ခေါင်းငုံ့ချလိုက်သလို ... လက်ခုံပေါ် မျက်ရည်တစ်စက် ကျ၏။

ရင်ထဲ မချိလွန်းလို့ ကိုယ် ရှူးရတော့မယ် ကလေးရဲ့။

ကိုယ့်ရင်ထဲ ဘယ်လောက် လောင်ကျွမ်းနေရသလဲ ... သိရဲ့လား။

ဟင့်အင်း ...

ဆောရီး ...

ကလေး မသိစေရဘူး။

ကလေးကိုယ်တိုင်လည်း ကိုယ့်နှလုံးသားနဲ့ထပ်တူ လောင်ကျွမ်းနေတာပဲ မဟုတ်လား။

ကလေးခံစားနေရတာကို ဟောဒီ နံရံအကွယ်ကနေ





အားလုံးမြင်နေ ကြားနေရတဲ့ ကိုယ့်ရင်ထဲ သွေးပျက်မတတ် ခံစားရပါတယ်။

ကလေးရယ် ...

ကိုယ့်ဘဝက ကလေးအတွက် မြူတစ်မှုန်စာမျှ စိတ်ချမ်းသာ ပျော်ရွှင်မှု မပေးနိုင်တဲ့ဘဝပါ။

ပြန်ပါတော့ ကလေးရယ် ...

ချောမွေ့ နူးညံ့လှတဲ့ ဘဝကလေးထဲ ပြန်ပါ။

ပြီးရင် ကိုယ့်ကို မေ့လိုက်ပါ။

ကလေးကို အရင်ဘဝကလေးထဲ ပြန်ပို့ပေးလိုက်တဲ့ အချိန်မှာ နှလုံးသားဟက်တက်ကွဲပြီး ဘဝခါးခါးထဲမှာ ကြေကွဲ ကျန်ရစ်ခဲ့တဲ့ လူမိုက်တစ်ယောက်ကို မေ့လိုက်ပါ ကလေးရယ်။

❀

"မေမေညာတယ် ... မေမေ ရှူးရှူးကို ညာတယ်"

ရှူးရှူး ခံမပြောစဖူး မေမေ့ကို ခံပြော စွပ်စွဲနေမိသည်။

"မေမေ ပြောတော့ ရှူးရှူးကို စိတ်ချမ်းသာအောင် ထားမယ်ဆို ... သွန်းနဲ့ မခွဲဘူးဆို ... ရှူးနေကောင်းလာရင် မေမေ ကိုယ်တိုင် သွန်းကို ဆက်သွယ်ပေးမယ်ဆို၊ မေမေ ရှူးကို ညာတယ်"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေဖြင့် ဆူညံပေါက်ကွဲနေသော ခူးကို မေမေက ပခုံးလေးပုတ်ကာ နှစ်သိမ့်ပြီး ...

''မှန်တယ် ...မေမေ ဝန်ခံပါတယ်၊ မေမေ ခူးကို ညာခဲ့တယ်၊ သားသမီးကို ညာတဲ့အတွက် ငရဲကျရမယ်ဆိုရင် မေမေ ပျော်ပျော်ကြီး ငရဲသွားလိုက်မယ် ...၊

မေမေသာ မညာခဲ့ရင် မေမေ့သမီး ဘဝငရဲကျရမှာလေ၊ အဲဒီတော့ ငရဲချင်းလဲဖို့ မေမေဆုံးဖြတ်ရတော့တာပါ''

ခူးခူးသည် ဆို့တက်လာသော ရှိုက်သံကို မျိုချလိုက်မိသည်။

မေမေတို့စကားကို ယုံကြည်ခဲ့မိတာ အမှားပဲ။

ပြင်ဆင်လို့မရနိုင်တော့တဲ့ အမှား ...။

ဝေးပြီ သွန်းရေ ...။

ဘယ်တော့မှ ပြန်မတွေ့နိုင်တော့ဘူးတဲ့လား။

ခုတော့ အရာအားလုံး နောက်ကျခဲ့ပြီ။

မေမေတို့က အရာအားလုံး အကွက်စေ့အောင် စီစဉ်ထားပြီးပြီ။

ခူးခူးအဖို့ မလှုပ်သာ မရုန်းသာ အခြေအနေက ဘေးကျပ်နံကျပ် ...။

ရက်စက်လိုက်ကြတာ ...။

ရင်ခုန်တတ်တဲ့နှလုံးသားနဲ့ လူတစ်ယောက်ကို ရိုမုတ်





ကွန်ထရိုးလ် (remote control) နဲ့ လိုရာစေခိုင်းလို့ရတဲ့ စက်ရုပ်တစ်ရုပ်လို သဘောထားပြီး သူတို့လိုရာ စီစဉ်ကြတာ။

တရားသူကြီး အဆင်သင့် ...၊

နှစ်ဖက်မိဘများနှင့် သက်သေများက အဆင်သင့် ...၊

ကတ္တီပါဖုံး၊ ဖဲကြိုးစည်းထားတဲ့ စာချုပ်နှစ်ခု ...။

နှလုံးသားတစ်ခုလုံး သင်္ဂြိုဟ်ပြီး စတေးလိုက်ရမယ့် စာချုပ်နှစ်ခု ...။

သိန် ...

အဲဒီစာချုပ်ပေါ်မှာ လက်မှတ်ထိုးလိုက်တာနဲ့ နင် ငါ့ကို ပိုင်ပြီပေါ့ ...ဟုတ်လား။

အချစ်မပါတဲ့ ငါ့ခန္ဓာကိုယ် ငါ့ဘဝကို နင်ပိုင်ပြီပေါ့ ...ဟုတ်လား။

လိုချင်တာရ, ရတော့မည်မို့ ပြုံးမြ မြူးမွေ့နေသော သိန်ကို စိုက်ကြည့်ကာ ခူးခူး နာနာကြည်းကြည်း 'တောက်' ခေါက်လိုက်မိသည်။

''အို ...သတို့သမီး ဘာဖြစ်လဲ ...ဘယ်နေရာ နာသွားလို့လဲ''

မိတ်ကပ်ပြင်ပေးနေသော မာမီက ပျာပျာသလဲ မေးသည်။

ခူး မှန်ထဲမှာ မြင်နေရသော တင်းမာသွားသည့် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကို သက်ပြင်းနှင့် ပြန်ပြင်လိုက်ကာ ...

"ခြင်ကိုက်လို့"

မှန်ထဲမှာ မြင်နေရသည်က ဖူးညွှတ်လှပလွန်းသော်လည်း အံသက်မဲ့သော စက်ရုပ်တစ်ရုပ်။

မွန်းကျပ်လှောင်ပိတ်နေသော ဘဝကို ရှူးရှူး သည်းမခံနိုင်တော့ပြီ ...

ဆတ်ခနဲ ထ,ရပ်လိုက်မိသည်။

"ဘာဖြစ်ပြန်ပြီလဲ သတို့သမီး"

"လက်ထရိန့်ဝင်ချင်လို့"

"ဪ ... ဖြစ်ရပြန်ပြီ"

ရှူးရှူး အခန်းထဲမှ ထွက်ကာ အနောက်ဘက်ဝင်သည်။

လူရိပ်လူခြည် တစ်ချက် ကြည့်သည်။

လူလစ်တာနှင့် ကိုယ်ကိုပုပြီး ပုန်းကာကွယ်ကာနှင့် ခြံပြင်ထွက်နိုင်အောင် ကြိုးစားသည်။

ရင်ထဲမှာတော့ တထိတ်ထိတ်။

## အခန်း (၁၃)

ဘုရား ရေ ...

ဖူးဥနေသော မျက်နှာအပြင်အဆင် ...၊

တန်ဖိုးကြီးလှပဆန်းသစ်လွန်းသော အီတလီပိုးပျော့သားဝတ်စုံ ...၊

သွန်း မျက်လုံးအဝိုင်းသားနှင့် အံ့အားအသင့်ကြီး သင့်နေမိသည်။

"သွန်း"

မှင်တက်ကြောင်အနေသော သွန်းကို လှုပ်နှိုးလိုက်သူမှာ ရှူးရှူးပဲဖြစ်သည်။

ရှူးရှူးဆီမှ ခေါ်သံကြားလိုက်ရတော့မှ သွန်း သတိပြန်ဝင်လာခဲ့ရသည်။

"ရှူး ဒီကိုလာတယ် ... ဒီကိုရောက်လာတယ် ... ဟုတ်လား ရှူး၊ ကိုယ် ... ကိုယ် ... ဒီမှာရှိနေမှန်း ရှူး ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ် သိသလဲဟင်''

သွန်း မထင်မှတ်နိုင်စွာ တအံ့တသြမေးလိုက်မိသည်။

ဟောဒီ လျှို့ဝှက်အခန်းလေးထဲမှာ ကိုယ်ရောက်နေလိမ့်မယ်လို့ ရှူး ဘယ်လိုများ သိနေနိုင်တာလဲ။

သွန်းအမေးစကားကြောင့် နှုတ်ခမ်းများ တွန့်ကွေးလျက် ရှူးရှူးပြုံးသည်။

''ဟင့်အင်း ... နင် ဒီမှာရှိနေလိမ့်မယ်ထင်လို့ ငါ လာခဲ့တာ မဟုတ်ဘူး''

သွန်း ထပ်ပြီး အံ့သြသွားဆဲ။

''ငါ မွန်းကျပ်လှောင်ပိတ်လွန်းလို့ ဒီနေရာလေးကို ထွက်ပြေးလာတာ၊ ငါ ... ဒီနေရာလေးကို အရမ်းသတိရလို့ လာခဲ့တာ''

သွန်းမှာ ပြောစရာစကား မရှိတော့သလို ရှူးရှူးကို ငေးရီကြည့်နေမိရာမှ ရှူးရှူးရဲ့ တောက်ပလွန်းသော အပြင်အဆင်ကို သတိပြုမိလိုက်လျှင် ...

''ရှူး ... နင် ... နင် ... အခု''

ရှူးရှူးက အောက်နှုတ်ခမ်းလေးကို ပြတ်ထွက်လုမတတ် ကိုက်လိုက်သည်။

''အေး ဟုတ်တယ် ... ဒီနေ့ ငါ့ကို သိခ်နဲ့ လက်မှတ်ထိုးပေးဖို့ စီစဉ်ထားကြတယ်၊ အခုလောက်ဆို အိမ်မှာ တရား





သူကြီးရော, အသိသက်သေတွေရော ငါ့ကို မျှော်နေကြရောပေါ့''

''ဟာ ... ရှူးရှူး ဘယ်လိုလုပ်လိုက်တာလဲ ရှူးရယ်၊ လူကြီးတွေ မျက်နှာပျက်မှာပေါ့၊ သိခ်လည်း အရှက်ကွဲမှာပေါ့၊ ရှူး ပြန် ... ပြန်ပါကလေးရယ်''

သွန်း ထိတ်ပျာကာ ရှူးရှူးကို အိမ်ပြန်ရန် တောင်းပန်သည်။ ရှူးရှူးက စူးစူးရဲရဲစိုက်ကြည့်ကာ ...

သွန်း ထိတ်ပျာကာ ရှူးရှူးကို အိမ်ပြန်ရန် တောင်းပန်သည်။

ရှူးရှူးက စူးစူးရဲရဲစိုက်ကြည့်ကာ ...

''သွန်း နင်က ဘာလဲ ... ဒါ အကယ်ဒမီရှော့ခ်လား၊ နင်က ငါကောင်းစားဖို့ဆိုပြီး အနစ်နာခံစွန့်လွှတ်ပေးသွားပေမယ့် ငါကတော့ နင့်ကို မစွန့်လွှတ်နိုင်ဘူး၊ အဆုံးရှုံးမခံနိုင်ဘူး၊ ရုပ်ရှင်တွေထဲကလို ရိုးစင်းတဲ့ဇာတ်ကွက်မျိုးတွေနဲ့ ဇာတ်သိမ်းရမှာကိုလည်း ငါလက်မခံနိုင်ဘူး''

''ငါ နင်နဲ့မခွဲနိုင်ဘူး သွန်း၊ ကိုယ့်ချစ်သူနဲ့ပေါင်းရဖို့ ဘယ်လောက်ပဲ ကြမ်းတမ်းပါစေ ... ငါရင်ဆိုင်မယ်၊ ကျော်ဖြတ်မယ်၊ ဒါကြောင့် ငါ နင့်ဆီ အရောက်ပြန်လာခဲ့တာ''

စကားဆုံးတာနှင့် ရှူးရှူးမှာ သွန်းဆီ အပြေးသွားကာ လွတ်ထွက်သွားမှာစိုးသလို တင်းတင်းကျပ်ကျပ်ဖက်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သွန်း ခေါင်းမော့ကာ အံကိုတင်းတင်းကြိတ်လိုက်သည်။

ချုပ်ချယ် လှောင်ပိတ်ထားသည့်ကြားမှ ကိုယ့်ဆီ မရောက်,ရောက်အောင် ပြန်လာခဲ့ရှာသူ ချစ်သူကလေးကို တင်းကျပ်နေအောင် ပြန်ပွေ့ဖက်ထားလိုက်မိရင်း အနက်ရှိုင်းဆုံးနှလုံးသားဖြင့် ကတိပြုလိုက်သည်။

"နူးရယ် ... ဘယ်တော့မှ အိမ်မပြန်နိုင်းတော့ဘူးနော်၊ ကိုယ် ကတိပေးတယ်သိလား ... ဘဝတစ်ခုကို ကိုယ်တို့နှစ်ယောက် အတူလက်တွဲပြီး ရင်ဆိုင်ကြမယ် ... နော် ကလေး"

နူးနူး ရွှန်းတောက်သော မျက်ဝန်းကလေးများဖြင့် မော့ကြည့်ကာ ခေါင်းအခါခါညိတ်သည်။

ဒါဟာ အလှပဆုံးသော ဆုံးဖြတ်ချက်ပေါ့။

ချစ်သူနဲ့ အတူနေရတော့မှ ...

လျှို့ဝှက်သိပ်သည်းသော အလှတရားများကို သိခဲ့ရ။

ဂြိုလ်ပြာပြာလေးတစ်ခုထဲမှာ မင်းနဲ့ကိုယ် နှစ်ယောက်တည်း။

လေပြည်တွေ ဘယ်လောက် သင်းချိုသလဲဆိုတာကို ရော ...

ညချမ်းကလေးက ဘယ်လောက်ပျော်ဝင်စရာ ကောင်းသလဲဆိုတာကိုရော ...

ပြီးတော့ ...





ရီလဲ့တဲ့ မျက်ဝန်းလှလှကလေး ...၊

နွေးထွေးတဲ့ နှုတ်ခမ်းပါးကလေး ...၊

အိစက်ညက်ညောတဲ့ အထိအတွေ့နုနုကလေးတွေ ...။

ချစ်သူ ...

အနမ်းကလေးတွေဟာ ဘယ်လောက်ချိုမြိန်တဲ့အလှတရားလဲဆိုတာကို ကိုယ်တို့နှစ်ယောက် သိကြရပြီ။

ဒါဟာ ပြီးပြည့်စုံတဲ့ ချစ်ခြင်းတရားပဲပေါ့ ...။

နူးနူးနှင့်သွန်းတို့နှစ်ယောက်မှလွဲလို့ ဘယ်သူမှမသိနိုင်ဘူးထင်ထားသည့် လျှို့ဝှက်တိုက်ခန်းလေးမှာ နှစ်ယောက်သား ငြိမ်းချမ်းစွာ ပျော်မွေ့နေကြဆဲ။

ဘာမှမကြာလိုက်သော ရက်အတွင်းမှာပင် ...

တံခါးကို ထုရိုက်သံ တဝုန်းဝုန်းကြောင့် နှစ်ယောက်သား ထိတ်ထိတ်ပျာပျာနှင့် လူချင်း အမြန်ခွာလိုက်ရသည်။

နူးမျက်လုံးလေးတွေ ကြောက်စိတ်ကြောင့် လက်ခနဲ ထ,တောက်သွားပြီး ...

"ကို ... သူတို့ရောက်လာကြပြီ ထင်တယ်"

သွန်း ငြိမ်သက်နားစွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ကိုရဲ့ . . . ဘယ်လိုလုပ်မလဲဟင်၊ သူတို့ ရောက်လာကြပြီ . . . နူးတို့ ဘယ့်ထွက်ပြေးကြမလဲ"

"ဒီနေရာကို ဘယ်လိုခြေရာခံမိသွားတာလဲ"

ညည်းညူရင်း ဘာလုပ်ရမလဲ သွန်း အပြေးအလွှား စဉ်းစားသည်။

"ကို . . . သူတို့ပစ္စည်းကို ပေးလိုက်ပါတော့ ကိုရယ်၊ နူးတို့ ငြိမ်းငြိမ်းချမ်းချမ်းနေကြရအောင်ပေါ့၊ နူး ဆင်းရဲတဲ့ဘဝမှာ နေနိုင်ပါတယ်၊ ဆင်းရဲချို့တဲ့ပေမယ့် ငြိမ်းငြိမ်းချမ်းချမ်းပဲ နေချင်တယ်နော် ကို"

နူး . . . ကို့ကို နားချရန် ကြိုးစားသည်။

ကိုက ခဏငြိမ်သက်တွေဝေသွားသော်လည်း . . .

"မဖြစ်ဘူး နူး၊ ဒီပစ္စည်းက နူးအတွက် ရည်ရွယ်ထားတာ၊ သူတို့လက်ထဲ ပါသွားလို့မဖြစ်ဘူး၊ ဒီပစ္စည်းက လူတစ်ယောက်ရဲ့ဘဝကို ပြောင်း[illegible]နိုင်တယ်၊ နူးကို ကိုနဲ့အတူနေရင် ပြည့်ပြည့်စုံစုံကြီးမဟုတ်ရင်တောင် ချို့ချို့တဲ့တဲ့မနေရစေချင်လို့ နူးအတွက် ကိုယ် ရည်ရွယ်ပြီး သိမ်းထားခဲ့တာ"

ကိုနဲ့နူး စကားပြောတိုင်ပင်ကြဆဲ . . . အပြင်မှလူများမှာ ပိုပြီး ဆိုးရွားသောင်းကျန်းလာခဲ့သည်။

"ဘုန်းမိုးသွန်း . . . မင်း ငါတို့ကို အေးအေးဆေးဆေး ထွက်တွေ့နော်၊ ပြဿနာ အကြီးအကျယ်မဖြစ်ချင်ရင် တံခါး





ဖွင့်ပေးလိုက်"

"ကို . . . ဘယ်လိုလုပ်မလဲ"

ကို့လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ရင်း နူး မေးမိသည်။

"ကို . . . တံခါးဖွင့်ပေးလိုက်မယ်၊ လစ်တာနဲ့ နူးထွက်ပြေး . . . နူး လွတ်အောင်သာပြေး၊ ကို့ကိုမငဲ့နဲ့ . . . ကြားလား နူး"

"ကို"

နူး စိုးရိမ်ထိတ်လန့်စွာ ‚ အော်မိဆဲ။

ကိုက တံခါးဖွင့်ပေးလိုက်သည်။

"ဟေ့ကောင် . . . ပစ္စည်း ငါတို့လက်ထဲထည့်လိုက်"

"မင်း . . . ငါတို့လူတစ်ယောက်ကို သတ်သွားတာလည်း မမေ့နဲ့နော် . . . ဘုန်းမိုးသွန်း"

တစ်ယောက်တစ်ပေါက်အသံနှင့်အတူ သွန်းနှင့်ထိုလူများ လုံးထွေးရောယှက်သွားသည်။

နူးမှာ မျက်လုံးအပိုင်းသားနှင့် ရင်တမမ။

"နူး . . . ပြေး"

သွန်းက နူးအတွက် စိုးရိမ်တကြီး လှမ်းအော်သည်။

နူးမှာ သွန်းကို စိတ်မချသော်လည်း ဒီနေရာမှာ ဆက်နေလို့ မဖြစ်တော့ပြီမို့ သွန်းဆီ လှည့်ကြည့် လှည့်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးသည်။

ခူးတစ်ယောက် စိတ်က သွန်းဆီမှာသာမို့ ပြေးရတာ မဖြောင့်။

သွန်းကလည်း ခူးအတွက် နောက်ကြောင်းမအေးသည်မို့ လူဆိုးများဝိုင်းထားသည့်ကြားမှ အလွတ်ရုန်းထွက်လာကာ . .

"လာ . . . ခူး"

ခူးလက်ကိုဆွဲကာ အတင်းထွက်ပြေးသည်။

"ပြေးပြီ"

"ကားနဲ့လိုက်"

လူဆိုးများ ချက်ချင်း ကားနှင့်လိုက်ဖို့ ပြင်ကြသည်။

ခူးခူးမှာ တစ်ကိုယ်လုံး ချွေးများ ရွဲရွဲနစ်လျက် . . . ကြောက်စိတ်ဖြင့် တုန်ယင်နေပါသည်။

နောက်က ကားနှင့်လိုက်လာပြီမို့ ဘယ်လိုမှ မလွတ်နိုင်ဘူး တွေးမိသည်။

တွေးမိသည့်အတိုင်းပင် . . .

ကားမှာ အရှိန်ဖြင့် တစ်ဟုန်ထိုးဝင်လာခဲ့လျှင် . . .

ခူးခူး မျက်လုံးစုံမှိတ်ပြီး အသံကုန်အော်လိုက်မိသည်။

"အား"

ဒုန်းခနဲ မြည်းဟည်းသံ။

သိမ့်သိမ့်ခါသွားသော ကွန်ကရစ်လမ်းမ။





တစ်လောကလုံး မှောင်အတိကျသွားသည့်အခိုက် . . .

"ခူး"

ကို့ရဲ့ကြေကွဲသောအသံက မိုးကောင်းကင်ယံအထိ လွင့်တက်သွားသည်။

သွေး . . . တွေ။

ကွန်ကရစ်လမ်းမကြီးအနှံ့ ပြန့်ကျဲနေသော နီစွေးသည့် သွေးစက်များ။

ခူး အကြာကြီး မှင်တက်ကြောင်အနေခဲ့မိပြီးမှ ကို့ဆီ အားကုန်ထ,ပြေးသည်။

"ကို"

သွေးများ မျက်နှာအနှံ့ စီးကျနေသည့်ကြားမှ ကို မျက်လုံးကို အားယူဖွင့်ကြည့်သည်။

မကြည့်ရက်စရာမြင်ကွင်း။

"ကို . . . ကို"

ခူး . . . ကိုယ့်ကို ရင်ခွင်ထဲဆွဲသွင်းရင်း အဆက်မပြတ်ခေါ်နေမိသည်။

ကို . . . ရယ်



www.burmeseclassic.com

www.burmeseclassic.com



နူးကို တွန်းဖယ်ပစ်ပြီး နူးအစား ကို ခံလိုက်ရတာ။

ရင်တွေ ကွဲကြေကုန်ပြီ ကိုရဲ့။

သွေးတွေ ခြင်းခြင်းရဲနေတဲ့ ကို့ကို နူး ဘယ်လိုနှလုံးသားနဲ့ ကြည့်ရက်ရမှာလဲ။

မခွဲဘူး ...

နူးကို မခွဲတော့ဘူး ... ဆို။

ဘယ်တော့မှ မခွဲတော့ဘူး ... ဆို။

ဘယ်တော့မှ အိမ်ပြန်မလွှတ်တော့ဘူး ... ဆို။

ကြမ်းတမ်းတဲ့ဘဝကို အတူလက်တွဲပြီး ရင်ဆိုင်မယ် ... ဆို။

နိုင်မာတဲ့ဆုံးဖြတ်ချက်တွေ ချပြီးမှ ကိုရယ် ...

နူး ဘယ်လိုခံစားရမှာလဲ၊

ဘယ်လိုဖြေသိမ့်ရမှာလဲ၊

မှုန်သီရီဝေနေသော ကို့မျက်လုံးများက နူးနောက်ကျောဆီ ဖြည်းလေးစွာ ရွေ့သည်။

ကို့နှုတ်ခမ်းလွှာများ နေးကွေးစွာဖွင့်ဟကာ နာမည်တစ်ခုကို ခပ်တိုးတိုးခေါ်သည်။

"သိခ်"

နူး ကို့ကိုပွေ့ထားရင်းမှ နောက်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။





သိခ် ...

ပြီးတော့ ...

ရဲများ ...

ခဏတွင်းချင်းမှာ နူး သဘောပေါက်သွားခဲ့ရသည်မှာ ပစ္စည်းလိုချင်သည့်လူတစ်စုက ကို့နောက်ကို လိုက်နေရင်းမှ ...

လူသတ်မှုအတွက် ကို့ကို ခြေရာခံနေသောရဲများနှင့် အားလုံးဆုံကြရခြင်းပင်။

ကို ... ရေ

ခုတော့ အရာရာဟာ ချုပ်ငြိမ်းခဲ့ပြီ။

အနှောင့်အယှက်တွေ ...

အန္တရာယ်တွေ အားလုံး ကင်းစင်ပြီလေ ကိုရဲ့။

အလင်းရောင် ...

အလင်းရောင်ကို မြင်ရတော့မှာ ကို ... ရယ်။

"နူး"

ကို့နှုတ်ခမ်းများဆီမှ တိုးလျော့သောခေါ်သံ ထွက်လာခဲ့လျှင် နူး ကပျာကယာ ငုံ့နားစိုက်ထောင်မိသည်။

"အို .. ကို ဘာပြောချင်လဲဟင်"

ကိုက သိခ်ကို ခေါ်ပြန်သည်မို့ သိခ် ချက်ချင်းအနားရောက်လာကာ ကို့လက်တွေကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း ထိုင်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း . . . မင်း ငါ့ကို ဘာပြောချင်လို့လဲ"

ကို့နှုတ်ခမ်းများ တဆတ်ဆတ်တုန်လျက်က ကော့တက်ခဲ့ပြီး ဖြဖြပြုံးသည်။

ခူးမှာ မကြည့်ရက်နိုင်တော့။

မခံစားနိုင်တော့။

ရင်တစ်ခုလုံး မွမွကြေနေပြီ ထင်ရသည်။

ဆုပ်ကိုင်ထားသော သိမ်လက်ကို ကို အားတင်းပြီး ဖျစ်ညှစ်သည်။

"ခူး . . . ခူး . . . ကို စောင့် . . . စောင့် ရောက်"

နှုတ်ခမ်းများ တဆတ်ဆတ်တုန်ကာ တော်တော်နှင့် 'ကို' အသံ ဆက်မထွက်နိုင်။

သိမ် မျက်ရည်များဖြင့် ငေးရီဆဲ . . .

"နော် . . . သူ . . . သူငယ်ချင်း"

သိမ် အံကို တင်းတင်းကြိတ်လျက်က ဖြည်းလေးစွာ ခေါင်းညိတ်ပြသည်။

ကော့တက်သွားသော အပြုံး။

အေးစက်နေသောလက်ချောင်းများက အားတင်းလျက် ခူးလက်ကိုဆွဲယူသည်။

ထို့နောက် . . .

သိမ် . . . ခူးနှင့် ကိုတို့ လက်သုံးဖက် ကြေကွဲစွာ ပေါင်း





စည်းခဲ့ရ။

"ကို . . . ကို့ အိတ်ထဲမှာ . . . ပစ္စည်း"

ဟင့်အင်း . . .

ဟင့်အင်း . . .

ကို့အသက်နဲ့ ရင်းနှီးခဲ့ရတဲ့ပစ္စည်း။

မပြောနဲ့ . . .

မပြောပါနဲ့ ကိုရယ်။

ခူးရင်တွေ ကွဲထွက်တော့မယ်။

"လက် . . . လက်ဖွဲ့"

"ဟင့်အင်း . . . ဟင့်အင်း"

ခူးခူး အရူးတစ်ယောက်လို မျက်ရည်များဖြင့် ခါးခါးသီးသီး နာနာကျင်ကျင် ခေါင်းအဆက်မပြတ်ခါပြီး ငြင်းဆဲ။

တုန်ယင်နေသော နှုတ်ခမ်းများပေါ်မှာ အပြုံးကလေး ပြေကျသွားခဲ့ပြီ။

"အား"

ရင်ပွင့်မတတ် ခူး အော်ဟစ်လိုက်မိတော့သည်။

ဟင့်အင်း . . .

မဖြစ်ရဘူး။

ဒီလို မဖြစ်ရဘူး။

မသွားရဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကို ... ဘယ်မှမသွားရဘူး။

ပြန်လာခဲ့ ...

ခူးဆီ ပြန်လာခဲ့။

ကိုကို ခူး မခွဲနိုင်ဘူး။

မစွန့်လွှတ်နိုင်ဘူး။

အဆုံးရှုံး မခံနိုင်ဘူး။

ခူးဆီ ပြန်လာခဲ့ပါ ... ဘယ်မှမသွားပါနဲ့။

ခူး သွေးရူးသွေးတန်း နာကျင်ကြေကွဲစွာ တားသော်လည်း အရာအားလုံး နောက်ကျခဲ့ရပြီ။



## နောက် ငါးနှစ်ခန့် ကြာသောအခါ ...

ချစ်စဖွယ် နူးညံ့နွေးထွေးလှသော မွေးနေ့ပွဲလေးတစ်ခု။

အပြုံးများ ...

ရယ်မောသံများ ... ဖြင့် သက်ဝင် ဝေစည်လျက်။

"သားရေ ... သွန်းရေ ... ဘယ်မှာလဲ"

ဒေါ်သီရိနွယ် ချိုသာစွာ ခေါ်သည်။

သွန်း ... တစ်ယောက် မျက်နှာဖုံးများနှင့် အလုပ်ရှုပ်နေရာမှ ခေါ်သံကြားသဖြင့် လှမ်းထူးလိုက်ရသည်။

"သား ... ဒီမှာ ဘွားဘွား ...၊

ဒီမှာဘွား ... သား သူငယ်ချင်းတွေ လူစုထားပေးတယ်၊ ဒီတစ်ခါ ဘာကစားနည်း ကစားကြဦးမှာလဲ"

ဒေါ်သီရိနွယ်ကလည်း မြေးချစ်ကို အပြန်အလှန် လှမ်းမေးသည်။

"မျက်နှာ ဖုံး ... တမ်း ကစားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အဘွားဖြစ်သူ ဒေါ်သီရိနွယ် ဟင်ခနဲ အံ့ညြကြောင်သက်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

မြေးဖြစ်သူရဲ့အနားလည်း ချက်ချင်းရောက်သွားရသည်။

"သား ..သား ...ခုနက ဘာ ...ဘာပြောလိုက်တယ်"

ဒေါ်သီရိနွယ် ကြားလိုက်ရသည်ကို မယုံကြည်လိုက်သလို သွန်းကို ထပ်မေးမိသည်။

"ဘွားဘွားကလည်း မျက်နှာဖုံးတမ်း ကစားကြမယ်လို့လေ၊ မျက်နှာဖုံးတပ်ပြီး ဘယ်သူလဲဆိုတာ အပြန်အလှန်မှန်အောင် ပြောရမှာ၊ အရမ်းပျော်စရာကောင်းမှာ၊ ဘွားဘွားလည်းဝင်ကစားပါလား"

သွန်း ...ဘွားအေဖြစ်သူကိုပါ မျက်နှာဖုံးလေးတစ်ခုလှမ်းပေးရင်း စည်းရုံးသည်။

ဒေါ်သီရိနွယ် သွန်းပေးသော မျက်နှာဖုံးလေးကို ငုံ့ကြည့်လိုက်သည်။

အစွယ်များဝင်နေသော ဘီလူးခေါင်းမျက်နှာဖုံး။

ရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး ချက်ချင်း မျက်နှာလွှဲလိုက်မိသည်။

"နေ ...နေပါစေ မြေးရယ် ...ဘွားဘွား ခေါင်းမူး





လို့ သွားနားတော့မယ်၊ မြေးတို့ပဲ ဆော့နေရစ်ကြတော့နော်"

တုန်ယင်သော ရင်နှင့်အတူ ဒေါ်သီရိနွယ် မြေးဖြစ်သူကို ကျောခိုင်းလိုက်သည်။

စိတ်ထဲမှာတော့ တိုးတိုး တောင်းပန်လိုက်မိသည်။

ခွင့်လွှတ်ပါ မြေးလေးရယ် ...လို့။

မြေးဖြစ်သူ သွန်းကတော့ ဘာမှမသိတတ်၊ နားမလည်နိုင်။

သူငယ်ချင်းများနှင့် မျက်နှာဖုံးကိုယ်စီတပ်ကာ ပျော်ရွှင်စွာ ဆော့ကစားနေခဲ့သည်။

"ဟိတ် ...ငါ ဘယ်သူလဲ"

ရင်စည်း ဂါဝန်တိုပွပွကလေး ဝတ်ထားသော ကောင်မလေးတစ်ယောက်က သွန်းရှေ့ ခါးကလေးထောက်ကာ တမင်လုပ်ထားသောအသံသြကြီးဖြင့် မေးသည်။

သွန်း ဆရာကြီးစတိုင်လ်ဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ရင်းက ...

"အသံကြီး ပြောင်းမထားပါနဲ့ဟာ ...ဖွေးဖွေးရာ နင့်ကိုငါ သိပါတယ်"

"ဟာ"

ကောင်မလေးက တအံ့တသြဖြစ်သွားရင်း သဘောတကျဖြင့် ရယ်ပြီး ပြန်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်သိလဲ"

"ငါက ပါဝါရှိမ်းဂျားပဲဟာ သိတာပေါ့ . . . ဟား ဟား ဟား"

ချစ်စဖွယ်ကောင်းသော ရယ်သံစူးစူးလေးများက ညံစီသွားသည်။

မာန်ဝင့်နေသော ကျားရုပ်မျက်နှာဖုံးတပ်ကာ ခါးထောက်ပြီး သူ့ကိုယ်သူ ဂုဏ်ယူသဘောကျကာ တဟားဟား ရယ်နေသော သားဖြစ်သူကိုကြည့်ပြီး ရှူးရှူးနှင့်သိခ်တို့ အပြုံးကိုယ်စီနှင့် ကြည်နူးမိကြသည်။

စိမ်းနက် ထူထဲသော မျက်ခုံးတန်း . . .၊

စိပ်သောမျက်တောင်နှင့် လူတစ်ဖက်သားကို စိုက်ကာ ကြည့်တတ်သော စူးရဲတောက်ပသော မျက်ဝန်းများ . . .၊

ပါးလှပ်နီရဲသည့် နှုတ်ခမ်း . . .၊

ဒါဟာ ဂျူနီယာ ဘုန်းမိုးသွန်းကလေးပေါ့။

ဒါပေမဲ့ . . .

အမြဲလို သွက်လက်ဖျတ်လတ်ကာ ဘာကိုမှမကြောက်တတ်ဘဲ ပွင့်လင်းရဲရင့်သည့် စိတ်ဓာတ်ရှိတာကတော့ ရှူးရှူးနဲ့ တူတယ်လို့ပဲ ထင်မိပါရဲ့။

"ရှူးရှူး"

သိခ်က ခပ်တိုးတိုးခေါ်လိုက်သည်မို့ ရှူးရှူး သားဖြစ်သူ





ကို ငေးနေရာမှ သိခ်ဘက်လှည့်ကာ မေးဆတ်ပြလိုက်မိသည်။

"သားက ကြီးလာလေ သွန်းနဲ့ တူလာလေပဲနော်"

ရှူးရှူးက နာကျင်စွာ ခေါင်းညိတ်ပြလိုက်မိသည်။

"စိတ်ကတော့ ရှူးရှူးနဲ့တူတယ်၊ ဒါပေမဲ့ သားက ငါ့ကို သိပ်ချစ်တယ်"

အဖေအရင်းတစ်ယောက်လိုပဲ . . . ဟု သိခ် ဆက်မပြောဖြစ်။

ကိုယ်ကလည်း သားအရင်းတစ်ယောက်လိုပဲ အသည်းနှင့်အောင် ချစ်ရလွန်းသည် မဟုတ်ပါလား။

ရှူးရှူး လေသံမာမာနှင့် ပြောရင်တောင် ကိုယ်က မကြိုက်ချင်ဘူးလေ။

"ရှူး"

အလေးအနက်ပြောချင်သည့်ပုံစံနှင့် သိခ် ထပ်ခေါ်ပြန်သည်မို့ ရှူးရှူး မျက်နှာချင်းဆိုင်လိုက်သည်။

သိခ်က ကြည်နူးကြေကွဲနေရှာသည့်မျက်ဝန်းတွေကို ငေးငိုကြည့်ကာ တိုးသက်သော်လည်း ပီသစွာ တစ်လုံးချင်း ပြောလေသည်မှာ . . .

"သားကို သွန်းလို မပြည့်စုံတဲ့၊ ချို့တဲ့နွမ်းပါးတဲ့ဘဝမျိုးနဲ့ မကြီးပြင်းရအောင် ကိုယ်တို့ ကြိုးစားကြမယ်နော်"

ရှူးရှူး မျက်ဝန်းတွင် မျက်ရည်ကြည်များ ဝေ့ဝဲရစ်လွှမ်း



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

သိန်လက်ကို ဖွဖွဆုပ်ကိုင်ကာ တစ်ခွန်းတည်းသော စကားကို ပြန်ပြောလိုက်မိသည်။

"ကျေးဇူးတင်ပါတယ် သိန်"

သူတို့နှစ်ယောက် သွန်းကိုကြည့်ကာ ကြေကွဲသော်လည်း ကြည်နူးစွာ မြူးမြူးမွေ့မွေ့ ပြုံးလိုက်မိကြသည်။

BURMESE CLASSIC .com



တို့နှစ်ယောက်ရဲ့ ကောင်းကင်နိုင်ငံ
ချစ်သူ . . .
နင့်မေးစက်ရာရဲ့
မျက်နှာချင်းဆိုင်ကို ကြည့်လိုက်ပါ . . .၊

အဲ့ဒီမှာ ကောင်းကင်တစ်ခု ရှိလိမ့်မယ် . . .။

အမြဲတမ်း
ပြာနုရိပ်သမ်း
ငြိမ်းချမ်း . . . သိမ်မွေ့နေလိမ့်မယ် . . .။

ငါတို့ လွတ်လပ်စွာ စီးမျောဖို့ . . .
ဟော်လိုဂစ်တာလေးတစ်လုံး လိုပေါ့ . . .။

သက်ပိုင်ရဲ့တာဝေ

www.burmeseclassic.com

www.burmeseclassic.com



နင့်ကို တမ်းတတိုင်း
ငါက အဲ့ဒီကောင်းကင်ကို မော့ကြည့် ...
ငါ့ကို လွမ်းလင့်နေတဲ့
နင်က အသင့်ဆီးကြိုလို့
တို့နှစ်ယောက် လှပစွာ ဆုံတွေ့ရအောင် ...။

အဲ့ဒါဟာ ...
ငါတို့နှစ်ယောက်ရဲ့ ကောင်းကင်နိုင်ငံ
သီးသန့် ကောင်းကင်နိုင်ငံကလေးပေါ့ကွယ်။ ။

*နှလုံးသားသည်းနမှ ချစ်ခြင်းများစွာဖြင့်*

သက် ပိုင် ရဲ

BURMESE CLASSIC .com

www.burmeseclassic.com